http://www.cherrythitsar.org



http://www.cherrythitsar.org

ပညာရွှေတောင်စာအုပ် – ၇၉

# ပင်လယ်ကျား

# နှင့်

# အဏ္ဏဝါမီးစုန်းများ

ဖိုးကျော့

**ပညာရွှေတောင်စာအုပ်တိုက်**

အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၂၄၂၈၃၃

http://www.cherrythitsar.org


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၁၃၂၀ / ၂၀၀၁ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၉၆ / ၂၀၀၂ (၂) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၂ခုနှစ်၊မေလ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးပန်းချီ | ကိုစိုးအောင် |
| ဖလင် | ဦးထွန်းဆိုင် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေတိုက်<br>(မြဲ – ၀၁၆၉၂)<br>ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)<br>မင်္ဂလာဒုံ |
| မျက်နှာဖုံးနှင့်<br>အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြဲ(၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | ၄၅၀ ကျပ် |

http://www.cherrythitsar.org

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

၆၀။ အင်္ဂလိပ်ဘာသာ သိမှတ်စရာ ဆရာကြီးတက်တိုး

၆၁။ အယူသီးဂိုဏ်း၏ နောက်ဆုံးနေ့များ မောင်မိုးစည်

၆၂။ ကိုဆေးရိုး (၇) ဆင်ဖြူကျွန်းအောင်သိန်း

၆၃။ စိတ်နှင့် ဂမ္ဘီရ ဟိန်းလတ်

၆၄။ အညာတနယ်မြေ ခင်မိမိသက်

၆၅။ အာရပ်–အစ္စရေး (၆) ရက်စစ်ပွဲ အထောက်တော်လှအောင်

၆၆။ ကျားနှင့်မုဆိုး ခင်မောင်အေး(မန္တလေး)

၆၇။ ကိုဆေးရိုး (၈) ဆင်ဖြူကျွန်းအောင်သိန်း

၆၈။ အင်္ဂဝိဇ္ဇာ အဟောပညာ (ဒုတိယတွဲ) ဆရာဦးမောင်မောင်သန်း

၆၉။ ပေးသူ နှင့် ယူသူ အောင်သင်း

၇၀။ ဂျွန်နက်ဂိုဏ်း ရွှေဥဒေါင်း

၇၁။ တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့်
ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၄) မင်းသူရိန်

၇၂။ ဘာဝဟောနည်း (ပ)+(ဒု) ဦးမြတ်အောင်

၇၃။ နိုင်ငံစုံစကားပုံနှင့် အောင်မြင်သူတို့၏ ရင်တွင်းစကား မြတ်မင်းရှင်

၇၄။ ရစ်သောင်းတန် ဘယက်နှင့် အောင်မြင်ကျော်ကြားခဲ့သောဝတ္ထုတိုများ
ရွှေဥဒေါင်း

၇၅။ ဗုဒ္ဓညွှန်ပြဘဝအမြင် ဦးစိန်ထွန်း(မာမက–သုတေသီ)

၇၆။ မြန်မာ့တောတွင်းမှာ ရက် ၁၀၀ အထောက်တော်လှအောင်

၇၇။ ရုစဗဲ့၊ ချာချီ၊ စတာလင် (၁) ဒုတိယဗိုလ်မှူးကြီးသောင်းထိုက်(အငြိမ်းစား)

၇၈။ မြန်မာပြည်မြောက်ပိုင်း နတ်နွယ်

၇၉။ ပင်လယ်ကျားနှင့်အထ္ထဝါမီးစုန်းများ ဖိုးကျော့

၈၀။ ဟဲမင်းဝေးဝတ္ထုတို ကလောင်စုံ

၈၁။ ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၅) ဆရာမင်းသူရိန်

၈၂။ ပုဂ္ဂလပညတ် အခြေခံဓာတ်ကျမ်း ဆရာကြီး ဦးသာတင့်

၈၃။ ရေခီ သို့မဟုတ် စကြာဝဠာစွမ်းအင်ဖြင့် ရောဂါကုသနည်း ဟိန်းလတ်

၈၄။ စာဆိုနှင့်စာ မောင်ခေတ်ထွန်း (စီစဉ်သူ)

၈၅။ မန္တန်ပညာ မောင်ကျောက်တိုင်

၈၆။ သူတော်ငတေ၏ ဂမ္ဘီရဝတ္ထုတိုများ ဝေယံလင်းခေါင်

၈၇။ တရုတ်ရှေးဟောင်းမျက်နှာပြင်ဖတ် အဝတ်ပညာနှင့် ရုပ်သွင်တွက်ရပ်ညာ
ဆရာရန်အောင်ဟိန်း

၈၈။ ၂၁ ရာစု အင်္ဂဝိဇ္ဇာဆောင်းပါးများပေါင်းချုပ် (ပဥ္စမတွဲ)ဆရာဦးမောင်မောင်သန်း

၈၉။ ကလေးများအတွက် ကြိယာအသုံးပြု ပညာရွှေတောင်စာတည်းအဖွဲ့
အင်္ဂလိပ်–မြန်မာ ပုံပြအဘိဓာန်

၉၀။ ရှစ်စပ်က ဂျင်ခြေလည်သူ အထောက်တော်လှအောင်

၉၁။ ကမ္ဘာကြီးရဲ့ မနက်ဖြန် ကျော်ဝင်း

၉၂။ တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်နှင့်
ကိုယ်တွေ့ဖြစ်ရပ်များ (၁၊၂၊၃)ပေါင်းချုပ် မင်းသူရိန်

၉၃။ ကမ္ဘာကျော်မှုခင်းကြီးများ ဝင်းနိုင်ဦး (ရေနံ)

၉၄။ စလေဆရာကြီး ဦးပုည အဖွင့်ကျမ်း ဦးမြင့်သွင် R.A (C.P.A)

**ယခု**

၉၅။ မွန်ရိုး အထောက်တော်လှအောင်

**ဆက်ထက်ရန်**

၉၆။ စနစ်တကျအသုံးပြုရမည့် ပိုးသတ်ဆေး ကိုရဲ (စိုက်ပျိုးရေး)

http://www.cherrythitsar.org

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး. . . . . . . . . . . . . . . . . . . . . . . ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး. . . . . . . . . . . . ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး. . . . . . . . . . . . . . . ဒို့အရေး

### ပြည်သူ့ သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လမ်းသစ် | ၁ |
| ၂။ | နဂါးလင်မယား | ၂၆ |
| ၃။ | ပင်လယ်ကျွန်းများနှင့်အဏ္ဏဝါမီးစုန်းများ | ၄၆ |
| ၄။ | ဟူးကောင်းတောင်ကြားမှ သွေးစုပ်ကောင်များ | ၈၁ |
| ၅။ | မုန်တိုင်းနှင့်အပြိုင် | ၁၀၉ |
| ၆။ | ဤတော ဤတောင် ဤအကောင်တွေ | ၁၆၃ |
| ၇။ | ခြေရာပျောက် လူသတ်သမား | ၁၈၉ |

http://www.cherrythitsar.org



http://www.cherrythitsar.org

# လမ်းသစ်

သည်နံနက်ထမှာ နေရောင်ခြည်က မထွန်းပ။ မိုးနှောင်းသမယ ဖြစ်သဖြင့် ကောင်းကင်တွင် တိမ်အုပ်ဖွဲ့နေသည်။ တိမ်ဆိုင်တိမ်ခဲတို့ ရွေ့လျားခြင်း မရှိသလို လေလည်း ငြိမ်နေ၏။

သို့သော် ရေသူမချိုင်၌ကား ခါတိုင်းနေ့တွေလိုပင် ငါးများတန်းချသူ၊ ပိုက်တန်းသူ၊ လိပ်ထိုးသူ ရေလုပ်သားများနှင့် ပြည့်နေ၏။

လှိုင်းလေ ငြိမ်သက်သော ရေပြင်ပေါ်တွင် လိပ်ထိုးလှေငယ်များက လူးလာခတ် သွားနေကြ၏။ ငါးများတန်းပစ်ထားသော လှေများနှင့် ပိုက်တန်းချထားသော လှေများကမူ ငြိမ်ငြိမ်သက်သက်ပင်။

"ဝေး . . . ဂေါလာကြီး၊ ဒီနေ့ ဘယ့်နှာတုန်းဟဲ့၊ ငါးများတန်းထဲ ဟင်းစားတောင် တစ်ကောင်တစ်မြီး မမိပါလားဟ"

"အဘတင်လားဗျ၊ ကျုပ် ပိုက်ထဲလည်း ငယောင်တောင် တစ်ကောင် တလေ လာမကပ်ဘူးဗျ၊ ဘယ်လို ဖြစ်တာတုံး"

"ဟယ် . . ."

သဲတန်းရွာသား ပသျှူးကြီးကောလီ ပါးစပ်မှ ဟယ်ခနဲ အသံ ထွက်သွားသည်။

သည်လိုနှင့် ချောင်းကောက်ရွာသား လိပ်ထိုးသမားတစ်ယောက် သူတို့အနား လှေနှင့် ရောက်လာပြန်၏။

"ဟဲ့ သံထီး မင်းကော ဘယ့်နှယ်လဲ၊ တို့တော့ တစ်နေကုန်ပြီကွ၊

http://www.cherrythitsar.org



ဟင်းစားတောင် မရကြသေးဘူး”

“ဒီနေ့ ဘယ်လိုဖြစ်တယ် မသိပါဘူးဗျာ၊ လိပ်ဆိုလို့ ရေသူမချိုင်မှာ ဆောင်းရမ်းနဲ့ ပြင်သာလိပ်တောင် မမြင်မိပါဘူး။ ခု နေပဲ ဝင်တော့မယ်။ ကျုပ်လည်း လိပ်တစ်လုံးမှ မထိုးရသေးဘူးဗျ။ အဲဒါကြောင့် . ဒီဘက်များ ကပ်နေကြလားလို့ လာကြည့်တာ”

သည်တစ်ခါလည်း ပသျှူးကြီးကောလီ၏ ပါးစပ်မှာ ဟယ်ခနဲ ဟသွားပြန်၏။ သူသာ မဟုတ်။ ဤနေ့ မည်သူမျှ ငါးမရကြ၊ လိပ်ထိုး အလွန်တော်သော ဆလုံကြီး သံထီးသည်ပင် လိပ်တစ်လုံးမျှ မထိုးခဲ့ရဟု ဆို၏။

အံ့ဩစရာပင်။ ခါတိုင်းဆိုလျှင် ဤရေသူမချိုင်၌ ငါးမရသည့် အခါ၊ လိပ်မထိုးရသည့်အခါ ဟူ၍ တစ်နေ့မျှ မရှိခဲ့။ ဤရေသူမချိုင်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဆက်နေသောချိုင်ကြီး ဖြစ်သဖြင့် ငါး၊ လိပ်တို့ အလွန် ပေါသည်။ မည်သူ လာရှာရှာ၊ ကလေး၊ လူကြီး မရွေး ရောင်းစား လောက်အောင် မရတောင် ဟင်းစားတော့ လူတိုင်း ရစမြဲပင်။

ဤတစ်ခါ ဘယ်လို ဖြစ်ပါလိမ့်။ သူတို့သာ မဟုတ်။ ရေသူမချိုင်ထဲ ငါးရှာလာသူ၊ လိပ်ထိုးလာသူ ဟူသမျှ မည်သူမျှ တစ်ကောင်တလေပင် မရကြဟု ဆို၏။

အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် မေးကြပြောကြရင်းက ဘယ်ကဘယ်လိုဖြစ်သည် မသိ၊ ချောင်းကောက်ရှာက ဆလုံလေးနှစ်ယောက် သည် ကမ်းခြေကို သူတို့လှေငယ်အား သေပြေးရှင်ပြေး လှော်သွားကြ သည်ကို မြင်လိုက်ရ၏။ ထိုအခါ ငါးရှာ လိပ်ထိုးနေကြသော မလိက္ခန်းသား ဆလုံပသျှူးများမှာ အားလုံး အထိတ်အလန့် ဖြစ်ကုန်ကြသည်။

ထို့ကြောင့် ထိုကောင်လေးနှစ်ကောင် လှေလှော်ပြီးပြေးရာဆီသို့ အားလုံး လှေတွေနှင့် ဝိုင်းလိုက်ကြ၏။ ကောင်လေးနှစ်ကောင်ကိုလည်း လှမ်းအော်၍ မေးကြ၏။

“ဟေ့ကောင်တွေ ရေထဲ ဘာတွေ့လို့လဲ”

“ချိုင်ထဲ ဘာကောင်မြင်လို့လဲ”

“ဟဲ့ ပြောကြပါဦးကွ”

http://www.cherrythitsar.org



အားလုံး ထိတ်ထိတ်လန့်လန့် ဖြစ်ကုန်ကြသည်။

ကောင်လေးနှစ်ယောက်က လုံးဝ ပြန်မပြော။ လှေကိုသာ ကမ်းစပ်နား အရောက် သေပြေးရှင်ပြေး လှော်ပြေးနေကြသည်။

မကြာခင်ပင် နောက်က လိုက်လာကြသော လှေများက ကောင်လေး နှစ်ကောင်၏လှေကို ကမ်းနားတွင် မီလိုက်ကြသည်။

"ဟေ့ကောင်တွေ ဘာဖြစ်လို့လဲ၊ ရေထဲ ဘာကောင်မြင်လို့လဲ"

သဲစ၊ ရေစပ်တွင် လှေဆိုက်ပြီး ပြူးတူးပြဲတဲ ဖြစ်နေကြသော ကောင်လေးနှစ်ကောင်ကို ရေလုပ်သားများက တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြ၏။

"ရေထဲမှာ ကျွန်တော်တို့ ဘာကောင်မှ မမြင်ခဲ့ပါဘူး"

"နင့်အမေကလွှား. . .၊ အဲဒါဆို နင်တို့ ဘာလို့ အထိတ်တလန့် လှေလှော်ပြေးကြတာလဲ"

"အဘတို့ အစ်ကိုတို့ အော်ပြောနေကြသံကို ကြားလို့ ကျွန်တော်တို့ လန့်ပြေးလာကြတာ"

"ဟ. . . မင်းတို့ လန့်ပြေးရအောင် ငါတို့က မင်းတို့ကို လန့်စရာ ကြောက်စရာ ဘာပြောလို့လဲ"

"ဒီနေ့ ဒီ ရေသူမချိုင်မှာ ဘယ်သူမှ ငါးမရ လိပ်မတွေ့ဘူးဆိုဗျ။ ကျွန်တော်တို့လည်း တစ်နေကုန်ပဲ တစ်ကောင်မှ မရဘူး"

"ဟ. . . ငါးမရ၊ လိပ်မတွေ့တာ ဒါ လန့်စရာလားကွ"

စိတ်မရှည်သော ဆလုံကြီးတစ်ယောက်က ခပ်ငေါက်ငေါက် အော်ပစ်လိုက်၏။

"ဒီချိုင်မှာ ဘယ်လူမှ လိပ်မတွေ့ ငါးမရတာ သိပ်ကြောက်စရာ ပေါ့ဗျ။ ကျွန်တော်တို့ အဘိုးက ပြောတယ်။ ဒီချိုင်မှာ ဟိုတုန်းက ရေသူမတွေ ရှိတယ်တဲ့"

"တော်စမ်းပါကွာ။ ဟိုတုန်းက ရှိချင် ရှိမှာပေါ့။ အဲဒါ ဘာဖြစ်လဲ လူတိုင်း သိတယ်"

ဤချိုင်ကို ရေသူမချိုင်ဟု ခေါ်ကြသည်နှင့် ပတ်သက်၍ သူတို့ အရပ်ကလူတိုင်း သိကြသည်မှာ အမှန်ပင်။ ယခင် လွန်လေပြီးသော

http://www.cherrythitsar.org



ကာလက တံငါသည်ကြီးတစ်ယောက် ညအခါ ကွန်လာပစ်ရင်း ဤချိုင့်၌ ရေသူမတစ်ယောက်ကို ရဖူးသည် ဆို၏။ ကွန်၌မိသော ရေသူမမှာ လူတစ်ပိုင်း ငါးတစ်ပိုင်း ဖြစ်ပေရာ အလွန်လှသဖြင့် တံငါသည်ကြီးက သားမယားအဖြစ် ထားလေသည်။ ကာလကြာသော် ကလေးပင် နှစ်ယောက် ရသည် ဆို၏။

ရေသူမအား ဇနီးမယားအဖြစ် ထားသည်ကို တခြားလူများ သိမှာစိုး၍ တံငါသည်ကြီးသည် ရေသူမအား အိမ်တွင်းထဲ၌သာ ထားသည်။ နေ့ခင်း နေ့လယ် လူမြင်မှာစိုး၍ အပြင်ထွက်ခွင့် မပေး။ ရေသူမကလည်း အပြင် မထွက်ဝံ့။ သို့သော် ညအချိန်ရောက်၍ တံငါသည်ကြီး ကွန်ပစ်သွားလျှင် ကုန်းပိုး၍ နေ့စဉ် လိုက်ပါသည်ဟု ဆိုသည်။

တစ်နေ့၌ ကွန်ပစ်ရင်း တံငါသည်ကြီးက ရေသူမအား "နင့်ကိုငါ ဒီနေရာက ရခဲ့တာပဲ" ဟုလည်း ပြောလိုက်ရော ရေသူမသည် သူ့ကျောပေါ်က ရုတ်တရက် ရေထဲခုန်ချသွားသည် ဆို၏။ နောက်ထပ် လုံးဝ ပေါ်မလာတော့ပေ။ ကလေးနှစ်ယောက်နှင့် ကျန်ရစ်ခဲ့သော တံငါသည်ကြီးသည်လည်း ရေသူမစိတ်နှင့် မအိပ်နိုင် မစားနိုင်ဖြစ်ကာ နောက်တော့ သူ့မိန်းမ ခုန်ချသွားသောနေရာ ကျောက်ဆောင်ပေါ်က ရေထဲခုန်ချပြီး သေသွားသည်ဟု ဆိုလေသည်။

ထို့ကြောင့်လည်း ဤချိုင့်ကို ရေသူမချိုင့်ဟု လူတိုင်း ယခုထိ ခေါ်နေကြခြင်း ဖြစ်လေသည်။ သားငါးများ အလွန်ပေါသော ဤချိုင့်တွင် ယခင်က ရေသူမများ နေသွားကြသည်မှာ အမှန်ပင် ဖြစ်မည်ဟု သူတို့ ဆလုံများ၊ ပသျှူးများ အားလုံး လက်ခံထားကြ၏။ ယင်းကြောင့်လည်း ကောင်လေးနှစ်ကောင်၏စကားကို လိပ်ထိုးသမား ဆလုံကြီးက "တော်စမ်းပါ၊ ဒါ လူတိုင်းသိတယ်"ဟု ငေါက်ငမ်းလိုက်ခြင်း ဖြစ်သည်။

"ရေသူမချိုင့်မှာ ဘယ်သူမှ ငါးရှာမရတော့ဘူး ဆိုရင် ရွာပျက်တတ်တယ်တဲ့ဗျ"

"မင်းတို့ကို ဘယ်လူပြောလဲ"

"ကျုပ်တို့အဘိုး ဦးရွှေဇန်က ပြောတာပေါ့ဗျ"

လူကြီးတွေက သက်မ ပြိုင်တူ ချလိုက်ကြ၏။

http://www.cherrythitsar.org



ဦးရွှေဗန် ဆိုသော ဆလုံကြီးမှာ ယခု အသက်ရှစ်ဆယ်ကျော်ပြီ၊ ယခင်က နာမည်ကြီး လိပ်ထိုးသမား၊ ပုလဲငုပ်သမား၊ ယခုတော့ ပုလဲငုပ်ခဲ့သောဒဏ်ကြောင့် နားလည်း မကြားတော့၊ မျက်လုံးလည်း မမြင်တော့။ သူငယ်ပြန်၍ အရူးလို ဖြစ်နေပြီ။ ဤကလေးနှစ်ယောက် လုပ်စာနှင့် အသက်ရှင် ရပ်တည်နေသူ။

"အေး . . . မင်းတို့အဘိုး အရူးကြီးပြောတဲ့ စကားကို မင်းတို့ အရူးလေးတွေက ယုံတယ် ဆိုပါတော့"

"ခင်ဗျား အဲဒီလို မပြောပါနဲ့ဗျ။ ကျုပ်တို့ အဘိုးက မဟုတ်တာ ဘယ်တော့မှ မပြောဘူး"

သူ့အဘိုးနှင့် သူတို့အား အရူးဟု ပြောရပါမည်လား ဟူသော မခံချင်စိတ်နှင့် အကြီးကောင်က လူကြီးတွေကို ခံအော်သည်။

"သြော်. . . မင်းတို့အဘိုးက မဟုတ်တာ မပြောဘူး ဟုတ်လား"

"ဟုတ်တယ်ဗျ။ ကျုပ်တို့ အဘိုးက မဟုတ်တာ ဘယ်တော့မှ မပြောဘူး။ ကျုပ်တို့ အဘိုးပြောရင် မှန်တာပဲ။ လေဘယ်ဘက်က တိုက်ရင် ဘာငါးရမယ်"

"တော်စမ်းပါကွာ သွား၊ ဒါ လူတိုင်းသိတယ်။ အလကား သားငါးရှာနေတဲ့ လူကြီးတွေ အထိတ်တလန့်ဖြစ်အောင် ပေါက်တတ်ကရ။ ရေသူမချိုင်မှာ ငါးရှာမရတိုင်း ဘာဖြစ်လို့ ရွာပျက်ရမှာလဲ။ မိမဆုံးမ ဖမဆုံးမ ကောင်လေးတွေ။ တောက်. . . သက်သက် လူကြီးတွေ အနှောင့်အယှက်ဖြစ်အောင်"

အငယ်ကောင်လေးကပါ သူ့ကို ခံအော်ရပါမည်လားဟု ပဿျူးကြီးကောလီက ကောင်လေးနှစ်ကောင်ကို အော်လွှတ်လိုက်၏။

ကောင်လေးနှစ်ကောင်တို့မှာ မကျေမနပ်နှင့်ပင် လူကြီးများကို လှည့်ကြည့် လှည့်ကြည့် လုပ်ကာ ရွာဘက် တက်သွားကြ၏။

လူကြီးတွေက ငါးဆက်ရှာကြသည်။

တစ်ကောင်တစ်မြီးမှ မရ။ လိပ်ထိုးသမားတွေလည်း ရေသူမတစ်ချိုင်လုံး လိပ်ထိုးရန် ရှာဖွေကြ၏။ တစ်လုံးတလေသော လိပ်ကိုမျှ မတွေ့ရ။

http://www.cherrythitsar.org



ထူးခြားပါလား ဟုတော့ အားလုံးက တွေးမိကြ၏။ သို့သော် ဘာကြောင့် ဤချိုင့်၌ ခါတိုင်းနေ့တွေလို ငါးတွေ လိပ်တွေ ရှာမရခြင်းကို မည်သူမျှ မသိကြ။

ဦးရွှေဗန်က ပြောသည်ဆိုသော ရွာပျက်မည် ဆိုစကားကိုမူ ပို၍ပင် တွေးမရကြ။ သူတို့ ရွာတွေမှာ အိမ်ခြေလေး နှစ်ဆယ်ပင် မပြည့်သဖြင့် ဤနေရာ၌ သားငါးရှာမရလျှင် နောက် မလိကမ်းခြေ တစ်နေရာရာသို့ အလွယ်တကူဖြင့် ပြောင်းရွှေ့သွားလေ့ရှိကြသည်။ ဤသည်ကိုပင် ပြောခြင်းလားဟု ထင်ကြ၏။

သူတို့၏ အသက်အိုးအိမ်စည်းစိမ် ဆိုသည်မှာ ရေပေါ်၌သာ တည်၏။ ယခင်ကဆိုလျှင် သူတို့ ဆလုံများသည် ရေပေါ်လှေ၌သာ နေကြ၏။ လှေအစုတွေနှင့် ရေထဲတွင် ရွာတည်နေခဲ့ကြ၏။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းသည်မှာ သူတို့အတွက် မဆန်းလှပေ။ ကျယ်ပြောလှသော ကပ္ပလီပင်လယ်ပြင်ကြီး၏ ကမ်းခြေတစ်လျှောက်သည် သူတို့ အိုးအိမ် အခြေစိုက်ရာ နေရာဒေသချည်းပင်။

သူတို့၏ ဘိုးစဉ်ဘောင်ဆက်များသည်လည်း မြန်မာနိုင်ငံတွင်းသို့ ဤနည်းနှင့်ပင် ချဉ်းနင်းဝင်ရောက်လာကြသူများပင်။ ထို့ကြောင့် ရပ်ပြောင်း ရွာပြောင်းမှာ ဆလုံတွေအတွက် မဆန်းပေ။ အဘိုးကြီးဦးရွှေဗန်သည် ဤသည်ကို ရည်ရွယ်၍ ပြောခြင်းသာဟု ထင်ကြ၏။

အဘိုးကြီးဦးရွှေဗန် ပြောသလို သူတို့ရွာကို ဖျက်ဆီးပစ်မည့် ဘေးအန္တရာယ်ကြီးတစ်ခု မကြာခင် ကျရောက်လာတော့မည် ဆိုသည်ကိုမူ မည်သူမျှ မသိကြသလို ဦးရွှေဗန်တို့ မြေးအဘိုးတစ်တွေ ညတွင်းချင်း ရွာမှ ပြောင်းရွှေ့ ထွက်ခွာသွားကြပြီ ဆိုသည်ကိုလည်း မည်သူမျှ သတိမထားလိုက်ကြပေ။

* * *

သည်လိုနှင့် နောက်တစ်နေ့ နံနက်ထမှာ ရာဟုထောင့်မှ လေတဖြူးဖြူး စတိုက်လာ၏။ "မိုးစနေ၊ လေရာဟု"ဟူသော ရှေးလူကြီးများ အဆိုအရ မုန်တိုင်းများ ကျလေမလားဟု သူတို့ စိုးရွံ့စ ပြုလာကြသည်။

http://www.cherrythitsar.org



တောင်ပင်လယ်မှ လှိုင်းအုသံနှင့်အတူ မကြာခင် မုန်တိုင်းကြီး ကျလာ၏။ ရွာထဲကို လှိုင်းလုံးကြီးတွေ အဆက်မပြတ် တက်လာသဖြင့် ရွာကို စွန့်ခွာပြီး ပြေးကြရသည်။

လှိုင်းထဲလေထဲ မုန်တိုင်းထဲတွင် သေသူသေ၊ ပျောက်သူပျောက်၊ သစ်ပင်၊ အုန်းပင်တွေ လဲကျ၍ ဒုက္ခရာ အနာတရ ဖြစ်သူဖြစ်၊ ရေနစ်သူ နစ်နှင့် တစ်ရွာလုံးမှာ အတိဒုက္ခ ကြီးစွာ ရောက်ကြရသည်။

ထိုအခါမှ ဆလုံကြီးဦးရွှေဗန်က ရေသူမချိုင်တွင် ငါးများ လိပ်ထိုး ကြသူများ ငါးမရ၊ လိပ်မရလျှင် ရွာပျက်တတ်သည်ဆိုသော စကားကို သူတို့ အမှတ်ရမိကြသည်။

သို့သော် ဤသို့ မုန်တိုင်းကြီး ကျလာတော့မည်ဆိုလျှင် ရေသူမ ချိုင်တွင် ဘာကြောင့် ငါးရှာ မရ၊ လိပ်ထိုး မရ ဖြစ်တတ်သည်ကိုမူ သူတို့ တစ်ရွာလုံးက ဘာကြောင့်မှန်း မသိကြသေးပေ။

လေထဲလှိုင်းထဲ မုန်တိုင်းထဲတွင် မျက်စိမမြင် နားမကြား ဖြစ်နေသော ဆလုံကြီးဦးရွှေဗန်ကိုပင် တစ်ရွာလုံးရှိ လူတွေက သေပြီဟု ထင်ထား ကြသည်။

သန်သန်မာမာ လူကောင်းတွေပင် ရေနစ်၍၊ လှိုင်းရိုက်၍၊ သစ်ပင် ပိ၍ သေလျှင် နားမကြား မျက်စိမမြင် ဖြစ်နေသော ဦးရွှေဗန်မှာ ရွာထဲကို လှိုင်းလုံးကြီးများ စတက်လာကတည်းကပင် သေပြီဟု လူတိုင်း ထင်ထား ကြလေသည်။

လှိုင်းလုံးကြီးများသည် ပင်လယ်ထဲမှ သဲများကို သယ်ဆောင် လာကာ သူတို့၏ အိမ်များ၊ စပါးကျီများ၊ ရေတွင်းများကို ဖုံးထားခဲ့ကြ သလို မုန်တိုင်းလေကလည်း ရွာထဲရှိသမျှသော သစ်ပင်၊ အုန်းပင်များကို လှဲပစ်ထားခဲ့သည်။

လေကွယ်ရာ၊ လှိုင်းရေလွတ်ရာမှ ရွာသူရွာသားတွေ ပြန်လာကြ သောအခါ မိမိတို့မိသားစု လူစေ့ မစေ့ကို အလျင် ရှာကြရ၏။ သေသူသေ၊ ပျောက်သူပျောက်မို့ အော်ငိုသံ၊ လူပျောက်အော်ရှာသံ၊ မေးကြ၊ မြန်းကြ ပြောကြ ဆိုကြသံတွေနှင့် တစ်ရွာလုံးမှာ ကျွက်ကျွက်ဆူညံနေလေသည်။ လောလောဆယ်၌မူ သေသူ၊ ပျောက်သူများကိုပင် မရှာအားကြသေးဘဲ

http://www.cherrythitsar.org



အားလုံးမှာ သောက်ရေအတွက် ဒုက္ခရောက်နေကြရ၏။ ရေအသက် တစ်မနက် ဆိုသည့်အတိုင်းပင် ရေငတ်နေရှာသော ကလေးသူငယ်တွေမှာ အာခေါင်ကိုခြစ်ကာ ရေတောင်းငိုရင်း သတိပင်လစ်သွားတတ်ကြသည်။

ထိုအခါ မိဘများက ရေငန်ကိုပင် အလွယ်တကူ ခပ်တိုက်ကြရသည်။ သူတို့ရွာရှိ ရေချိုတွင်း အားလုံးမှာ ပင်လယ်မှ ရေငန်များဖြင့် ပြည့်နေသည်။ အချို့ ရေတွင်းတွေဆိုလျှင် သဲဖုံးသွားသဖြင့် ဘယ်နေရာ ရေတွင်းဟုပင် ခန့်မှန်းမရ ဖြစ်သွားကြသည်။

တဲအိမ်များမှာလည်း ထိုနည်း လည်းကောင်းပင်။ လေတိုက်၍ ပြိုကျသွားသော တဲအိမ်များကို လှိုင်းလုံးကြီးတွေက တစ်ခါ ထပ်ရိုက်သဖြင့် တိုင်၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား စသည်တို့မှာ ကစဥ့်ကလျားပြန့်ကျဲ၍ လှိုင်းထဲ ရေထဲ မျောပါသွားကြသလို ကျန်သော ပစ္စည်းများကိုလည်း သဲက ဖုံးသွားခဲ့ရာ တချို့မှာ မိမိ အိမ်နေရာကိုပင် မိမိ မမှတ်မိဖြစ်သွားကြလေသည်။

လောလောဆယ်မှာတော့ အသက်ရှင် ကျန်ရစ်သူများအတွက် သောက်ရေသည် အသက်တမျှ အရေးကြီးနေကြလေ၏။

ထိုအချိန်၌ပင် ဦးရွှေဇန်နှင့် သူ့မြေးနှစ်ယောက်သည် ရွာအရှေ့မြောက်ဘက်ရှိ နွားလဘို့ကျောက်တောင်မှ ရွာဘက်သို့ ဆင်းလာကြ၏။

နားမကြား မျက်စိမမြင်သော ဆလုံအဘိုးကြီးဦးရွှေဇန်ကို သူ့မြေးနှစ်ယောက်က တစ်ယောက်တစ်ဖက်စီ တွဲ၍ ရွာထဲသို့ ဝင်လာကြ၏။

သေပြီဟု ထင်ထားသော ဦးရွှေဇန်ကို မြင်ရသောအခါ ရွာသူရွာသားတွေမှာ ဖုတ်သဘက်ဝင်လာသူ တစ်ယောက်ကို ပြန်တွေ့ရသလို အံ့သြသွားကြလေသည်။

လူကောင်းများပင် သေကျေပျောက်ဆုံးနှင့် အနာတရ ဖြစ်ကြရသည့်အထဲ ဤနားမကြား မျက်စိမမြင်သော အဘိုးကြီးက အသက်ရှင်ကျန်ရစ်သည်မှာ အံ့စရာပင်။ ထို့ကြောင့်လည်း "အဘ ဘယ်မှာသွားနေလဲ၊ မုန်တိုင်းကြီး ထမယ်၊ ရွာကို လှိုင်းလုံးကြီးတွေ တက်လာမယ်ဆိုတာ အဘ ဘယ်လိုလုပ်သိလဲ၊ ဘယ်မှာ သွားပုန်းနေလဲ"

စသည်ဖြင့် ဦးရွှေဇန်ကို ရွာသူရွာသားတွေက ဝိုင်းမေးကြသည်။

http://www.cherrythitsar.org



သို့သော် မောပန်းနွမ်းနယ်လာသော ဦးရွှေဇန်မှာလည်း တစ်ယောက်တစ်ပေါက် မေးနေကြသော ရွာသူရွာသားတွေ၏ အမေးအမြန်းကို လောလောဆယ် မဖြေအားသေးဘဲ ရွာ၏ အခြေအနေကိုသာ သူကလည်း သိချင်သလို အလျင်မေး၏။

ရွာသူရွာသားတွေကလည်း ရွာ၏ အခြေအနေကို ပြောပြကြ၏။ လောလောဆယ်တွင် သောက်ရေ အခက်အခဲကြောင့် တချို့များဆိုလျှင် ရေငတ်တိုင်း ရေငန်တွေကို ခပ်သောက်မိ၍ ဝမ်းပင်လျှောနေကြောင်း အဖြစ်မှန်အတိုင်း ပြောပြကြသည်။

ထိုအခါ ဦးရွှေဇန်က လူကြီးတွေကို တဖျစ်တောက်တောက် ဆဲဆိုရေရွတ်တော့သည်။

"ဟဲ့ ကလေးတွေ ရေဆာလို့ ရေငန်တွေ ခပ်သောက်ကြရင် ဝမ်းလျှောပြီး သေကုန်တော့မှာပဲ၊ မင်းတို့ မိဘတွေက ဒီလောက်တောင် အသိဉာဏ် ခေါင်းပါးရလား"

"ဟာ. . . အသိဉာဏ် မခေါင်းပါးလို့ ဘယ်လိုလုပ်မလဲ အဘရယ်။ ရွာထဲက ရေချိုတွင်းတွေ အားလုံး ရေငန်တွေ ဝင်ပြီး သဲတွေ ဖုံးကုန်ပြီဗျ။ ကလေးတွေမပြောနဲ့ ခုဆို ရေငတ်နေတဲ့ လူကြီးတွေတောင် အာသာပြေ ရေငန်တွေ သောက်နေကြရပြီ။ ဘယ့်နှယ်လုပ်မလဲ"

လူကြီးတစ်ယောက်က ပြောလိုက်၏။

"အဲဒါ. . . မင်းတို့ အသိဉာဏ်နည်းတာပေါ့၊ တို့ရွာ ဒီလောက် အုန်းပင်တွေပေါတာ ကလေးတွေကို အုန်းသီးရည်တွေ တိုက်ကြမှပေါ့"

"ဟာ ဟုတ်သားပဲ"

အဘိုးကြီးပြောမှ သူတို့မှာ ရေဆာ၍ ငိုယို အော်ဟစ်နေကြသော ကလေးများကို အုန်းသီးရည် တိုက်ကြရမှန်း သတိရကြသည်။

မုန်တိုင်းကြီးက ပစ်လှဲထားခဲ့သော အသီးတန်းလန်းနှင့် အုန်းပင်တွေမှာ တစ်ရွာလုံး တုံးလုံးပက်လက် ဖြစ်နေကြသည်။

သည်လိုနှင့် လောလောဆယ် ရေပြဿနာ ပြေလည်သွား၏။ အဘိုးကြီး အကြံပေးသည့်အတိုင်း အုန်းသီးရည်များကို တစ်ရွာလုံးပင် ကလေး လူကြီးမကျန် သောက်ကြရင်း ရေချိုတွင်းတွေကို ဦးစွာ တူးဖော်

http://www.cherrythitsar.org



ကြရသည်။ ပြီးမှ အုန်းသီးတွေကို စားရင်း ဆန်စပါးနှင့် ဆား၊ ငါးပိ စသည့် စားနပ်ရိက္ခာကိစ္စ လုံးပန်းကြရသည်။

ညနေရောက်၍ အတော်အသင့် အနေအထား ကျပြီးသောအခါ ရေသူမချိုင်တွင် ငါးရှာ မရ၊ လိပ်ထိုး မရခြင်းနှင့် မုန်တိုင်းကြီး တိုက်ခတ်လာခြင်းတို့သည် မည်သို့မည်ပုံ ဆက်သွယ်နေကြသည်ကို အဘိုးကြီး ဦးရွှေဇန်အား ဝိုင်းဝန်း မေးမြန်းကြရလေ၏။

အဘိုးကြီး၏ ပြောပြချက်အရ ဤသို့ အဖြစ်အပျက်မျိုးကို သူငယ်စဉ်က တစ်ခါ ကြုံဖူးသည်ဟု ဆိုသည်။

ရေသူမချိုင်၌ ငါးရှာမရခြင်းမှာ ပင်လယ်၌နေကြသော လင်းရှူး၊ လင်းပိုင် စသည့် သားကြီးငါးကြီးများ မုန်တိုင်းကြီး ကျတော့မည်ကို အတပ်သိသဖြင့် ရေသူမချိုင်ထဲ လာဝင်ခိုနေကြသဖြင့် ဖြစ်၏။

လင်းရှူး၊ လင်းပိုင် စသည့် သားငါးကြီးများမှာ အဆိပ်ပြင်းသော ငါးများ ဖြစ်ကြသဖြင့် သူတို့ ဝင်ရောက်လာကြသောအခါ တခြား ငါး၊ လိပ်များ ရှောင်ပြေးသွားကြသဖြင့် ဖြစ်လေသည်။

ရွာသူရွာသားများမှာ အဘိုးကြီးဦးရွှေဇန် ရှင်းပြမှ အဖြစ်မှန်ကို သိသွားကြလေသည်။

* * *

မုန်တိုင်းကြီး ကျပြီးခါစ ညဖြစ်သဖြင့် ကောင်းကင်သည် မိုးသားတိမ်တိုက်တို့မှ ကင်းစင်ကာ ကြည်လင်နေ၏။ လဆန်းဆယ့်သုံးရက် လသည်လည်း ကြယ်တာရာများ ဝန်းရံခကာ ထွန်းပ သာယာနေလေသည်။

သည်လို အချိန်မှာပင် ဦးကောလီအိမ်သို့ ဂေါလာကြီး ရောက်လာ၏။

ခရီးရောက်မဆိုက်ပင် "အဘ ကြားပြီးပလား"ဟု ဂေါလာကြီးက မေး၏။ ဦးကောလီမှာ ရင်ထိတ်သွား၏။ အုန်းသီးရည်ကို သောက်ရကောင်းမှန်း မသိခင်က ရေငန်သောက်ထား၍ ဝမ်းလျှောနေသော ရွာသူရွာသား ကလေးသူငယ်များထဲက တစ်ယောက်ယောက် သေပြန်ပြီဟု အတပ်ထင်လိုက်၏။

ထို့ကြောင့် "ဘယ်သူလဲကွ"ဟု မေးလိုက်သည်။

http://www.cherrythitsar.org



"ဗျာ"

ဦးကောလီ၏အမေးကို ဂေါလာကြီးက ရုတ်တရက် သဘော မပေါက် ဖြစ်သွားသည်။

"ဘယ်သူ ဆုံးတာလဲ၊ အဲဒါ မင်း မေးတာ မဟုတ်လား"

"မဟုတ်တာဗျာ။ မဆိုကောင်း မပြော. . . "

"ဒါဆို မင်းဟာက ဘာလဲကွ"

"ငှက်ရဲကျောက်ဆောင်နားမှာ စက်လှေကြီးတစ်စီး ပျက်နေတယ် တဲ့။ ပစ္စည်းတွေလည်း အရမ်းပဲတဲ့ဗျ။ အဲဒါ ခု ရွာဖျားက လူတွေ သွားယူ နေကြတယ်။ ခု ကျွန်တော်လည်း သွားမလို့ အဘကို လာပြောတာ"

"ဟေ. . . ဟုတ်လားကွ။ ဒါဆို သွားကြမယ်လေ၊ ဘာပစ္စည်းတွေ လဲကွ။ ဧကန္တ မုန်တိုင်းကြီး တိုက်တုန်းက လွင့်ပါလာပြီး ပျက်တာ ဖြစ်ရ မယ်"

"ဒါပဲ နေမှာပေါ့"

"အေးကွ၊ လာလာ သွားကြမယ်။ ဘာပစ္စည်းတွေ ရကြသလဲ။ အဲဒီ စက်လှေပေါ်က လူတွေကော မပါဘူးလား"

"လူတွေက သေကုန်ပြီ နေမှာပေါ့ဗျ။ စက်လှေကြီးတောင် ဟိုတစ်ပိုင်း ဒီတစ်ပိုင်းနဲ့ ထင်းဖြစ်ကုန်ပြီတဲ့။ ပစ္စည်းတွေတော့ ကျွန်တော်လည်း မမြင်ရ သေးလို့ ဘာတွေမှန်း မပြောတတ်သေးဘူး။ သံဘောဒုတို့ ညီအစ်ကိုက တစ်ဆင့် ပြန်ပြောလို့ သိရတာ။ သူတို့ ညီအစ်ကိုတော့ ကျွန်တော် ဒီထွက် လာကတည်းက ငှက်ရဲကျောက်ဆောင်ဘက် သွားကြလေရဲ့"

ဦးကောလီနှင့် ဂေါလာကြီးတို့သည် စကားလေးတပြောပြောနှင့် ငှက်ရဲကျောက်ဆောင်ဘက် ထွက်လာကြလေ၏။

* * *

လသာနေသဖြင့် ငှက်ရဲကျောက်ဆောင် ကျောက်တန်းအနားရှိ လူတွေကို အတော်လှမ်းလှမ်းကပင် မြင်ကြရသည်။ သူတို့ထက် စောစွာ ရောက်နှင့်နေကြသော ရွာသူရွာသား ကလေးသူငယ်များမှာ ကျောက် ဆောင်နားတစ်ဝိုက်တွင် ရှုပ်ယှက်ခတ်နေကြ၏။

http://www.cherrythitsar.org



ဦးကောလီနှင့် ဂေါလာကြီးတို့သည် ငှက်ရဲကျောက်ဆောင်နား ရောက်လာကြ၏။ သူတို့နောက်မှ သတင်းကြားနှင့် လိုက်လာကြသူများ ကိုလည်း သဲခုံတန်းအစတွင် လှမ်းမြင်နေကြရသည်။

သံဘောဒုံ၏သားကြီး အောင်ပွင့်ကို ပစ္စည်းတစ်ပုံနှင့် ကျောက် ဆောင်နားက သဲပြင်သောင်စတွင် တွေ့ရ၏။

"အောင်ပွင့်၊ ဒါစက်လှေပျက်က ရတဲ့ပစ္စည်းတွေလားကွ၊ ဘာ. . . ပစ္စည်းတွေလဲ"

"ကျွန်တော်လည်း မသိဘူး ဦးကြီး။ အဘက စောင့်ခိုင်းထားလို့"

"ခု မင်းအဖေကော"

"ဟိုဘက်မှာ ပစ္စည်းတွေ လျှောက်ရှာနေတယ်"

အောင်ပွင့် လက်ညှိုးညွှန်ပြရာဘက်သို့ ဦးကောလီနှင့် ဂေါလာကြီး တို့ ခပ်သွက်သွက် လျှောက်လာကြ၏။

လက်ဦး ရောက်နှင့်နေကြသူများသည် ရသမျှသော ပစ္စည်းတွေကို သားသမီးများအား စောင့်ဆိုင်းထားစေကာ သောင်ပြင်တွင်ဖြန့်၍ ပစ္စည်း ရှာနေကြ၏။ ဦးကောလီနှင့် ဂေါလာကြီးတို့သည်လည်း အများနည်းတူ သောင်ပြင်နား ကျောက်ဆောင်နားတွင် ပစ္စည်းများ လျှောက်ရှာကြ၏။

စည်ဘူးများ၊ ပလတ်စတစ်အိတ်များ၊ အမျိုးအမည် မခွဲခြားတတ်သော သေတ္တာငယ်များကို ရသမျှ ကောက်စုကြသည်။ နောက် ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီနှင့် ထီး၊ ဖိနပ်များကိုလည်း ရကြ၏။

သူတို့ အမက်မောဆုံးမှာ ထီး၊ ဖိနပ်နှင့် အဝတ်အထည်များပင်၊ သံဘူးများ၊ ပုလင်းများ၊ ပလတ်စတစ်ထုပ်များကိုလည်း လိုလိုမည်မည် ကောက်သိမ်းကြ၏။

ထိုပစ္စည်းများကို သယ်ဆောင်လာသည်ဟု ထင်ရသော စက်လှေ ကြီးမှာမူ သုံးလေးပိုင်းကျိုးကာ သစ်သားပျဉ်ချပ်တွေက သောင်ပြင်တွင် ပြန့်ကျဲနေကြသည်။

သဲဖုံးသွားသဖြင့် အစအနသာ ပေါ်နေသော စက်လှေပျက်နားတွင် လူတွေက အုံနေ၏။ သဲထဲကို ယက်တူး၍ ရှာဖွေ ဖော်ယူနေကြသည်။ စက်လှေပျက်နားတွင် ပစ္စည်းများများရသဖြင့် လူတွေက သူ့ထက်ငါဦး

http://www.cherrythitsar.org



ယက်ယူနေကြ၏။

တစ်ယောက်စကား တစ်ရာနားဖြစ်ကာ ရွာထဲတွင်ရှိသမျှ မိန်းမ ယောကျ်ား ကလေးသူငယ်များပင် ငှက်ရဲကျောက်ဆောင်နား အားလုံး ရောက်လာကြ၏။

ပစ္စည်းတွေကို ရနေသဖြင့် လောလောဆယ်မှာ တစ်နေ့က မုန်တိုင်းကြီး တိုက်သွားသည်ကိုပင် မေ့နေကြ၏။ မိမိတို့၏ အိမ်ရာကို ပြန်လည် တည်ဆောက်ကြရန်ထက် ပစ္စည်းရရှိရေးက အရေးကြီးနေကြ သဖြင့် အားလုံး ငှက်ရဲကျောက်ဆောင်နားတွင် ရှုပ်ယှက်ခတ်နေကြ၏။

သူတို့တစ်ရွာလုံးရှိ လူတွေမှာ တစ်ညလုံး ပစ္စည်းရှာကြသည်။ နံနက်ထ နေရောင်ခြည်များက ပင်လယ်ကမ်းစပ်ကို ထိုးကျလာသည်ထိ ပစ္စည်းရှာကောက်၍ မပြီးနိုင်ကြသေး။ စက်လှေပျက်နားတွင် ပစ္စည်းတွေ ကုန်သွားသော်လည်း သောင်စပ်၊ ကျောက်တုံးကျောက်ဆောင်တွေကြား ထဲတွင်လည်း ထပ်ရှာကြသည်။

ပစ္စည်းမျိုးစုံတွေမှာလည်း သူတို့ ထပ်ရှာသမျှ တစ်ခုစ နှစ်ခုစ ရရှိနေကြသဖြင့် လူတွေမှာ ထမင်းမေ့ ဟင်းမေ့ ဖြစ်နေကြသည်။

ဂေါလာကြီးသည် ကျောက်ဆောင် ခြေရင်းနားက သဲပြင်တစ် နေရာကို ယက်ထုတ်လိုက်ရာ လူသေအလောင်းတစ်လောင်း၏ မျက်နှာက ပေါ်လာသည်။

မျက်လုံးပြူးပြူးကြီးနှင့် လူသေအလောင်းကြီးကို ယက်မိသော ဂေါလာကြီးက "ဟာ" ဟု လန့်အော်လိုက်၏။

"ဘာပစ္စည်းလဲကွ"

"ပစ္စည်း မဟုတ်ဘူးဗျ။ လူသေအလောင်းကြီး"

ဦးကောလီ၏အမေးကို ဂေါလာကြီးက အထိတ်တလန့် ပြန်ပြော လိုက်၏။

"ဟေ. . . ဟုတ်လား။ ပြန်ဖုံးကွ၊ ပြန်ဖုံး။ ဒါ. . . ဒါ ဟိုစက်လှေက လူတွေ ဖြစ်ရမယ်"

"ဟုတ်မယ်ဗျ" ဟု ပြောပြီး ဂေါလာကြီးက လူသေအလောင်းကို သဲနှင့် ချက်ချင်း ပြန်ဖုံးပစ်လိုက်၏။

http://www.cherrythitsar.org



သည်လိုနှင့် သူတို့ ရွာသူရွာသားများသည် စက်လှေကြီးပေါ်က ရသမျှသော ပစ္စည်းတွေကို ရွာသို့ သယ်ယူကြ၏။ သူတို့ အနှစ်သက်ဆုံး အရာဝတ္ထုများမှာ အဝတ်အထည်တွေနှင့် ထီး၊ ဖိနပ်များသာ။

ဘာအသုံးဝင်မှန်း မသိ။ ဘယ်လိုလုပ်ရမှန်း မသိသော ပုလင်းလှလှများ၊ စည်ဘူးလှလှများနှင့် သေတ္တာငယ်လှလှများ၊ ပလတ်စတစ်ထုပ်များကိုမူ ကလေးများက ကစားစရာအဖြစ် သဘောထားကြသည်။

ရေငန်တွေ စို့ရွှဲနေသော အဝတ်အထည်များနှင့် ခေါက်ထီးများကို ဆွေးကုန်မှာစိုး၍ လူကြီးများက ရေချိုတွေနှင့် လျှော်ဖွပ်ဆေးကြောနေကြချိန်တွင် ကလေးများသည် ပလတ်စတစ်အိတ်တွေကို ဖောက်ကာအထဲမှ အဖြူ၊ အပြာ၊ အဝါ၊ အနီ အလုံးအတောင့်တွေနှင့် တစ်ဦးကိုတစ်ဦး ပစ်ပေါက်ဆော့ကစား၍ ပျော်နေကြသည်။

သံဘူးတွေကို ဖောက်၊ ပုလင်းတွေကို အဖုံးဖွင့်ပြီး အထဲက အညိုရောင်အမှုန့်များနှင့်လည်း ပစ်ပေါက်ကစားကြ၏။

"အထဲက အနံ့က မွှေးတယ်ဗျ"ဟု ဆိုပြီး အချို့ကလေးများက လျှာနှင့်တို့ စမ်းကြည့်ကြသည်။ "ချိုတယ်ဟ" ဟု ပြောပြီး စားသော ကလေးများက စားကြ၏။ "ဟ. . . သိပ်မစားကြနဲ့ကွ တောက်မလား မသိဘူး"ဟု ခပ်ရွယ်ရွယ်ကလေးက သတိပေးသောအခါ ချို၍ စားမိကြသော ကလေးတွေမှာ ပါးစပ်ထဲက အမှုန့်တွေကို ထွီထွန်နှင့် ပြန်ထွေးထုတ်ကြရပြန်သည်။

အချို့ ကြံ့ကြံ့ဖန်ဖန် ဆော့ကစားတတ်သောကလေးကမူ ကြုတ်အတောင့် တစ်တောင့်အထဲထဲက အဖြူရောင် စေးပျစ်ပျစ် အရည်တွေကို ညှစ်ထုတ်ကာ မျက်နှာကိုလိမ်းပြီး တစ်ဦးနှင့်တစ်ဦး ခြောက်လှန့်ကစားကြ၏။ လူကြီးတွေ ပစ္စည်းရှာစဉ်က သဲပြင်ထဲ လူသေအလောင်းများ တွေ့ကြသည်ဆိုသော နားသန်းနားဝါ စကားကို အစွဲပြုကာ "စက်လှေသရဲ လာပြီဟေ့"ဟု ငယ်ရွယ်သူများကို ပြေးလိုက်၍ ခြောက်ကစားကြ၏။

တစ်မျက်နှာလုံးကို အဖြူသုတ်လိမ်းထားပြီး ငယ်ရွယ်သူများကို ခြောက်ကစားရုံနှင့် အားမရသေးသော သူ့ထက်ငါကဲ ကလေးအချို့သည် သစ်ပင်ပေါ်တက်ကာ ကြုတ်ထဲမှ အဖြူနှစ်အချွဲအပျစ်တွေကို ညှစ်ချ

http://www.cherrythitsar.org



ကြ၏။ကြွတ်ထဲမှ အဖြူအနှစ်တွေ ပြတ်မကျဘဲ တစ်ဆက်တည်းကျအောင် ပြိုင်ကြ၏။

ရေဒီယိုကက်ဆက်တွေ၊ သွားတိုက်ဆေးတွေ၊ မိုင်လို၊ အိုဗာတင်းတွေ၊ နိုင်ငံခြားဆေးပြား ဆေးလုံးတွေကို သုံးစွဲရကောင်းမှန်း မသိသော လူကြီးတွေကလည်း ပုလင်းတွေ၊ ဘူးတွေကို ဖောက်ပြီး ပုလင်းခွံ၊ ဘူးခွံတွေကိုသာယူကာ ဆေးတွေ၊ မိုင်လို၊ အိုဗာတင်းတွေကို သွန်ပစ်ကြ၏။ သူတို့သုံးရကောင်းမှန်းသိသော ပစ္စည်းတွေမှာ အဝတ်အထည်များနှင့် ထီး၊ ဖိနပ်များသာ ဖြစ်၏။

ထို့ကြောင့်လည်း ယခင်က ပသျှူးဘောင်းဘီပွများကိုသာ ရိုးရာအလိုက် ဝတ်ဆင်ကြသော ယောကျ်ားများမှာ ယခုအခါ တစ်ရွာလုံး ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ၊ တီရှပ်တွေနှင့် ဖြစ်ကုန်ကြသည်။ တစ်ခါမျှ ဖိနပ်မစီးခဲ့ကြသော သူတို့ခြေထောက်တွေမှာ ယိုးဒယားကွင်းထိုးဖိနပ်တွေနှင့်။ တစ်သက်လုံး ခမောက်ဆောင်းခဲ့ကြသော သူတို့ခေါင်းပေါ်တွင် ခေါက်ထီးတွေနှင့် ဖြစ်ကုန်ကြ၏။

သစ်ခေါက်ဆိုးအနက်ထည် တစ်ခုတည်းကိုသာ ဝတ်ဆင်လေ့ရှိကြသော ပသျှူးမ၊ ဆလုံမတွေ တစ်ကိုယ်လုံးမှာလည်း ယခုအခါ အင်ဒိုနီးရှားပါတိတ်တွေ၊ စွပ်ကျယ်ဗိုက်ဖုံးအင်္ကျီတွေနှင့် တစ်ယောက်ကိုတစ်ယောက် အထပ်ထပ် ဝတ်စား၍ ပြောင်ကြ နောက်ကြ ရယ်ကြ မောကြနှင့် တစ်ရွာလုံး ပျော်နေကြလေ၏။

* * *

သည်လိုနှင့် တစ်နေ့မှာ ဘယ်ကဘယ်လို သတင်းပြန့်လာသည် မသိ။ သူတို့ စက်လှေပျက်ဆီက ရထားကြသော ပစ္စည်းတွေမှာ အစိုးရမင်းများပိုင် ပစ္စည်းလိုလို၊ သမဝါယမပိုင် ပစ္စည်းလိုလို သတင်း သိုးသိုး သန့်သန့် ထွက်လာ၏။

ထိုအခါ မင်းပြစ်မင်းဒဏ် သင့်တော့မည်ဟူသော အစွဲအလမ်းနှင့် အကြောက်လွန်ကာ ကိုယ်ပေါ်ဝတ်ထားသော အဝတ်အထည်များကိုပင် ချက်ချင်းချွတ်ပြီး ဝှက်သူဝှက်၊ ဖျောက်ဖျက်သူဖျောက်ဖျက်၊ သဲထဲ ကျင်း

http://www.cherrythitsar.org



နက်နက်တူး၍ မြုပ်သူမြုပ်နှင့် တစ်ရွာလုံး အထိတ်တလန့် ဖြစ်ကုန်ကြပြန်၏။

သည်လိုနှင့် တစ်ရက်နှစ်ရက် အကြာမှာ မော်တော်ဘုတ်တစ်စီးနှင့် သူတို့ဆီကို မြိတ်ထားဝယ်သား ဧည့်သည်သုံးယောက် ရောက်လာကြသည်။

ရွာက လူကြီးတွေကို တစ်ယောက်မကျန် စက်လှေပျက် ဘယ်နေရာရှိကြောင်း လိုက်မေးကြ၏။ အစိုးရသူလျှိုတွေ ထင်၍ အစက မည်သူမျှ မပြောဝံ့ကြ။ နောက် ထိုသူသုံးယောက်က သူတို့သည် အစိုးရလူများ မဟုတ်၊ သတင်းကြား၍ မြိတ်ထားဝယ်မှ လာကြသူများ ဖြစ်ကြောင်း၊ စက်လှေပျက်မှ သူတို့ ရထားသော ပစ္စည်းများကို ပိုက်ဆံပေး ဝယ်မည် ဖြစ်ကြောင်း ဧည့်သည်သုံးယောက်က အာမဘာန္တေခံကာ ကျိန်တွယ် သစ္စာဆို၍ ပြောပြကြသည်။

ထိုအခါကျမှ ရွာသားကြီးတွေက စက်လှေပျက်ကြီးရှိရာ ငှက်ရဲကျောက်ဆောင်နား ခေါ် သွားပြီး ထိုဧည့်သည်သုံးယောက်ကို လိုက်ပြရဲကြသည်။

ဧည့်သည် လူစိမ်းသုံးယောက်သည် ထိုရွာသားတွေ အကူအညီနှင့် စက်လှေပျက်မှ စက်ပစ္စည်းများကို တူးဖော်ယူကြ၏။ ရွာသူရွာသားတွေ ရထားသော ပစ္စည်းများကိုလည်း ငွေစက္ကူတွေ ပေး၍ ဝယ်ယူကြ၏။

အထူးသဖြင့် ဧည့်သည်သုံးယောက်သည် သူတို့ ရွာသူရွာသားတွေက ဘာမှန်း မသိ၍ ပစ်ထားကြသော သေတ္တာငယ်များကိုလည်း အငမ်းမရ ကောက်ယူကြ၏။ ထိုသေတ္တာငယ်များရှိ အဖုအချိုင့် ခလုတ်များကို နှိပ်ကာ နားထောင်ကြ၏။ သေတ္တာထဲက အသံတွေ မြည်လာသောအခါ ရုတ်တရက် သူတို့ ရွာသူရွာသားတွေမှာ လန့်ကုန်ကြသည်။

နောက်မှ ထိုဧည့်သည်သုံးယောက်က သေတ္တာငယ်များမှာ ရေဒီယိုကက်ဆက်ဖြစ်ကြောင်း ပြောပြပြီး သူတို့၏အသံများကိုပင် ဖမ်းပြကြသည်။ ရွာသူရွာသား ဆလုံ၊ ပသျှူးများမှာ အံ့ဖွယ်သရဲဖြစ်ပြီး ဧည့်သည်သုံးယောက်နှင့် ရေဒီယိုကက်ဆက်နားတွင် ဝိုင်းနေကြသည်။

ထို ရေဒီယိုကက်ဆက်များကိုလည်း ပိုက်ဆံပေးပြီး ဝယ်မည် ဆိုသောအခါ ယခင်က သူတို့ လွှင့်ပစ်ထားသော ရွာစသဲသောင်များပေါ်

http://www.cherrythitsar.org



သွားရာ၍ ရသမျှကို ရောင်းကြပြန်၏။

ရွာ၌ပစ္စည်းများ ထက်ဝက်ကျော်ကျော် ဝယ်ပြီးသောအခါ ဧည့်သည်များမှာ ပိုက်ဆံကုန်သွားလေသည်။ သို့သော် နောက်တစ်ခေါက် လာဦးမည်။ ရသမျှသော မဝှံမရဲဖြစ်၍ ဝှက်ပြုထားကြသော ပစ္စည်းများကို ရှာဖွေထားကြပါ။ နောက်တစ်ခေါက်ဆိုလျှင် ဤထက် ဈေးများများ ပေးမည်ဟု မှာထားခဲ့ကြ၏။

တစ်ရွာလုံးရှိ ဆလုံတွေ၊ ပသျှူးတွေမှာ သူတို့ တစ်သက်တာ၌ တစ်ခါမျှ မမြင်ဖူး မကိုင်ဖူးဘူးသော ငွေစက္ကူတွေကို မြင်ရ၊ ကိုင်ရ၍ ပျော်ကျန်ခဲ့ကြ၏။

ဧည့်သည်များ မှာသွားကြသလို စက်လှေပျက်ဆီမှ ပစ္စည်းမျိုးစုံတို့ကိုလည်း ကောက်သင်းကောက် စုဆောင်းနေကြသည်။

လောလောဆယ်တွင် မုန်တိုင်းကြီးထဲ သေသွားသူ၊ ပျောက်သွားသူများကိုပင် မေ့သွားကြသည်။ လောဘကြီးလှသော မိန်းမများဆိုလျှင် နောက်ထပ် မုန်တိုင်းကြီးတစ်ခု မြန်မြန် ကျလာပါစေ၊ စက်လှေကြီးတွေ တစ်စင်းမက နှစ်စင်း သုံးစင်း ဆယ်စင်းပင် သူတို့အနား လာပျက်ပါစေဟု ဆုတောင်းမိကြပေမည်။

* * *

ဧည့်သည်ကြီးများ မှာသွားသောစကားကို သူတို့သည် နေ့စဉ်နှင့်အမျှ သတိရပြီး ပစ္စည်းများစုဆောင်းကြ၏။ အကြွင်းအကျန်များကို နေရာအနှံ့အပြား၌ ထပ်၍ထပ်ခါ ရှာဖွေကြ၏။ ရတန်သမျှသော ပစ္စည်းများကိုကြည့်ကာ ပီတိဖြစ်စွာနှင့် ဧည့်သည်များကို မျှော်နေကြ၏။

သို့သော် သူတို့ မျှော်နေကြသော ဧည့်သည်များ ပြန်သွားပြီး သုံးရက်ပင် မကြာသေး။ နောက်ထပ် ဧည့်သည်လေးငါးယောက် ရောက်လာကြပြန်၏။

ပထမဧည့်သည်များနည်းတူ ဒုတိယဧည့်သည် လေးငါးယောက်ကလည်း သူတို့ဆီက ပစ္စည်းတွေကို ငွေစက္ကူတွေ ပေး၍ ဝယ်ကြပြန်၏။

ဆလုံများ၊ ပသျှူးများမှာ သစ္စာကြီးသူများ ဖြစ်ကြသဖြင့် ချက်ချင်း

http://www.cherrythitsar.org



ဒုတိယဧည့်သည်များကို မရောင်းကြသေး။ ပထမဧည့်သည်များ မည်သို့မည်ပုံ အမှာရှိထားခဲ့ကြသည်များကိုလည်း ပြောပြကြ၏။

ထိုအခါ ဒုတိယဧည့်သည်များသည် ပထမဧည့်သည်များထက် ဈေးပိုပေးကြ၏။ ပထမဧည့်သည်များသည် သူတို့ပစ္စည်းများကို မတန်တဆ ဈေးနှိမ်၍ ဝယ်သွားကြကြောင်းကိုလည်း ရွာသူရွာသားများ နားလည်အောင် အထပ်ထပ်အခါခါ ပြောပြကြ၏။

သူတို့ပြောပြမှ ရွာသူရွာသားတွေမှာ သူတို့ပစ္စည်းများကို ပြန်နှမြောမိကြသည်။ ဈေးနှိမ်၍ ဝယ်သွားသော ပထမဧည့်သည်များကိုလည်း စိတ်ဆိုးကြသည်။ ထို့ကြောင့် ရှိသမျှပစ္စည်းတွေကို ဒုတိယ ရောက်လာသော ဧည့်သည်များအား ပုံအော ရောင်းချကြလေသည်။

ဒုတိယဧည့်သည်များသည်လည်း ပထမဧည့်သည်များနည်းတူ ငွေကုန်၍ ပြန်သွားကြပြန်သည်။

သည်လိုနှင့် ဧည့်သည်လှုစိမ်းများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြရာ သူတို့ရွာမှာ ဧည့်သည်မပြတ် ဖြစ်လာ၏။

ပစ္စည်းတွေကုန်ပြီ ဖြစ်သော်လည်း သူတို့သည် လက်ကျန် တစ်ခုတလေများ ရလိုရငြား မျှော်လင့်ချက်နှင့် လာနေကြ၏။

နောက်နောက် ရောက်လာကြသော ဧည့်သည်များနှင့် ဒုတိယတစ်ခေါက်၊ တတိယတစ်ခေါက် ရောက်လာကြသော ဧည့်သည်များသည် သူတို့ရွာ၌ ဆုံစည်းမိကြသည်။

ထိုအခါ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မိတ်ဖွဲ့ကြ၏။ စက်လှေပျက် ရှိရာအနားသို့ အဖွဲ့လိုက် အစုလိုက် သွားကြ၏။ ဘာတွေ တိုင်ပင်၍ ဘာတွေ အကြံဉာဏ်ထုတ်ကြသည် မသိ။ တစ်နေ့လုံး ငှက်ရဲကျောက်ဆောင်နှင့် ရေသူမချိုင်ကို အခေါက်ခေါက်အခါခါ သွားကာ အလုပ်ရှုပ်နေကြသည်။

ရွာရှိ ဆလုံများ၊ ပသျှူးများမှာ သူတို့ ဘာလုပ်နေကြသည်ကို လုံးဝ မရိပ်မိကြပေ။ လူကြီးတွေက ဘာလုပ်ကြတာလဲဟု တစ်စွန်းတစ်စ မေးကြ၏။ နောက်တော့ သိရမှာပေါ့ဟုလောက်သာ မပြောချင်ပြောချင်နှင့် မပွင့်တပွင့် ပြောကြ၏။

http://www.cherrythitsar.org



ဆလုံတွေ၊ ပသျှူးတွေမှာ ရိုးသားကြ၍ စိတ်ဆတ်ကြသူများပီပီ နောက်တော့ ဘယ်ဧည့်သည်ကိုမှ ထိုကိစ္စ မမေးကြတော့။ ဘာသာလဝါ နေလိုက်ကြ၏။

"သူတို့ ထမင်းလာစားမယ် ပိုက်ဆံပေးပါ့မယ်"ဟု ပြောလျှင်လည်း ထမင်းချက်ကျွေးကြ၏။ ပိုက်ဆံပေးလျှင်လည်း ငြင်းကြသည်။ သူတို့ဆီက ပစ္စည်းအမြောက်အမြား ဝယ်ဖူးသော ဧည့်သည်များဆီက ထမင်းဖိုး ပိုက်ဆံယူရမှာ သူတို့က အားနာနေကြသည်။

သို့သော် ဧည့်သည်များက အတင်း ပေးကြ၏။ သူတို့ပေးသော ပိုက်ဆံကို မယူလျှင် ရွာသူရွာသားတွေ ကျွေးသော ထမင်းကိုလည်း မစား တော့ဟု အကျပ်ကိုင်လာကြသည်။ ထိုအခါ သူတို့မှာ ထမင်းဖိုး ယူကြ ရပြန်၏။

သည်လိုနှင့် ဧည့်သည်များ ပြန်သွားကြပြန်သည်။

* * *

တစ်လကိုးသတင်း ပျောက်ကွယ်သွားကြသော ဧည့်သည်များကို ကြာသော်. . . သူတို့ မေ့စပြုလာကြသည်။ သို့သော် ဧည့်သည်များ အကြောင်းကိုကား ငါးရှာရင်း၊ လိပ်ထိုးရင်း ပြောကြဆိုကြတုန်းပင် ရှိသေး၏။

သည်လိုနှင့် တစ်နေ့မှာ အံ့သြစရာအဖြစ်နှင့် ကြုံကြရသည်။

ရေသူမချိုင်တွင် ငါးမျှား၊ လိပ်ထိုး၊ ငါးပိုက်တန်း ချနေကြသော ရွာသားကြီးများ အားလုံး တအံ့တသြနှင့် ရေသူမချိုင်ထဲ ဝင်လာသော စက်လှေကြီးတစ်စီးကို ငေးကြည့်နေကြသည်။ စက်လှေကြီးသည် သူတို့ ရွာနှင့် အနီးဆုံး ရေသူမချိုင်ကမ်းစပ်နားတွင် ကျောက်ချရပ်နား၏။

စက်လှေပေါ်မှ လှေငယ်ကလေးတစ်စင်းနှင့် သူတို့အနား ရောက် လာကြသော လူသုံးယောက်ကို မြင်သောအခါ ရွာသားကြီးတွေမှာ ပို၍ အံ့သြကြသည်။ စက်လှေပေါ်မှ လှေငယ်ကလေးနှင့် ကူးလာကြသူ သုံး ယောက်မှာ လွန်ခဲ့သော တစ်လလောက်က သူတို့ပစ္စည်းတွေ ရောင်းလိုက်

http://www.cherrythitsar.org



ကြသောသူများပင်။

မျက်နှာသိ ဖြစ်နေကြသော ထိုသူသုံးယောက်တို့သည် တွေ့သမျှသော ရွာသားကြီးများကို နှုတ်ဆက်ကြ၏။ ရွာသားကြီးတွေကလည်း ထိုဧည့်သည်များကို ဖော်ဖော်ရွေရွေ ပြန်နှုတ်ဆက်ကြသည်။

စက်လှေကြီးနှင့် လာကြသော ဧည့်သည်များက ရွာသူရွာသားတွေကို ပြောပြကြ၏။ သူတို့ စက်လှေပေါ်တွင် ယခင်က မုန်တိုင်းကြီးတိုက်၍ ပျက်စီးသွားသော စက်လှေများကဲ့သို့ ပစ္စည်း အမြောက်အမြား ပါလာသည်။ ထိုပစ္စည်းများကို ဤရွာမှတစ်ဆင့် မြိတ်ဘက်သို့ အတွင်းကြောင်းက သယ်ယူကြရမည်။ စက်လှေကြီးနှင့် အပြင်လမ်းကသွားလျှင် အဖမ်းအဆီးခံကြရမည်။ ထို့ကြောင့် သူတို့ရွာတွင် စခန်းချပြီး စက်လှေပေါ်က ပစ္စည်းများကို မော်တော်ဘုတ်များနှင့် အတွင်းပိုင်းကတစ်ဆင့် သယ်ယူကြမည်ဟု ဆိုလေသည်။

သူတို့ ပြောကြသလိုပင် သုံးလေးရက်ခန့်အကြာတွင် မလိကျွန်းအတွင်းပိုင်းမှ မော်တော်ဘုတ် သုံးလေးစီး ရောက်လာကြ၏။ ထိုမော်တော်ဘုတ်ပေါ်တွင် ပါလာကြသူတွေမှာလည်း ယခင်က ပစ္စည်းလာဝယ်ဖူးသူ အတော်များများ ပါသည်။ မျက်နှာစိမ်းဆို၍ လေးငါးယောက်သာ။

စက်လှေနှင့် စောစီးစွာ ရောက်နေကြသော ဧည့်သည်များသည် ရွာသူရွာသားများအား တစ်နေ့လျှင် လူကြီးငါးကျပ်၊ ကလေးသုံးကျပ်နှင့် စက်လှေပေါ်က ပစ္စည်းများကို မော်တော်ဘုတ်များအပေါ်သို့ သယ်ချအငှားခိုင်းကြသည်။ ပိုက်ဆံရသဖြင့် ရွာသူရွာသား ကလေးသူငယ်များမှာ ပျော်ပျော်ပါးပါး ကူချသယ်ပေးလိုက်ကြ၏။

စက်လှေမှ ပစ္စည်းတွေကုန်လျှင် မော်တော်ဘုတ်များသည် အတွင်းလမ်းအတိုင်း မြိတ်ဘက်သို့ တစ်စီးပြီးတစ်စီး ထွက်သွားကြ၏။ စက်လှေကြီးသည်လည်း ရေသူမချိုင်မှ ပင်လယ်ပြင်သို့ ပြန်ထွက်သွားလေသည်။

အချိန်ကာလ များစွာ မကြာပေ။ လတစ်ဝက်လောက် ကြာသောအခါ ရေသူမချိုင်ထဲ စက်လှေကြီးက ဝင်ရောက်လာပြန်၏။ ဤတစ်ခါ တစ်စီးတည်း မဟုတ်တော့။ နောက်ထပ် စက်လှေတစ်စီးပင် အဖော်ပါလာသည်။ စက်လှေနှစ်စီး ရေသူမချိုင်ထဲ ဝင်ကပ်သောနေ့ ညမှာပင်

http://www.cherrythitsar.org



အတွင်းလမ်းက မော်တော်ဘုတ် လေးငါးစီး ရောက်လာကြပြန်သည်။

စက်လှေ နှစ်စီးပေါ်မှ မြောက်မြားစွာသော ပစ္စည်းများကို သူတို့ ရွာသူရွာသားတို့မှာ နေ့မအား ညမအား သယ်ချပေးကြရသည်။ မီးလုံး မီးချောင်းတွေ တထိန်ထိန်နှင့် ကုန်ပစ္စည်း သယ်ချပေးကြရသည်ကို ငွေရ သဖြင့် သူတို့ ရွာသူရွာသားတွေလည်း ပျော်နေကြ၏။ အလုပ်ပင်ပန်း၍ သူတို့ ခဏနားနေချိန်တွင် ဧည့်သည်များက သူတို့ မစားဖူး မသောက် ဖူးဘူးသော မုန့်များ၊ စည်သွတ်အသားဘူးများ၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဟောလစ်၊ မိုင်လို၊ အိုဗာတင်းများနှင့်လည်း ကြိုက်ရာအလိုက် ကျွေးမွေး ပြုစုကြ၏။

အချို့ အဖျော်ယမကာနှင့် သေရည်သေရက် ကြိုက်သူများအား လည်း သူတို့ရွာထွက် ဓနိစိမ်ရည်အရက်ထက်ကောင်းသော အရက်ချို၊ အရက်ပြင်းများနှင့် တစ်ပြန်တစ်လှည့် ဧည့်ခံကျွေးမွေးကြ၏။ ပြီး . . . သူတို့ နားမလည်သော်လည်း မြန်မာသီချင်း၊ ထိုင်းသီချင်းများကို ညလုံး ပေါက် ကက်ဆက်နှင့် ဖွင့်ပေးထား၏။

မြန်မာသီချင်းထက် သူတို့နှင့် စကားတူသော ထိုင်း သူတို့အခေါ် ရှမ်းကြီးသီချင်းများကို လုလင်ပျို ကာလသား ကာလသမီးများ ပို၍ ကြိုက်နှစ်သက်ကြသည်။ ထို့ကြောင့်လည်း စက်လှေပေါ်မှ ကုန်ပစ္စည်းများကို သယ်ချပေးရသော်လည်း သူတို့ လူငယ်တွေမှာ မြူးပျော်နေကြလေသည်။

စက်လှေများကလည်း ယခင်ကလို လဝက်မှတစ်စီး၊ တစ်လမှ တစ်စီး မဟုတ်တော့ဘဲ သုံးရက်တစ်စီး၊ လေးရက်တစ်စီးအပြင် တစ်နေ့ တလေတွင် တစ်ရက်တည်း နှစ်စီးပင် ဝင်တတ်၏။ ထိုအခါ သူတို့ တစ်ရွာ နှင့် မနိုင်ကြတော့ဘဲ အနီးအနားရှိ ဆလုံရွာ၊ ပသျှူးရွာများသို့ပင် လူငှား အခေါ်လွှတ်ကြရသည်။

ဧည့်သည်များမှာ ဆလုံစကား၊ ပသျှူးစကား မကျွမ်းကျင်သဖြင့် ရွာခံဖြစ်သော သူတို့ရွာက လူကြီးများပင် ရွာနီးချုပ်စပ်မှ ဆလုံများ၊ ပသျှူး များကို သွားခေါ် ရှာဖွေပေးကြရ၏။ ထိုသို့ ရှာဖွေ ခေါ်ပေးနိုင်သူများမှာ ကုန်တင်ကုန်ချ ပစ္စည်းသယ်သော အလုပ်ကို မလုပ်ရတော့ဘဲ အလုပ် သမားခေါင်း ဖြစ်လာကြ၏။ ပိုက်ဆံနှင့် လိုချင်သော ပစ္စည်းပစ္စယများ

http://www.cherrythitsar.org



ကိုလည်း သာမန်အလုပ်သမားတွေထက် ပိုရကြ၏။

ထို့ကြောင့် လည်လည်ဝယ်ဝယ် ရှိကြသော ဆလုံနှင့်ပသျှူးအိမ် အချို့တွင် ရေဒီယို ကက်ဆက်နှင့် ဘက်ထရီမီးချောင်းနှင့် ဖြစ်လာ၏။ အစားအသောက် ဆိုသည်မှာလည်း ဘီစကွတ်၊ ငါးသေတ္တာအစ လိုလေသေးမရှိ ဖြစ်လာ၏။

ပင်လယ်ထဲ ထွက်၍ တစ်နေကုန် ပင်ပန်းခံကာ ငါးဖမ်းနေစရာ မလိုတော့။ စားချင်သော အစားအစာကို မိမိအိမ်တွင် ဘူးထဲ ပုလင်းထဲမှ ဖွင့်ယူ ဖောက်စားကြရုံသာ။

သူတို့ရွာသား လူငယ်များသည် ဧည့်သည်များနှင့် ရင်းနှီးကျွမ်းဝင်ကြသဖြင့် မြိတ်ထားဝယ်သို့ လည်းကောင်း၊ ထိုင်းနိုင်ငံနှင့် ပီနံမလေးရှားသို့ လည်းကောင်း လိုက်သွားကြသည်။ ဤမှာ ကုန်တင်ကုန်ချ အလုပ်နှင့် နှိုင်းစာလျှင် ဟိုဘက်နိုင်ငံသို့ လိုက်သူများကို ဧည့်သည်များက ပိုပြီး ဦးစားပေး ငွေကြေးပေးသဖြင့် လူငယ်လူရွယ်တွေမှာ တစ်ဖက်နိုင်ငံသို့ ဧည့်သည်များနှင့်အတူ သူ့ထက်ငါဦး လိုက်ကြ၏။ နောက်တွင် အမျိုးသားလူငယ်များတင် သာမက အမျိုးသမီးငယ်များပင် အသုတ်လိုက် အသုတ်လိုက် ပါသွားကြလေသည်။ သူတို့ ဆလုံ၊ ပသျှူးတွေနှင့် ရှမ်းကြီးတို့စကားမှာ ဆင်ဆင်နွှယ်သဖြင့် အခက်အခဲ မရှိကြပေ။ ယခင်က ငါးရှာ၊ လိပ်ထိုး အလုပ်မျိုးကို လူငယ်များ အပြိုင်လုပ်ကြသလို ယခုအခါ ဟိုဘက်ကမ်းကို မည်သူ ဘယ်နှစ်ခေါက် ရောက်ဖူးပြီဟု ပြိုင်လာကြ၏။

အရွယ်ရောက်စ မိန်းကလေးများကအစ ထမင်းချက် ဟင်းချက်နှင့် ခနိုထိုးသော အလုပ်ကို စိတ်မဝင်စားတော့ဘဲ ဧည့်သည်များနှင့်အတူ မြိတ်၊ ထားဝယ်ဘက်၊ ထိုင်း၊ မလေးရှားဘက် လိုက်ရန်သာ စိတ်စောနေကြသည်။

သူတို့မှာ ရွာပြန်ရောက်လာသောအခါ အဝတ်အဆင်၊ အစားအသောက်၊ အနေအထိုင်၊ အပြောအဆို အားလုံး ပြောင်းလဲလာကြသည်။ တစ်ဖက်နိုင်ငံတွင် သူတို့သည် ရုပ်ရှင်နှင့် တယ်လီဗီးရှင်းတွေ ကြည့်ခဲ့ကြရ၏။ တီဗွီပြာ၊ တိတ်ခွေပြာတွေနှင့် မမြင်ဖူး မကြည့်ဖူးဘူးသည်များကို အားလုံး မြင်ခဲ့၊ တွေ့ခဲ့၊ ကြုံခဲ့ကြရ၏။

http://www.cherrythitsar.org



ဤသည်ကိုပင် သူတို့ တစ်ယောက်နှင့်တစ်ယောက် ဂုဏ်ယူလာကြ၏။ တစ်ဖက်ကမ်းမှ အမူအကျင့်၊ အကြံအစည်များကို သူတို့ သယ်ဆောင်လာကြသည်။

ထို့ကြောင့် ရေသူမချိုင်တွင် စက်လှေများ ရပ်နားချိန်ဆိုလျှင် ရွာထဲတွင် ဖဲဝိုင်း၊ အရက်ဝိုင်း၊ ဂျင်ဝိုင်းကစ၍ မိန်းမပျိုလေးများကို ငွေကြေးပေး၍ ပျော်ပါးရသော ဇိမ်နန်း၊ ဇိမ်အိမ်များပင် ပေါ်ပေါက်လာလေသည်။

ဤသည်ကစ၍ အချင်းချင်း ခိုးမှု၊ လုယက်မှု၊ လိမ်လည်မှုတွေပါ တဖြည်းဖြည်း များလာလေ၏။ ကြာသောအခါ တစ်ဦးချင်း တစ်ယောက်ချင်း လိမ်လည်မှု၊ လုယက်မှုကစပြီး အဖွဲ့လိုက် အစုလိုက် လိမ်လည်မှု လုယက်မှုတွေလည်း ဖြစ်လာ၏။

ထို့နောက် ဧည့်သည်အချင်းချင်း မသင့်မမြတ် ဖြစ်လာကြသည်။ စက်လှေတစ်စီးနှင့်တစ်စီး ပစ္စည်းယူ လူသတ်မှုထိ အဓမ္မစနစ် ကြီးထွားလာသည်။ ဧည့်သည်များမှတစ်ဆင့် သူတို့ရွာထဲကို လက်နက်ခဲယမ်းမီးကျောက်တွေ ရောက်လာ၏။

ယခင်က အေးအေးချမ်းချမ်းရှိလှသော ရွာကလေးမှာ ယခုအခါ သေနတ်သံ၊ ဆဲသံဆိုသံ၊ ပြေးကြ၊ လွှားကြသံတွေနှင့် ဆူညံလာလေ၏။ သို့သော် မည်မျှ သတ်ကြ၊ ဖြတ်ကြ၊ လုကြ၊ တိုက်ကြ၊ လိမ်ကြ၊ ကောက်ကြသော်လည်း စက်လှေများကမူ ရေသူမချိုင်ထဲကို တစ်နေ့ တစ်စီး၊ နှစ်စီး ဝင်မြဲ ဝင်နေကြ၏။

ထိုစက်လှေများနှင့်အတူ ထိုင်းမှ ရှမ်းကြီးများ၏ တံကဲများလည်း လိုက်ပါလာကြသည်။ ရှမ်းကြီးများသည် ရေသူမချိုင်နှင့် ငှက်ရဲကျောက်ဆောင် လိပ်ကျွန်းတစ်ဝိုက်ကို သွားရောက်လေ့လာကြသည်။

ရေသူမချိုင်နှင့် ငှက်ရဲကျောက်ဆောင် လိပ်ကျွန်းတို့မှ ရသော မုတ်ကောင်များ ကနုကမာကောင်များ၊ ယောက်သွားများ၊ ပုလဲကောင်များနှင့် ကျောက်ခက်ကျောက်ပွင့် ကျောက်မွတ်များကိုပင် ငွေကြေးပေး၍ ဝယ်ယူလာကြပြန်၏။

ရှမ်းကြီးများသည် ဆလုံများ၊ ပသျှူးများဆီက ဝယ်၍ ရသမျှသော ကနုကမာ၊ ယောက်သွား၊ မုတ်ကောင်၊ ပုလဲကောင်များနှင့် ကျောက်ခက်၊

http://www.cherrythitsar.org



ကျောက်မွတ်များကို တံကဲတွေနှင့် တင်ကာ သူတို့နိုင်ငံသို့ သယ်သွားကြ၏။ ထို့နောက်မှာ ငါးများ၊ ပုစွန်များကိုပါ ဝယ်ယူလာကြပြန်သည်။

ရှမ်းကြီးများသည် ဤမျှနှင့်ကား အားမရကြသေးဘဲ ပတ်ဝန်းကျင်ရှိ မြို့ရွာများသို့သွားကာ ပဲများ၊ ရာဘာစေးများ၊ သတ္တုရိုင်းများ၊ အမွေးအကြိုင်၊ သစ်ပွင့်သစ်ဥများ၊ သစ်များကိုပါတစ်ဆင့် ပစ္စည်းချင်း ဖလှယ်ကာ ရေသူမချိုင်မှ သူတို့နိုင်ငံသို့ သယ်ယူသွားကြပြန်သည်။

မလိက္ကျွန်းပေါ်နေ ဆလုံများ၊ ပသျှူးများမှာမူ ရှမ်းကြီးများ ရောက်လာမှ ပို၍ ငွေရွှင်လာကြသဖြင့် အပျော်ကြီး ပျော်နေကြလေသည်။ အိမ်တိုင်းလိုလို၌ပင် ရေဒီယိုကက်ဆက်များ၊ ဘက်ထရီအိုး၊ စည်သွတ်အသားဘူးများ၊ ဘီစကွတ် ပေါင်မုန့် စသည့် မုန့်မျိုးစုံ အစားအစာများနှင့် ဇိမ်ကျနေကြ၏။

* * *

သည်လိုနှင့် နှစ်အတန်ကြာသောအခါ ပြောင်းလဲမှုတစ်ခု ဖြစ်လာပြန်သည်။ လမ်းသစ်တစ်ခု ပေါ်လာပြန်သည်။

ရေသူမချိုင်တွင် စက်လှေတံကဲများ ဝင်ရောက် ရပ်နားနေချိန်တွင် ပင်လယ်ထဲမှ မြန်မာနိုင်ငံအလံများကို တလွင့်လွင့် လွင့်ထူကာ စစ်သင်္ဘောလေးနှစ်စီး ရောက်လာ၏။

စစ်သင်္ဘောလေးနှစ်စီးသည် ရေသူမချိုင်ဝတွင် ကျောက်စွဲကာ စက်လှေများ၊ တံကဲများကို ပင်လယ်ပြင်ထဲ ထွက်မပြေးနိုင်အောင် ပိတ်ဆို့ထား၏။ တစ်ချိန်တည်းမှာပင် အတွင်းပိုင်းကလည်း ယူပီဘုတ်များ သုံးလေးစီး ဝင်ရောက်လာ၏။

ယူပီဘုတ်ပေါ်တွင် ရဲများ၊ တံဆိပ်အမျိုးမျိုးနှင့် လူများ၊ ဆရာဝန် သူနာပြုများ အစုံပါသည်။

သူတို့သည် စက်လှေမှ ဧည့်သည်များနှင့် တံကဲမှ ရှမ်းကြီးများကို ပစ္စည်းနှင့်အတူ ဖမ်းဆီးကြ၏။ ဒေသခံ ဆလုံများ၊ ပသျှူးများကိုလည်း လူဦးရေ စာရင်းကောက်ယူ၍ မှတ်ပုံတင်ကတ်ပြားများ ချက်ချင်း လုပ်ပေး၏။ ကျေးရွာကောင်စီတွေ ဖွဲ့ကြ၏။ ငှက်ရဲရွာတွင် ရဲစခန်းအသစ်တစ်ခု

http://www.cherrythitsar.org



ဖွင့်လှစ်ပေးသည်။

သည်လိုနှင့် ပုလဲကျွန်းဘက်သွားသော အစိုးရသင်္ဘောလေးများ၊ ခရီးသည်တင် မော်တော်ဘုတ်များသည် ရေသူမချိုင်ထဲသို့ ရောက်လာကြပြန်၏။

သို့သော် ဤတစ်ခါ လမ်းကြောင်းမှာ ပင်လယ်ဘက်က လာခြင်း မဟုတ်၊ အတွင်းပိုင်းက ဝင်လာကြခြင်းသာ ဖြစ်၏။

သို့နှင့် မကြာမီမှာ သူတို့၏ မလိကျွန်းငယ်သည် ပုလဲကျွန်းသစ် ဖြစ်လာလေ၏။ ပုလဲကျွန်းသစ်ဖြစ်ရန် ဖြတ်ကျော်လာခဲ့ရသော သူတို့၏ လမ်းသစ်ခရီးမှာကား အန္တရာယ်ပေါင်းများစွာ အသက်ပေါင်းများစွာနှင့် ရင်းနှီးလာခဲ့ကြရလေသည်။

❀ ❀ ❀

http://www.cherrythitsar.org

# နဂါးလင်မယား

(၁၉၉၇) ခုနှစ်က ဖြစ်သည်။

ရွာကို ပြန်ချင်နေသည်မှာ သီတင်းကျွတ်လတုန်းကပင် ဖြစ်၏။ အကြောင်းရင်းမှာ (၁၉-၉-၉၇) နေ့တွင် စည်ခြုံနဂါးကြီး မီးတောက် (မီးတောင်ပေါက်ကွဲ) သွားသည်ဟူသော သတင်းကို ကြားရ၍ ဖြစ်သည်။

ကျွန်တော်တို့ ရမ်းဗြဲကျွန်း ကျောက်ဖြူခရိုင်ရှိ စစ်တော၊ စေမော်၊ ကြံချဉ်၊ ကြတ္တိန်၊ စည်ခြုံ စသည် ရွာများဝန်းကျင်ရှိ တောတောင်ထဲတွင် နဂါးတောင် (မီးတောင်)များ အမြောက်အမြား ရှိသည်။ ထိုနဂါးတောင် (မီးတောင်)များသည် ဆယ်နှစ် တစ်ခါ၊ ဆယ့်ငါးနှစ် တစ်ခါ ပေါက်ကွဲတတ်သည်။ စာရေးသူတို့ ငယ်စဉ်တုန်းက မိဘများနှင့်အတူ ကြံတောထဲ ကြံသကာ ချက်လုပ်နေကြစဉ် ညတစ်ညမှာ စည်ခြုံနဂါးမီးတောင်ကြီး ပေါက်ကွဲ၍ ညကြီးမင်းကြီး ရွာသို့ ပြန်ပြေးလာခဲ့ကြရသည်ကိုလည်း ယနေ့တိုင် အမှတ်ရနေသေးသည်။

စာရေးသူတို့ ကြံတဲမှာ မီးတောင်ပေါက်ကွဲရာ အရပ်နှင့် နီးသဖြင့် တစ်ညလုံး လင်းထိန်နေသည်။ ရွာကို ပြန်ရောက်သည်အထိ မီးတောင်ပေါက်ကွဲနေသံများနှင့် မီးတောက်မီးလျှံများကို မြင်နေရသေးသည်။

မြန်မာနိုင်ငံတွင် မီးတောင်ဟု ဆိုလျှင် **ပုပ္ပားမီးတောင်** မှာ လူသိများသည်။ သို့သော် ပုပ္ပားမီးတောင်ကား မီးငြိမ်းတောင်၊ မီးတောင်

http://www.cherrythitsar.org



http://www.cherrythitsar.org



ဟောင်းပင် ဖြစ်ပေသည်။ မင်းဘူးနဂါးပွက်တောင်မှာလည်း ထိုနည်းလည်းကောင်းပင်။

ကျွန်တော်တို့ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းရှိ မီးတောင်များကား ဆယ်နှစ်တစ်ခါ၊ ဆယ့်ငါးနှစ်တစ်ခါ ပေါက်ကွဲတတ်သော မီးတောင်ရှင်များ ဖြစ်သည်။ လူကြီးသူမများ တွေ့ဖူး၊ ကြုံဖူး ပြောကြားဖူးခဲ့ကြသော အကြိမ်အခါများကလည်း မနည်းပေ။ စာရေးသူ မှတ်မိသလောက်၊ သတင်းစာထဲ၌ သတင်းတွေ့ရသလောက် ဆိုလျှင် (၂၀. ၈. ၇၆) ရက်မှ (၁၉-၉-၉၇) ခုကြားတွင်လည်း သုံးလေးကြိမ်ထက် မနည်း ဒေသအခေါ် အဝေါ် နဂါးမီးတောက်ခြင်း (မီးတောင်ပေါက်ကွဲခြင်း)ကို ရွာမှ ရန်ကုန်ရောက်လာကြသူများ ပြောပြ၍ သိနေ၊ ကြားနေရသည်။

နိုင်ငံခြားတိုင်းပြည်များမှ သတင်းဓာတ်ပုံများ၊ တီဗွီရုပ်သံလွှင့်သတင်းများကို ဖတ်ရ၊ မြင်ရ၊ ကြားနေရခြင်းမှာ သူတို့ဆီ၌ စက်မှုထွန်းကားခြင်း၊ မီးတောင်ပေါက်ကွဲရာ အရပ်များကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် လေ့လာနိုင်ကြခြင်း၊ မြို့ရွာနှင့် အလှမ်းမီကြခြင်းတို့ကြောင့် ဖြစ်သည်။ ကျွန်တော်တို့ဆီ၌မူ မီးတောင်ပေါက်ကွဲရာ ဒေသသည် မြို့ရွာနှင့်အလှမ်းဝေးပြီး တောတောင်ထူထပ်ခြင်း၊ သားရဲတိရစ္ဆာန်များ ပေါများခြင်းနှင့် သတင်းသမားများ မသွားရောက်နိုင် အလှမ်းမမီနိုင်ကြခြင်းတို့ကြောင့် ဓာတ်ပုံ၊ ဗီဒီယိုသတင်းများကို မီးတောင်ပေါက်ကွဲတိုင်း မရရှိမသိခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ သွားရေးလာရေး အခက်အခဲကြောင့် မရောက်နိုင် မလေ့လာနိုင်ကြသော အရပ်ကို စာရေးသူတစ်ယောက်အနေနှင့် သွားရောက်လေ့လာချင်သည်။ သို့သော် အလုပ်ကိစ္စများနှင့် ဘဝပြဿနာ အဖုံဖုံတို့ကြောင့် ထိုနှစ်က သင်္ကြန်လွန်မှ (၁၉-၉-၉၇) နေ့က ပေါက်ကွဲသွားသည်ဆိုသော မီးတောင်လေ့လာရေးခရီးကို သွားဖြစ်ခဲ့သည်။

ထိုသို့ မီးတောင်လေ့လာရေးခရီး စတင်ရန် ရောက်သွားသော အခါမှာလည်း မိုးစောစော ကျတတ်သော ရခိုင်ဒေသ၏ မိုးကြီး၊ မုန်တိုင်းကြီးနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် ကြုံခဲ့ရပြန်သည်။ နဂါးတောင်ကို မိုးရေ၊ နွံရေ၊ လေပြင်းတို့ကြောင့် ဘယ်လိုမှ တက်မရခဲ့ဘဲ ဒေသခံများ ပြောပြသော

http://www.cherrythitsar.org



ထူးဆန်းအံ့ဩဖွယ်ရာ **နဂါးလင်မယား** ဇာတ်လမ်းကိုသာ နားထောင်၍ ပြန်လာခဲ့ရသည်။

**ထိုနဂါးလင်မယားဇာတ်လမ်းမှာ. . .**

ရမ်းဗြဲကျွန်း၊ ရမ်းဗြဲမြို့နယ် လေးတောင်ရွာသားများသည် ပန်းပု ထုဆစ်ခြင်း၊ ပန်းရန်လုပ်ခြင်း၊ ဘုရားတည်ခြင်း၊ ကျောက်အုတ်ဆစ်ခြင်း စသည့် လက်မှုအတတ်ပညာများတွင် အလွန် ကျွမ်းကျင်ကြသည်။ ထို့ကြောင့်လည်း လေးတောင်နယ်သားများသည် မိုးနှောင်းရောက်၍ လယ်ယာလုပ်ငန်းခွင် သိမ်းပြီးသည်နှင့် အပိုဝင်ငွေရရန် ရခိုင်တစ်နယ်လုံး ကို လှည့်လည်သွားလာကာ ကျောက်ဆစ်အလုပ်ကို သွားလာ လုပ်ကိုင်ကြ သည်။

သည်လိုနှင့် တစ်နှစ်သော နွေဦးပေါက်တွင် လယ်ယာလုပ်ငန်း ခွင် သိမ်းပြီးသွားကြသော လေးတောင်နယ်သား ကျောက်ဆစ်သမား ငါးယောက်သည် မာန်အောင်ကျွန်းသို့ ကျောက်ဆစ်အလုပ် လုပ်ကိုင်ရန် လေးတောင်နယ်မှ ထွက်လာကြသည်။ ထိုလူငါးယောက်ထဲတွင် ဦးသာ အောင်မှာ အသက်အရွယ် အကြီးဆုံးနှင့် ကျောက်ဆစ်ဆရာ အကြီးအမှူး ဖြစ်သည်။

မာန်အောင်ကျွန်း လက်ခတ်တောင် ဒေသအခေါ် နဂါးတောင် (မီးတောင်)နားရှိ ရွာတစ်ရွာသို့ ရောက်လာကြသည်။ သူတို့သည် ထိုရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုကာ ဘုရားဆင်းတု ပူဇော်လိုသူ၊ ကျောက်ရေတွင်းလုပ်ရန် ကျောက်အုတ် အလိုရှိသူများကို စုံစမ်းမေးမြန်း ကြသည်။

ထိုအခါ ထိုရွာ ဘုန်းကြီးကျောင်းရှိ ဘုန်းတော်ကြီးက သူ့ကျောင်း တွင် ကျောက်အုတ်ဖြင့် လုပ်ထားသော ရေတွင်းတစ်လုံး ပြုပြင်ရန် ရှိသည် နှင့် ကျောက်ဆစ်ဆရာ ဒကာများ မခေါ်ပင့်ဘဲ ရောက်လာကြသည်နှင့် အခိုက်ကြုံ၍ အတော်ပင်ဖြစ်ချေပြီဟု ဝမ်းသာစကားဆိုကာ ရွာရှိ ဒကာ များကို ဖိတ်ခေါ်တိုင်ပင်လေသည်။

ရွာရှိ ကျောင်းဒကာနှင့် အရပ်လူကြီးများကလည်း ယခုလို လေး တောင်နယ်မှ ကျောက်ဆစ်ဆရာများ မခေါ်ပင့်ဘဲ ရောက်လာချိန်မှာ

http://www.cherrythitsar.org



သူတို့ရွာ ဘုန်းကြီးကျောင်းဝင်းရှိ ရေတွင်းကို ကျောက်အုတ်ရေတွင်း ပြုလုပ်ရန် သဘောတူကြသည်။

ထို့ကြောင့် ဦးသာအောင် ဦးဆောင်သော ကျောက်ဆစ်သမား ငါးယောက်သည် ဘုန်းတော်ကြီးကျောင်းဝင်းရှိ ကျောက်ရေတွင်းအတွက် ကျောက်လုံး၊ ကျောက်တုံးကြီးများကို ဖြိုခွဲကာ ကျောက်အုတ် ဆစ်လုပ်ကြသည်။ သူတို့မှာ ကျောက်ဆစ်အလုပ်၌ ကျွမ်းကျင်ကြသော လူများဖြစ်ရာ တစ်လကျော် နှစ်လနီးပါး အချိန်တွင်းမှာပင် ရေတွင်းတစ်လုံးစာ ကျောက်အုတ်များကို ဆစ်ထုတ်ပြုလုပ်ပြီးသွားကြလေသည်။

ဘုန်းကြီးကျောင်းဝင်းရှိ ကျောက်အုတ်ရေတွင်း လုပ်ပြီးသွားချိန်တွင် ရွာမှ ကြေးရတတ် လူချမ်းသာတစ်ယောက်က စကျင်ကျောက်ဖြူ ကောင်းကောင်းရလျှင် ဘုရားဆင်းတုတော်တစ်ဆူ ပူဇော်လိုသဖြင့် ထုဆစ် လုပ်ပေးကြပါရန် ကျောက်ဆစ်သမားခေါင်းဆောင် ဦးသာအောင် အား အကြောင်းကြားလာသည်။

အချိန်ကာလမှာ သင်္ကြန်ပင် မကျသေးသဖြင့် ကျောက်ဆစ်သမား ခေါင်းဆောင် ဦးသာအောင်ကလည်း စကျင်ကျောက်ဖြူရှာ၍ ရလျှင် မိုးမကျမီ ဘုရားဆင်းတုတော်တစ်ဆူကို အပြီး ထုလုပ်ပေးပါမည်ဟု ဝန်ခံကတိပြုကာ ရွာနားဝန်းကျင်၌ စကျင်ကျောက်ဖြူ ကောင်းကောင်း တစ်လုံးကို လိုက်ရှာကြသည်။ သို့သော် ရွာဝန်းကျင်၌ စကျင်ကျောက်ဖြူ ကောင်းကောင်း မရှိပေ။

ထိုအခါ ကျောက်ဆစ်သမား ငါးယောက်မှာ ဘုရားရုပ်ပွားတော် ထုဆစ်၍ ရနိုင်သော စကျင်ကျောက်ဖြူတစ်လုံးကို ထပ်မံ လိုက်ရှာကြရာ ရွာနှင့် နှစ်နာရီနီးပါးခန့် ဝေးသော ဒေသအခေါ် နဂါးတောင် (မီးတောင်)ရှိ နဂါးပွက်ကျင်းကြီးတစ်ခု၏ နှုတ်ခမ်းဝနားတွင် စကျင်ကျောက်ဖြူကြီး တစ်လုံးကို တွေ့ကြရလေသည်။ ထိုစကျင်ကျောက်ဖြူလုံးကြီးမှာ လူတစ်ရပ်နီးပါးခန့် အမြင့်ရှိသည့်အပြင် အသားကောင်းပြီး လုံးတီးကျောက်တစ်လုံး ဖြစ်နေသဖြင့် ဘုရားရုပ်ပွားတော်ထုလုပ်ရန် အလွန် သင့်တော်သော ကျောက်ကောင်းတစ်လုံးပင်။

သို့သော် ဘုရားဒကာ၏ ဆန္ဒက တင်ပျဉ်ခွေ (တင်ပလ္လင်ခွေ)

http://www.cherrythitsar.org



ထိုင်တော်မူ ရုပ်ပွားတော် ဆိုသဖြင့် ကျောက်လုံးကြီးမှာ ကြီးများ ကြီးနေမလား ဟူသော အတွေးနှင့် ကျောက်ဆစ်သမားငါးယောက်က ဘုရားဒကာနှင့် တိုင်ပင်ကြသည်။

ထိုအခါ ဘုရားဒကာက ကျောက်စလင်းဖြူလုံး တွေ့ထားရာ နဂါးတောင်ရှိ နဂါးပွက်ကျင်းဝနားထိ လိုက်ကြည့်ပြီး ဤစကျင်ကျောက်ဖြူအကောင်းစားကို တွေ့မြင်ရခြင်းမှာ သူနှင့် ထိုက်တန်သဖြင့်သာဟု ကြည်ညိုသဒ္ဓါစိတ်ပေါက်ကာ ဉာဏ်တော်ကြီးမြင့်သလောက် ကြီးမြင့်ပါစေ တင်ပျဉ်ခွေ ထိုင်တော်မူဖြစ်လျှင် သူ ပူဇော်ပါမည်ဟု ဝမ်းသာအားရ ပြောဆိုကာ ကျောက်ဆစ်သမားများအား ဘုရားရုပ်ပွားတော် ထုဆစ်ခိုင်းလိုက်လေသည်။

ဘုရားဒကာက ထုဆစ်ခိုင်းလိုက်သည့်အတိုင်း ဦးသာအောင်နှင့် ကျောက်ဆစ်အဖွဲ့သားများမှာ နဂါးတောင် (မီးတောင်) နဂါးပွက်ကျင်းဝနားရှိ ထိုစကျင်ကျောက်ဖြူလုံးကြီးကို ဘုရားထုဆစ်ကြလေတော့သည်။ စကျင်ကျောက်ဖြူလုံးကြီးမှာ အမာစား၊ အကောင်းစား ဖြစ်သည့်အပြင် ဉာဏ်တော်မှာလည်း လူကြီးသုံးတောင်နီးပါးခန့် အမြင့်ရှိမည်ဖြစ်ရာ နေ့စဉ်မနေမနား ထုဆစ်လုပ်ကိုင်ကြရင်းက ကဆုန်လသို့ ရောက်သွားလေ၏။ ထိုအခါ မိုးဦးစောသော အရပ်မျိုးဖြစ်သလို မိုးလေများသော ပင်လယ်ကျွန်းအရပ်လည်း ဖြစ်သဖြင့် တစ်နေ့တွင် လေကြီးမိုးကြီး သည်းထန်စွာ ရွာလာလေသည်။ ထို့ကြောင့် ဘုရားထုဆစ်ခြင်း အလုပ်ကို ဆက်မလုပ်နိုင်ကြတော့ဘဲ ရွာသို့ ပြန်လာခဲ့ကြလေ၏။

မမျှော်လင့်ဘဲ ရွာလာသောမိုးသည် သုံးလေးရက် မပြတ်မစဲ ဆက်တိုက်ကြီး ရွာနေသဖြင့် ဦးသာအောင် ဦးဆောင်သော ဘုရားထုဆစ်အဖွဲ့မှာ နဂါးတောင်သို့ မတက်ရောက်နိုင်ကြတော့ဘဲ ရွာ၌သာ နားနေကြလေသည်။

သုံးလေးရက်ကြာသောခါ ကဆုန်လမိုးကြီးက စဲသွားသည်။ မိုးစဲသွားသည်နှင့် ဦးသာအောင်တို့အဖွဲ့မှာ ယခင်နေ့ရက်များကလို ဘုရားထုဆစ်ရန် ထမင်းထုပ်ကိုယ်စီနှင့် နံနက်စောစော နဂါးတောင်သို့ ထွက်လာကြ၏။ သို့သော် သူတို့ ထုဆစ်ထား၍ ရုပ်လုံးပုံကြမ်းပင် ပေါ်နေပြီ

http://www.cherrythitsar.org



ဖြစ်သော စကျင်ကျောက်ဖြူလုံးကြီးကို မတွေ့ကြရတော့ပေ။

အကြောင်းမှာ မိုးကြီး သုံးလေးရက် ဆက်တိုက် သည်းထန်စွာ ရွာသွန်းသွားသဖြင့် နဂါးပွက်ကျင်းမှာ မြေပြိုကျဆင်းသွားပြီး သူတို့ ထုဆစ်ထား၍ ပုံကြမ်းရုပ်လုံးပင် ပေါ်နေပြီဖြစ်သော စကျင်ကျောက်လုံး ကြီးမှာလည်း နဂါးပွက်ကျင်းထဲ ကျသွားသဖြင့် ဖြစ်လေသည်။

ဤသည်ကို ဦးသာအောင်နှင့် ဘုရားထုဆစ်အဖွဲ့က ရွာပြန်ပြီး ဘုရားဒကာအား အကျိုးအကြောင်း ပြောပြကြသည်။ ဘုရားဒကာမှာ လည်း မည်သို့မျှ မတတ်နိုင်။ နဂါးပွက်ကျင်းထဲ ကျသွားသော စကျင် ကျောက်ဖြူလုံးကြီးကို ဘယ်လိုမှ ပြန်မရနိုင်တော့သဖြင့် စိတ်မကောင်း ဖြစ်ရုံကလွဲပြီး ဘာမှ မတတ်နိုင်တော့။ သူနှင့် မထိုက်တန်၍ ဘုရားပုံကြမ်း ပင် ဖော်ထားပြီးသော စကျင်ကျောက်ဖြူလုံးကြီးမှာ နဂါးပွက်ကျင်းထဲ ကျသွားခြင်းသာဟု စိတ်ကို ဖြေသိမ့်လိုက်ရတော့သည်။

ဦးသာအောင်တို့အဖွဲ့ စကျင်ကျောက်ဖြူဘုရား ထုဆစ်နေကြ သည်ကို မကြာခဏ လာကြည့်တတ်သော ရွာသားများကမူ ဦးသာအောင် တို့အဖွဲ့ ထုဆစ်နေကြသော စကျင်ကျောက်ဖြူဘုရားမှာ လက်ရာမြောက် လွန်း၍ နဂါးမင်းကြီးကပါ ကြည်ညိုသဒ္ဓါပွားလွန်းကာ ဘုရားပုံကြမ်းကို ဘောဂဝတီနဂါးပြည်၌ ပူဇော်ကိုးကွယ်ထားရန် ပင့်ဆောင်သွားလေပြီဟု တကယ်လိုလို အပြောင်အပြက်လိုလိုနှင့် ပြောဆိုနေကြလေသည်။

သည်လိုနှင့် ဦးသာအောင်တို့အဖွဲ့မှာလည်း ဤနှစ်တွင် မိုးကျ လာပြီဖြစ်သည့်အပြင် သူတို့ အပင်ပန်းခံပြီး တစ်လ နှစ်လ ထုဆစ်ခဲ့ကြရ သော ဘုရားပုံကြမ်း စကျင်ကျောက်ဖြူကြီးမှာလည်း နဂါးပွက်ကျင်းထဲ ကျသွားသဖြင့် မျှော်လင့်ချက် လုံးဝ ကင်းမဲ့ကာ မိမိတို့ရွာ ရမ်းဖြကျွန်း လေးတောင်နယ်သို့ ပြန်လာခဲ့ကြလေသည်။

* * *

သည်လိုနှင့် လေးတောင်နယ်သား ကျောက်ဆစ်သမားအဖွဲ့သည် တတ်သည့်ပညာ မနေသာဆိုသလို လယ်ယာသိမ်းပြီးသောအခါ နှစ်စဉ် နှစ်တိုင်း ရခိုင်တစ်နယ်လုံးကို လှည့်လည်ကာ ကျောက်အုတ်ဆစ်ခြင်း၊

http://www.cherrythitsar.org



ကျောက်ရေတွင်းလုပ်ခြင်း၊ ဘုရားရုပ်တုတော်များ ထုဆစ်ခြင်းဖြင့် သွားလာလုပ်ကိုင်နေလာခဲ့ရာ နှစ်ပေါင်း ဆယ်နှစ်ခန့်ပင် ကြာသွားပြီ ဖြစ်သည်။

ဤနှစ်လည်း ဦးသာအောင်တို့ ကျောက်ဆစ်အဖွဲ့သားများသည် ရမ်းဗြဲတစ်ကျွန်းလုံးကို လှည့်လည်ကာ ကျောက်အုတ် လိုချင်သူများ၊ ကျောက်ရေတွင်း လုပ်လိုသူများ၊ ဘုရားရုပ်တု ကိုးကွယ်ပူဇော်လိုသူများကို တစ်ရွာဝင် တစ်ရွာထွက် လှည့်လည် စုံစမ်းမေးမြန်း ရှာဖွေ၍ နယ်လှည့်လာကြရာ ရမ်းဗြဲကျွန်းမြောက်ဖျား ကျောက်ဖြူမြို့နယ် စည်ခြုံရွာသို့ ရောက်လာကြလေသည်။ ထိုအခါ ထုံးစံအတိုင်းပင် ဘုန်းကြီးကျောင်းတွင် ခေတ္တတည်းခိုကာ ကျောက်အုတ် လိုချင်သူများ၊ ကျောက်ရေတွင်း လုပ်လိုသူများ၊ ဘုရားဆင်းတုတော် ကိုးကွယ်ပူဇော်လိုသူများကို စုံစမ်းမေးမြန်း ရှာဖွေကြရာ စည်ခြုံရွာ၌ ဘုရားဒကာတစ်ယောက်ကို ရရှိကြလေသည်။ ဘုရားကိုးကွယ်လိုသော ဘုရားဒကာကို ရရှိထားပြီ ဖြစ်သဖြင့် ထိုသူ ပူဇော်လိုသော ဉာဏ်တော်အမြင့်ကို မေးမြန်းကာ ဘုရားထုဆစ်ရန် သင့်တော်မည့် စကျင်ကျောက်ဖြူကို ရွာနားဝန်းကျင်ရှိ တောတောင်များထဲတွင် ရှာဖွေကြပြန်လေသည်။

ရွာနှင့်နီးလျှင် ဘုရားထုဆစ်ရသော အလုပ်နှင့် ထုဆစ်ပြီးသော ဘုရားရုပ်တုတော်ကို ပင့်ဆောင်ရသော အလုပ်မှာ လွယ်ကူသက်သာမည် ဖြစ်သဖြင့် ဦးသာအောင်တို့အဖွဲ့သည် ထုံးစံအတိုင်း ရွာနားဝန်းကျင်ရှိ တောတောင်များ၌သာ ဘုရားထုဆစ်ရန် သင့်တော်မည့် စကျင်ကျောက်ဖြူလုံးကို ဦးစွာ ရှာဖွေကြသည်။ သို့သော် ရွာနားဝန်းကျင်၌မူ ကျောက်ရေတွင်းလုပ်ရန်သာ သင့်သော ကျောက်မာ၊ ကျောက်ကြမ်းလုံးများကလွဲပြီး ဘုရားထုရန် သင့်တော်သော စကျင်ကျောက်ဖြူလုံးကို ရှာမတွေ့ကြပေ။

ထိုအခါ ကျောက်ဆစ်သမားများမှာ စကျင်ကျောက်ဖြူ ရနိုင်သော လုပ်ငန်းသဘာဝအရ သူတို့ ယခင်က ရဖူး တွေ့ဖူး ဘုရားထုဆစ်ဖူးကြသော တောတောင် ရေမြေသဘာဝများကို မှန်းဆ၍ ဆက်လက် ရှာဖွေကြရာ စည်ခြုံရွာသားများက နဂါးတောင်(မီးတောင်)ဟုခေါ်သော တောင်စောင်းနားတစ်ခုသို့ ရောက်လာကြသည်။ ထိုတောင်စောင်းနား တစ်ဝိုက်တွင် လှည့်ပတ်ရှာဖွေကြရာ စည်ခြုံနဂါးကြီးဟု စည်ခြုံသားများက သမုတ်

http://www.cherrythitsar.org



ထားကြသော နဂါးပွက်ကျင်းနှုတ်ခမ်းနားရှိ ရွှံ့ခြောက်ထဲတွင် ခါးတစ်ပိုင်း ပေါ်နေသော ယခင် ဆယ်နှစ်ကျော်က မာန်အောင်ကျွန်းရှိ လက်ခတ်တောင် နဂါးပွက်ကျင်းထဲ ကျပျောက်သွားခဲ့သော ဘုရားရုပ်တုတော်ပုံကြမ်းကို ထူးထူးဆန်းဆန်း အံ့ဖွယ်ဘနန်း တွေ့ရှိကြရလေသည်။

ရမ်းဗြဲကျွန်းမြောက်ဖျား ကျောက်ဖြူမြို့နယ် စည်ခြုံရွာနှင့် မာန်အောင်ကျွန်းရှိ လက်ခတ်တောင် နဂါးပွက်ကျင်း၏ အကွာအဝေးမှာ မိုင်ပေါင်း ရာချီနေလေသည်။ ထို့အပြင် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းမှာ မြေကြောတစ်ဆက်တစ်စပ်တည်း မဟုတ်။ ဆယ်မိုင်ကျော် ကျယ်ဝန်းသော ပင်လယ်ရေလက်ကြားကြီး တစ်ခုကလည်း ခြားနေသေးသည်။

ဤမျှ ဝေးကွာသော မာန်အောင်ကျွန်း လက်ခတ်တောင်ရှိ နဂါးပွက်ကျင်းထဲမှ ကျပျောက်သွားခဲ့သော ဘုရားထုလက်စ စကျင်ကျောက်ဖြူလုံးကြီးမှာ ယခု စည်ခြုံရွာ နဂါးပွက်ကျင်းအောက်ရှိ ရွှံ့ခြောက်ထဲ၌ တွေ့ရှိကြရလေရာ ဦးသာအောင်နှင့်တကွ ကျောက်ဆစ်အဖွဲ့သား ငါးယောက်မှာ အံ့သြမဆုံး ဖြစ်သွားကြသည်။မယုံကြည်နိုင်လောက်အောင်လည်း အံ့ဖွယ်သရဲ ဖြစ်ကုန်ကြသည်။

ထို့ကြောင့် သူတို့သည် ယခင် ဆယ်နှစ်ကျော်ခန့်က မာန်အောင်ကျွန်း လက်ခတ်တောင် နဂါးပွက်ကျင်းနား၌ သူတို့ တစ်ပိုင်းတစ်စ ထုဆစ်ခဲ့ကြသော စကျင်ကျောက်ဖြူ (ဘုရားအလောင်းဒကာ) ဟုတ် မဟုတ်ကို ရွှံ့ခြောက်မြေသားများအား တူးဖယ်ကာ သေသေချာချာ စစ်ဆေးကြည့်ရှုကြရာ မာန်အောင်ကျွန်း၌ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က သူတို့ ထုဆစ်ထားခဲ့ကြသော စကျင်ကျောက်မှ စကျင်ကျောက်ဖြူ အစစ်၊ ထိုင်တော်မူ ဘုရားပုံကြမ်း ဖြစ်နေသည်ကို ထူးဆန်းအံ့သြဖွယ်ရာ တွေ့ကြရလေသည်။

ထိုအခါ ကျောက်ဆစ်သမားများမှာ ဘုရားရုပ်လုံးတစ်ပိုင်းတစ်စ ထုဆစ်ခဲ့ဖူးကြသော ထိုစကျင်ကျောက်ဖြူလုံးကို ဆက်လက်၍ ဘုရားထုဆစ် သင့် မသင့် တိုင်ပင်ကြသည်။ စည်ခြုံရွာသား ဘုရားဒကာကသူ ပူဇော်လိုသော ဉာဏ်တော်အမြင့်မှာ တစ်တောင့်တစ်ထွာခန့်သာဟု ပြောထားလေရာ ယခု ဤဘုရားပုံတော်ကို အချောသပ် ထုဆစ်ပြီးလျှင်

http://www.cherrythitsar.org



ဉာဏ်တော်အမြင့်မှာ သုံးတောင်ခန့် ရှိမည်။ ဘုရားဒကာ ပူဇော်နိုင်သော လက်ခငွေကြေးပမာဏနှင့်လည်း ကွာခြားနေသည်။

သို့အတွက် ဤကိစ္စရပ်နှင့်ပတ်သက်၍ တိုင်ပင်ကြရာ ဦးသာအောင်၏ ကျောက်ဆစ်အဖွဲ့တွင် ဒုတိယခေါင်းဆောင်၊ ညီအရင်းလည်း ဖြစ်သူ ဦးငဝေအောင်က. . .

"အစ်ကိုကြီး၊ ဒီကိစ္စ ဒီလိုလုပ်ကြရင် ကောင်းမယ်ထင်တယ်"

ဟု စပြောလေသည်။

"အေး. . . မင်း ကောင်းမယ်ထင်တာပြော"

ဦးသာအောင်နှင့်တကွ အားလုံးက ဒုတိယခေါင်းဆောင်ဖြစ်သူ ဦးငဝေအောင်၏ စကားကို နားထောင်နေကြသည်။

"ဒီပုံကြမ်းဖော်ပြီးသား ဘုရားကို ကျွန်တော်တို့ ဆက်ပြီး ထုဆစ်လိုက်ကြရင် တစ်လ မကြာမီ ပြီးမှာပဲ"

"ပြီးတာကတော့ ဟုတ်တာပေါ့ကွ၊ ဒါပေမဲ့ ဘုရားဒကာက သူ ပူဇော်ချင်တာ၊ ပူဇော်နိုင်တာက တစ်ထောင့်တစ်ထွာ အလွန်ဆုံးပဲ ပြောတယ်။ ခု ဒီဘုရားက ဉာဏ်တော် သုံးတောင်ကျော်ချင် ကျော်မှာ ဆိုတော့ ဘုရားဒကာက လက်ခံပါ့မလား"

"ဘာဖြစ်လို့လဲ"

"ဟ. . . ဘုရားက ဉာဏ်တော်မြင့်နေတော့ သူ ငွေမတတ်နိုင် မပူဇော်နိုင်လို့ပေါ့ကွ"

"ဒီဘုရားကို ကျွန်တော်တို့ ထုဆစ်ခဲ့ကြတာ တစ်ဝက်တစ်ပုံ ရုပ်လုံးဖော်ပြီးသားဆိုတော့ ခု ကျွန်တော်တို့ ထုဆစ်ရတာ သိပ်မပင်ပန်းတော့ဘူးလေ။ ဘုရားဒကာ ပြောထားတဲ့ဈေး၊ ငွေပဲ ပေးပါ။ စကျင်ကျောက်က ကျောက်ဖြူအကောင်းစားဆိုတော့ ထုဖြတ်ပစ်ရမှာ နှမြောလို့ ကျွန်တော်တို့ ရသလောက် ဉာဏ်တော်အမြင့်ကို ထုဆစ်ထားကြပါတယ်။ ခင်ဗျား စေတနာရှိသလောက်သာ ပူဇော်ပါဆိုရင်ကော"

"ဟာ မင်းဟာက ပညာဈေး၊ ဘုရားဈေး ပျက်မှာပေါ့ကွ၊ ဘယ်လူတုန်းကတော့ ဉာဏ်တော်အမြင့်ကို ဘယ်လောက်ပဲပူဇော်ရတာ၊ ခု ကျုပ်ကျမှ ခင်ဗျားတို့က ဘယ်လောက်မှ ပူဇော်ရမှာ ဆိုတော့ ဘာဘာညာညာ

http://www.cherrythitsar.org



ဖြစ်လာမှာပေါ့ဟ"

ဦးငဝေအောင်နှင့် သက်တူရွယ်တူ ဦးထွန်းဦးက ကန့်ကွက်စကားဆိုသည်။

သူ ပြောသည်ကိုလည်း အဆိုးတော့ မဆိုသာ။ နောက်ဘုရားပူဇော်လိုသူများ ပေါ်ပေါက်လာပါက ဉာဏ်တော်အမြင့် သုံးလေးတောင်ကိုတောင် လက်ခဘယ်လောက်နဲ့ ဘယ်သူတုန်းက ပူဇော်ခဲ့တာ သူ့ကျမှ ငွေပိုတောင်းသည်ဟု ပြောစရာ ဖြစ်သွားမှာ စိုးရိမ်မိပြန်သည်။ ထို့ကြောင့် ခေါင်းဆောင်ဦးသာအောင်က. . .

"ဒါဆို မင်းက ဘယ်လိုလုပ်ချင်လဲ ပြော"

"ဒါဆိုလည်း အမှန်အတိုင်း ပြောပြလိုက်ပေါ့ဗျ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျုပ်တို့ မာန်အောင်ကျွန်း လက်ခတ်တောင်. . ."

"ဟော့လူ၊ ဟော့လူ အဲဒါက ပိုမဖြစ်နိုင်တာဗျ။ မယုံမကြည် ဖြစ်သွားမယ့်အပြင် လက်ခတ်တောင် မာန်အောင်က ကျောက်ဖြူဘုရားဒီရောက်လာတယ်ဆို ခိုက်များ ခိုက်မလား ဆိုပြီး ဘယ်လိုမှ လက်ခံရဲမှာမဟုတ်တော့ဘူး။ အဲဒါမှ လုံးဝကို လက်ခမရ ဖြစ်တော့မှာ"

ဦးငဝေအောင်က ဦးထွန်းဦး စကားကို ကန့်ကွက်ပြန်သည်။

ဤဒေသနေ လူများမှာ အစွဲအလမ်းတွေကလည်း ကြီးကြရာ သူပြောသည်မှာလည်း ပြဿနာ ဖြစ်မလာဟု မဆိုနိုင်ပြန်။

"ကဲ. . . အဲဒီတော့"

ခေါင်းဆောင်ဖြစ်သူ ဦးသာအောင်က အကြံဉာဏ် တောင်းခံသလို သူ့လူတစ်ယောက်စီ၏ မျက်နှာတွေကို လိုက်ကြည့်ကာ စကားကို အဆုံးမသတ်ဘဲ ဖြတ်ထား၏။

"ကျုပ် တစ်ခုပြောမယ်"

"ပြောပါကွာ"

အသက်ကြီးသော်လည်း လက်ထောက်ပင် မဖြစ်သေးသော ဦးဘမြင့်ဆိုသူက သူ့ထင်မြင်ချက်ကို ပြောပြန်သည်။

"ကျုပ် ဒီဘုရား စကျင်ကျောက်ဖြူကြီးကို တွေ့တုန်းကပဲ အကြံတစ်ခု ရထားတယ်။ ဒီစကျင်ကျောက်ဖြူကြီးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်

http://www.cherrythitsar.org



လောက်က ကျုပ်တို့ မာန်အောင်ကျွန်းမှာ ဘုရားထုဆစ်ခဲ့တဲ့ ကျောက်၊ နဂါးပွက်ကျင်းထဲ ကျသွားလို့ ဆုံးရှုံးခဲ့တာ၊ ခုတစ်ခါ စည်ခြုံက နဂါးပွက်တောင်စောင်းမှာ လာတွေ့တော့ ဘယ့်ကလောက် ထူးဆန်းနေလဲဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်ကြ"

"ဒါကတော့ ဟုတ်တယ်ဗျ၊ ရမ်းဗြဲကျွန်းနဲ့ မာန်အောင်ကျွန်းဆိုတာ အဝေးကြီး၊ စကျင်ကျောက်ကြီး ရမ်းဗြဲကျွန်းက စည်ခြုံနဂါးတောင်ကို ရောက်လာတာ ထူးဆန်းရုံတင် ဘယ်ကမလဲ ရှာသူရှာသားတွေသာ သိရင်"

"ဟာ. . . ဦးလေးကသာ ထူးဆန်းနေ၊ စည်ခြုံရွာက လူတွေကတော့ စည်ခြုံနဂါးနဲ့ လက်ခတ်တောင်က မာန်အောင်နဂါးဟာ မြေအောက် နဂါးကျင်းတစ်ကျင်းထဲမှာ အတူနေကြတဲ့ နဂါးလင်မယားတဲ့ဗျ။ စည်ခြုံရွာသားတွေ ပြောတာ ဘယ်လောက်မှန်လဲဆိုတာ ခုခင်ဗျားတို့ ကျုပ်တို့ လက်တွေ့ပဲလေ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က မာန်အောင်နဂါးကျင်းထဲ ကျကျန်ခဲ့တဲ့ ကျွန်ုပ်တို့ ဘုရားကျောက် ခု စည်ခြုံက နဂါးပွက်ကျင်းထဲ ရောက်နေတာ တစ်ကျင်းတည်းမို့လို့ပေါ့။ ဟိုမှာ ကျသွားတဲ့ ဘုရားကျောက် ဒီနဂါးပွက်ကျင်းက ပြန်ပေါ်လာပြီး နဂါးမှုတ်ထုတ်လိုက်တဲ့ အရှိန်နဲ့ ရွံ့တောထဲ ရောက်နေတာလေ"

လူငယ်ဖြစ်သူ ငထီးလှ၏ စကားက ဤတွင် ရပ်သွားသည်။

"အေး ဒီလောက် အံ့ဩစရာကောင်းတာ တို့တစ်သက်လည်း အင်း တို့တစ်သက် မပြောနဲ့ကွာ၊ ဆရာကြီးတို့ တစ်သက်တောင် တွေ့ဖူးကြုံဖူးကြမှာ မဟုတ်ဘူး။ ဒီတော့ ငါ အကြံတစ်ခု ရပြီ၊ ဒီဘုရားကို တို့ပေါ်တော်မူဘုရား၊ တန်ခိုးကြီးဘုရား လုပ်လို့ရတယ်"

ဦးငဝေအောင်က တစ်စခန်းထ ပြောပြန်သည်။

"ခင်ဗျားဟာ ဘုရားအလောင်းဒကာပဲ ရှိသေးတာ၊ စကျင်ကျောက်ကို ဘယ်လိုလုပ် ပေါ်တော်မူဘုရားလုပ်လို့ ရမလဲ၊ ပြောစမ်းပါဦး"

"ငါက ခုလုပ်ဖို့ ပြောတာ မဟုတ်ဘူးကွ။ ဒီစကျင်ကျောက်ဖြူကြီးဟာ တန်ခိုးကြီးတယ် ဆိုတာတော့ အားလုံး လက်ခံကြတယ် မဟုတ်လား"

"မင်းစကား ဆုံးအောင် ပြောပါဦး"

ခေါင်းဆောင်လူကြီး ဦးသာအောင်က သူ့ညီကို ပြော၏။

http://www.cherrythitsar.org



"ပြောပါဦးဆို မာန်အောင်နဂါးပွက်ကျင်းထဲ ကျပျောက်သွားတုန်းကလည်း ရွာသူရွာသားတွေက တို့လက်ရာ အင်မတိအင်မတန်ကောင်းလို့၊ ဘုရားက သပ္ပာယ်လွန်းလို့၊ ဘုရားမပြီးမီကပဲ သိပ်ကြည်ညိုဖွယ်ကောင်းနေလို့၊ နဂါးမင်းကြီးကတောင် သူတို့ နဂါးပြည်မှာ ကိုးကွယ်ထားဖို့ လေကြီးမိုးကြီးချပြီး ဘောဂဝတီနဂါးပြည်ကို ပင့်သွားကြတာလို့ ပြောခဲ့ကြတာ ခင်ဗျားတို့ မှတ်မိကြမှာပေါ့"

"အေးပါဗျာ မှတ်မိပါတယ်။ မင်းရတဲ့ အကြံဆိုတာသာ ပြောစမ်းပါ"

ဦးသာအောင်က စိတ်မရှည်တော့သလို သူ့ညီကို ပြောလိုက်၏။

"ကျုပ် ရထားတဲ့ အကြံဉာဏ်က ဒီလိုလေ အစ်ကိုကြီး"

"အေးပါ၊ ပြောပါ"

"ဒီစကျင်ကျောက် ဘုရားပုံကြမ်းဟာ မာန်အောင်က ပျောက်သွားတဲ့ ကျောက်ဘုရားဆိုတာ ရွာသူရွာသားတွေကို လုံးဝ အသိမပေးကြနဲ့။ ဘုရားဒကာကို ကျုပ်တို့ ပြောကြရမှာက ခင်ဗျား ပူဇော်ချင်တဲ့ ဉာဏ်တော်အတိုင်း စကျင်ကျောက်ဖြူလည်း တွေ့ထားပြီး ဉာဏ်တော် အမြင့်ကလည်း ခင်ဗျား ပူဇော်ချင်တဲ့အတိုင်း တစ်တောင်ကျော်ကျော်ပဲ။ ခု ကျုပ်တို့ ထုဆစ်ကြ. . ."

"ဟာ. . . ပြောပြန်ပြီ။ ဒီဘုရားဟာ ထုဆစ်အချောသတ်ပြီးရင် အနည်းဆုံး သုံးတောင်တော့ ရှိမယ်ဗျ။ မာန်အောင်မှာတုန်းကပဲ ကျုပ်တို့ တိုင်းထွာပြီးသားပါဆို"

"ဟော့ကောင်၊ မင်း ငါ ပြောတာကို ဆုံးအောင် နားမထောင်သေးဘဲနဲ့ နွားရှေ့ထွန်ကျူး ပြောပြန်ပြီ။ ခက်လိုက်တာ၊ ဒီဘုရား ဉာဏ်တော် အပြီးသတ် အချောကိုင်ပြီးရင် သုံးတောင်ကျော် ရှိမယ်ဆိုတာ ငါ မသိဘဲ နေမလားကွ။ ဒီနေ့မှ ဘုရားထုလိုက်လာတဲ့ လူမှ မဟုတ်တာ"

"ဟာ ငါစိတ်ရှုပ်ရတဲ့ထဲ မင်းတို့က ရန်ထဖြစ်နေကြပြန်ပြီ။ ငဝေအောင် မင်းဆိုလိုတာ တိုတိုတုတ်တုတ် ပြောကွာ၊ ငဝေအောင် စကားမဆုံးမီ မင်းတို့ ပါးစပ်အားလုံးပိတ်ထားကြ၊ ကဲ. . . ပြော"

လူကြီးလုပ်သူ ဦးသာအောင်မှာ စိတ်တိုလာသဖြင့် သူ့ညီကိုလည်း

http://www.cherrythitsar.org



တိုတိုတုတ်တုတ်ပြောဟု အော်ငေါက်လိုက်သည်။

"ကျွန်တော် ဆိုလိုတာက ရှင်းရှင်းလေးပါ အစ်ကိုကြီးရာ၊ ဘုရားဒကာကို စကျင်ကျောက် ရထားပြီ၊ ခင်ဗျား ပူဇော်ချင်တဲ့ ဉာဏ်တော်အတိုင်းပဲ၊ ကျုပ်တို့ စထုဆစ်နေကြပြီ အဲဒီလို ပြောထား၊ ဘုရားပြီးတဲ့အခါ ကျုပ်တို့ နဂါးတောင်က ရွာကို အူယားဖားယား ပြေးလာကြပြီး ဘုရားဒကာကို ပြောရမှာက ခင်ဗျားဗျာ ဒီဘုရားကို ကျုပ်တို့ ထုဆစ်နေကြတုန်းက ဘယ်လို အိပ်မက်တွေများ မြင်မိသလဲ။ ကျုပ်တို့ တစ်သက်လုံး ဘုရားတွေ ထုဆစ်လာကြတာ ဒီဘုရားလို တန်ခိုးပြတာ တစ်ခါမှ မကြုံဖူး မတွေ့ဖူးဘူး။ ကျုပ်တို့ ထုဆစ်ကြတုန်းက ခင်ဗျား မှာထားတဲ့အတိုင်း တစ်တောင်ကျော်ပဲ။ အချောသပ်စရာ နည်းနည်းကျန်နေလို့ ဒီမနက် အချောသပ်ဖို့လည်း သွားကြရော မကြုံဖူးပါဘူးဗျာ။ ဉာဏ်တော်အမြင့်က သုံးလေးတောင်ဖြစ်နေတယ်။ ကြည်ညိုစရာ သပ္ပာယ်လိုက်တာကလည်း မပြောပါနဲ့တော့။ ခင်ဗျား ဘုရားကို ခင်ဗျားသာ လိုက်ကြည့်ပေတော့ဆိုပြီး. . . "

"ဘုရားဒကာက ယုံဦးမှကိုဗျ"

"မင်း နားကျပါးကျ ဆုံးအောင် နားမထောင်ဘဲ ဝင်ဝင်ပြောပြန်ပြီ။ ဒီဉာဏ်တော် သုံးလေးတောင်မြင့်တဲ့ စကျင်ကျောက်မာ ဘုရားကြီးကို တို့လူငါးယောက် တစ်လတည်းနဲ့ ထုဆစ်လို့ ဘယ်လိုလုပ် ပြီးမလဲ။ မင်း စဉ်းစားကြည့်လေ။ အရင် မာန်အောင်ကျွန်းမှာတုန်းက တို့ နှစ်လကျော် ထုဆစ်ခဲ့ကြတာတောင် ရုပ်လုံးပေါ်ရုံပဲ ရှိခဲ့တာ"

"ဟာ. . . ဟုတ်တယ်ဟ။ ဘုရားတန်ခိုးတော်နဲ့ တစ်လလောက်အတွင်းမှာ ပြီးသွားတယ်ပေ့ါကွာ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ငဝေအောင် မင်းအကြံကောင်းတယ်။ ငါ လက်ခံလိုက်ပြီ။ ဟော့ကောင်တွေ ငဝေအောင်ပြောတဲ့အတိုင်းပဲနော်။ ဒီတစ်ခါတော့ ဘုရားလည်း နာမည်ကြီး၊ တို့အဖွဲ့လည်း နာမည်ကြီး၊ ရခိုင်တစ်နယ်လုံးမှာ ဟိုးဟိုးကို ကျော်ရော့မယ်။ ငဝေအောင်ရာ မင်းအကြံ ကောင်းလိုက်တာ ဟဲ. . . ဟဲ. . . ဟဲ"

သူ့ညီ၏အကြံကို ဆရာကြီးဖြစ်သူ ဦးသာအောင်ကပါ လက်ခံစကား ဆိုလိုက်ရာ ကျန်တပည့်များမှာ ချက်ချင်း ရေငုံနှုတ်ပိတ် ဖြစ်သွားကြရလေသည်။ ဦးငဝေအောင်အား စောစောက အတိုက်အခံ ပြောနေ

http://www.cherrythitsar.org



သော ငထီးလှမှာလည်း ပါးစပ်အဟောင်းသားနှင့်သာ။

ဦးငဝေအောင်၏ အကြံကို အားလုံး လက်ခံလိုက်ကြရပြီ ဖြစ်ရာ ကျောက်ဆစ်အဖွဲ့မှာ နဂါးတောင်မှ စည်ခြုံရွာသို့ ပြန်လာကြသည်။ ဘုရားဒကာကိုလည်း ဦးငဝေအောင်၏ အကြံအတိုင်း စကျင်ကျောက်ကို တွေ့ခဲ့ကြပြီ။ ဘုရားဒကာ လိုချင် ပူဇော်ချင်နေသော ဉာဏ်တော်နှင့်လည်း အကိုက်ဖြစ်ပြီး မနက်ဖြန်ကစ၍ သူတို့ ကျောက်ဆစ်အဖွဲ့ စတင် ဘုရား ထုဆစ်ကြတော့မည်ဟု ပြောထားလိုက်ကြသည်။

သည်လိုနှင့် ဦးသာအောင်တို့ ကျောက်ဆစ်အဖွဲ့သည် သူတို့၏ အကြံအစည်အတိုင်း ဘုရားပုံကြမ်းကို ထုဆစ်ရန် နဂါးတောင်သို့ ထွက်လာကြသည်။ အချိန်မှာ နံနက် ဝေလီဝေလင်းသာ ရှိသေးသည်။ ထိုစဉ် နဂါးတောင်နားဘက်မှ ခွေးအတစ်အုပ် ပြေးလာသည်ကို မြင်လိုက်ရ၏။ ခွေးအများမှာ သူတို့၏ ပေါက်စနကလေးငယ်များကိုပင် တစ်ကောင်ကျစီ ကိုက်ချီ၍ နဂါးတောင်ဘက်မှ ပြေးလာနေကြ၏။

ဤသည်ကို ကျောက်ဆစ်သမားငါးယောက်က ခဏရပ်ကြည့် နေကြသည်။

"ဒီကောင်တွေ နဂါးတောင်နားက ဘာဖြစ်လို့များ ပြေးလာကြပါ လိမ့်"

ငထီးလှက ခွေးအတွေကို ကြည့်ပြီး ပြောလိုက်၏။

"ခွေးအတွေ တစ်အုပ်နဲ့တစ်အုပ် သားရဲတွင်း ကျင်းလုကြလို့ ရှုံးတဲ့ အုပ်က မြေကျင်းခေါင်းကို စွန့်ပြီး ပြေးလာကြတာ နေမှာပေါ့ကွာ"

ခေါင်းဆောင် ဦးသာအောင်က ပေါ့ပေါ့ပင် ပြောသည်။

"ဟုတ်တယ်လေ၊ ခွေးအတွေက တစ်ခါတစ်ခါ ဒီလိုပဲ ကျင်း တိုက်ပွဲ ကျင်းလုပွဲ လုပ်တတ်ကြတယ်ကွ"

ဦးသာအောင်၏စကားကို သူ့ညီ ဦးငဝေအောင်ကလည်း ထောက် ခံစကား ဆိုလိုက်သည်။

နဂါးတောင်ခြေရှိ ချုံတောတောင်စောင်း တောင်ကမ်းပါးယံများ တွင် မြေကျင်းနှင့် နေနေကြသော ခွေးအများကို ယခင်နေ့များကလည်း တွေ့ထားမြင်ထားခဲ့ကြရာ ကျောက်ဆစ်သမားများမှာ ခွေးအများကို

http://www.cherrythitsar.org



ဆက်လက် ကြည့်မနေကြတော့ဘဲ သူတို့ အလုပ်ရှိရာ နဂါးတောင်သို့သာ ဘုရားထုဆစ်ရန် တက်လာကြလေသည်။

သည်အတိုင်းဆိုလျှင် ဘုရားရုပ်တုမှာလည်း နောက်တစ်ပတ်လောက်ဆိုလျှင် အပြီးသတ်ကြရတော့မည်ဖြစ်ရာ သူတို့ငါးယောက်မှာ သူတို့၏ အကြံအစည်အတိုင်း ဘုရားရုပ်တု မြန်မြန် အပြီးသတ်ရေးကိုသာ စိတ်စောထုလုပ်လျက် ရှိကြလေသည်။

သို့သော် ခါတိုင်းနေ့နှင့်စာလျှင် ဤနေ့တွင် နဂါးပွက်ကျင်းထဲမှ ချော်ရေပူများ ပွက်သံသည် ပိုမို ကျယ်လောင်လာသည်။ ကျယ်လောင်လာသော နဂါးပွက်ကျင်းမှ အသံနှင့်အတူ ချော်ရည် ရွံ့ရည်ပူများက လည်း အဆက်မပြတ် စီးကျလာပြန်သည်။ ချော်ရည် ရွံ့ရည်ပူများမှာ ခဏချင်း သူတို့ ဘုရားထုဆစ်နေကြသော စကျင်ကျောက်ဖြူလုံးနားထိ ရောက်လာသည်။

"ဟ. . . ဒီကနေ့ နဂါးပွက်ကျင်းထဲက ချော်ရည်ရွံ့ရည်ပူတွေဟာ တယ်စီးကျလာပါလား"ဟု ဦးသာအောင်က ရေရွတ်လိုက်သည်။

"နဂါးပွက်ကျင်းထဲက ချော်ရည်ပူတွေ စီးကျလာတာ မဆန်းပါဘူး အစ်ကိုရာ၊ စည်ခြုံရွာသားတွေက ပြောကြတယ်။ တစ်နှစ်တလေများဆို နဂါးပွက်ကျင်းထဲက ချော်ရည်ရွံ့ရည်တွေဟာ နဂါးလင်မယားမြုံးထူးလို့ သူတို့ လယ်ယာနားထိတောင် စီးကျလာတတ်တယ်တဲ့ဗျ"

ဤသည်မှာလည်း သူတို့အားလုံးလိုလို ရွာသားများ ပြောဆိုကြသံကို ကြားဖူးနားဝရှိထားကြသူတွေမို့ အဆန်းတကြယ် မဟုတ်တော့။ ထို့ကြောင့် သူတို့ အလုပ်ကိုသာ ဆက်လုပ်နေကြသည်။ သို့သော်လည်း ခါတိုင်းနေ့များနှင့်မတူ တစ်မူထူးခြားစွာ ဆူပွက်သံကြီးများက ကျယ်လောင်လာသလို ရွံ့ရည်ချော်ပူတွေမှာလည်း သူတို့ ဘုရားထုဆစ်နေကြသော စကျင်ကျောက်ဖြူကြီးနား သူတို့ ခြေရင်းသို့ပင် စီးကျရောက်လာသည်။ ထို့ကြောင့် သူတို့သည် ဘုရားထုဆစ်ခြင်းအလုပ်ကို ရပ်ကာ နဂါးတောင်၌ နံနက်စာကိုပင် မစားခဲ့ကြဘဲ ရွာသို့ စောစောပြန်လာကြလေ၏။

ဦးသာအောင်တို့အဖွဲ့ ရွာရောက်ပြီး ထမင်းစားနေကျချိန်၌ပင်

http://www.cherrythitsar.org



မိုးသားတိမ်တိုက်များကို ကောင်းကင်တွင် လုံးဝ မမြင်ရဘဲ နဂါးတောင်မှ မိုးချုန်းသံကဲ့သို့သော အသံများကို စတင် ကြားကြရလေသည်။ ဤသည်ကို လေးတောင်နယ်သား ကျောက်ဆစ်သမားငါးယောက်ကလွဲပြီး စည်ခြုံရွာသူရွာသားများမှာ ထိုမိုးချုန်းသံကဲ့သို့သော အသံများကို ဘာမှ ထူးထူးခြားခြား မဖြစ်ကြသေး။ ထို့ကြောင့် သူတို့ ကြားလိုက်ရသော အသံနှင့်ပတ်သက်၍ ဦးသာအောင်က ရွာသားအချို့ကို မေးကြည့်ရာ ရွာသားများက နဂါးထစ်ချုန်းသံပါဟု သာမန်သဘောသာ ပြန်ပြောသည်။ ကလေးများကမူ "ဒီတစ်ခါ နဂါးလင်မယားတော့ အကြီးအကျယ် ရန်ဖြစ်နေကြပြီ နားထောင်ကြဗျို့"ဟု အပြောင်အပြက် သဘောလိုလို တစ်ယောက်နှင့်တစ်ယောက် လှမ်းအော်နောက်ပြောင် ပြောဆိုနေကြသည်။

နဂါးထစ်ချုန်းသံမှာ သူတို့ ရွာသားတွေအတွက် အဆန်းတကျယ်ကိစ္စ မဟုတ်။ သူတို့ စည်ခြုံရွာ၊ စေမော်ရွာ၊ စစ်တောရွာ၊ ကြတ္တိန်ရွာများ ဝန်းကျင်ရှိ တောတောင်ထဲတွင် နွေလရောက်လျှင် သို့မဟုတ် နွေလကဲ့သို့ ပူပြင်းသော တော်သလင်း၊ သီတင်းကျွတ်လများသို့ ရောက်လျှင် ဤသို့ ထစ်ချုန်းသံ ပေးတတ်သော နဂါးပွက် ကျင်းပေါင်းကား တစ်ဆယ်မက ရှိနေကြသဖြင့် ဖြစ်သည်။ နဂါးပွက်ကျင်းထဲမှ နဂါးများ ထစ်ချုန်း အသံပေးပြီး မြူးထူးကြ၊ ရန်ဖြစ်ကြပြီဆိုလျှင် နဂါးပွက်ကျင်းထဲမှ ချော်ရည်နွံ့ရည်ပူများမှာ အဆက်မပြတ် အန်ထွက်လာကြပြီး သူတို့ လယ်ယာနားရွာစကိုပင် တစ်နှစ်တလေတွင် စီးကျရောက်လာလေ့ ရှိသည်။

နဂါးပွက်ကျင်းများမှ စီးကျလာသော ချော်ရည်နွံ့ရည်များမှာ အငွေ့တထောင်းထောင်းနှင့် ပူလောင်နေတတ်သဖြင့် နွံ့ရည်ချော်ရည် စီးကြောင်းများ၊ သူတို့ စိုက်ပျိုးထားကြသော ငရုတ်ခင်း၊ ကြက်သွန်ခင်း၊ ဖရဲခင်းများကို ဝင်မလာနိုင်စေရန် နွံ့ရည် ချော်ရည် စီးကြောင်း အသစ်တွေပင် လွှဲဖောက်ပေးကြရသော နှစ်များကိုလည်း သူတို့ ကြုံဖူးတွေ့ဖူးထားကြသည်။

တစ်နှစ်တလေများဆိုလျှင် နဂါးများ သောင်းကျန်းလိုက်ကြသည်မှာ တဝုန်းဝုန်း တချုန်းချုန်း အသံကြီးများကို အော်မြည်ဟစ်ကြွေးကာ တစ်ကောင်နှင့်တစ်ကောင် နဂါးကျင်းထဲ လိုက်တမ်းပြေးတမ်း ကစားနေ

http://www.cherrythitsar.org



ကြလား ထင်ရသည်။ ဤသည်တို့မှာလည်း သုံးလေးရက်ပင် ကြာတတ်ကြသည်ဟု သူတို့ရွာသားတွေက ဦးသာအောင်တို့ လေးတောင်နယ်သားကျောက်ဆစ်သမားများကို ပြောပြကြလေသည်။

သည်လိုနှင့် မကြာမီပင် နဂါးတောင်ဘက်မှ မိုးချုန်းသံကဲ့သို့ အသံများမှာ ပို၍ ကျယ်လောင်လာပြီး တဝုန်းဝုန်း ပေါက်ကွဲသံများကိုပါ ကြားလာရလေသည်။ ပေါက်ကွဲသံများမှာ ကျယ်လောင်လွန်းလှသဖြင့် မြေပြင်တစ်ခုလုံးပါ တုန်ခါလိုက်လာသည်။ ထိုပေါက်ကွဲသံများနှင့်အတူ နဂါးတောင်ထိပ်ရှိ နဂါးပွက်ကျင်းထဲမှ အိမ်လုံးလောက်ရှိသော မီးလုံးကြီး မီးလုံးငယ်များကလည်း တစ်လုံးပြီးတစ်လုံး မိုးပေါ် ထောင်တက်လာကြရာ တစ်ရွာလုံးရှိ ပတ်ဝန်းကျင်မှာ ချက်ချင်း လျှပ်စီးလက်လိုက်သလို လင်းထိန်လာလေသည်။

ထိုအခါကျမှ ရွာသူရွာသားတွေမှာလည်း မကြုံစဖူး ခါတိုင်းနှစ်တွေထက် ထူးခြားသော နဂါးမီးလုံးကြီးများကို အထိတ်တလန့်ဖြစ်ကာ ရွာမှ ထွက်ပြေးကြတော့သည်။ တဝုန်းဝုန်း တခြိမ့်ခြိမ့် အသံများကိုသာ ပြုပြီး မြူးထူးပျော်ပါးတတ်ကြသော နဂါးများသည် ဤတစ်နှစ်မှာတော့ တစ်ကောင်နှင့်တစ်ကောင် ကျီစားလွန်း ရန်ဖြစ်ကာ ဒေါသတကြီး မီးလုံးတွေနှင့်ပင် ထွေးမှုတ် ပစ်ပေါက်ကုန်ကြပြီ ဟူသော အယူအစွဲစိတ်နှင့် ရွာသူရွာသားတွေမှာ နဂါးတောင်နှင့်နီးသော သူတို့ရွာတွင် တစ်ယောက်မျှ မနေရဲကြတော့ဘဲ ရွာကို စွန့်ခွာပစ်ထားခဲ့ကြကာ အားလုံး ချက်ချင်း ထွက်ပြေးကြရသောအဖြစ်သို့ ရောက်သွားလေသည်။

မပြေးကြ၍လည်း မဖြစ်တော့။ နဂါးတောင်ထိပ်ရှိ နဂါးပွက်ကျင်းထဲမှ မိုးပေါ် ထောင်တက်လာသော မီးလုံးကြီး အရှိန်သေ၍ ပြန်ကျလာချိန်နှင့် နောက်ထပ် နဂါးပွက်ကျင်းထဲမှ ပြေးတက်လာသော မီးလုံးတို့ လမ်းခုလတ်တွင် တိုက်မိကြပြီး တဝုန်းဝုန်း ပေါက်ကွဲနေကြရာ ထိုမီးလုံးကြီးများမှ စဉ်ထွက်လာသော မီးခဲ မီးလုံး မီးပွားများမှာ နဂါးတောင်ပတ်ဝန်းကျင်ရှိ သစ်တောထဲ မိုးသီးမိုးပေါက်ပမာ လွင့်စဉ်ကျလာကြတော့သည်။ ထိုအခါ နွေလဖြစ်၍ တစ်တောလုံး တစ်တောင်လုံး ရွက်ကြွေများနှင့် ခြောက်သွေ့နေသော တောတောင်များကို မီးစလောင်တော့

http://www.cherrythitsar.org



သည်။

စည်ခြုံနဂါးတောင် ဝန်းကျင်ရှိ သစ်ပင်အများစုမှာ ထင်းရှူးနှင့် အလွန်တူသော အရွက်သေး ပင်လယ်ကဗွီး(ပလ္လင်)ပင်များသာ အများဆုံး ပေါက်ရောက်လျက်ရှိရာ ထိုကဗွီးပင်၏ အရွက်များမှာ သေးငယ်၍ မီးစွဲလွယ်သဖြင့် နဂါးကူးစက်မီးမှာ တစ်တောလုံး တစ်တောင်လုံးကို တစ်မုဟုတ်ချင်း ဟုန်းဟုန်းတောက်လောင်လာလေသည်။

ထိုအခါ စည်ခြုံ တစ်ရွာတည်း မဟုတ်။ နဂါးတောင်နှင့် နီးသော စစ်တော၊ စေမော်၊ ကြံချဉ်၊ ကြတ္တိန် စသည့် ရွာများမှ ရွာသူရွာသား ကလေးသူငယ်များမှာလည်း မိမိရွာကို စွန့်ခွာကာ ညကြီးမင်းကြီး အကုန်ထွက်ပြေးလာခဲ့ကြရသည်။ ချက်ချင်း ကမ္ဘာပျက်သလို ထွက်ပြေးလာခဲ့ကြရသူများမှာ ကြောကြောကွဲကွဲနှင့် နောက်သို့ လှည့်ကြည့်ကြရာ နဂါးတောင်ကြီးတစ်ခုလုံးမှာ မီးဟုန်းဟုန်းတောက်လောင်နေပြီး သူတို့ရွာကို မီးရောင်ထဲမှာ အတိုင်းသား မြင်နေကြရလေသည်။

တဟုန်းဟုန်း မီးစွဲလောင်နေသော တောင်ကြောတစ်လျှောက်ရှိ မီးစွဲသစ်ပင်များ အကြိုကြားမှ မီးရောင်ဟပ်၍ နီရဲနေသော ချော်ရည်ရွှံ့ရည်များသည် ပွက်ပွက်ဆူကာ ဒီလှိုင်းပမာ သူတို့ရွာပေါ် လိမ့်ဆင်းသွန်ကျလာသည်ကိုလည်း မြင်နေကြရသည်။

ထိုသို့ ရွာသူရွာသားများ ထွက်ပြေးလာကြရသလို သူတို့ မွေးမြူထားသော အိမ်မွေး တိရစ္ဆာန် ကြက်ငှက် ခွေးကြောင်နှင့် ကျွဲနွားများ မကျန် လူများနည်းတူ အော်ဟစ်မြည်တမ်းကာ ထွက်ပြေးလာနေကြရသည်။ သို့သော် လူတို့ကဲ့သို့ အသိဉာဏ်မရှိကြသော တိရစ္ဆာန်များမှာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြရင်းက နဂါးတောင်မှ ပွက်ပွက်ဆူကာ တဝေါဝေါ စီးကျနေသော ချော်ရည်ရွှံ့ရည်စီးချောင်းများထဲ အတုံးအရုံး သေကျေပျက်စီးကြသည်။

နဂါးတောင်မှ ပေါက်ကွဲသံကြီးများမှာ သုံးလေးနာရီအကြာမှ ငြိမ်သက်သွားကြသော်လည်း တောတောင်တွေကို စွဲလောင်ကျန်ရစ်သော တောမီးကြီးကမူ တစ်ညလုံး ဆက်လက် လောင်နေသည်။ ထို့ကြောင့် နဂါးတောင်နှင့်နီးသော စည်ခြုံ၊ စေမော်၊ စစ်တော၊ ကြတ္တိန် စသည်

http://www.cherrythitsar.org



ရွာများမှ နွားတင်းကုပ်၊ ကျွဲတင်းကုပ်၊ လယ်တဲ ယာတဲများမှာလည်း အားလုံး တောမီးထဲ ပါကုန်ကြလေ၏။

မိမိရွာနှင့် တစ်ခေါ် သာသာဝေးသော လယ်ကွင်းထဲ၌ တစ်ညလုံး မအိပ်ဝံ့ မအိပ်ရဲကြဘဲ နဂါးတောင်နှင့် မိမိရွာဘက်ကိုသာ ကြေကြေကွဲကွဲ ထိုင်စောင့် ငေးကြည့်နေခဲ့ကြသူများမှာ မိုးလင်း၍ မီးငြိမ်းသွား တော့မှ မိမိတို့ရွာ ပြန်ရန် လူစုလူစစ်ကြရသည်။ ကျွဲနွား တိရစ္ဆာန်များက လွဲပြီး ကြိုတင် ပြေးလာကြခြင်းကြောင့် လူသေလူပျောက်ကား တစ်ယောက်မျှ မရှိကြ။

သို့သော် စည်ခြံရွာသားများ မိမိရွာသို့ ပြန်ရောက်လာကြသော အခါ သူတို့အိမ်တွေမှာ တစ်ညလုံး စီးကျခဲ့သော ချော်ရည်ရွှံ့ရည်တောထဲ တစ်ဝက်မြုပ် တစ်ဝက်ပေါ် နှင့် မြင်မကောင်း ရှုမကောင်း ဖြစ်နေကြသည် ကို တွေ့ကြရလေသည်။ နစ်မြုပ်နေသော အိမ်များနှင့်လဲပြို မီးစွဲလောင် ထားသော အိမ်များမှာလည်း ထိုးထိုးထောင်ထောင်နှင့် ညတွင်းချင်း ရွာပျက်အိမ်ပျက် ဖြစ်နေသည်။

ထို့ကြောင့် စည်ခြံရွာသားများသည် မကြုံစဖူး ထူးကဲလှစွာ ကြောက်မက်ဖွယ်ရာ ကောင်းသော နဂါးမီးတောက်ခြင်းကို ထိတ်လန့်ကာ နဂါးတောင်နှင့် နီးသော သူတို့ရွာတွင် မနေရဲကြတော့ဘဲ ရွာပြောင်းရန် စိုင်းပြင်းကြသည်။

ဦးသာအောင်တို့ ကျောက်ဆစ်အဖွဲ့သား ငါးယောက်မှာလည်း နဂါးမီးတောက်ခြင်းမှာ သူတို့က စကျင်ကျောက်ဘုရားကို မကြံကောင်း မစည်ရာ လိမ်ညာလုပ်ကြံမိကြ၍ဟု အကြောက်ကြီးကြောက်လန့်ကာ စကျင်ကျောက်ဘုရားကိုလည်း ပြန်သွားမကြည့်ရဲတော့ဘဲ လေးတောင် နယ်သို့သာ ပြန်လာခဲ့ကြလေသည်။

ရွာဟောင်းမှ ရွာသစ်ပြောင်းရန် စိုင်းပြင်းနေကြသော ရွာသား များသည် မိမိတို့အိမ်ထဲရှိ အေးခဲနေသော ချော်ရည်ရွှံ့ရည်ထဲမှ ရတန် သမျှသော အိုးခွက်ပန်းကန်များနှင့် သေတ္တာကြီးငယ်များကို ပေါက်တူး၊ တူးရွင်းများနှင့် ရသလောက် တူးယက်ဖော်ယူကြရာ ထိုချော်ရည် ရွှံ့ရည် ထဲတွင် လက်သန်း လက်မခန့်မှသည် လက်သီးဆုပ်ပမာဏအထိ ရွှေ

http://www.cherrythitsar.org



ရောင် ငွေရောင် ဝင်းတောက်ပြောင်နေသော သတ္တုအစိုင်အခဲအချို့ကို တွေ့ကြရပြန်သည်။ ထိုအစိုင်အခဲတွေမှာ သူတို့ရွာကို ဖြိုဖျက်ပစ်ခဲ့သည့် နဂါးတွေ လျော်ကြေးပေးထားခဲ့ကြသော ရွှေစငွေစတွေဟု ထင်မှတ်အယူစွဲကာ သူ့ထက်ငါဦးကာ ချော်ရည်ရွှံ့ရည်တွေထဲ ရွှေရောင်ငွေရောင် တောက်နေသော သတ္တုအစိုင်အခဲများကို ရွှေငွေအမှတ်ဖြင့် ရှာဖွေ ကောက်ယူ၍ သိမ်းဆည်းကြပြန်သည်။

ထို့နောက် ထိုသတ္တုအစိုင်အခဲများကို ရွှေငွေအမှတ်ဖြင့် လက်ကောက်၊ ခြေချင်း၊ ဆွဲကြိုး ပြုလုပ်ရန် ပန်းထိမ်ဖို၌ အပ်ကြသည်။ ထိုအခါ ပန်းထိမ်ဆရာကလည်း ရွှေရောင် ငွေရောင် တောက်နေသော ထိုသတ္တုအစိုင်အခဲများကို လုံထဲထည့်၍ အရေကျိုလေရာ ရွှေငွေ မဟုတ်တော့ဘဲ ရွှံ့ရည်သာ ပြန်ဖြစ်သွားလေသည်။

ထို့ကြောင့် ဤသည်ကို ပန်းထိမ်ဆရာများက နဂါးများသည် မြေထဲ ရေထဲရှိ ရွှေငွေတို့ကို စားကာ ချေးပါချလိုက်သော နဂါးချေး အတုံးအလုံး အစိုင်အခဲများသာဟု ပြောရာကစပြီး ရခိုင်ပြည်နယ်တွင် နဂါးမီးတောက် (မီးတောင်ပေါက်ကွဲ) ပြီးတိုင်း ထိုမီးတောင် ပတ်ဝန်းကျင်ရှိ ချော်ရည်ရွှံ့ရည်ထဲ၌ ရွှေရောင် ငွေရောင်တောက်ကာ တွေ့ရတတ်သော သတ္တုအစိုင်အခဲများကို "နဂါးချေး"ဟု ယနေ့ထိ ခေါ်ဝေါ် သုံးစွဲ ပြောဆိုနေကြလေသည်။ ထိုနဂါးချေးများမှာ ယနေ့ထိ ကျောက်ဖြူမြို့ ဝန်းကျင်ရှိ ရွာများတွင် ရှိနေကြသေးသည်။

အမှန်မှာ ထိုရွှေရောင် ငွေရောင် တောက်နေသော အစိုင်အခဲများမှာ နဂါးပွက်ကျင်းထဲမှ မီးလုံးကဲ့သို့ ရဲရဲနီကာ ဆူပွက်တက်လာသော ကျောက်လုံးကြီးများ တစ်လုံးနှင့် တစ်လုံး ထိခိုက် တိုက်မိကြရာမှ ပွဲစဉ်ထွက်လာသော မီးသင့်ကျောက် တစ်မျိုးသာ ဖြစ်လေသည်။

သို့သော်. . . မည်သို့ဆိုစေ ထိုအစိုင်အခဲ ရွှေရောင် ငွေရောင် တောက်နေသည်ကို ရခိုင်ပြည်နယ်သားများကမူ "နဂါးချေး" ဟုသာ ယနေ့===အထိ ခေါ်ဝေါ်နေကြလေသည်။

❀ ❀ ❀

http://www.cherrythitsar.org

## ပင်လယ်ကျွန်းနှင့် အဏ္ဏဝါပီးစုန်းများ

ဆွဲမော်တော်သည် အင်္ဂလန် ကျွန်းဖောင်နှစ်စင်းတို့ကို ‘သောမီး’ ချောင်းအတိုင်း တရွေ့ရွေ့ ဆွဲခေါ်လာသည်။ ကျွန်းဖောင်တစ်စင်းလျှင် ဦးစီးလက်ထောက်နှင့် ဖောင်သမား နှစ်ယောက်ကျစီ ပါ၏။

ဂိတ်ဝအရောက်တွင် မော်တော်စက်သံ ရပ်သွားသည်။ မော်တော်ပေါ်မှ ကြည်အေးသည် စာရွက်တစ်ရွက်ကို ဂိတ်မှူးအား သွားပေးသည်။ ဂိတ်မှူးသည် ကြည်အေးပေးသော စာရွက်ပေါ်က ပစ္စည်းစာရင်းကို အသံတိတ် ဖတ်နေသည်။

ဒီဇယ်၊ အင်ဂျင်ဝိုင်၊ ရေဒီယိုကက်ဆက်များ၊ ဘက်ထရီ၊ ဒိုင်နမို၊ သံလိုက်အိမ်မြှောင်နှင့် ရေစည်၊ ဆားအိတ်များ။

သူတို့ပစ္စည်းများကို ဂိတ်ဝတွင် ဤသို့ စာရင်းပေးထားခဲ့ရခြင်းမှာ ပင်လယ်ဓားပြများ၊ ပိုက်သူခိုး၊ ပိုက်လုသူများ ရှိနေ၍ ဖြစ်သည်။

ပင်လယ်ပြင်ကို စထွက်သည်နှင့် တစ်ပြိုင်နက် မော်တော်ဦးနှင့် ဖောင်ဦးတို့ကို ရေတစ်ပုံးစီ ခပ်လောင်းရသည်။ ဆုတောင်းကြသည်။ ဆွမ်းတင်ရသည်။

ဆွဲမော်တော်က ဆွဲခေါ်လာသော ဖောင်နှစ်စင်းကို ကျွန်း(၁)၊ ကျွန်း(၂)ဟု အမည်ပေးထားသည်။ ကျွန်း(၁)၊ ကျွန်း(၂)ရှိ ဦးစီးနှင့်တကွ လူရှစ်ယောက်မှာ ဘမောင်ကလွဲပြီး ကျန်သူများ ပင်လယ်အတွေ့အကြုံ

http://www.cherrythitsar.org



http://www.cherrythitsar.org



ရှိပြီးသားချည်း ဖြစ်သည်။

ဘမောင်ကမူ ကိုးတန်း နှစ်ခါကျ၍ ကျောင်းထွက်ကာ ဤနှစ်မှ ဖောင်နောက်လိုက်အဖြစ် လိုက်လာသူ ဖြစ်သည်။ ပင်လယ်အတွေ့အကြုံကို သူက ကိုယ်တွေ့မကြုံဖူးသော်လည်း ပင်လယ်နားသားပီပီ ပင်လယ်ဗဟုသုတတော့ သူက ရှိထား၏။ ပြီးတော့ သူတို့ ဖောင်နှစ်စင်း လူရှစ်ယောက်ထဲတွင် သူက ခေတ်ပညာ အတတ်ဆုံးသူ ဖြစ်သဖြင့် တခြားဖောင်သမားများ အမြင်မှာ ဆောင့်ကြွားကြွားနှင့် ထောင့်မကျိုးသူ လူငယ်တစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် ဖောင်လုပ်သားအဖြစ် ကျား(၁)ပေါ် သူတက်လာစဉ်က ဦးစီးမှူးဖြစ်သူ ဦးစိန်အောင်နှင့်တကွ ကျန်လူများက သူ့ကို မဲ့ကြည့်ကြည့်ကြသည်။

"မင်းကွာ မော်တော်သမားတွေ စောင့်နေတာကြာလှပြီ။ နောက်ကျလိုက်တာ"ဟု ဦးစိန်အောင်၏ အပြောကို သူက "ရေထရက် ရေသေရက်ကို ကျွန်တော် သိပါတယ် ဦးလေး"ဟု ပြန်ပက်လိုက်၏။

ဦးစီးဦးစိန်အောင်မှာ လူအေး ဖြစ်သဖြင့် 'အေး-အေး'ဟုသာ ပြောလိုက်သော်လည်း လက်ထောက်နှင့် နောက်နှစ်ယောက်က သိပ်မကျေနပ်ကြ။ ထို့ကြောင့် လက်ထောက်ဦးစီးက "ကျား(၁)က ခုမှ လူစုံတော့တယ်ဗျို့၊ ထွက်နိုင်ပြီ"ဟု မော်တော်ပေါ်မှ ကြည်အေးတို့ကို လှမ်းအော်ပြောလိုက်လေသည်။

သည်တော့မှ သူတို့ ဖောင်သည် "သောမီး" မှ ထွက်လာနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

လောလောဆယ်မှာ ကျား(၁)နှင့် ကျား(၂)ကို ဆွဲမော်တော်က ဆွဲခေါ်လာရာ ဖောင်ပေါ်ရှိ လူတွေမှာ အလုပ် မရှိကြသေး။ ထို့ကြောင့် လူသစ်ဘမောင်က ပင်လယ်ရေပြင်ကိုသာ တစ်ချိန်လုံး ငေးကြည့်လာ၏။

ဤသည်ကို လက်ထောက်ဦးစီးသာထွန်းက "ဘမောင် မင်းပင်လယ်ပြင်ကို မမြင်ဖူးဘူးလား။ ဘာငေးကြည့်နေတာလဲ"ဟု မေး၏။ ဘမောင်နှင့်ရွယ်တူ သန်းမြင့်ကလည်း "ပင်လယ်ရေထဲက ငါးကို ဒီလိုကြည့်လို့ ဘယ်မြင်ပါ့မလဲကွ။ တို့တွေ ပိုက်ချရမယ့်နေရာက အဝေးကြီး

http://www.cherrythitsar.org



လိုသေးတာ”ဟု ပြောလိုက်၏။

“ခင်ဗျားတို့ကလည်း တုံးလိုက်တာ၊ ပင်လယ်ထဲက ငါးကို မမြင်ရဘူးဆိုတာ ကျွန်တော် သိပါတယ်ဗျ”

“ဒါဆို မင်း ဒီလောက်ကြာကြာ ဘာလို့ ငုံ့ကြည့်နေတာလဲ”

“ရေတိမ် ရေနက်ကို ကြည့်တာဗျ”

“ရေတိမ် ရေနက်ကို ကြည့်ရအောင် မင်းမျက်စိက ပင်လယ်သဲခင်းပြင်ထိ မြင်ရလို့လား”

“အဲဒါကြောင့် ခင်ဗျားတို့ကို တုံးတယ် ပြောတာပေါ့ဗျ။ သဲခင်းပြင်ကိုမြင်ရမှ ရေတိမ်ရေနက်ကို သိရမလားဗျ။ ရေကိုကြည့်ရုံနဲ့ ရေတိမ်ရေနက်ကို သိရမယ်တဲ့”

ဦးစီးမှူးဦးစိန်အောင်က ဘမောင်နှင့် အချေအတင် ပြောနေကြသော သူ့လက်ထောက် သာထွန်းနှင့် သန်းမြင့်တို့ဘက် လှည့်ကြည့်သည်။

“ကဲ. . . ဒီလိုဆို ပြောစမ်းကွာ၊ ခု တို့ရောက်နေတဲ့နေရာ ရေဘယ်လောက် နက်မလဲ”

“ရေအရောင်ကို ခင်ဗျားတို့ ဘယ်လိုမြင်လဲ”

ဘမောင်က ပြန်မေး၏။

“ရွှံ့နှစ်ရောင်လေကွာ၊ မင်းလည်း မြင်နေတာပဲဟာ”

“အဲဒါဆို ခုနစ်လံနဲ့ တစ်ဆယ့်ငါးလံ အကြား ရှိရမယ်”

ဘမောင်၏ အဖြေစကားကြောင့် သာထွန်းနှင့် သန်းမြင့်တို့က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ဦးစီးကြီး ဦးစိန်အောင်လည်း ပြုံးနေ၏။ သာထွန်းက. . .

“မင်းက ဒီနေ့မှ ပင်လယ်ထဲ လိုက်လာတယ် ဆိုပေမယ့် အဟုတ်ကြီးပဲကွ၊ ကဲ. . . တစ်ဆယ့်သုံးလံနဲ့ တစ်ဆယ့်ငါးလံ ဆိုရင်ကောကွာ။ ရေအရောင် ဘယ်လိုနေလဲ”

“အစိမ်းနုရောင်ဗျာ”

“ဟုတ်လား ဦးလေးစိန်”

သန်းမြင့်က ဦးစီးကြီးကို လှမ်းမေး၏။

“ဟုတ်ပါတယ်။ တစ်ဆယ့်ရှစ်လံလောက် အနက်ကို ရောက်ပြီ

http://www.cherrythitsar.org



ဆိုရင်တော့ ဘမောင်ပြောတဲ့ အစိမ်းနုကနေ အစိမ်းရင့်ပေါ့ကွာ။ ပင်လယ် သမားတွေက ငှက်ခါးတောင်လို့ပြောတဲ့ အပြာရောင် ဆိုရင်တော့ ပိုနက်ပြီ ပေါ့။ တချို့ဆို ရေအနက် အလံလေးဆယ်ထိ စွန့်စွန့်စားစား သွားချကြ တယ်"

"ခု ကျွန်တော်တို့က ရေအနက် ဘယ်လောက်မှာ ချရမှာလဲ ဦးလေးစိန်"

ဘမောင်က ဦးစိန်အောင်ကို မေး၏။

"တို့က အစိတ်သုံးဆယ် အများဆုံးပေါ့ကွာ။ ကဲ မင်းတို့ ထမင်း ချက်ထားနှင့်ကြ"ဟု ပြောပြီး ဦးစီးကြီးက ပင်လယ်ပြင်ဘက် လှမ်းကြည့် နေလိုက်သည်။

ပင်လယ်ပြင်တွင် သူတို့ကဲ့သို့ ကျားဖောင်ချလာကြသော မော် တော်များ၊ ကျားဖောင်များကို စီရရီ မြင်နေရသည်။ ထိုဖောင်များမှာ နောက်မီး၊ အရှေ့ဖျား၊ အလံတိုင်၊ အောင်လှိုင်၊ ပတ်ပြ၊ ဘုန်းကြီးသောင်၊ ကုလားတိုက်၊ ချောင်းဝ၊ ခါးပြတ်၊ ဆိတ်မ စသည် ရွာများမှ ဖောင်များ ဆိုသည်ကို မမေးဘဲနှင့် သိနေကြသည်။

* * *

"ဦးလေး ထမင်းစားကြရအောင်"ဟု သန်းမြင့်က ဦးစီးကြီးကို ပြော၏။ "အေး"ဟု ပြောကာ ဖောင်ဦးပိုင်း ထွက်သွားသည်။ မော်တော် ပေါ်မှ ကြည်အေးတို့ကို ထမင်းစား ခေါ်သံလည်း ကြားရ၏။

"မနက်စာကို ကျား(၂)မှာပဲ စားတော့မယ် အစ်ကိုကြီး၊ ညနေမှ စားပါရစေ"ဟု ကြည်အေးက ပြန်ပြောသည်။

ဦးစိန်အောင်နှင့် သာထွန်းတို့က ထမင်းဝသွားကြသဖြင့် ဦးစွာ ပန်းကန်ကိုင်၍ ထကြသည်။ ဘမောင်က "ဦးလေးတို့ ပန်းကန်ထားခဲ့ကြ ပါ။ ကျွန်တော် ဆေးပါ့မယ်"ဟု ပြော၏။

"ရပါတယ်ကွာ။ မင်းက နေ့တိုင်း ဆေးပေးနိုင်မှာလည်း မဟုတ်ဘဲနဲ့"

"ဆေးပေးနိုင်ပါတယ် ဦးလေးရာ"ဟု သာထွန်းကို ဘမောင်က ပြောလိုက်သည်။

http://www.cherrythitsar.org



ဘမောင်သည် ထမင်းလုံးတွေ ပေနေသော လက်ကို ဖောင်အစ ကလှမ်း၍ ရေထဲနှစ်လိုက်၏။

"ဟော့ကောင် ဟော့ကောင်"ဟု သန်းမြင့်က အထိတ်တလန့် အော် လိုက်သောအခါ ဘမောင်မှာ လက်တွန့်သွား၏။

"ဘာလဲကွ"

"မင်းလက်မှာ ထမင်းလုံးဟင်းဖတ်တွေနဲ့ ပင်လယ်ရေထဲ လက် နှစ်ဆေးရလားကွ"

အယူအဆတစ်ခုကို မလိုအပ်ဘဲ ပြောနေသည် ထင်သဖြင့် ဘမောင်က "ဆေးတော့ ဘာဖြစ်လဲကွ"ဟု ပြန်ပြောလိုက်၏။

"မင်းလက်ကို ငါးမန်းတွေ လာတွတ်သွားလို့ မိုးလင်းရင် မျက်နှာ သစ်စရာ လက်မရှိဘဲ ဖြစ်နေမှာစိုးလို့ကွ"

သန်းမြင့် ပြောမှ သတိရလိုက်၏။ ပင်လယ်ထဲတွင် ဖောင်ရိပ်ခို ကာ လိုက်ပါလေ့ရှိသော ငါးအကြီး အသေးများ ရှိတတ်သည်ကို ကြား ဖူးနားဝ ရှိသဖြင့် လန့်သွားသည်။

ထို့ကြောင့် ပင်လယ်ထဲတွင် ဘာပဲဆေးဆေး ငါးတွတ်မှာ စိုး၍ ရေထဲ လက်နှစ်မဆေးရ၊ ဆွဲပုံး ရေခွက်တွေနှင့်သာ ခပ်ဆေးရ၏။

အင်္ဂလန် ကျားဖောင်နှစ်စင်းကို ဆွဲငင်လာသော မော်တော်၏ စက်သံက ပိုကျယ်လာသည်။ မော်တော်ပေါ်က လှမ်းကြည့်လျှင် ကမ်း ခြေကို ပျပျသာ မြင်ရတော့သည်။ ရေပြင်နှင့် ကမ်းခြေတို့ ဆက်စပ်နေ သော နေရာတွင် ချိုးလိုင်း အဖြူတန်းများကို စည်းတားထားသလို မြင် နေရသည်။ သူတို့ ဖောင်၏ ရှေ့နောက် ဝဲယာတို့တွင် တခြားဖောင်များ၊ မော်တော်များကိုလည်း မြင်နေရ၏။ သူတို့ထက် စောစီးစွာ ပင်လယ်သို့ ရောက်နေကြသော ဖောင်များ၊ မော်တော်များကိုမူ ပင်လယ်ပြာထဲတွင် လက်သန်း လက်မခန့်သာ မြင်ကြရတော့သည်။

ရာသီမှာ ပြာရီ ဆိတ်ငြိမ်သော မိုးအနှောင်း ဆောင်းသမယ ဖြစ်သဖြင့် ပတ်လယ်ပြင်ကြီးမှာ နက်ရှိုင်းသော ဣန္ဒြေကို ဆောင်နေလေ သည်။

ဘမောင်သည် သက်မတစ်ချက်ကို ရှည်လျားစွာ ချမိလိုက်လေ

http://www.cherrythitsar.org



သည်။ နာရီပိုင်း အတွင်းမှာပင် ကမ်းခြေသည် မြင်ကွင်းထဲက လုံး၀ ပျောက်ကွယ်သွားသည်။ အရှေ့အနောက် တောင်မြောက်ဒိသာ အရပ် ရှစ်မျက်နှာတို့တွင် မိုးကုပ်စက်ဝိုင်းနှင့် ပင်လယ်ရေပြင်တို့ကိုသာ ဆက်စပ် ၍ မြင်ရစေတော့သည်။ အကယ်၍ နေလုံးနီနီကိုသာ မမြင်တွေ့ရလျှင် ဘယ်ကရှေ့နောက် ဘယ်တောင်မြောက်ဟု တွေးထောက်ခန့်မှန်း၍ပင် မရနိုင်သော ပင်လယ်နက်ထဲ ရောက်နေကြလေပြီ။

ဖောင်နှစ်စင်းပေါ်က လှမ်းကြည့်လျှင် ပိုက်ချထားသော တခြား ကျွန်းဖောင်များကို တစ်ခေါ် သာသာလောက်တွင် ဟိုတစ်စင်း သည်တစ်စင်း တွေ့လာရသည်။ ဤဒေသသည် သူတို့ ငါးပိုက်ထောင်ရမည့် ဒေသပင် တည်း။

ရေပြင်မှာ ကြည်နေသော်လည်း နက်လွန်းသဖြင့် အောက်ခြေ ကြမ်းခင်းပြင်ကို မမြင်ကြရ။ ထို့ကြောင့် သူတို့ထက် စောစီးစွာ ရောက် နှင့်ပြီး ပိုက်ချထားကြသော ကျွန်းဖောင်တန်းများကို ကြည့်၍ ရေအောက် သောင်ခုံ ကုန်းတန်းများကို ရှာကြရသည်။

ဦးစိန်အောင်တို့ ကျွန်းဖောင်နှစ်စင်းမှာ ကျောက်ချ ကနက်တိုင် စိုက်နိုင်သော သောင်ခုံသဲတန်းများကို ရေစမ်းကြိုး ချ၍ ရှာကြသည်။ ထိုအချိန်တွင် မော်တော်က စက်ရှိန်လျှော့၍ အနေးမောင်းပေးထားရ သည်။

ဦးစိန်အောင်နှင့် ကိုသာထွန်းတို့မှာ လုပ်သက်ရင့် ရေလုပ်သားကြီး များ ဖြစ်သဖြင့် မကြာခင် သူတို့ အခြေစိုက်စခန်းချကြရမည့် ရေအောက်က သောင်ခုံတန်း တစ်ခုကို စမ်းမိရလိုက်ကြသည်။ ဦးစိန်အောင်တို့ ကျွန်း (၁)နည်းတူ ဦးလှမြင့်တို့ ကျွန်း(၂)မှာလည်း ခေါ် တစ်ကြား မြင်တစ်ပြုတွင် စည်းချကြရလေသည်။

နှစ်ဖောင်စလုံးကို ကျောက်အလျင်ချကြသည်။ ကျောက်ကိုက်နေ သော ဖောင်နားတွင် ဆွဲမော်တော်က ရှိနေလေသည်။ ဤနေ့တွင် အချိန် မရှိတော့သဖြင့် ကနက်တိုင် ရိုက်ရန်နှင့် ဗောချပိုက်ထောင် အလုပ်လုပ် ရန်ကိုမူ မနက်ဖြန်မှ ဆက်လုပ်ကြရမည်ဖြစ်ရာ အားလုံး အနားယူလိုက် ကြရလေသည်။

http://www.cherrythitsar.org



နေလုံးဝင်သွားသည်နှင့်တစ်ပြိုင်နက် ပင်လယ်ရေပြင်ပေါ်တွင် ဘက်ထရီမီးချောင်းများသည် မိုးထက်ဝဋ္ဋာမှ ကြယ်ပွင့်များကို ပြိုင်ကာ ဟိုမှ သည်မှ ပေါ်လာကြလေသည်။ တဖြည်းဖြည်း မိုးချုပ်လာလေ ဘက်ထရီမီးချောင်းတွေက ပေါ်လာလေပင်။ သို့နှင့် အမှတ်တမဲ့ ကြည့်လျှင် ပင်လယ်ပြင်မှ ရေပေါ်မြို့ကလေး တစ်မြို့ပမာ ထိန်ထိန်လင်းလာလေသည်။ အမှန်က ဤမီးချောင်း မီးရောင်များမှာ အားလုံး ကျားပိုက်ချနေကြသော ဖောင်များမှ မီးရောင် မီးချောင်းများချည်း ဖြစ်လေသည်။

* * *

အလေ့အကျင့် မရှိသေးသော ဘမောင်သည် ညက တော်တော်နှင့် အိပ်မပျော်၊ လှိုင်းရိုက်၍ ဖောင်လှုပ်တိုင်း ခဏခဏ လန့်နိုးနေ၏။

မိုးလင်းသောအခါ ဦးလှမြင့်တို့ ကျား(၂)ကို မော်တော်နှင့် ကူး၍ ကနက်တိုင်လိုက်ရိုက်ပေးရသည်။ ဦးလှမြင့်တို့ဖောင် ကနက်တိုင် ကျပြီးသည်နှင့်တစ်ပြိုင်နက် သူတို့ ကျား(၁)သို့ ကူးကာ တစ်လှည့်တစ်ပြန် ကနက်စိုက်ကြရပြန်သည်။ ကျားပိုက်အတွက် ဤကနက်တိုင်မှာ အဓိက ကျလေသည်။ သူတို့၏ ကျား(၁)၊ ကျား(၂) ဖောင်နှစ်စင်းမှာ ပိုင်ရှင်တစ်ဦးတည်း ဖြစ်သဖြင့် ဆောင်းနှင့် နွေကာလတစ်လျှောက်လုံး အလုပ်အတူ တွဲလုပ်ကြရမည့်သူများ ဖြစ်လေသည်။

"ကဲ မမလေးထဘီဖိုး ကြိုးစားလိုက်စမ်းကွ"

မိန်းမရသည်မှာ လေးငါးလသာ ရှိသေးသော စန်းမြင့်အား ကျော်တင့်က အားပေးရင်း ကနက်တိုင်ကို တည့်မတ်ပေးနေ၏။ လေးငါးခြောက်ချက် ဆောင့်ချပြီးသောအခါ စန်းမြင့်သည် ဟီးခနဲ သက်မချကာ ဆော်အိုးခေါ် (အလေးတုံး)ကို ဖောင်ကြမ်းခင်းပြင်ပေါ် ပစ်ချလိုက်လေသည်။

ဘမောင်နှင့် သန်းမြင့်တို့မှာ စောစောကပင် စန်းမြင့်နှင့် ကျော်တင့်တို့ကဲ့သို့ တစ်ချီတစ်လား ရိုက်ထား၍ ဟောဟဲဆိုက်နေကြတုန်းပင် ရှိသေး၏။ ကနက်တိုင်ဖျား အချွန်သည် ပင်လယ်ကြမ်းခင်းပြင်ကို သူတို့လိုသလောက် အနက်ကို မပေါက်သေး။

ဤသည်ကို လူကြီးတစ်ယောက်ဖြစ်သူ လက်ထောက်ဦးစီး ဦးရွှေ

http://www.cherrythitsar.org



ကျော်က. . .

"အဲဒါကြောင့် ပြောတာပေါ့ကွ၊ မင်းတို့ နွားပျိုသန်လှ နွားအိုပေါင်ကျိုးဆိုတာ ကြားဖူးတယ် မဟုတ်လား။ ဒီမှာကြည့် ငါတို့ လူအိုကြီးတွေ ဆော်ပြမယ်"

စောစောက စန်းမြင့်နှင့် ကျော်တင့်တို့ ပစ်ချထားသော အလေးဆော်အိုးကို ဦးရွှေကျော်နှင့် သာထွန်းတို့က တစ်လှည့် ချီမ၍ ရိုက်သွင်းကြပြန်၏။

"ကဲဟာ"

"ကဲဟာ"

ဦးရွှေကျော်နှင့် သာထွန်းတို့ တအား ဖိရိုက်လိုက်သော မျောတိုင်ကနက်သည် တကယ်ပင် သဲခင်းပြင်ထဲ တအိအိ ဝင်သွား၏။

"ဟုတ်ပါ့ဗျ၊ ဦးလေးတို့က လူအိုပေမယ့် အားက မအိုသေးဘူးဗျို့။ အဲဒါကြောင့် ယောကျ်ားတို့စွမ်းရည်ဆိုတာ ရေလျှော်မှပျောက် ဆိုတာကိုး ဟား ဟား"

ဘမောင်၏ အပြောကို အားလုံး ဝိုင်းရယ်လိုက်ကြ၏။

ဘမောင်နှင့် တစ်ဆိုင်းတည်းဖြစ်သူ သန်းမြင့်ကမူ "ဝင်တော့မှာပေါ့ဗျ၊ ကျွန်တော်တို့ ရိုက်ထားလို့ သဲပေါက်နေပြီပဲ"ဟု ရယ်ရင်းက ပြောလိုက်၏။

အမှန်လည်း ဟုတ်၏။ သမုဒ္ဒရာထဲတွင် အပေါ်လွှာ၌ သဲထုရှိ၏။ ထိုသဲထုကို မျောသား အချွန်က တော်တော်နှင့် မဖောက်နိုင်။ သဲထုလွန်သွားပြီဆိုလျှင်တော့ ကနက်တိုင်က ရိုက်သလောက် ဝင်တော့သည်။ ဤကနက်တိုင်သည် ကျားဖောင်၏ အရေးအကြီးဆုံး တက်မ ဇက်ကြိုးပင်။

ပင်လယ်ပြင်သို့ ထွက်လာကြသော ကျားဖောင်များသည် အရွယ်အစားနှင့် တည်ဆောက်ပုံချင်းမှာ အတူတူပင် ဖြစ်ကြသည်။ အလျား (၂၄)တောင်၊ အနံ (၈)တောင်နှင့် စောက်အမြင့် တစ်တောင့်တစ်ထွာရှိ၏။ ဝါးပိုးဝါး၊ ကြသောင်းဝါး (၄)လုံးကို အပေါ် (၂၂)လုံး၊ အောက် (၂၂)လုံး အညီအမျှ စီထပ်ခင်းထားရသည်။ အပေါ်ဝါးနှင့် အောက်ဝါးကို သွပ်နန်းကြိုးနှင့် အခိုင်အခံ့ တုပ်နှောင်ထား၏။

http://www.cherrythitsar.org



အထက်အောက်ရှိ ဝါးလုံးများကို လေးပြက်ကျ ရွေခုတ်ထားသော ကနစိုရက်မကြီး အပေါ် (၈)ချောင်း၊ အောက် (၈)ချောင်းတို့ဖြင့်လည်း ထပ်မံ၍ အကွက်ကျကျ ဖွဲ့စည်း သံရိုက်ထားသည်။ ဖောင်ဘေး နှစ်ဖက်တွင် နောက်ထပ် ဝါးပိုး ဝါးလုံးကြီး နှစ်လုံးဖြင့်လည်း ဘေးဆီးရန်ကာ ခိုင်ခံ့စွာ ချည်နှောင်ထားသေးသည်။ ထိုဝါးလုံး နှစ်လုံးမှာ လက်ရှိ အခြေအနေအရ မော်တော်ကပ်ရန် ဖြစ်လေသည်။

ကနက်တိုင် စိုက်ပြီးသွားပြီ ဖြစ်သဖြင့် (၁၈)တောင်ခန့် ရှည်သော ဝါးပိုးဝါး အဆစ်ဖောက် ကန့်လန့်ထဲတွင် ကျားဖောင်လက်ခွကြိုး တစ်ဖက်စီကို ထည့်ကာ ပိုက်ချထောင်ကြ၏။

သူတို့ ကျား(၁)၊ ကျား(၂) ဖောင်နှစ်စင်းအား ဆွဲခေါ်လာသော မော်တော်သည် ပိုက်တစ်ရေဖော်ရန်ထိ စောင့်နေ၏။ ပိုက်တစ်ရေဖော်ပြီးမှ ရသမျှသော ငါးများကိုတင်ကာ ရွာသို့ ပြန်လေမည်။

နောက်နေ့ နောက်နေ့တွေမှာလည်း ထိုမော်တော်သည် ရသမျှသော ငါးများကို လာယူရင်း ဖောင်သမားများအတွက် သောက်ရေ သုံးရေနှင့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန် စသည့် ရိက္ခာများကို တစ်ပတ်တစ်ခါ ယူလာပေးပေလိမ့်မည်။

တစ်ရေချ ရသောငါးများကို တင်ပြီး ဆွဲမော်တော် ပြန်သွားသော အခါ သူတို့ ဖောင်နှစ်စင်းမှာ ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ထဲတွင် ထီးထီးကျန်နေခဲ့ကြရလေသည်။

* * *

"ကောင်းကင်ကို ပြောရမလား. . .
ရေပြင်ကို ပြောရမလား. . .
မြေပြင်ကိုပဲ. . . "

"ဟေ့ကောင် ပင်လယ်ထဲမှာ မင်းအဘ မြေပြင်ရှိမလား၊ တိတ်စမ်း မုန်တိုင်း အထူး သတိပေးချက်တဲ့"

လက်ထောက်ဦးစီး သာထွန်းက သီချင်းဟစ်ဆိုနေသော သန်းမြင့်ကို ဟောက်လိုက်သည်။ ဦးစီးကြီး ဦးစိန်အောင်က အိပ်စင်နားတွင် ဆွဲ

http://www.cherrythitsar.org



ထားသော ရေဒီယိုဆီ ပြေးပြီး အသံထိန်း ခလုတ်ကို လှည့်လိုက်သည်။

*. . မုန်တိုင်းငယ်သည် ပုသိမ်မြို့၏ အနောက်တောင်ဘက် ယွန်းယွန်း မိုင်တစ်ရာနှစ်ဆယ်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။မုန်တိုင်း ကျချိန်တွင် မြေပြင်လေသည် တစ်နာရီ မိုင်(၄၀)မှ (၆၀)ဆယ် အထိ တိုက်ခတ်နိုင်ပါသည်။*

*နောက် တစ်ဆယ့်နှစ်နာရီအတွင်း မုန်တိုင်းငယ်သည် ပိုမို အား ကောင်းလာကာ အနောက်မြောက်ဘက် အိန္ဒိယကမ်းခြေသို့ ရွေ့လျားသွား နိုင်ပါသည်။ မုန်တိုင်းကျချိန်တွင် မြန်မာနိုင်ငံ. . .*

ဦးစီးမှူးကြီး ဦးစိန်အောင်သည် ချက်ချင်း သူ့လူများကို အော်ဟစ် ပြောလိုက်သည်။

"ဟေ့ တို့ပုစွန်တွေ မြန်မြန် ဖြုတ်ပြီးရင် ပိုက်ကို ပြန်မချကြနဲ့တော့၊ ဆွဲမော်တော်လာရင် အသင့်ဖြစ်နေကြပါစေ။ ငါ ကျား(၂)ကို အော် ပြောလိုက်ဦးမယ်"

ဦးစိန်အောင်တို့ ကျား(၁)နှင့် ဦးလှမြင့်တို့ ကျား(၂)မှာ တအား အော်ပြောရသည်။ သူတို့၏ ကျား(၂)မှာ ရေဒီယို မပါသဖြင့် မုန်တိုင်း သတင်းကို သူတို့ မသိကြသေး။ သူတို့ အလုပ်ကိုသာ ဆက်လုပ်နေကြ၏။

"ဗျို့ ဦးလှမြင့် ဦးလှမြင့်"

ဦးလှမြင့်က ချက်ချင်း ပြန်ထူး၏။

"ဗျို့ ဦးစိန်အောင်"

"ကျုပ်အသံကို ကောင်းကောင်း ကြားရဲ့လား"

"ကြားတယ်ဗျို့၊ ကြားတယ် ကြားတယ်"

"ကြားတယ်"ဟု ဆိုသော်လည်း ဦးလှမြင့်၏ ပြန်ထူးသံမှာ လေ အောက်က ဖြစ်နေသဖြင့် ဦးစိန်အောင်မှာ သဲ့သဲ့သာ ကြားရသည်။

"ပင်လယ်ပြင် တစ်နေရာရာမှာ မုန်တိုင်းကျနေတယ်လို့ ရေဒီယို က အသံလွှင့်သွားတယ်။ ဒီတစ်ရေဖော်တဲ့ ပိုက်ကို ပြန်မချကြနဲ့တော့။ မော်တော်လာရင် အားလုံး အသင့်ဖြစ်ဖို့ ပြင်ဆင်ထားပါ"

"မုန်တိုင်းက ကျုပ်တို့နဲ့ နီးလို့လားဗျို့"

"ဟာ ဒီလူ တယ်လျှာရှည်ပါလား"

http://www.cherrythitsar.org



ဟု ဦးစိန်အောင်က တိုးတိုးသာသာ ညည်းလိုက်၏။ ပြီးမှ. . .

"ဗျို့ ဦးလှမြင့်၊ ပင်လယ်မုန်တိုင်းဆိုတာ ဘယ်လောက်ဝေးဝေး နာရီပိုင်းအတွင်း ရောက်လာနိုင်တယ်။ ခင်ဗျား အရှေ့တောင် ပင်လယ် ဘက် ကြည့်မိရဲ့လား။ တိမ်တွေ မည်းတက်လာနေတယ်။ အားလုံး အသင့် ပြင်ထားပါ"

ဦးလှမြင့်အသံ တိတ်သွား၏။ သူတို့ ကျား(၁)၊ ကျား(၂) ဝန်းကျင်ရှိ ကျားဖောင်များဆီမှလည်း အော်ဟစ် သတိပေးကြသံတွေ ဆူညံလာ သည်။

ဦးစိန်အောင်တို့ ကျား(၁)မှ ပထမဦးဆုံး အော်ဟစ်သတိပေးလိုက် သော ရေဒီယိုသတင်းသည် (၁၅)မိနစ် မကြာခင်ပင် ဦးစိန်အောင်တို့ဆီ ပြန်လာ၏။ သူတို့မှာ လုပ်ဖော်ကိုင်ဖက်ချင်း ဟူသော အသိစိတ်ဓာတ်နှင့် တစ်ဖောင်နှင့် တစ်ဖောင် မကြားလိုက်၊ မသိလိုက် မရှိကြရအောင် အော် ဟစ် သတိပေးနေကြသည်။

ဦးစိန်အောင်တို့ ကျား(၁)မှ ပိုက်တစ်ဖုံ မရုပ်ပြီးခင်မှာပင် ထွန်း လင်း တောက်ပနေသော နေရောင်ခြည်တန်းများသည် ပင်လယ်ပြင်မှ ရုတ်ခြည်း ကွယ်ပျောက်သွား၏။

အထိတ်တလန့်နှင့် အရှေ့တောင် ပင်လယ်ဘက် လှမ်းကြည့်ကြ ရာ နေဝန်းကို လုံးဝ မမြင်ရတော့။ တိမ်ဆိုင် တိမ်လိပ်ခဲများသည် အရှေ့ တောင်ထောင့်ဘက်ဆီမှ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခရုပ်တွေ ပေါ်ကာ တစ်ကောင်နှင့် တစ်ကောင် ထွေးလုံးရစ်ပတ် သတ်ပုတ်ကိုက်ခဲလာနေကြ လေပြီ။

ပင်လယ်ပြင်တွင် မှန်မှန်သွဲ့သွဲ့ တိုက်ခတ်နေတတ်သော ရာသီ လေသည် ပြတ်တောင်း ပြတ်တောင်းသာ တိုက်နိုင်တော့၏။ တအိအိနှင့် ကမ်းခြေရှိရာဘက်ဆီ မျောပါနေကြသော ပင်လယ်လှိုင်းလုံးကြီးတွေမှာ မသိမသာ ပုခက်လွှဲစပြုလာကြ၏။ ရှေ့တိုး နောက်ဆုတ် ဖြစ်လာသော လှိုင်းလုံးကြီးများကို ကြည့်ကာ ဦးစိန်အောင်က မုန်တိုင်းရောက်လာတော့ မည် ဆိုသည်ကို အတွေ့အကြုံအရ ချက်ချင်း သိလိုက်၏။

ထို့ကြောင့် သူ့လက်ထောက် သာထွန်းနှင့် ဖောင်လုပ်သား သန်း

http://www.cherrythitsar.org



မြင့်၊ ဘမောင်တို့ကို ချက်ချင်း ပိုက်သိမ်းခိုင်းလိုက်လေသည်။

ဦးစီးမှူးကြီး၏ ပြောစကား အရိပ်အခြည်ကို နားလည်မိကြသော ဖောင်လုပ်သား အားလုံးမှာ စိုးရိမ်တကြီး ဖြစ်နေကြလေသည်။

* * *

ရေဒီယိုမှ နံနက်ပိုင်း အစီအစဉ် ပြီးသွားသည်နှင့် တစ်ပြိုင်နက် မိုးသက်လေပြင်းသည် ပင်လယ်ပြင်ကို စတင် နှုတ်ဆက်လာလေသည်။

"ကဲ သန်းမြင့်နဲ့ ဘမောင်၊ မင်းတို့ ထမင်းဟင်းတွေ ည မနက်စာ ချက်ထားကြကွ၊ အခြေအနေက ပြောနိုင်တာ မဟုတ်ဘူး"

ဖောင် နောက်ပိုင်းရှိ မီးဖိုဆောင်သို့ သန်းမြင့်နှင့် ဘမောင်တို့ လျှောက်လာကြစဉ် ဦးစိန်အောင်နှင့် သာထွန်းတို့သည် ဖောင်ရှေ့ပိုင်းသို့ ထွက်သွားကြသည်။

ဖောင်၏ နောက်ပိုင်းတွင် အိပ်စင်၊ မီးဖိုဆောင်၊ အိမ်သာတို့ ရှိပြီး ဖောင်၏ အလယ်တွင် ငါးလှန်းစင် ရှိသည်။ သူတို့မှာ ကမ်းမမြင် လမ်း မမြင်သော ပင်လယ်ထဲတွင် ရက်ရှည်လများ နေပြီး ငါးထောင် ငါးဖမ်း လုပ်နေကြသူများ ဖြစ်လေရာ စားနပ်ရိက္ခာ ဆိုသည်မှာလည်း ဖောင်ပေါ် တွင် လေးငါးရက်စာတော့ အမြဲရှိလေသည်။ သောက်သုံးရေ ဆိုသည်မှာ လည်း သစ်သားစည်ပိုင်းကြီး သုံးလေးလုံးနှင့် အပြည့်ပင်။

မိုးသက်လေပြင်းကား အားနည်း လျော့ပါးမသွား၊ ပို၍သာ ပြင်း လာ၏။ တစ်ဖက်ရှိ ကျား(၂)ကို လှမ်းကြည့်ရာ ဖောင်နှစ်စင်းကြားတွင် မိုးသီးမိုးပေါက်တွေ ကြားခံနေသဖြင့် ဝိုးတိုးဝါးတားသာ မြင်ရတော့သည်။

ဦးထွန်းသောင်းပိုင် မော်တော်က သူတို့ ဖောင်နှစ်စင်းကို လာဆွဲ မခေါ်ခင် မုန်တိုင်းကျမလာပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းနေမိကြ၏။ သူတို့ ဖောင်တွေမှာ မော်တော်အကူ မပါဘဲ ဘယ်မှ မသွားနိုင်။ ရေပေါ် တွင် ဖော့နေရုံက လွဲပြီး မိမိ အစွမ်းအစနှင့်မူ ဘယ်မှ မရွေ့လျားနိုင်၊ အရေးအကြောင်းဆိုလျှင် မိမိရွာရှိရာ ကမ်းခြေဘက်ကို သွားနိုင်ဖို့ မဆို ထားနှင့် အလုပ်အတူ တွဲလုပ်နေကြသော ကျား(၁)၊ ကျား(၂) ဖောင်နှစ် စင်းမှာပင် တစ်စင်းနှင့်တစ်စင်း ပူးကပ်နေနိုင်အောင် မရွေ့လျားနိုင်ကြ။

http://www.cherrythitsar.org



လှေများလို သူတို့မှာ ရွက်တက် အားကိုးစရာ ဆို၍လည်း ဘာတစ်ခုမှ မပါ။ ဦးခေါင်းနှင့်တူသော ဆွဲမော်တော် အလာကိုသာ မျှော်ကိုးပြီး ကနက်တိုင်တစ်ခုပေါ် ၌သာ ရပ်တည်နေကြရလေသည်။

ပင်လယ်ပြင် မုန်တိုင်းကြီးသည် အသည်းထိတ်စရာ ကောင်းလောက်အောင် ပြင်းထန်လာ၏။ မြင်းတစ်ကောင်ကို ဇက်ကြိုးချည်ပြီး အရိုက်ခံနေရသလို အင်္ဂလန် ကျားဖောင်ကြီးသည် လှိုင်းလုံးကြီးများပေါ် ကဆုန်ပေါက် ထခုန်နေ၏။ ဦးမြပ် ပဲ့ထောင်၊ ပဲ့မြပ် ဦးထောင်နှင့် ဆောက်တည်ရာမရ ဖြစ်လာသည်။

လေပြင်းက ဝူးခနဲ ဝူးခနဲ ကျလာရာ လှိုင်းလုံးကြီးတွေမှာ ကျားဖောင်ပေါ် ဝေါခနဲ ဝေါခနဲ တစ်လုံးပြီး တစ်လုံး ပြေးတက်လာသည်။ လူတွေမှာ မတ်တတ်ရပ်၍ပင် မရတော့။ လေနှင့် လှိုင်းထဲ လွင့်ပါသွားမှာစိုးသဖြင့် ရမိရရာ ဆုပ်ကိုင်ထားကြရသည်။

လေပြင်းက အိပ်စင်ခေါင်မိုးတွေကို ရုတ်ခြည်း ခွာယူသွား၏။ ဖောင်ပေါ် တရကြမ်း ပြေးတက်လာသော လှိုင်းလုံးကြီးတွေက အိုးခွက်ပန်းကန်အချို့ကို ဆွဲယူသွားကြသည်။ ဖောင်ပေါ်တွင် လုံး၀ မတ်တတ်ရပ်၍ မရသော လူတွေမှာ လေးဖက်ကုန်းကာ ငါးလှန်းစင်တိုင်တွေနှင့် အိပ်စင်တိုင်တွေကို မြဲမြဲ ဖက်တွယ်ထားကြရသည်။ ထိုအခါ ဖောင်ပေါ် ပြေးတက်လာနေကြသော လှိုင်းလုံးကြီးတွေက လေးဖက်ကုန်းနေကြသော သူတို့အား ဆားငန်ရည်ထဲ နှစ်နှစ်ထားခဲ့ကြ၏။

"ဘာမှ မကြောက်ကြနဲ့၊ မော်တော် ရောက်လာခါနီးပြီ သတိထားကြ" ဟူသော စကားကို ဦးစီးမှူးကြီးက လေးဖက်ကုန်း၍ အော်ဟစ်သတိပေးနေ၏။

လက်ထောက်ဦးစီး သာထွန်းက ခုထိ ရောက်မလာသေးသော ဦးထွန်းသောင်းပိုင် မော်တော်မောင်းသူ ကြည်စိုးကို တဆဲတည်း ဆဲဆိုနေ၏။ အားငယ်တတ်သူ သန်းမြင့်က အော်ငိုနေသည်။ ဘာမဆို ကျိတ်ခံတတ်သူ ဘမောင်ကမူ အံကြိတ်ပြီး သူ့ပါးစပ်ထဲ ဝင်လာသော ဆားငန်ရည်တွေကို တဖွီဖွီ ထွေးထုတ်နေလေသည်။

သူတို့မှာ အားလုံး ဗရုန်းသုန်းကားနှင့် တစ်ချက် တစ်ချက်တွင်

http://www.cherrythitsar.org



တစ်ယောက်နှင့်တစ်ယောက် ဘယ်သူက ဘယ်နေရာမှာ ရှိပြီး ဘယ်သူက ဘယ်မှာ နေရာယူထားသည်ကိုပင် မေ့မေ့သွားတတ်ကြသည်။လှိုင်းလုံးကြီး တစ်လုံး ပြေးတက်လာတိုင်း တစ်ယောက်ယောက်များ ရေထဲမျောပါ သွားလေမလား ဟူသော စိုးရိမ်စိတ်နှင့် ဦးစီးမှူးမှာ တစ်ယောက်စီ၏ နာမည်များကို "သာထွန်း၊ သန်းမြင့်၊ ဘမောင်"ဟု တုန်တုန်ခိုက်ခိုက်နှင့် အော်အော်ခေါ်နေ၏။ ထူးသံမကြားလျှင် အထိတ်တလန့် ထပ်ခေါ်တတ် သည်။ တစ်ယောက် တစ်ယောက် ကြည့်ရန်ပင် အချိန် မပေးနိုင်။ သတိ တစ်ချက် လက်လွှတ်မခံနိုင် ဖြစ်နေကြသည်။

မိမိ တစ်ဖောင်တည်းရှိ လူလေးယောက်မှာပင် တစ်ယောက်ကို တစ်ယောက် အခါခပ်သိမ်း သတိမထားနိုင်ဘဲ ဖြစ်နေကြရာ သူတို့နှင့် အလုပ်အတူ တွဲလုပ်လာကြသော ကျွား(၂)မှ ဦးလှမြင့်၊ ဦးရွှေကျော်၊ ကျော် တင့်၊ စန်းမြင့်တို့မှာ ယခုအခါ သေပြီလား၊ ပျောက်ပြီလားပင် သတိမထား နိုင်ကြတော့။

"ဗျို့ ဦးစိန်အောင်၊ ဦးစိန်အောင်"ဟု မိုးထဲလေထဲ အော်နေသံ လိုလို ကြားရသဖြင့် ဦးစိန်အောင်က "ဗျို့"ဟု တအား အော်ထူးလိုက်၏။

"ဆွဲမော်တော်တွေ လာနေကြပြီတဲ့ဗျို့၊ ဘာမှ အားမငယ်ကြနဲ့၊ အားတင်းထားကြ၊ ရှေ့ဖောင်တွေက မော်တော်စက်သံတွေကို ကြားနေရပြီ တဲ့ဗျို့၊ တစ်ဆင့် တစ်ဆင့် အော်ပြောလိုက်ကြပါဦး၊ ကြားရဲ့လား ကြား လား"

"ကြားတယ်ဗျို့၊ ကြားတယ် ကြားတယ်"

ဦးစိန်အောင်က ဝမ်းသာအားရ ပြန်အော်ပြောလိုက်သည်။ ထိုစဉ် စိတ်အားငယ်တတ်သူ သန်းမြင့်က. . . "ကျွန်တော်တို့ မော်တော်လား ဦးလေး"ဟု ဝမ်းပန်းတသာ ထရပ်လိုက်စဉ် ဖောင်ပေါ် ပြေးတက်လာသော လှိုင်းလုံးကြီးတစ်လုံးက ဆီးရိုက်လိုက်သဖြင့် သန်းမြင့်မှာ ဖောင်ကြမ်းခင်း ပေါ်သို့ ကျွမ်းပြန်လိမ့်ထွက်သွားသည်။ ငါးလှမ်းစင်အနားမှသည် မီးဖို ဆောင်နား ရောက်သွား၏။

"ဟေ့ကောင် သန်းမြင့် မထနဲ့။ ရရာကို မြဲမြဲကိုင်ထားကွ၊ ရရာကို မြဲမြဲကိုင်ထား၊ လုံးဝ လက်မလွှတ်နဲ့၊ လုံးဝ မထနဲ့"

http://www.cherrythitsar.org



သန်းမြင့်၏ အဖြစ်ကို ရိပ်ခနဲ မြင်လိုက်ရသော ဦးစိန်အောင်က အထိတ်တလန့်နှင့် အော်ဟစ် သတိပေးလိုက်သည်။

"ကျွန်. . . ကျွန်တော့်ကို စိတ်ချပါ ဦးလေး၊ ဦးလေးတို့သာ ဖောင်အစမှာ ရောက်နေကြ. . ."

"ခွေးမသား၊ မင်း မင်း သတိထား၊ ဘာလို့ ထရပ်လဲကွ၊ လှိုင်းလုံးနဲ့ ပါသွားလိမ့်မယ်"

ဦးစိန်အောင်၏ ကရုဏာဒေါသနှင့် အော်ဆဲသံ မဆုံးခင်ပင်၊ "မော်တော်တွေ လာနေကြပြီဗျို့၊ ဘာမှ အားမငယ်ကြနဲ့၊ မော်တော်တွေကို ကျုပ်တို့ မြင်နေရပြီ"ဟု ဟိုမှ သည်မှ အော်လိုက်ကြသံတွေက မုန်တိုင်းနှင့်အတူ ပါလာနေကြသည်။

မှန်သည်။ ရေဒီယိုမှ မုန်တိုင်း သတိပေးချက်ကို ကြားကြားချင်း ပိုက်သူကြီးတို့၏ ဆွဲမော်တော်ဆယ်စင်းသည် သူတို့၏ အင်္ဂလန် ကျားဖောင်များရှိရာ ဘင်္ဂလားပင်လယ်အော်ဘက်ကို စက်ကုန်ဖွင့် မောင်းထွက်ကြသည်။ ရင်ပေါင်တန်း မောင်းထွက်လာနေကြသော ဆွဲမော်တော် ဆယ်စင်းကို မြင်နေရသည်မှာ လက်နက် အပြည့်အစုံနှင့် ရန်သူသင်္ဘောများကို တစ်မုဟုတ်ချင်း ချေမှုန်းတိုက်ခိုက်ရန် ပြေးလိုက်လာကြသော စစ်သင်္ဘောများနှင့်ပင် တူနေလေသည်။

အကယ်၍ မိုးသံလေသံနှင့် လှိုင်းသံများသာ ရှိမနေလျှင် မာန်ဖီခုတ်မောင်းလာကြသော ဆွဲမော်တော် ဆယ်စင်းတို့၏ စက်သံတွေမှာ ခွန်အားအပြည့်နှင့် ပင်လယ်ပြင်ထဲ ဆူညံနေကြမည်မှာ မုချပင်။

သို့သော် ယခုတော့ သူတို့ထက် ခွန်အားက အဆအရာ သာသော မုန်တိုင်းကြီးသည် သူတို့ မော်တော်ဆယ်စင်း၏ စက်သံများကို ရယ်မောလှောင်ပြောင်နေသလိုပင် ရှိတော့သည်။

* * *

မွန်းတိမ်းစ အချိန်လောက်တွင် ဆွဲမော်တော်များသည် ကျားပိုက်ကွက်ထဲ ရောက်လာကြသည်။ မိုးသံ လေသံကြားထဲတွင် ဆွဲမော်တော်များနှင့် မော်တော်ပေါ်မှ လူများ၏ သူ့လူ ကိုယ့်လူ အော်ခေါ်သံတွေမှာ ငရဲ

http://www.cherrythitsar.org



ပွက်သလို ဆူညံနေ၏။

မိုးရွာနေသဖြင့် လေးငါးလံ အကွာအဝေးရှိ မိမိတို့ ဖောင်ကိုပင် သဲသဲကွဲကွဲ မမြင်ရဖြစ်ရာ ဖောင်ဦးစီးမှူးတို့၏ နာမည်များကို အော်ခေါ် ကြရသည်။ ဖောင်ပေါ်မှ လူများကလည်း မိမိတို့ မော်တော်မောင်းသူ များ၏ နာမည်ကို တစ်လှည့်တစ်ပြန် အော်ခေါ်၍ မိမိတို့ ရှိရာကို အသံ ပေးနေကြသည်။ မုန်တိုင်းကား ပင်လယ်ပြင်တွင် တိုက်ခတ်ဆဲ။

"ဟေ့ ကြည်စိုး။ ငါတို့ ဒီမှာကွ ဒီမှာ"

"ဦးထွန်းသောင်းဖောင်တွေ ဒီဘက်မှာဗျို့၊ ဒီဘက်မှာ။ ဒီဘက်ကို မောင်းလာပါ"

သူတို့အနားသို့ ဆွဲမော်တော်တစ်စင်း ရောက်လာသဖြင့် ဦးစီးမှူး နှင့်တကွ အားလုံး ဝိုင်းအော်ခေါ်ကြသည်။

ဦးထွန်းသောင်းပိုင်ဖောင်မှန်း သိသွားသောအခါ မော်တော်ပေါ်က ပြန်အော်ပြော၏။

"ကျုပ် နောက်မီးက ဦးမောင်ကလေးဖောင်ကို ရှာနေတာပါဗျို့"

"ဟာ. . . နောက်မီးက ဦးမောင်ကလေးဖောင်ဆို တောင်ဘက် မှာဗျို့၊ တောင်ဘက်မှာ၊ တောင်ဘက်မှာ။ ကျုပ်တို့ ဦးထွန်းသောင်း မော် တော်ကော ပါမလာဘူးလားဗျ၊ ဘာလို့"

"ပါတယ်ဗျို့၊ ပါတယ် ပါတယ်။ ကျုပ်တို့နဲ့ ရှေ့ဆင့် နောက်ဆင့်ပဲ ရောက်လာပါလိမ့်မယ်။ ဦးစီးမှူး ဦးစိန်အောင် ထင်တယ်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ပြောရင်းနှင့်ပင် နောက်မီးက ဦးမောင်ကလေး မော်တော်သည် သူတို့ ကျားပိုက်များ ရှိရာ တောင်ဘက်ပိုက်ကွက်ကို စက်ကုန်ဖွင့် မောင်း သွား၏။

ခဏသာ ကြာ၏။ မော်တော်ပေါ်မှ ပိုက်သူကြီး ဦးထွန်းသောင်း၏ အသံသြောကြီးကို ကြားကြရသည်။

"ဗျို့ ဦးစိန်အောင်၊ ဦးစိန်အောင်"

"ဟာ ပိုက်သူကြီး ကျုပ်တို့ ဒီမှာဗျို့"

ဦးစိန်အောင်က ဝမ်းသာအားရ သူ့ပိုက်သူကြီးကို အော်ပြောလိုက်၏။

http://www.cherrythitsar.org



"ဘာမှ အားမငယ်ကြနဲ့၊ ရေဒီယိုသတင်းကို ကြားကြားချင်း ကျုပ် ကိုယ်တိုင် လိုက်လာတာ"

ဆွဲမော်တော်သည် စက်ရှိန်လျှော့ပြီး ဦးစိန်အောင်တို့ ရှိရာ ကျား (၁)သို့ ကပ်လာသည်။

"ချည်ကြိုးတွေ ဖြုတ်ရအောင် အသင့် လုပ်ထားကြပါဗျို့။ ကြိုးပစ် ပေး၊ ဟေ့ကောင် ဟေ့ကောင် ကြည်စိုး စက်ရှိန်ကို အရမ်း လျှော့မပစ် နဲ့။ စက်ရှိန်ကို မလျှော့နဲ့ဟ"

ပင်လယ် အတွေ့အကြုံ ရင့်ကျက်နေသော ပိုက်သူကြီး၏ အသံ မှာ ဖောင်သမားတွေ အတွက် အားတက်စရာပင်။ မုန်တိုင်းကျနေသော ပင်လယ်ပြင်ထဲ ကိုယ်တိုင်လိုက်ပါလာသော ပိုက်သူကြီးမျိုးမှာ ရှာမှရှားပင်။

"ကြည်စိုး စက်ရှိန် မလျှော့နဲ့။ ဖောင်ကို ပတ်မောင်းပေးပါကွ၊ ဖောင်နားကို မကပ်နဲ့ဦး၊ ကျားက အရမ်း ကဆုန်ပေါက်နေတယ်။ မော် တော်ပါ ဖောင်နဲ့ရိုက်ပါပြီး နစ်ကုန်လိမ့်မယ်။ ခပ်ခွာခွာ မောင်းပေး။ ငါ ဖောင်ပေါ်ကို ကြိုးပစ်ပေးမယ်"

ဦးထွန်းသောင်းသည် ကြိုးခွေကို လက်တစ်ဖက်က ကိုင်ကာ ကျန် လက်တစ်ဖက်နှင့် မော်တော်ထုပ်တန်းကို မြဲမြဲ ဆွဲကိုင်ထားပြီး သူ၏ မော်တော်မောင်းသူ ကြည်စိုးအား တအား အော်ပြောနေ၏။

ထိုသို့ ပြောရင်း သတိပေးရင်းက ဖောင်ပေါ် ကြိုးပစ်ပေးနိုင်ရန် အခွင့်အရေးကိုလည်း မုန်တိုင်းနှင့် ပြိုင်၍ ကြိုးစားနေ၏။

"ဦးထွန်းသောင်း ကနက်တိုင်နဲ့ ဖောင်ကြိုးကို ခုတ်ဖြတ်လိုက်ရ တော့မလား။ ဖောင်က အရမ်း ကဆုန်ပေါက်နေပြီ"

"မဖြတ်နဲ့ဦးဗျို့၊ ဦးစိန်အောင် မဖြတ်နဲ့ဦး။ ကျုပ် ဒီက ပစ်ပေး လိုက်တဲ့ တွဲဆွဲကြိုးကို ရမှ ဖြတ်ပါဗျ။ ကျုပ် ပြောတာ ကြားရဲ့လား"

"ကြားတယ် ကြားတယ်"

"ကြိုးပစ်လိုက်ပြီ၊ ရလား"

"မရသေးဘူးဗျို့၊ မရသေးဘူး"

ဦးထွန်းသောင်း ပစ်လိုက်သော ကြိုးက ဦးစိန်အောင်တို့ ဖောင်ပေါ် ရောက်မလာဘဲ ရေထဲ ကျသွားသည်။

http://www.cherrythitsar.org



"နောက်တစ်ပင် ပစ်မယ်ဗျို့၊ ကြားလား"

"ကြားတယ်၊ ပစ် ပစ်"

"ပစ်လိုက်ပြီ၊ ရလား"

ဝါးပိုး ဝါးလုံးကြီးတွေနှင့် လုပ်ထားသော ဝါးဖောင်မှာ မော်တော်လို ဝမ်းဗိုက်အလုံး မဟုတ်သဖြင့် လှိုင်းလုံးကြီးတွေ ထမ်းမြှောက်လိုက်တိုင်း ကဆုန်ပေါက် ထခုန်နေသည်။ ထို့ကြောင့် တော်တော်နှင့် တွဲကြိုးပစ်မရ။ ဖောင်နှင့် တအား ရိုက်မိလျှင် မော်တော်လေးမှာ နစ်သွားနိုင်သဖြင့် ဖောင်နားကိုလည်း အတင်း ဝင်မကပ်ရဲသေး။

ထိုအချိန်တွင် ဦးလှမြင့်တို့ ကျား(၂)မှလည်း ဦးထွန်းသောင်းနှင့် ကြည်စိုးတို့၏ နာမည်ကို တအား အော်ခေါ်နေကြသည်။ ကျား(၁)ကို ပတ်မောင်းနေသော မော်တော်က ကျား(၂)နားကို ရောက်သွားတိုင်း ဦးထွန်းသောင်းက ပြန်အော်ပြောရ၏။

"ငါ ရောက်နေပြီကွ လှမြင့်၊ မင်းတို့ ဘာမှ အားမငယ်ကြနဲ့။ ကျား(၁)ကို ငါ ဆွဲကြိုးပစ်နေတယ်။ မင်းတို့ ကနက်ကြိုးကို သတိထား၊ ဖြစ်နိုင်ရင် နောက်တစ်ပင် စွပ်ထား၊ မကြာတော့ပါဘူး။ ကျား(၁)မိရင် တို့လာခဲ့မယ်။ လှိုင်းက ပိုကြီးလာတယ်။ ကျား(၂) ကြားလားဟေ့။ ငါ ပြောတာ"

"ကြားတယ်ဗျို့၊ ကြား ကြားတယ်။ မုန်တိုင်းက ပိုထန်လာတယ်။ မြန်မြန် လုပ်ကြပါဗျို့"

"အာ ဒီကောင်တွေ၊ ငါတို့ကလည်း ကစားနေတာမှ မဟုတ်၊ ဟာ"

"သွား သွားပြီဗျို့။ က ကနက်ကြိုး ပြတ်သွားပြီ၊ လုပ်ကြပါဦး"

လေကြမ်းလာသည်ဟု ပြောသော ဦးလှမြင့်တို့၏ ကျား(၂)က ဘာမှမဖြစ်ဘဲ ကျား(၁)က ဦးစိန်အောင်တို့ဖောင်မှာ ကနက်ကြိုး ပြတ်ထွက်သွားလေသည်။

စောစောက ကျား(၁)နှင့် ဆွဲမော်တော်တို့မှာ ခတ်ရန် မာန်ဖီနေကြသော ကျွဲကြီးနှစ်ကောင်ပမာ လှည့်ပတ် ဝင့်နေကြရာမှ ယခုတော့ ကျား (၁)သည် ရုတ်ခြည်း ကနက်ကြိုးပြတ်ပြီး ပင်လယ်လှိုင်းလုံးကြီးပေါ်တွင် ကဆုန်ပေါက် ပါသွားလေသည်။

http://www.cherrythitsar.org



"ဦးစိန်အောင် ကနက်ကြိုး ပြတ်သွားရင် သံကျောက်ကိုက်ပါဗျို့၊ သံကျောက်ဟက်ချပါ။ သတိရရဲ့လား"

ဦးထွန်းသောင်းမှာ လွင့်ပါသွားသော ဖောင်နောက် စက်ကုန် မောင်းလိုက်၍ သတိပေး အော်ဟစ်လာသည်။ လေတအား၊ လှိုင်းတ အားနှင့် ပင်လယ်နက်ဘက် ထွက်ပါသွားသော ဦးစိန်အောင်တို့ဖောင်နှင့် မော်တော်မှာ မိနစ်ပိုင်းအတွင်း အဝေးကြီး ဝေးသွား၏။ အော်၍ ခေါ်၍ပင် ပြန်ထူးသံ မကြားရတော့။

သို့သော် လုံးဝ အားမလျှော့သေးဘဲ ကျား(၁)နောက်ကို လိုက်ကြ ၏။ ဘယ်လိုမှ မော်တော်နှင့် လိုက်မမီတော့။ အထိန်းကြိုး ပြတ်သွားသော ဖောင်သည် လိုက်ရင်း လိုက်ရင်းမှပင် သူတို့၏ မြင်ကွင်းထဲမှ ပျောက် ကွယ်သွားလေသည်။

ကနက်ကြိုး ပြတ်သွားသည်ကို သိသော ဦးစိန်အောင်တို့ကလည်း သံကျောက်ဟက် တစ်လုံးကို ဖောင်ပေါ်က အတင်းဆွဲချကြ၏။ ကြိုးတို နေသဖြင့် ကျောက်ဟက်က မကိုက်ပေ။ အကယ်၍ ကျောက်တစ်လုံးသာ ကိုက်လျှင် လေလှိုင်းတို့၏ ဆွဲခေါ်ရာ ပင်လယ်နက် အနောက်ဘက်ထဲ ဘယ်လိုမှ လွင့်ပါမသွားနိုင်။ သူတို့မှာ နောက်ထပ် ပြုံးသား ကျောက်ဟက် တစ်လုံးလည်း အပိုပါသေးလေသည်။

သို့သော် ကျောက်မကိုက်သဖြင့် ကြိုးဆက်ချရန် ကြိုးစားကြရင်း ကပင် သူတို့ မြင်ကွင်းထဲမှ ပိုက်သူကြီး ဦးထွန်းသောင်း၏ မော်တော်မှာ ပျောက်ခြင်းမလှ ပျောက်ကျန်ရစ်ခဲ့လေသည်။ သူတို့ဖောင်မှာ မုန်တိုင်းကြီး ၏ လှိုင်းလုံးကြီးတွေကို တစ်လုံးပြီး တစ်လုံး ဆက်စီးကာ ပင်လယ်နက်ဆီ သို့သာ ဆောက်တည်ရာမရ မျောပါလျက် ရှိလေသည်။

* * *

"ဦးလေးသာထွန်း၊ ခုဆို ဆွဲမော်တော်ကိုလည်း မမြင်ရတော့ဘူး။ ကျွန်တော်တို့ ဘယ့်နှယ်လုပ်ကြမလဲဟင်"

တုန်တုန်ခိုက်ခိုက်နှင့် သန်းမြင့်က လက်ထောက်ဦးစီးမှူး သာထွန်း ကို မေး၏။

http://www.cherrythitsar.org



"ဟေ့ကောင်၊ ငါတို့ ကနက်ကြိုး ပြတ်ပြီး ပင်လယ်ထဲ မျောပါသွားတာ ဦးထွန်းသောင်းကိုယ်တိုင် မြင်လိုက်တာပဲကွာ။ လိုက်လာမှာပေါ့။ မင်း ဒီလောက်ထိ ကြောက်မနေစမ်းပါနဲ့၊ ပင်လယ်ထဲ တစ်ခါမှ မလိုက်ဖူးဘူးတဲ့ ဘမောင်တောင် ဘာမှ မဖြစ်သေး. . ."

"ဟာ. . . ဦးလေး သာထွန်းကလည်း အဲဒီလိုတော့ ရမ်းမပြောနဲ့လေဗျာ။ ကျွန်တော် ဘယ့်နှယ် မဖြစ်ရမလဲ။ ခု အရမ်း ဗိုက်ဆာနေပြီဗျ"

ဘမောင်၏ စကားကို ဦးစီးမှူးကြီး ဦးစိန်အောင်က မချိသွားဖြဲပြုံး၏။

ဘမောင်၏ သတ္တိကိုတော့ သူ သဘောကျသည်။ မုန်တိုင်းကျနေချိန်ကလည်း ဘမောင်သည် ကယ်ပါ၊ ယူပါ တစ်ခွန်း မအော်။ အံကြိတ်၍သာ ခံနေ၏။ ဘမောင်၏ အသွင်ကို ကြည့်ရသည်မှာ ပင်လယ်ပြင်ထဲ တစ်ခါမျှ မရောက်ဖူးဘူးသေးသူနှင့်ပင် မတူ။ အခက်အခဲတွေကို ကြုံတင်တွေးတောသော လူတစ်ယောက်ကဲ့သို့ များစွာ တုန်လှုပ်ချောက်ချားမှု မရှိခဲ့။

ယခုလည်း သာထွန်းက သူ့နာမည် ထည့်ပြောတော့မှ သူက အမှန်အတိုင်း ပြော၏။ သို့သော် ဘမောင် အမှန်အတိုင်း ပြောလိုက်သောစကားမှာ အားငယ်နေကြသူများအား အရွှန်းဖောက်သလိုပင် ဖြစ်သွား၏။ သေရေးရှင်ရေး၌ ထမင်းဆာကြောင်း ပြောလိုက်ခြင်းမှာ ရယ်စရာသာ။

လှိုင်းလေတို့ ငြိမ်သလို ဖြစ်သွားသည်။ သို့သော် အပြောကျယ်လှသော ပင်လယ်ပြင်ထဲတွင် မျောပါနေသော သူတို့ဖောင်မှာ ဘယ်သောင်ဘယ်ကမ်း ဆိုက်ကြရမှန်း မသိသေး။ ဦးထွန်းသောင်း၏ ဆွဲမော်တော်မှာ သူတို့နောက် လိုက်လာပြီး ဧကန်ဧကေ ရှာနေမည် ဖြစ်သော်လည်း ဤမျှအပြောကျယ်လှသော ဘင်္ဂလားပင်လယ်အော်ထဲတွင် ဘယ်ဆီ ဘယ်စခန်း သွားရှာနေသည် မသိ။ ယခုထိ အရိပ်အယောင် မမြင်ကြရသေး။ ကောင်းကင်တစ်ခွင် တစ်ပြင်လုံးမှာလည်း မိုးသားတိမ်လိပ်တွေ ပိန်းပိတ်နေသေးသဖြင့် အချိန်ကာလကို မှန်းဆကာ နေဝင်ခါနီးနေပြီဟုသာ ထင်ရသည်။ ပင်လယ်ပြင်တွင် အလင်းရောင်တော့ ရှိနေသေး၏။ ယခု အချိန်သာ ဆွဲမော်တော် လိုက်လာလျှင်တော့ သူတို့ဖောင်ကို မြင်သာ ထင်သာ

http://www.cherrythitsar.org



ရှိနိုင်သေးလေသည်။

ဘမောင်၏ အရမ်းဗိုက်ဆာနေပြီ ဟူသော စကားက အားလုံး၏ ဆာလောင်မွတ်သိပ်နေမှုကို သတိရစေသည်။ ထို့ကြောင့် ညမနက်စာ ချက်ထားသော ထမင်းအိုး၊ ဟင်းအိုးများကို ဖောင်ပေါ်၌ လိုက်ရှာကြ၏။

ညမနက်စာ ချက်ထားသော ထမင်းအိုးကြီးကို ကံကောင်းထောက်မစွာ အိပ်စင်အောက်မှာ မဖိတ်မစဉ်ဘဲ မှောက်လျက် တွေ့ရ၏။ ဟင်းအိုး နှစ်လုံးကတော့ တစ်လုံးမျှ ရှာမရတော့။ ထို့ကြောင့် ဆန်ထမင်းကို ဆား ဟင်းနှင့် လွေးရန် ဆားအိုးရှာကြရာ တွေ့တော့တွေ့၏။ သို့သော် ဆားတွေမှာ ပင်လယ်ဆားငန်ရေ ဝင်၍ အကုန်ပျော်နေလေပြီ။ သို့သော် ထို ဆားငန်ရေကိုပင် သူတို့မှာ ဟင်းအမှတ်နှင့် ဆမ်းစားကြရလေသည်။

ဦးဆုံး ထမင်းဝသွားသော ဘမောင်က သစ်သားရေစည်များ ရှိရာ ထသွားသည်။ သောက်ရေခွက်ကို ကိုင်လျက်က "ဟာ ဦးလေးစိန်၊ မုန်တိုင်းကျတုန်းက သောက်ရေစည်တွေပေါ် သန်းမြင့် ကြောက်သေးပါချ ထားလို့ ရေချိုတွေ အကုန် မချို မငန်တွေ ဖြစ်ကုန်ပြီဗျ"ဟု လှမ်းပြော၏။

ဘမောင် တမင် နောက်နေမှန်း သိသော ဦးစိန်အောင်က. . .

"မင်း သန်းမြင့် သေးရေသောက်ရတာတောင် ကံကောင်းတယ် မှတ်ကွ။ လေရိုပ်မိုးရိပ် ဆင်ကတည်းက သောက်ရေစည်တွေကိုသာ ငါ ကြိုးချည်မထားမိရင် မင်းတို့ ဆားငန်ပဲ သောက်ကြရမယ်"ဟု ပြောလိုက်၏။

ရေငန်တွေ ဝင်သွား၍ ရေချို မဟုတ်၊ ရေငန် မဟုတ်ဘဲ ပြာတာတာ ဖြစ်နေသော ရေစည်တွေကို ကြည့်ကာ ဘမောင်က မဲ့တစ်ဝက် ပြုံးတစ်ဝက် ဖြစ်နေ၏။

သူတို့ ထမင်းစားပြီးစ အချိန်မှာ အလင်းရောင် ကွယ်ပျောက်သွားသည်။ ဦးစီးမှူး ဦးစိန်အောင်က ဘက်ထရီအိုး နှစ်လုံးကို လိုက်ရှာပြီး ပြုပြင်နေသည်။ ရေဝင်သွားသော ဘက်ထရီအိုး နှစ်လုံးမှာ ဘယ်လိုမှ မီးထွန်း၍ မရတော့။

အရေးပေါ် အချက်ပြ ဖန်မီးအိမ်လေးကို လိုက်ရှာကြ၏။ မီးဖို ဆောင်ထောင့်တွင် တွေ့ရသည်။ အကောင်းပကတိတော့ မဟုတ်တော့၊

http://www.cherrythitsar.org



ပြောင်းအပေါ်ပိုင်းမှာ မုန်တိုင်းကျစဉ်က တစ်စုံတစ်ခုနှင့် ခိုက်မိ၍ ကျိုးနေ၏။ သို့သော် မီးထွန်း၍ ရသေးသဖြင့် တော်သေးသည်။

ပင်လယ်ပြင်တွင် အမှောင်ကြီး မှောင်လာ၏။ မိုးပေါ်တွင် မိုးသားတိမ်တိုက်တွေ ပိတ်ဖုံးနေသဖြင့် ရေရောင်မှာလည်း အလင်းတန်း လှိုင်းလိပ်များ ကွယ်ပျောက်နေလေသည်။ ဦးစိန်အောင်တို့ ကျား(၁)မှာ ဖန်မီးအိမ်ကလေး တစ်လုံးနှင့် ပင်လယ်ထဲတွင် မျောလျက်။

* * *

အကယ်၍သာ မိုးကောင်းကင်ကြီးက ဤသို့ မှောင်မည်းမနေလျှင် ကြယ်ရောင်များသည် ပင်လယ်ရေပြင်ကို ရောင်ပြန်ဟပ်ကာ အလင်းမှုန်မှုန်ပျပျကို မြင်နေရမည်။ သို့သော် ယခုတော့ ကောင်းကင်ဝဠာထက်မှ မိုးရိပ်တိမ်လိပ်တွေကြောင့် ကြယ်ရောင်ကို လုံးဝ မမြင်ရ။ ရေရောင်ဆိုသည်မှာလည်း ဝေလာဝေးပင်။

အမှောင်သည် အပြောကျယ်လှသော ဘင်္ဂလားပင်လယ်ပြင် တစ်ခုလုံးကို စိုးမိုး မင်းမူလျက် ရှိလေသည်။ ကနက်ကြိုးပြတ်၍ ပင်လယ်ထဲ မျောပါနေသော ကျား(၁)မှာ လှိုင်းလုံးကြီးများပေါ်တွင် တအိအိ မျောပါလျက် ရှိလေသည်။

သူတို့အားလုံးသည် သက်ကြီးခေါင်းချချိန်လောက်၌ အိပ်စင်ပေါ် တက်ကြ၏။ အိပ်မပျော်သော်လည်း အားလုံး တုံးလုံးပက်လက် လဲလျောင်း မှိန်းနေကြ၏။ အိပ်စင်အမိုးမှာ နေ့လယ်က မုန်တိုင်းကြီး ဆွဲခွာ ဆုတ်ယူသွားသဖြင့် အပေါက်အပြဲတွေနှင့် ဖွာဆန်ကြဲနေလေသည်။

ထိုသို့ မှိန်းနေကြစဉ် လေပြင်းကျလာသံလိုလို၊ မိုးချုန်းသံလိုလို အသံတစ်ခုကို ကြားလိုက်ရသဖြင့် အားလုံး အထိတ်တလန့်နှင့် မျက်စိဖွင့်ကြည့်ကြသည်။

"ဟာ ဦး ဦးလေးစိန်၊ ဘာကြီးလဲဗျ၊ ဘာကြီးလဲ"

လက်ထောက်ဦးစီး သာထွန်းက အလျင် အော်ပြောလိုက်သည်။

ဦးစီးမှူး ဦးစိန်အောင်က "ဘာလဲကွ၊ ဘယ်မှာလဲ"ဟု ထပ်မေးလိုက်၏။

http://www.cherrythitsar.org



ဦးစိန်အောင်၏ စကား မဆုံးခင်ပင် ကြောက်တတ်သူ သန်းမြင့်က "ဟုတ်တယ်ဗျ၊ သ သရဲ သရဲ"ဟု အသံနက်ကြီးနှင့် အော်လိုက်၏။

အားလုံးမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြသည်။

သပိတ်လုံး ပမာခန့်ရှိသော မီးလုံးကြီးတစ်လုံးသည် ငါးလှန်းစင်ပေါ်ရှိ တိုင်တစ်တိုင်၏ ထိပ်ပေါ်တွင် လာကပ်နေသည်။

"ဟင် ဦးလေးစိန် သရဲကြီးဗျ သရဲ. . . "

"မင်းအဘ သရဲရမလား၊ ဒါ ပင်လယ်စုန်းကွ၊ ပင်လယ်စုန်းမီး၊ ဘာမှ ကြောက်စရာ မလိုဘူး"

ဘမောင်က သန်းမြင့်ကို အော်ငေါက်ပစ်လိုက်မှ ဦးစီးမှူး ဦးစိန်အောင်ကလည်း ယခင်က နောင်တော့် နောင်တော်များ ပြောပြဖူးသော ပင်လယ်စုန်းအကြောင်း အတွေးရောက်သွားသည်။

ပင်လယ်စုန်းမီးများသည် ပင်လယ်သွားလှေများပေါ်ကို ဤသို့ပင် စွဲကပ်ကျရောက်တတ်သည်ဟု ဆိုသည်။ စွဲကပ်တတ်သည့် မီးလုံးများမှာ အရွယ်အစား ပမာဏချင်း မတူကြပေ။ ကြယ်တံခွန်ပမာဏ၊ သပိတ်လုံးပမာဏ၊ ခြင်းတောင်းကြီး ပမာဏ ရှိတတ်ကြသည်ဟု ဆိုသည်။

ပထမဦးစွာ မီးတစ်လုံး စွဲကပ်လာသည်နှင့် တစ်ပြိုင်နက် လှေဆိုလျှင် ရွက်များကို ရုပ်သိမ်းပြီး၊ လှေဦးနှင့် ရွက်တိုင်အရင်းကို ကျင်ငယ်ရေနှင့် ပန်းခြင်း၊ ယောက်မနှင့် လက်ပြန်ရိုက်ခြင်း၊ ကျောက်ဖရုံသီးကို ဓားနှင့် လက်ပြန်ပိုင်းဖြတ်ခြင်း၊ စလောင်းဖုံး နှစ်ချပ်ကို လင်းကွင်းကဲ့သို့ တီးခြင်း၊ ငါးပိနှင့် ငရုတ်သီးခြောက်များကို ရွက်တိုင်ရင်း၌ မီးဖုတ်ပြီး အငွေ့လွှတ်ခြင်း စသည်တို့ကို ပြုလုပ်ကြရသည် ဆို၏။

ယခု သူတို့မှာ ကျောက်ဖရုံသီးလည်း မပါ။ မီးဖိုလည်း မရှိသဖြင့် ငါးလှန်းစင်တိုင်သို့ သေးပန်းကြရသည်။ သာထွန်းနှင့် သန်းမြင့်တို့မှာ အကြောက်လွန်ပြီး သေးထွက်မလာကြ။ ထိုအခါ ဘမောင်နှင့် ဦးစိန်အောင်တို့မှာ မီးစုန်း လာစွဲနေသော ငါးလှန်းစင်တိုင်ကို သေးပန်းခြင်း၊ ပန်းကန်ပြားနှစ်ချပ်ကို လင်းကွင်းတီးခြင်းများ ပြုလုပ်ကြသည်။

သို့သော် ငါးလှန်းစင် တိုင်ထိပ်တွင် စွဲကပ်နေသော မီးစုန်းမှာ ကွယ်ပျောက်မသွား။ တစ်တိုင်မှ တစ်တိုင်သို့ ခုန်ကူးသွား၏။ ထိုအခါ

http://www.cherrythitsar.org



ဦးစိန်အောင်က ထိုးဝါးတစ်လုံးနှင့် ထိုမီးစုန်းကို တအား ရိုက်ချလိုက်သည်။

ဦးစိန်အောင် ရိုက်ချလိုက်မှ မီးလုံးသည် တစ်လုံးက နှစ်လုံး ဖြစ်သွားပြီး ငါးလှန်းစင်တိုင်တွေပေါ် ခုန်ဆွ ခုန်ဆွနှင့် လျှောက်ပြေးနေကြ၏။ ထိုအခါ ကြောက်တတ်သူ သန်းမြင့်က "သရဲမီးဗျ၊ သရဲမီး၊ လုပ်ကြပါဦး" ဟု ငယ်သံပါအောင် အော်ဟစ်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်။

မကြောက်တတ်သူ ဘမောင်ကမူ ဦးစိန်အောင်လုပ်သလို ထိုးဝါးတစ်လုံးနှင့် ငါးလှန်းစင်ပေါ်တွင် ခုန်ဆွ ခုန်ဆွ လျှောက်ပြေးနေသော မီးလုံးနှစ်လုံးကို လိုက်ရိုက်ချနေ၏။ မီးလုံး၏ အရောင်မှာ မီးကျီးခဲလို ရဲရဲ နီမနေပေ။ မာကြူရီမီးလုံးလို စိမ်းပြာနေ၏။ ထို့ကြောင့်လည်း ဦးစိန်အောင်က "မင်းကလည်းကွာ၊ သရဲမီးရမလားကွ၊ ဒါ ပင်လယ်စုန်းပါဆို၊ သရဲမီးဆို ရဲရဲနီနေမှာပေါ့ကွ၊ ဟော့ကောင် လိုက်ရိုက်ပါဆိုနေ ဘာလုပ်နေလဲ"ဟု သာထွန်းနှင့် သန်းမြင့်ကို တဆဲတည်း ဆဲရင်း ပင်လယ်မီးစုန်းတွေကို ငါးလှန်းစင်ပေါ်က ရိုက်ချနေ၏။

ဦးစိန်အောင်နှင့် သူတို့က လိုက်ရိုက်နေကြသည့်ကြားထဲ ပျောက်ကွယ်မသွားဘဲ တစ်လုံးက နှစ်လုံး၊ နှစ်လုံးက သုံးလုံး ဖြစ်လာသောအခါ ဘမောင်လည်း ထိတ်လန့်လာသည်။ သန်းမြင့်ပြောသလို သရဲမီးများ ဖြစ်နေရော့လားဟုလည်း ချောက်ချားလာ၏။

သူ၏ ကြားဖူးနားဝအရဆိုလျှင် ပင်လယ်ပြင်၌ သွားလာနေကြသော စက်လှေများပေါ် ဤသို့ ပင်လယ်မီးစုန်းများ ကျလာပြီဆိုလျှင် လူတွေမှာ အားလုံး အကျီချွတ်ပြီး လက်မောင်းနှစ်ဖက်စလုံး ထုံးဖြူ သုတ်ထားရသည် ဆို၏။ ယင်းသို့ ထုံးဖြူသုတ်ထားရခြင်းမှာ မီးစုန်းကျချိန်၌ နာနာဘာဝများသည် လှေပေါ်ကို လူယောင်ဆောင်ကာ တက်လာကြသည်။ ထိုသို့ တက်လာသော နာနာဘာဝများကို ဓားနှင့် ခုတ်ချကြရသည်။ ထုံးဖြူသုတ်၍ အမှတ်အသား လုပ်ထားခြင်းမှာ နာနာဘာဝနှင့် လူမမှားအောင် ဖြစ်သည်ဟု ဆို၏။

ယခု သူတို့မှာ ထုံးလည်း မပါ။ မည်သို့ လုပ်ရမည်နည်း။ ဤ

http://www.cherrythitsar.org



အတွေးကြောင့်ပင် ဘမောင်သည် အိပ်စင်အောက်တွင် ထိုးထားသော ငါးခွဲဓားကို ပြေးယူသည်။

“ဟော့ ဟော့ကောင်၊ မင်းဓား ဘာလုပ်မှာလဲ၊ မီးစုန်းတွေကို ဝါးလုံးနဲ့ ရိုက်ချပါ ပြောနေ မကြားဘူးလား”

“လှေ့ လှေ့၊ အဲ ဖောင်ပေါ်ကို ဟို ဟိုအကောင်တွေ တက်လာရင် ခုတ်ချမလို့ ဦးလေးစိန်၊ ဓားနဲ့ ခုတ်ချမလို့”

ဦးစိန်အောင်၏ စကားကို ဘမောင်က ပြန်အော်ပြောလိုက်၏။

ဘမောင်၏ စကားကြောင့် ဦးစိန်အောင်နှင့်အတူ မီးစုန်းလုံးတွေကို လိုက်ရိုက်နေကြသော သာထွန်းနှင့် သန်းမြင့်တို့က “ဟင် ဘမောင်၊ ဘာကောင်တွေ့လဲကွ၊ ဘာကောင်တွေ မြင်လဲ၊ ဟီး ဟီး ဘယ်မှာလဲဟင်၊ ဘယ်မှာလဲ”ဟု အော်ကာ မီးစုန်းတွေကို ရိုက်နေရာမှ ဖောင်ဦးဘက် ဘမောင်ရှိရာသို့ ပြေးကြသည်။

“ဘမောင် ခွေးမသား၊ မင်းပါးစပ် ပိတ်ထားစမ်း”

ဦးစိန်အောင်က လှမ်းဆဲမှ ဘမောင်ကလည်း သာထွန်းနှင့် သန်းမြင့်တို့၏ သည်းခြေငယ်တတ်ပုံကို သတိရသွားကာ “ဘာကောင်တွေရမလဲဗျ၊ မီးစုန်းတွေလေ၊ တုတ်နဲ့ ရိုက်လို့မရရင် ကျုပ်ဓားနဲ့ ခုတ်မလို့ ဖယ်ကြစမ်း”ဟု အော်ပြီး မီးစုန်းကပ်နေသော ငါးလှန်းစင်တိုင်တစ်တိုင်ကို တစ်ချက်တည်း ခုတ်ဖြတ်လိုက်၏။

ဘမောင်ဓားနှင့် ခုတ်ဖြတ်လိုက်သောအခါ တိုင်ထိပ်တွင် စွဲကပ်နေသော မီးစုန်းတစ်လုံးမှာ တိုင်နှင့်အတူ ရေထဲကျသွား၏။ ထိုအခါ မိုးချုန်းသံလို အသံတစ်ခု မြည်ဟိန်းသွားပြီး မီးစုန်းမှာ ချက်ချင်း ပျောက်ကွယ်သွားလေသည်။

“သွားပြီ သွားပြီ”ဟု ဘမောင်က ကြုံးဝါး အော်ဟစ်လိုက်စဉ် သာထွန်း ရိုက်လိုက်သော မီးစုန်းမှာ သာထွန်း၏ ထိုးဝါးပေါ် ကပ်ပါလာပြီး အပေါ်မှ အောက်သို့ လျှောဆင်းလာ၏။ ထိုအခါ သာထွန်းမှာ ထိုးဝါးကို ပစ်ချလိုက်ပြီး “မီးဗျ၊ မီး မီး သရဲမီး”ဟု အော်ငို ထွက်ပြေးသည်။

သာထွန်း ပစ်ချထားသော ဝါးလုံးမှာ မီးစွဲပြီး မီးချောင်းရှည် တစ်ချောင်းလို ဖြစ်သွားသည်။ သို့သော် ထူးခြားသည်မှာ ထိုမီးချောင်းလို ဖြစ်

http://www.cherrythitsar.org



သွားသော ဝါးလုံးမှာ တခြား ဘာကိုမှ မီးမကူးဘဲ စိမ်းစိမ်းပြာပြာ အရောင် တွေသာ ထွက်နေသည်။ မီးရောင်မှာလည်း ပိုးစုန်းကြူးကောင်၏ အရောင် လို စိမ်းပြာလာ၏။

"ခွေးမသား"ဟု ဆဲပြီး ဦးစိန်အောင်က ပြေးလာကာ သာထွန်း ပစ်ချထားသော ထိုးဝါးလုံးနှင့် ကလော်ကာ ရေထဲပစ်ချလိုက်၏။

ထိုအချိန်မှာပင် ဘမောင်သည် မီးစုန်းကြီးတစ်လုံး စွဲကပ်နေသော အိပ်စင်နားက ဝါးလုံးတစ်လုံးကို ပြေးခုတ်လိုက်၏။ သန်းမြင့်ကလည်း ဘမောင်နည်းတူ နောက်မီးစုန်းတစ်လုံးကို ထိတ်ထိတ်လန့်လန့်နှင့် ရိုက်ချ နေ၏။ သန်းမြင့်ရိုက်ချလိုက်သော မီးစုန်းမှာ ဦးစိန်အောင်နားရှိ ဝါးလုံး တစ်လုံး၏ ထိပ်ပေါ် ရောက်သွားပြန်သည်။ ဦးစိန်အောင်ကလည်း ချက် ချင်းပင် ထိုးဝါးလုံးကို ပိုးခနဲ ဆွဲယမ်းကာ ရိုက်ချလိုက်သည်။ ထိုအခါ မီးစုန်းမှာ အလုံးသဏ္ဌာန်ပျောက်ပြီး စောစောက သာထွန်း ထိုးဝါးလို မီးချောင်း ဖြစ်သွားသည်။ ထိုမီးချောင်းဝါးလုံးကို ဦးစိန်အောင်က ပင်လယ် ရေထဲ ရုတ်ခြည်း ပစ်ချလိုက်၏။ အသံနက်ကြီး တစ်သံနှင့်အတူ ပျောက် ကွယ်သွားသည်။

"ဦး ဦး လေးစိန်၊ လောင်လား၊ ပူလားဗျ"

"မပူဘူးကွ၊ လောင်လည်း မလောင်ဘူး"

ဘမောင်၏ အမေးကို ဦးစိန်အောင်မှာ အလျင်စလို ဖြေပြီး ဖောင် ပေါ်၌ နောက်ထပ် မီးလုံး မီးစုန်းတွေ စွဲကပ်နေလျှင် ရိုက်ခတ်ချရန် ရှာ ကြည့်၏။ မီးစုန်းများကား တစ်လုံးမျှ မရှိတော့။

သက်မချပြီး ထီးထီးမည်းမည်း ရပ်နေကြသော သူ့လူများကို "သာ ထွန်း၊ သန်းမြင့်၊ ဘမောင်"ဟု အော်ခေါ်ကြည့်သည်။ "ရှိပါတယ် ဦးလေး စိန်"ဟူသော ထူးသံတွေကို ကြားရမှ ဦးစိန်အောင်က ထပ်၍ သက်ပြင်းချ ၏။

"လာကြ လာကြ"ဟု ပြောပြီး အလင်းရောင်ဆို၍ ပြောင်းကျိုး ဖန်မီးအိမ်တစ်လုံးသာ ရှိသော နေရာနားတွင် သူတို့ စုလိုက်ကြသည်။ အားလုံးမှာ ချွေးသံရွှဲရွှဲတွေနှင့် ဟောဟဲ ဟောဟဲ ဖြစ်ကာ အမောဆိုက်နေ ကြ၏။

http://www.cherrythitsar.org



"ငါတို့ ဘယ်သူမှ အထိအရှ မရှိကြပါဘူးနော်"

"မရှိကြပါဘူး ဦးလေးစိန်"ဟု ဘမောင်က ပြန်ပြောလိုက်စဉ် သန်းမြင့်က ဆတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်၏။

"ဘာဖြစ်တာလဲကွ၊ ဘာလဲ"

"ကျွန်တော့်နားထဲ တစ်ခုခု ကြားမိလိုက်သလိုပဲ"

"ဟေ"ဟု ပြိုင်တူ အသံထွက်သွားကြကာ အားလုံး ကျောချင်း ကပ်ထားလိုက်ကြသည်။

အမှောင်ထဲတွင် ဟိုဟိုသည်သည် ကြည့်ကြ၏။ ဘာမှ မမြင်ကြရ။

"သန်းမြင့် မင်းတော့ကွာ၊ ပြဿနာပဲ။ ဒီလောက်ထိ ကြောက်ရလားကွ၊ ယောက်ျားပဲ။ သေတစ်နေ့ မွေးတစ်နေ့ပေါ့။ ဒီမှာ ငါပြောမယ်၊ ခုနက အဖြစ်အပျက်တွေဟာ ပင်လယ်မီးစုန်း ကျတာပဲ။ ဘာမှ ကြောက်စရာမလိုဘူး။ အချိန်ကျရင် သူ့ဘာသာသူလည်း ပျောက်သွားတတ်တာပဲ။ နောက်ထပ် တို့ ဘာမှ မဖြစ်တော့ဘူး။ စိတ်ချ"

ဦးစိန်အောင်၏ စကားကို မည်သူကမျှ တစ်ခွန်းတစ်စ ပြန်မပြောကြ။ အားလုံး ဦးစိန်အောင်၏ မျက်နှာကိုသာ ငေးကြည့်နေကြသည်။

ဦးစိန်အောင် ဆေးလိပ်သောက်သောအခါ အားလုံး အမောပြေ ဆေးလိပ်သောက်ကြသည်။

"မှောင်လိုက်တာဗျာ။ ပင်လယ်ပြင်မှာ ဒီလောက်မှောင်တာ တစ်ခါမှ မတွေ့ဖူး မကြုံဖူးဘူး။ ပင်လယ်စုန်းကျမှာမို့ မှောင်. . ."

"ခင်ဗျားက ခုမှ မှောင်တယ်လုပ်မနေစမ်းပါနဲ့။ မှောင်မှန်းသိရဲ့သားနဲ့ စောစောက မီးချောင်းဝါးလုံးတွေကို ဘာဖြစ်လို့ ခင်ဗျားတို့ ပင်လယ်ထဲ ပစ်ချလိုက်ကြတာလဲ။ ဒီအတိုင်း ထားလိုက်ရင် ခုလောက်ဆို တစ်ဖောင်လုံး ထိန်ထိန်လင်းနေပြီ။ ထွန်းမရတဲ့ ဘက်ထရီမီးချောင်းတွေထက် အများကြီး လင်းတာ။ ကျုပ်မှာဖြင့် ရေထဲကျသွားတဲ့ မီးချောင်းတွေ နှမြော. . ."

"ခွေးကောင်လေး၊ မင်းပါးစပ်ကလည်း တော်စမ်းကွာ"

အကြောက်အလန့်မရှိသူ ဘမောင်၏ အသောအရွှန်းစကားကို ဤတစ်ခါတော့ မည်သူမျှ မပြုံး မရယ်နိုင်ကြ။ စကားလွန်မှာစိုး၍ ဦးစိန်

http://www.cherrythitsar.org



အောင်ကပါ ဟန့်တားသည်။ ဘမောင်ကလွဲလျှင် အားလုံးမှာ ပင်လယ်ပြင်၏ အစွဲအလမ်းများကို ယုံကြည်ကြသူချည်း ဖြစ်၏။ ဘမောင်ကမူ ပင်လယ်သွား ပင်လယ်ပျော်တို့၏ ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါပင် ကြုံဖူး တွေ့ဖူးကြခြင်း မရှိခဲ့သော အဖြစ်အပျက်များနှင့် ကြုံလိုက်ရသော်လည်း ကြောက်ရလန့်ရမှန်း သိပုံမရသေး။ ထို့ကြောင့်လည်း ဦးစီးမှူးဦးစိန်အောင်အား ဘမောင်က စကားဆက်ပြန်သည်။

"ဦးလေးစိန်၊ အရင့်အရင်က ဦးလေး ဒီလို ပင်လယ်စုန်းကျတာနဲ့ ကြုံဖူး တွေ့ဖူးလားဟင်"

"ဘယ်ကလာ တွေ့ဖူး ကြုံဖူးပါ့မလဲ ငါ့တူရာ။ ဦးလေးတစ်သက်မှာ ဒီတစ်ခါ ပထမဦးဆုံးပဲ"

"ဟုတ်ကဲ့ ကျွန်တော်တော့ တစ်ခေါက်တည်းနဲ့ကို ကြုံလိုက်ရတာ သိပ်ကံကောင်းတယ်လို့ ပြောရမှာပဲ"

ဘမောင်၏ စကားကို သန်းမြင့်နှင့် သာထွန်းတို့က 'မျက်ကန်းတစ္ဆေ မကြောက်ဆိုတာ ဘမောင်လို အကောင်မျိုးပါလား'ဟု စိတ်ထဲက မှတ်ချက်ချနေကြ၏။

"ဦးလေးစိန် ဒီပင်လယ်မီးစုန်းတွေဟာ ဘာကြောင့် ဖြစ်တယ်လို့ ထင်လဲဗျ"

"မင်းကလည်း ငါ ဘယ်သိမလဲ"

"ကျွန်တော့်အထင် ပြောရရင်တော့ ပင်လယ်မီးစုန်းတွေဟာ ပင်လယ်ပြင် လျှပ်စစ်မိုးကြိုးကြောင့် ဖြစ်တာလို့ ထင်တယ်"

"ဘယ်လို ပင်လယ်ပြင် လျှပ်စစ်မိုးကြိုးလဲကွ"

"ဒီလိုလေ ဦးလေးစိန်၊ ကျွန်တော်တို့ ကုန်းပေါ်မှာ မိုးကြိုးပစ်တာ ဦးလေးစိန် မြင်ဖူးမှာပေါ့။ သစ်ပင်တွေ လောင်မီးကျသွားတာ၊ မိုးကြိုးပစ်ခံရလို့ တချို့ သစ်ပင်တွေဆိုရင် ပင်စည်ကိုရှပ်ပြီး မိုးကြိုးသွား လှည့်ပတ်ဝင်သွားလို့ သစ်ပင်ခွဲတွေ ကွာကျပြီး မြေကြီးထဲ ဝင်သွားတာ ဦးလေးတို့ မြင်ဖူးမှာပေါ့"

"အေး မြင်ဖူးတာပေါ့ကွာ။ တို့ရွာထိပ်မှာတောင် တစ်ပင်ရှိတယ်။ ဟက်တက်ကြီး ကွဲပြီး သေနေတာ။ မိုးကြိုးသွားက စားသွားတာလေ"

http://www.cherrythitsar.org



“မိုးကြိုးပစ်တယ်ဆိုတာ ဒီလိုတဲ့ဗျ ဦးလေးစိန်”

“အင်း ပြောပါဦးကွ”

“အပူနဲ့ အအေးဓာတ် ပဋိပက္ခဖြစ်တာ၊ တစ်နည်းပြောရရင် အဖိုဓာတ်နဲ့ အမဓာတ် ပေါင်းစပ်ပြီး လျှပ်စစ်ဖြစ်လာတာ၊ အရည်ကနေ အေးခဲပြီး အစိုင်အခဲ မိုးကြိုးသွား ဖြစ်လာတာ။ ကျွန်တော်တို့လည်း ကုန်းပေါ်မှာဆို အမြင့်ဆုံးနေရာတွေကို မိုးကြိုးပစ်တတ်တယ်တဲ့။ အဲဒါကြောင့် လျှပ်စစ်လက်နေတဲ့ အချိန်မှာ ကွင်းပြင်ထဲတို့ ဘာတို့မှာ ထီးဆောင်းမသွားဖို့ သတိပေးကြတယ်လေ၊ နိုင်ငံခြားမှာ. . .”

စကားရပ်ပြီး ဘမောင် ဆေးလိပ်မီးညှိနေစဉ် သာထွန်းနှင့် သန်းမြင့်တို့က “ဒီကောင် ကြီးကြီးကျယ်ကျယ် ပြောတော့မယ်” ဟူသော အကြည့်နှင့် ဘမောင်ကို ကြည့်နေကြသည်။

“အင်ပါရာစတိတ် ဆိုတဲ့ အင်မတန်မြင့်တဲ့ အဆောက်အအုံကြီး တစ်ခု ရှိတယ်တဲ့။ အဲဒီ အဆောက်အအုံကို တစ်နှစ် တစ်နှစ် မိုးကြိုးပစ်တာ အကြိမ်ပေါင်း (၃၆၀)ကျော်သတဲ့”

“အဲဒီလောက် မိုးကြိုးပစ်ခံရရင် အဲဒါကြီး ပြာမကျသွားဘူးလားကွ” တစ်ယောက်က မေး၏။

“မိုးကြိုးလွှဲရှိတော့ အဲဒီအဆောက်အအုံက ဘာမှ မဖြစ်ဘူးဗျ။ ခု ကျွန်တော်တို့ ဖောင်ဟာ ပင်လယ်ထဲ ရောက်နေတော့ မိုးကြိုးစက်ဝိုင်း အကွင်းအကွက်ထဲမှာ အမြင့်ဆုံး ဖြစ်နေတော့ မိုးကြိုးပစ်တာ ဖြစ်နိုင်တယ်”

“မင်းဟာက ဘာကို ပြောတာလဲ”

ဘမောင်၏ စကားကို အလေးအနက် နားထောင်နေသော ဦးစိန်အောင်က မေး၏။

“ပင်လယ်မီးစုန်း ကျတာကို ပြောတာလေ ဦးလေးစိန်”

“မင်းဟာက မိုးကြိုးပစ်တာနဲ့ ပင်လယ်မီးစုန်း တို့ဖောင်လာကပ်တာနဲ့ ဘာဆိုင်လဲကွ”

“ဟာ သိပ်ဆိုင်တာပေါ့ ဦးလေးစိန်။ ဒီမှာ ကျွန်တော် ပြောမယ်။ ကျွန်တော်တို့ ကုန်းပေါ်မှာဆိုရင် သစ်ပင်ရင်းတွေမှာ မြေဓာတ် ပထဝီ

http://www.cherrythitsar.org



ကြော ဆွဲအားရှိတယ်လေ။ ဒီတော့ အရည်ကနေ ပြောင်းလဲလာတဲ့ အခဲ မိုးကြိုးသွားဟာ မြေထဲဝင်သွားတယ်။ ခု ပင်လယ်ပြင်မှာတော့ မြေဓာတ် က ရေအောက်မှာပဲ ရှိတော့ ပစ်ချလိုက်တဲ့ မိုးကြိုးသွားဟာ မီးစုန်းတွေ ဖြစ်ပြီး အမြင့်ဆုံးနေရာ ငါးလှန်းတိုင်ထိပ်ပေါ် လာကပ်နေတာ။ ဒါပေ မယ့် မြေဓာတ်မရတော့ ကုန်းပေါ်က မိုးကြိုးသွားလို အမာကြီး မဟုတ်ဘဲ အစိုင်အခဲပေမယ့် အပျော့ပဲ ဖြစ်နေတယ်။ အဲဒါကြောင့် ရေထဲ ချလိုက် တော့ ပေါက်ကွဲသံ မြည်ဟည်းပြီး ရေထဲကနေ မြေထဲ ငုပ်ဝင်သွားတာ၊ အဲဒါကြောင့် ရေထဲ ချလိုက်တာနဲ့ ပျောက်သွားတာပေါ့။ ကျွန်တော် ပြောတာ ဟုတ်တယ်နော် ဦးလေးစိန်"

"မင်း ပြောတာက ဟုတ်တော့ ဟုတ်နိုင်သလိုပဲကွ။ ဒါပေမယ့် ငါတော့ သိပ် နားမရှင်းဘူး။ မိုးကြိုးသွားကို မြင်ဖူးတဲ့ လူတွေက ပုဆိန် သွားလိုလို ပြောကြတယ်။ ကောင်းကင်ပေါ် ပေါက်တဲ့ သက်တံတန်းတွေ ကိုတောင် မိုးကြိုးသွားနဲ့ မြေပေါ်က လှမ်းခုတ်ရင် အပိုင်းပိုင်း ပြတ်သွား တယ်လို့ ပြောကြတယ်"

"ဖြစ်နိုင်တာပေါ့ ဦးလေးစိန်။ သက်တံ ဆိုတာကလည်း ရေနဲ့ အလင်းတန်းကြောင့် ဖြစ်တာဆိုတော့ ကောင်းကင်ပေါ်က ကျလာတဲ့ လျှပ်စစ်မိုးကြိုးသွားဟာ ကောင်းကင်ပေါ်မှာ ပေါ်တဲ့ သက်တံကို ဓာတ် သဘောချင်း ဆက်စပ်မိပြီး နိုင်မှာပေါ့"

"ငါ ပြောတာက မိုးကြိုးသွားဆိုရင် မာရမယ်။ ပြီးတော့ အလုံးအခဲ မဖြစ်ရဘူး။ ခုစောစောက တို့ဖောင်ပေါ် လာကပ်တာ နည်းတဲ့ အလုံးကြီး တွေလားကွ။ မင်း မျက်မြင်ပဲလေ"

"ဟုတ်တယ်လေ ဦးလေးစိန်။ ကျွန်တော် ပြောပြီးပါပကောလား။ မြေကြီးဓာတ် ဆွဲအားမရတော့ အမာကြီး မဖြစ်သေးဘူးလေဗျာ။ သိပ် သည်းမှု မရှိသေးလို့ ကြီးထွားနေတာ၊ ကျန်တစ်ဝက်စဉ်တစ်ဝက်ဖြစ်ပြီး အသံလှိုင်းဟာလည်း မကုန်သေးဘူး။ အဲဒါကြောင့် ရေထဲ ချလိုက်တဲ့အခါ ထပ်ပြီး ပေါက်ကွဲတဲ့ သဘောပဲဗျ။ မြည်သံကြီးကို ဦးလေးစိန် ကြားလိုက် သားပဲ"

"အေးကွ၊ မင်း ပြောတာ ငါတို့တော့ လောကဓာတ်ပညာလည်း

http://www.cherrythitsar.org



မတတ်တော့ နားထွေးနေတယ်။ ကျွဲပါးစောင်းတီး ဆိုဆိုပေါ့ကွာ။ ကောင်း ကောင်းတော့ မရှင်းဘူး"

"ဟုတ်တယ် ဦးလေးစိန်၊ သိပ္ပံပညာ ဆိုတာ အခြေခံမရှိရင် နား မလည်ဘူး။ ဘယ်လိုပြောပြော သဘော မပေါက်နိုင်ဘူး"

သာထွန်းနှင့် သန်းမြင့်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ အကြောင်းမှာ တစ်နေ့ကမှ ဘမောင် တစ်ဖက်၊ သူတို့နှစ်ယောက်က တစ်ဖက် ကမ္ဘာလုံးကြောင်း၊ ပြားကြောင်း ငြင်းခဲ့ကြ သဖြင့် ဖြစ်သည်။

သူတို့နှစ်ယောက်အား ဘမောင်က နောက်ဆုံး အနိုင်ယူသွားသော စကားမှာ "ကဲ ခင်ဗျားတို့က ကမ္ဘာလုံးတယ် ဆိုတာလည်း မယုံ၊ ဒီရေ အတက်အကျ လနဲ့ နေတို့ရဲ့ ဆွဲအား လှည့်ပတ်မှုကြောင့် ဆိုတာလည်း မယုံ ဆိုတော့ ပြီးပြီ။ ကဲ နောက်ဆုံး ခုဒီမှာ ကျွန်တော်တို့ ဒီရေဒီယိုဗျာ။ ရန်ကုန် အသံလွှင့်ရုံက လွှင့်တဲ့ အသံကို ဒီကျားဖောင်(၁)ကနေပြီး ဒါလေး နဲ့ ဖမ်းနားထောင်လို့ ရတယ်ဆိုတာ မမြင်ဘူးရင် ဘယ်လူ ယုံမလဲ၊ ခု အသံတင်မကဘူး ရုပ်ပုံကိုပါ မြင်နေရပြီလေ။ မြို့က ရုပ်မြင်သံကြား ခင်ဗျားတို့ မြို့ရောက်တိုင်း ကြည့်ဖူးပါတယ်"ဟူသော စကားနှင့် အဆုံး သတ်ခဲ့ကြသည်။

ဘမောင် ပြောသည်မှာ ဟုတ်နေသဖြင့် သူတို့ အရှုံးပေးခဲ့ကြရ ၏။ ယခုလည်း ဒီကောင် ပြောတာ မဟုတ်ဘူးလို့တော့ မပြောနိုင်"ဟု နှစ်ယောက်စလုံး သဘောပေါက်လိုက်ကြလေသည်။

ဖောင်ပေါ် မီးစုန်းကျပြီး မကြာခင်မှာ မိုးသားတိမ်လိပ်တွေ ကင်း စင်သွားပြီဖြစ်ရာ ကြယ်တစ်လုံးစ နှစ်လုံးစကို ကောင်းကင်ပေါ်၌ မြင်လာ ရသည်။

"ဦးလေးစိန်၊ ခု ကျွန်တော်တို့ ဖောင်ဟာ ဘယ်လို ရေနဲ့မျောပါ နေလဲ ဆိုတာ"

"အေးကွ ဟုတ်သားပဲ။ မင်းစကား ကောင်းနေတာနဲ့ ရေစမ်းဖို့ တောင် ငါ မေ့သွားတယ်။ ခုဆို မှန်တိုင်းလည်း စဲသွားပြီ။ ပင်လယ်ရေ လည်း ပုံမှန် အနေအထားကို ရောက်သွားပြီ။ ငါ ရေစမ်းလိုက်ဦးမယ်"

http://www.cherrythitsar.org



ဦးစီးမှူးကြီး ဦးစိန်အောင်သည် ဖောင်ဘေးနား ရေပြင်ကို ထိုးဝါး တစ်ခုနှင့် တဖြောင်းဖြောင်း ရိုက်ပစ်လိုက်၏။ ဤသဘောမှာ ဖောင်နား ငါးကြီးတွေ ကပ်ပါနေလျှင် လန့်ပြီး ထွက်ပြေးသွားအောင် ဖြစ်၏။ ထိုသို့ မဟုတ်ဘဲ သူ့လက်ကို ရေထဲ ချလိုက်လျှင် ငါးတွတ်မှာ စိုးရလေသည်။

ဦးစိန်အောင်သည် သူ၏ လက်ယာဘက်လက်ကို ပင်လယ်ရေပြင် ထဲ လက်ကောက်ဝတ်နီးပါး နှစ်ချထားသည်။ လက်ဝါးကို ဖြန့်ထား၏။ ငါးမိနစ်ပင် မကြာ လက်ကို ပြန်ရုပ်လိုက်သည်။

"မင်းတို့ ဘာမှ မပူကြနဲ့တော့။ တို့ဖောင်က ပင်လယ် ရေပေါက်ထဲ မှာပဲ ရှိနေတယ်။ ဆွဲအားတော့ ကောင်းသားကွ။ ကံကောင်းတယ်လို့ ပြော ရမယ်။ ခုဒီရေကျချိန်မှာ တို့ကျား(၁)က မျောပါနေပေမယ့် ဒီရေ ပြန် တက်လာရင် လှိုင်းနဲ့ ကမ်းဘက်ကိုပဲ ပြန်မျောလာမှာ။ ဒီတော့ တို့ကို လိုက်ရှာနေတဲ့ ဆွဲမော်တော်ဟာ တို့ဖောင်က မီးကို မြင်မှာပဲ။ ဘာမှ မပူကြနဲ့တော့။ စိတ်ချလက်ချသာ အိပ်ကြပေတော့"

ဦးစိန်အောင် ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ပင်လယ်ရေ ပြင်ထဲတွင် ပကတိ ပင်လယ်ရေအပြင် 'ရေပေါက်' (ရေစီးကြောင်း)၊ 'ရေပတ်' (ရေစီးကြောင်းကွေ့) တွေ ရှိ၏။

ပင်လယ်၏ ပကတိ ရေပြင်သို့ ရောက်နေသော ဝါးဖောင်ဆိုလျှင် တက်၊ ရွက်၊ စက် မပါသဖြင့် သမုဒ္ဒရာနက်ထဲ ထွက်ပါသွားနိုင်သည်။ ရေပတ် (ရေစီးကြောင်းကွေ့)ထဲ ရောက်သွားလျှင်တော့ ပင်လယ်နက်ထဲ ထွက်ပါမသွားသော်လည်း မိမိတို့ မူလ မျောပါလာရာမှ လေးငါးမိုင် ကွာ ဝေးသော ကမ်းခြေဘက်သို့ ရေပတ်လမ်းကြောင်းအတိုင်း ပြန်မျောပါလာ နိုင်သည်။

ရေပေါက် ရေစီးကြောင်းနှင့် ပင်လယ်ထဲ ထွက်ပါသွားလျှင်မူ ဒီရေ ပြန်တက်လာသောအခါ ပထမ မူလက မျောပါလာသော ရေစီးကြောင်း အတိုင်း ရေဆွဲအားနှင့် ကမ်းခြေဘက်သို့ ပြန်ပြီး မျောပါလာနိုင်လေ သည်။

သူတို့ ကျား(၁) ဝါးဖောင်မှာ တက်၊ ရွက်၊ စက် မပါသဖြင့် ဦးခေါင်း မရှိသော ကိုယ်ခန္ဓာကြီးပမာ ရေအားကိုသာ အားကိုးနေကြရသဖြင့် ယခု

http://www.cherrythitsar.org



ဦးစီးမှူး ဦးစိန်အောင် ပြောသလို ရေပေါက်ထဲ အမှန်တကယ် ကျရောက်နေလျှင်တော့ စိုးရိမ်စရာ မရှိပေ။ ယခု ဒီရေကျချိန်တွင် ရေပေါက်ရေစီးကြောင်းအတိုင်း သူတို့ဖောင်အား သမုဒ္ဒရာထဲ ဆွဲခေါ်သွားသောရေအလျဉ်မှာ ဒီရေတက်လာလျှင် သူတို့ဖောင်အား ကမ်းခြေဘက်သို့ ဒီရေအလျဉ်နှင့် ပြန်ဆွဲခေါ်လာမည်မှာ မုချပင် ဖြစ်လေသည်။

"ဦးလေးစိန် ဦးလေးစိန်၊ ထစမ်းပါဦးဗျ။ ထကြည့်စမ်းပါဦး"

သန်းမြင့်က အထိတ်တလန့် အော်လိုက်သဖြင့် ဦးစိန်အောင်နှင့် တကွ ဘမောင်နှင့် သာထွန်းတို့မှာ ရုတ်ခြည်း ခုန်ထလိုက်ကြသည်။

"ဘာလဲကွ ဘာလဲ၊ မင်း ဘာကြားပြန်ပလဲ"

"ကြားတာ မဟုတ်ဘူး ဦးလေးစိန်။ ဟိုမှာ ကြည့်စမ်းပါဦးဗျ။ ကျွန်တော်တို့ ဖောင်ပေါ်က ပစ်ချလိုက်တဲ့ မီးစုန်းတွေဟာ ဟိုက ရေပြင်ပေါ်မှာ ခုန်ဆွခုန်ဆွ လုပ်နေကြတယ်။ ကျွန်တော်တို့ဆီများ တစ်ခါ ပြန်လာဦးမလား မသိဘူးဗျ"

အကြောက်လွန်ကာ သူများလို အိပ်မပျော်ဘဲ ပင်လယ်ပြင်ကိုသာ တစ်ချိန်လုံး ငေးကြည့်လာသော သန်းမြင့်၏ လက်ညှိုးညွှန်ပြရာဘက်သို့ အားလုံး အကြည့်ရောက်သွားကြသည်။

"ဟာ ဒီကောင် မဟုတ်က ဟုတ်က၊ အဲဒါ ပင်လယ်စုန်းမီး မဟုတ်ဘူးကွ။ ဆွဲမော်တော်တွေပေါ်က မီးပဲ။ တို့ကို လိုက်ရှာနေတဲ့ ဦးထွန်းသောင်းတို့ ဆွဲမော်တော်လားမှ မသိတာ"

"ဟာ မဟုတ်ဘူးထင်တယ်နော် ဦးလေးစိန်။ သန်းမြင့် ပြောသလို မီးလုံးက ရေပြင်ပေါ်မှာ ပေါ်လိုက် ပျောက်လိုက်နဲ့ ခုန်ဆွခုန်ဆွ လုပ်နေတာ အမှန်ပဲဗျ"

ယခင်က ပင်လယ်ပြင်ကို တစ်ခါမျှ မလိုက်ဖူးဘူးသေးသူ ဘမောင်ကပါ ဤတစ်ခါတော့ သန်းမြင့်၏ စကားကို ထောက်ခံသလို ပြော၏။

"ဟုတ်တယ် ဦးလေးစိန်။ ဟုတ်တယ်ဗျ ဟုတ်တယ်။ ဆွဲမော်တော်ပေါ်က မီးမှ ဆွဲမော်တော်မီး အစစ်ဗျ"

လက်ထောက်ဦးစီး သာထွန်းမှာ ဘမောင်၏ စကားကိုပင် ဂရုမထားနိုင်တော့ဘဲ ဝမ်းသာအားရနှင့် ထအော်လိုက်သည်။ သို့သော် သာ

http://www.cherrythitsar.org



ထွန်း၏ စကားကို စိတ်ချလက်ချ မယုံကြည်တတ်သူ ဘမောင်က. . .

"နို့ ရေပြင်ပေါ်မှာ ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ ခုန်ဆွ ခုန်ဆွ လုပ်နေတာကကော၊ မော်တော်ပေါ်က မီးဆို တစ်သမတ်တည်း မြင်နေရ"

"အဲဒါ ရေလှိုင်းလုံးကြီးတွေကြောင့်ပဲကွ၊ မင်းက ပင်လယ်ပြင်ကို တစ်ခါမှ မရောက်ဖူးသေးတော့ မမြင်ဖူးသေးလို့ပါ။ လှိုင်းလုံးကြီးတွေ ပေါ် မြင့်တက်ပါသွားလိုက်၊ ပြန်ကျသွားလိုက် ဖြစ်နေတဲ့ မော်တော်ပေါ်က မီးကို ဝေးဝေးက ကြည့်ရင် ဒီလိုပဲ ပေါ်လိုက် ပျောက်လိုက် မြင်နေရတတ်တယ်။ လှိုင်းလုံးကြီးတွေက မော်တော်ထက် ကြီးနေတော့ မော်တော်ပေါ်က မီးကို ကွယ်သွားတာပေါ့။ မင်းတို့ မျက်စိထဲမှာ ရေပြင်ပေါ်က ခုန်ဆွ ခုန်ဆွ လုပ်နေတယ်လို့ မြင်တာကတော့ ရေရိပ်ကြောင့်ပဲ။ မီးတော့ မီးပဲ၊ မော်တော်ကမီး မဟုတ်ရင် တို့လိုပဲ ကျွန်းတစ်စင်းစင်းက မီးပဲကွ။ မင်းတို့ ကြည့်နေ မော်တော်ပေါ်က မီးသာ အမှန်တကယ် ဆိုရင် တို့ဖောင်က မီးကို မြင်ပြီး ချက်ချင်း လိုက်လာမှာပဲ"

"ကျွန်တော်တို့ မီးအိမ်လေးက သေးသေးလေးရယ်။ မော်တော်ပေါ်က မြင်ပါ့မလား"

"ည အမှောင်ထဲမှာ သိပ်မြင်တာပေါ့ကွာ။ တို့ ဖန်မီးအိမ်လေးကို မပြောနဲ့ ပိုးစုန်းကြူးလောက် မီးကိုတောင် ပင်လယ်ပြင်ထဲမှာ မိုင်ပေါင်းများစွာက မြင်ရတတ်တယ်"

ဦးစိုးမှူးကြီး၏ အပြောကြောင့် အားလုံးမှာ အားတက်သရောနှင့် သန်းမြင့် စမြင်သော မီးလုံးလေးကို အသက်ရှူပင် မဖြောင့်ဘဲ ငေးကြည့်နေကြ၏။

မကြာပါချေ။ မီးမှာ သူတို့ထင်သလို တဖြည်းဖြည်း ကြီးလာသည့် အပြင် သူတို့ ဖောင်နှင့်လည်း နီးသည်ထက် နီးလာလေသည်။ အစကမူ နောက်တစ်ချီ ဒီရေ ပြန်တက်မှ သူတို့၏ ကျွန်း(၁)မှာ ဆွဲမော်တော်နှင့် ဆုံရလိမ့်မည်ဟု ထင်ခဲ့ကြသည်။ ယခုကား မိုးမလင်းခင်မှာပင် ဦးထွန်းသောင်း၏ ဆွဲမော်တော်က သူတို့၏ ကျွန်း(၁)နား ရောက်လာလေ၏။

"ဦးထွန်းသောင်း၊ ကျွန်တော်တို့ ကျွန်း(၁) ဒီမှာဗျို့။ ဒီမှာ ဒီမှာ"ဟု

http://www.cherrythitsar.org



ဝမ်းသာအားရ လှမ်းခေါ်ကြသလို မော်တော်ပေါ် ပါလာသော ဦးထွန်းသောင်းကလည်း "အေး အေး အေး အေး၊ မင်းတို့ ကျား(၁)ဟာ ဒီရေပေါက်ထဲပဲ ရှိရမယ်လို့ တွက်ပြီး ငါ လိုက်လာတာပဲ"ဟု ပြန်ပြောလိုက်သည်။

ကျား(၁)သည် ဤ ရေပေါက် ရေစီးကြောင်းထဲ မုချ ရှိနေရမည်ဟု ကံသေကံမ တွက်ပြီး လိုက်လာသည်ဆိုသော ဦးထွန်းသောင်း၏ စကားကို ဘမောင်မှာ အကြီးအကျယ် အံ့သြသွားသည်။

မုန်တိုင်းကျပြီးစ ဤမျှ ကျယ်ပြောလှသော ပင်လယ်ပြင်ကြီးထဲတွင် သူတို့၏ ကျားပိုက်ကွက် ပတ်ဝန်းကျင်ရှိ ရေပေါက်ရေစီးကြောင်းများကို ဤ ရေလုပ်သားကြီးများသည် မည်သို့သောနည်းနှင့် မှတ်သားထားနိုင်ကြပါလိမ့်။

တစ်ခေါက်ဆို ဆိုသလောက် ပင်လယ်မုန်တိုင်း၊ ပင်လယ်စုန်းတို့နှင့် နဖူးတွေ့ ဒူးတွေ့ ကြုံလာခဲ့ရသော်လည်း ဘမောင်အတွက် ပင်လယ်နှင့် ပတ်သက်သော လေ့လာစရာများကား မကုန်သေး မဆုံးသေးပေ။

❀ ❀ ❀

http://www.cherrythitsar.org



http://www.cherrythitsar.org

## ဟူးကောင်းတောင်ကြားမှ သွေးစုပ်ကောင်များ

ရှင်ဘွေယံ၏ လူနာသယ်လေယာဉ်ကွင်း အမှတ် (၈)မှာ လေယာဉ်ကွင်းဟု ဆိုသော်လည်း သီးသီးသန့်သန့် မဟုတ်။ မိုင်ပေါင်းများစွာ ရှည်လျားသော မဟာလီဒို လမ်းမကြီး၏ ပြေလျော ဖြောင့်မတ်သော အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်သည်။

အမှန်မှာ လီဒိုလမ်းမကို အရေးပေါ် လူနာသယ် လေယာဉ်ငယ်များ အလွယ်တကူ ဆင်းနိုင် တက်နိုင်အောင် ချဲ့ထားခြင်းသာ။ ပေပေါင်းများစွာ ရှည်လျားသော လူနာသယ် လေယာဉ်ကွင်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်တွင် ကားလမ်းမကို ပိတ်နိုင် ဖွင့်နိုင်သော တံခါးရှင် နှစ်ခုရှိသည်။

အကယ်၍ လူနာသယ် လေယာဉ်များ ဆင်းတော့ တက်တော့မည် ဆိုလျှင် ထိုတံခါး နှစ်ခုကို လီဒိုလမ်းမထဲ ကားများ မဝင်နိုင်အောင် ဟိုဘက်ထိပ် သည်ဘက်ထိပ်က ပိတ်ထားရသည်။

လမ်းကို ချဲ့ထားသော လေယာဉ်ကွင်း ဖြစ်သဖြင့် လေယာဉ်အဆင်းအတက် ဆက်သွယ်ရန် တာဝါမျှော်စင် မရှိ။ ဖောက်လုပ်ထားရသောလမ်းမှာ မြင့်မားဝေသီသော တောင်ထိပ်များပေါ်တွင် ဖြစ်သည်။ တစ်ဖက်တွင် လိုင်းထနေသော ရှင်ဘွေယံ တောင်မြင့်ကြီးများ၊ နောက်တစ်ဖက်တွင် မိုးထိမြင့်မားနေကြသော ဟူးကောင်းတောင်တန်းကြီးများ။

ထို့ကြောင့် လေယာဉ် အဆင်းအတက်ကို ဆက်သွယ်ရန် တာဝါ

http://www.cherrythitsar.org



မျှော်စင်ဟု သီးသီးသန့်သန့် ခွဲခွဲထည်ထည် မရှိ၊ ဝါယာလက် ဆက်သွယ်ရေး စခန်းကလေး တစ်ခုသာ ရှိ၏။ ထိုဝါယာလက် ဆက်သွယ်ရေးစခန်းတွင် ဒုတပ်ကြပ်တစ်ယောက်နှင့် ရဲဘော်စစ်သား နှစ်ယောက် ရှိသည်။ လမ်းတံခါးစောင့် ကုလီနှစ်ယောက်ကိုပါ ထည့်တွက်လျှင် အမှတ် (၈) လူနာသယ်လေယာဉ်ကွင်းတွင် လူသားဆို၍ သူတို့ ငါးယောက်သာ ရှိသည်။

သူတို့ ငါးယောက်ထဲတွင် စစ်သားသုံးယောက်က အိန္ဒိယလူမျိုးဖြစ်ပြီး ကုလီတံခါးစောင့် နှစ်ယောက်မှာ ရှင်ဘွေယံ၏ ဒေသခံ နာဂ အမျိုးသားများ ဖြစ်ကြသည်။

အမှန်က အမှတ် (၈) လူနာသယ်လေယာဉ်ကွင်း၌သာ မဟုတ်။ တစ်ကစပြီး ယခုထိ ဖောက်လုပ်ပြီးသမျှ လူနာသယ်လေယာဉ်များ၏ ဖွဲ့စည်းပုံက သည်ထက် ပိုမများ၊ မိုင်ပေါင်း (၁၄၀၀) ရှည်သော လီဒိုလမ်းမကြီးသာ ပြီးသွားပါက ဤရှင်ဘွေယံ အမှတ် (၈) ကဲ့သို့သော လူနာသယ်လေယာဉ်ကွင်းငယ်ပေါင်းမှာ ခြောက်ရာကျော်ခန့် ရှိပေမည်။

အိန္ဒိယနိုင်ငံ အာသံနှင့် ဘင်္ဂလားနယ်သို့ သွားရာ မီးရထားလမ်းဖြစ်သည့် လီဒိုမှ အစပြုခဲ့သော ဤလမ်းမရှိ လူနာသယ်လေယာဉ်ကွင်း၏ အမှတ်စဉ်အတိုင်းသာ ရေတွက်လာလျှင်တော့ ဤ ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်း အမှတ်မှာ (၄၀၁) ဖြစ်သည်။ သို့သော် ပြည်နယ်တောင်တန်းချိုင့်ဝှမ်းလွင်ပြင် စသည်များကို ပိုင်းခြားသတ်မှတ်ထားရာ ဤ လူနာသယ် လေယာဉ်ကွင်းငယ်ကို ရှင်ဘွေယံ အမှတ် (၈) လူနာသယ်လေယာဉ်ကွင်းဟုသာ ခေါ်ကြလေသည်။

ဤ မိုင်ပေါင်း (၁၄၀၀) ရှည်သော လီဒိုလမ်းမကြီးကို အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် (၁၉၄၃)ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် စတင် ဖောက်လုပ်ခဲ့သည်။ သူ့လက်အောက်ရှိ တရုတ်တပ်မကြီး သုံးခုနှင့် ကွပ်ကဲ ဖောက်လုပ်စေခဲ့သည်။

လီဒိုလမ်းမကြီးကို အိန္ဒိယနိုင်ငံ လီဒိုမြို့မှ ပတ်ကိုင်တောင်တန်းကြီးကို ကျော်ဖြတ်ပြီး တနိုင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှတစ်ဆင့် ဗန်းမော်ရှိ တရုတ်-မြန်မာ လမ်းမကြီးနှင့် ဆက်သွယ်မိရန် ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

http://www.cherrythitsar.org



လမ်းမကြီး ဖောက်လုပ်ရာတွင် အိန္ဒိယနိုင်ငံ အာသံပြည်နယ် လမ်းဆုံတိုင်အောင် မြေတွန်းစက်များ၊ မြေကော်စက်များ၊ မြေသိပ်စက်များ၊ မြေကြိတ်စက်များ၊ လမ်းကြိတ်စက်များတို့နှင့် ကျောက်ခွဲစက်တို့ကို ပို့ပေးခဲ့သည်။

မိုင် (၁၀၀၀)ရှည်သော လီဒိုလမ်းတွင် တံတားပေါင်း(၁၃၀၀) ကျော် တည်ဆောက်ခဲ့ကြသည်။ (၁၉၄၅)ခုနှစ်၊ ဇန်နဝါရီလတွင် အပြီးသတ်ခဲ့သည်။ အိန္ဒိယ-မြန်မာ လမ်းမကြီးသည် လားရှိုးမှသည် တရုတ်ပြည်ဘက်တွင် ရှိသော မာကိုပိုလိုလမ်းမကြီးနှင့် ဆက်သွယ်ခဲ့သည်။

လီဒိုလမ်းမကြီး တစ်လျှောက်တွင် အရေးပေါ် အဆောက်အအုံ (၂၃၀၀)ကျော် ရှိခဲ့သည်။ ထို အဆောက်အအုံများတွင် မော်တော်ကား စက်ပြင်ရုံ၊ လက်နက်တပ်ဆင်ရုံပေါင်း (၇၀)ကျော်လည်း ပါရှိသည်။

ဟူးကောင်းတောင်ကြားရှိ ရှင်ဘွေယံအတွက် စက်ကြီး၊ စက်ငယ် အစိတ်အပိုင်း (၂၀)ခန့် ပါဝင်ပြီး ခုနစ်တန်လေးသောစက်ကြီး နှစ်လုံးထိ ပါဝင်သည်။ စက်ပြင်ရုံကြီး နှစ်ရုံကိုလည်း တည်ဆောက်ခဲ့ကြသည်။

ထို စက်ပြင်အလုပ်ရုံမှာ မော်တော်ကား စက်ပစ္စည်း အစိတ်အပိုင်း အားလုံး အပြီးအစီး လုပ်ပေးနိုင်သည်ထိ ပြည့်စုံ၏။ ထို အဆောက်အအုံများအပြင် လမ်းတစ်လျှောက်လုံးတွင် လေယာဉ်ကွင်း (၃၀)ကျော်နှင့် လူနာသယ်လေယာဉ်လမ်းပေါင်း (၆၀၀)ကျော်ကိုလည်း ဖောက်လုပ်ခဲ့ကြသည်။ လီဒိုလမ်းမကြီးကို ဖောက်လုပ်ခဲ့ကြသည့်အတွက် ကုန်ကျငွေမှာ ဒေါ်လာ (၁၃၈)သန်းမျှ ရှိခဲ့သည်။ (၁၉၄၃)ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့က စတင် ဖောက်လုပ်ခဲ့သောလမ်းကို (၁၉၄၅)ခုနှစ် ဇန်နဝါရီလတွင် အပြီးသတ်ခဲ့သည်။

ဤမျှ ငွေကြေး ကုန်ကျခံကာ ဖောက်လုပ်ခဲ့ရသော ဤ လီဒိုလမ်းမကြီး ဖောက်ရာတွင် အသက်ပေါင်းများစွာကိုလည်း စတေးခဲ့ကြရသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး အတွက် ဤလမ်းမကြီးမှာ မရှိ မဖြစ်၊ မဖောက် မဖြစ်သော လမ်းမကြီး ဖြစ်သဖြင့် အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ကျားကုတ်ကျားခဲ ဖောက်လုပ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်က. . . “ဒေလီကို ချီတက်ကြစို့” ဟူသော ဂျပန်တို့၏

http://www.cherrythitsar.org



ကြွေးကြော်သံမှာ အာသံ၏ မြို့တော်ဖြစ်သော အင်ဖာနှင့် ကိုဟီးမားကို အဆက်မပြတ် ရိုက်ခတ်လျက် ရှိလေသည်။

ရှင်ဘွေယံ၏ အမှတ် (၈) ကွင်းဘေးတွင် တံခါးစောင့် လာဗျံသည် ဟိုငေးသည်ငေးနှင့် လမ်းလျှောက်နေသည်။ ခဏကြာသောအခါ အလုပ်သမားများကို အပြည့်တင်လာသော ထရပ်ကားတစ်စီးက ရှင်ဘွေယံ အထက်ဘက် တက်သွားလေသည်။

ဤသို့ အလုပ်သမားများ ပို့သောကားတွေမှာ တမေ့တမြောနေမှ တစ်စီးတလေ လာတတ်၏။ တစ်နေ့ တစ်နေ့ ဆိုလျှင် တစ်နေ့နေ၍ပင် တစ်စီးတလေ တက်မလာတတ်။

လေယာဉ်ကွင်းစောင့်ဟု ဆိုသော်လည်း လူနာသယ်လေယာဉ်ကွင်း အမှတ် (၈)မှာ လုံးဝ အသုံး မပြုရသေးသဖြင့် လာဗျံတွင် ဘာတာဝန်မှ မရှိသေး။ ဖွဲ့စည်းပုံအရသာ အစောင့်ချထားသဖြင့် ပျင်းရိငြီးငွေ့စရာပင် ကောင်းနေလေသည်။

ထို့ကြောင့် ထိုင်နေနေ၊ ရပ်နေနေ၊ လမ်းလျှောက်နေနေ ဘာမှ ပြဿနာ မရှိ။ တစ်ခုသာ စိုးရိမ်ရ၏။ တရုတ်စစ်ဗိုလ်၊ စစ်သားများ ကားနှင့် တက်လာ၍ တံခါးနားတွင် လူရိပ်လူခြည် မမြင်ရလျှင်တော့ အော်ခေါ် ရှာဖွေတတ်ကြသည်။ လူရှိနေသည်ကို မြင်လျှင်တော့ ဘာမှ ပြဿနာ မလုပ်။

အမှန်က လာဗျံသာ မဟုတ်။ အနောက်ဘက် တံခါးစောင့်နှင့် ဝါယာလက်အဖွဲ့ အိန္ဒိယစစ်သား သုံးယောက်မှာလည်း ထိုနည်း လည်းကောင်းပင်။ ဘာတာဝန်မှ မရှိသေး။ လီဒိုလမ်းမကလည်း ဖောက်လုပ်ဆဲသာရှိသေးရာ လူနာသယ်လေယာဉ်ငယ်များ ဆိုသည်မှာ ကွင်းထဲ လာဆင်းဖို့ မဆိုထားနှင့် သူတို့အနေက မြင်ပင် မမြင်ဘူးကြသေးပေ။

ထို့ကြောင့်လည်း ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်းရှိ လူသား ငါးယောက်မှာ တောကြီးမျက်မည်းထဲ ပျင်းရိငြီးငွေ့ဖွယ်ရာ အချိန်ကုန်နေကြရလေသည်။

သည်လိုနှင့် (၁၉၄၄)ခုနှစ် မတ်လ၏ တစ်နေ့မှာ လီဒိုလမ်းမရှိ ရှင်ဘွေယံ အမှတ် (၈) လူနာသယ်လေယာဉ်ကွင်း၏ အရှေ့ဘက် တံခါး

http://www.cherrythitsar.org



စောင့်ဖြစ်သူ လာဖျံသည် လမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်ကို မှီကာ ငိုက်မျဉ်းနေလေသည်။

နေမွန်းစောင်းကြီးအချိန်တွင် အရှေ့ဘက်မှ 'ဝုန်း'ခနဲ ပေါက်ကွဲသံကြီး တစ်ခုကို ကြားလိုက်ရသည်။ ထိုအသံကြောင့် လာဖျံ လန့်နိုးလာ၏။

သို့သော် သူ့စိတ်ထဲ ဘာမှ ထူးထူးခြားခြား မဖြစ်မိ။ ဤလို ပေါက်ကွဲသံများမှာ လီဒိုလမ်းမ ဖောက်လုပ်ရာမှ နှစ်ရက် တစ်ခါ၊ သုံးရက် တစ်ခါ ဆိုသလို ကြားနေရသဖြင့် ရိုးနေလေပြီ။ တစ်ခါတလေ ဆိုလျှင် တစ်ရက်တည်းတွင် နှစ်ခါ သုံးခါပင် ကြားရတတ်လေသည်။

ဤသည်မှာ လမ်းနှင့် မလွတ်သော ကျောက်ဆောင်၊ ကျောက်ထရံများကို မိုင်းခွဲသံ ဖြစ်သည်။ ရှင်ဘွေယံ အမှတ်(၈)မှ မိုင်းခွဲသံများကို ကျယ်ကျယ်လောင်လောင် စူးစူးရှရှ ကြားရသောနေ့တွေ ရှိသလို သဲ့သဲ့မျှသာ ကြားလိုက်ရသော နေ့တွေလည်း ရှိသည်။

ဤသည်မှာလည်း မဟာလီဒို လမ်းမကြီးမှာ မြွေလိမ်မြွေကောက် ပမာ ကောက်ကွေးကာနေသဖြင့် ရှင်ဘွေယံ အမှတ်(၈) လူနာသယ် လေယာဉ်ကွင်းနှင့် ဝေးသွားလိုက် နီးလာလိုက် ဖြစ်နေသဖြင့်သာ။ နီးလာလျှင် ကျယ်ကျယ်လောင်လောင် ကြားရပြီး၊ ဝေးသွားလျှင် သဲ့သဲ့မျှသာ ကြားရခြင်း ဖြစ်လေသည်။ ထို့ကြောင့် 'ဝုန်း'ခနဲ ပေါက်ကွဲသံကြီး တစ်ခုကြောင့် လန့်နိုးလာသော လာဖျံမှာ မကြာမီ ပြန်ပြီး ငိုက်မျဉ်းနေပြန်သည်။ ဤအသံသည် သူ့အား သေတွင်းပို့ရန် အခြေခံအကြောင်းတရားပါလား ဆိုသည်ကို လာဖျံ လုံးဝ မတွေးမိခဲ့။ လာဖျံသာ မဟုတ် ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်းတွင် တာဝန်ကျနေသော လူသား ငါးယောက်စလုံးကလည်း လုံးဝ မတွေးမိခဲ့ကြ။

သူတို့ ငါးယောက်သည် ယခင်ကကဲ့သို့ပင် အစားမပျက်၊ အအိပ်မပျက်ဘဲ ရှိနေကြသည်။ ရှင်ဘွေယံ အရှေ့ဘက်မှ မိုင်းခွဲသံမှာ သူတို့နှင့် ဘာမှ မပတ်သက်သလိုပင်။

အမှန်က သူတို့ လူသားငါးယောက်ထဲမှ တစ်ယောက်ယောက်ကသာ မိမိ တာဝန်ကျနေသော ရှင်ဘွေယံ အမှတ်(၈) လူနာသယ်လေယာဉ်

http://www.cherrythitsar.org



ကွင်း ပတ်ဝန်းကျင်ကို သတိထား အကဲခတ်မိခဲ့မည် ဆိုလျှင် လီဒိုလမ်းမကြီးမှ ပေါက်ကွဲသံကြီး တစ်ခုကြောင့် သို့မဟုတ် လမ်းသစ်ဖောက်ရာမှ မိုင်းခွဲအဖွဲ့ အမှတ် (၅)မှ ကျောက်တောင်ကြီး တစ်ခုကို ဖောက်ခွဲလိုက်ခြင်းကြောင့် သူတို့၏ အသက်ဇီဝိန်ကို ခြွေမည့် သေမင်းကောင်များသည် သူတို့ဆီသို့ ကြောက်လန့်တကြားနှင့် အစုလိုက် အပြုံလိုက် ပြေးလာနေကြသည်ကို ကောင်းကင်ပေါ်တွင် မုချ မြင်ကြရပေလိမ့်မည်။

သို့သော် တစ်ခုတော့ ရှိ၏။ ကောင်းကင်ပေါ်တွင် အစုလိုက် အပြုံလိုက် ပျံလာနေကြသော သေမင်းတမန်ကောင်များကို မည်သူကမှ သေမင်းတမန်ကောင်များဟု ထင်ကြမည် မဟုတ်။ လီဒိုလမ်းမ ဖောက်လုပ်ရာမှ မိုင်းခွဲသံကြောင့် ငှက်တစ်အုပ် ပျံပြေးလာကြသည်ဟုသာ ထင်ကြပေလိမ့်မည်။

* * *

အခြေစိုက်စခန်း အမှတ်(၂)မှ စစ်သုံး ဂျစ်ကားလေးတစ်စီးသည် ရှင်ဘွေယံဘက် တက်လာသည်။

ထိုဂျစ်ကားပေါ်တွင် လမ်းကြီးကြပ်ရေးမှူး တရုတ်စစ်ဗိုလ်ကလေး တစ်ယောက်နှင့် အိန္ဒိယလူမျိုး စစ်သားလေးယောက် ပါသည်။ စစ်သားလေးယောက်ထဲမှာ ကားမောင်းသူ ဆန်းဗဟာဒူးမှာ ဒုတပ်ကြပ် ဖြစ်သည်။ အင်္ဂလိပ်စကားကို ထမင်းစား ရေသောက် ပြောတတ်သဖြင့် စကားပြန် ဆိုကလည်း မမှားပေ။

မဟာလီဒိုလမ်းမ တစ်လျှောက်ရှိ အလုပ်သမား ကူလီများမှာ အိန္ဒိယ အမျိုးသားများချည်းလိုလို ဖြစ်ကြရာ ဆန်းဗဟာဒူးမှာ လီဒိုလမ်းမကြီး ဖောက်လုပ်စကမှ ဒုတပ်ကြပ် ရာထူးအဆင့် ရလာသူ ဖြစ်သည်။

ရှင်ဘွေယံလွင်ပြင် ချိုင့်ဝှမ်းအဆင်း တောင်ကုန်းအမှတ်(၃၂၆) အလွန်၊ မိုင်တိုင် (၆၀၄)အရောက်တွင် ဆန်းဗဟာဒူးက “အင်ဖာအခြေအနေ ဘယ်လိုတဲ့လဲ ဗိုလ်ကြီး”ဟု အမှတ်မထင် မေးလိုက်၏။

တစ်လမ်းလုံး ငြိမ်ပြီး လိုက်ပါလာသော တရုတ်စစ်ဗိုလ်လေး ‘အဟုန်’က ဘာမှ ပြန်မပြော။

http://www.cherrythitsar.org



"ဟင် ဗိုလ်ကြီး၊ အင်ဖာ အခြေအနေ ဘယ်လိုတဲ့လဲ"

ဆန်းဗဟာဒူးက ထပ်မေးသည်။

"အင်ဖာ အခြေအနေနဲ့ မင်း သောက်လုပ်နဲ့ ဘာဆိုင်လဲ။ ကားကို ကောင်းကောင်း မောင်းစမ်းပါကွ၊ တော်ကြာ ချောက်ထဲ ထိုးကျသွားဦးမယ်"

"ဗဟာဒူး ကားမောင်းလာတာ ငါးနှစ်ရှိပြီ ဗိုလ်ကြီး၊ စိတ်ချပါ"

တရုတ်စစ်ဗိုလ်က ခဏ နှုတ်ဆိတ်နေသည်။ ပြီးမှ. . .

"ဒီမှာ ဗဟာဒူး။ မင်းတို့ ငါတို့ အလုပ်က ဒီ မဟာလီဒိုလမ်းမကြီး မြန်မြန်ပြီးရင် မြန်မာပြည်နဲ့ တရုတ်ပြည်မှာ ရှိတဲ့ ဂျပန်တွေကို မြန်မြန် မောင်းထုတ်နိုင်ဖို့ပဲ မဟုတ်လား။ မင်းတို့ ငါတို့ အလုပ်က ဒါပဲ"

"ဟဲ ဟဲ အာသံရဲ့ အင်ဖာ ရွှေမြို့တော်ဟာ ဗဟာဒူးရဲ့ အိန္ဒိယပြည်ထဲက မြို့တစ်မြို့ဆိုတာ ဗိုလ်ကြီး မေ့နေတယ်နဲ့ တူတယ်။ မဟာလီဒိုလမ်းမ ကြီး ပြီးလို့ မြန်မာပြည်နဲ့ တရုတ်ပြည်က ဂျပန်တွေကို မောင်းထုတ်ဖို့ထက် လောလောဆယ် ဗဟာဒူးတို့ရဲ့ အင်ဖာကို ဂျပန်တွေ ရောက်မလာဖို့ဘဲ အရေးကြီးပါတယ် ဗိုလ်ကြီး"

"တော်တော် လာတဲ့ ကောင်ပဲ"ဟူသော အကြည့်နှင့် တရုတ်စစ်ဗိုလ်က ဗဟာဒူးကို မကျေမနပ် တစ်ချက် လှည့်ကြည့်သည်။

များသောအားဖြင့် အိန္ဒိယစစ်သား တစ်ရာလျှင် ငါးဆယ် ရာခိုင်နှုန်းမှာ လမ်းဖောက် အလုပ်သမားများထဲက စစ်သား ဖြစ်လာကြသူများ ပင်။ အင်ဖာတွင်မူ အလုပ်သမား (၁၁၀၀၀)ထဲမှ စစ်သားအဖြစ် လက်ခံနိုင်သူ (၃၀၀၀)ကျော်ကို ရွေးချယ်ခဲ့လေသည်။ ထို့ကြောင့်လည်း တရုတ်စစ်ဗိုလ်က အိန္ဒိယစစ်သားများကို အထင်သေးခြင်း ဖြစ်သည်။ သို့သော် ဗဟာဒူး ပြောလိုက်သော စကားမှာ မှန်ကန်နေသဖြင့် အင်ဖာ အခြေအနေကို မလွဲမသွေ ပြောပြရတော့သည်။

အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဆလင်းသည် (၁၉၄၄)ခု၊ ဇန်နဝါရီလက ပင် အာသံပြည်၊ လီဒိုပြည်၊ မောင်းတောထိ ကျယ်ပြန့်သော စစ်မျက်နှာကို ကွပ်ကဲလျက် ရှိသည်။

မြောက်ဘက်အရပ်တွင် ရှိသော လီဒိုမှ တောင်ဘက်အရပ်တွင်

http://www.cherrythitsar.org



ရှိသော မောင်းတောသို့ မျဉ်းဖြောင့်ဆွဲလိုက်လျှင် မိုင်ပေါင်း (၅၀၀)၊ (၆၀၀) အတွင်း ရှိနေသည်။ တစ်နည်းအားဖြင့် ဆိုလျှင် ဗိုလ်ချုပ်ကြီးဆလင်းသည် အိန္ဒိယ-မြန်မာနယ်စပ် တစ်လျှောက်တွင် စစ်မျက်နှာဖွင့်ထားခြင်း ဖြစ်သည်။

အင်ဖာမြောက်ဘက် မိုင် (၂၅၀)အကွာရှိ လီဒိုတွင် ဗိုလ်ချုပ်ကြီးဆလင်း၏ ကွပ်ကဲမှုအောက်သို့ ရောက်နေသော အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ် ဦးစီးသည့် တရုတ်တပ်မ သုံးခု ရှိနေ၏။

စတီးဝဲလ်သည် ဟူးကောင်းမြစ်ဝှမ်းအတိုင်း အရှေ့တောင်ဘက်သို့ ဆင်ကန်လီဒိုမှ မြစ်ကြီးနားသို့ ရောက်နိုင်မည့် လီဒိုလမ်းမကြီးကို ဖောက်လုပ်နေပြီး ဤ မဟာလီဒိုလမ်းကို တရုတ်-မြန်မာ လမ်းမကြီးနှင့် မြန်မြန် ဆက်မိရန် ရည်စူးထားသည်။

အင်ဖာ အနောက်တောင်ဘက် မိုင် (၃၀၀)အကွာရှိ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးဆလင်း၏ ကွပ်ကဲမှုအောက်သို့ ရောက်နေသော အမှတ်(၁၅) တပ်မကြီးက မောင်းတော၊ ဘူးသီးတောင် လမ်းအတိုင်း ရန်သူများကို အပြင်းအထန် ရင်ဆိုင်နေရသည်။

အင်ဖာလွင်ပြင်တွင်မူ ဗိုလ်ချုပ်ကြီးစကွန်း ဦးစီးသော အမှတ်(၄) တပ်မကြီးက ဌာနချုပ်ဖွင့်ကာ မြောက်ဘက် တီးတိန်အထိ မိုင် (၂၀၀) ကျယ်သော စစ်မျက်နှာကို ကာကွယ်ထားရသည်။

အမှတ် (၁၅) တပ်မကြီးနှင့် အမှတ် (၄) တပ်မကြီး ကြားတွင် တိုက်ရိုက် ဆက်သွယ်နိုင်သောလမ်း ဟူ၍ မရှိ။ တောထူသောတောင်များ၊ မတ်စောက်သော ချောက်ကမ်းပါးများ၊ တောင်ကျရေကြောင့် ကမ်းလျှံနေသော ချောင်းများဖြင့်သာ ထွေးရောယှက်တင် ဖြစ်နေသည်။ လမ်း ဟူ၍ မည်မည်ရရ မရှိသော ကန္တာရတွေက ကာဆီးနေသည်။

ထို့ကြောင့် တပ်မကြီး တစ်ခုမှ တစ်ခုသို့ စစ်ကူပို့ရေးမှာ များစွာ နှောင့်နှေးရုံသာမက အချိန်မီ ရောက်ရှိလာနိုင်ရန်မှာလည်း မည်သို့မျှ မျှော်လင့်စရာ မရှိ။ အင်ဖာမှ ရခိုင်ကမ်းရိုးတန်းသို့ စစ်ကူပို့လျှင် ဖြစ်စေ၊ ရခိုင်ကမ်းရိုးတန်းမှ အင်ဖာသို့ စစ်ကူလာလျှင် ဖြစ်စေ တပ်မတစ်ခုသည် ရက်သတ္တပတ်ပေါင်း သုံးပတ်ကြာမှ ရောက်လာနိုင်မည် ဖြစ်သည်။

http://www.cherrythitsar.org



အင်ဖာတွင် စစ်ဌာနချုပ် ဖွင့်ထားသော အမှတ်(၄) တပ်မကြီးမှ အမှတ်(၇) တပ်မသည် ချင်းတောင်ရှိ တီးတိန်တွင် လည်းကောင်း၊ အမှတ် (၂၁) တပ်မသည် ချင်းတွင်းစစ်မျက်နှာရှိ တမူးတစ်ဝိုက်တွင် လည်းကောင်း တပ်စွဲလျက် ရှိနေပြီး အမှတ် (၂၃)တပ်မနှင့် အမှတ် (၂၅၄)တင့်ကား တပ်မဟာတို့မှာ တပ်ကူများအဖြစ် အင်ဖာတွင် ရှိနေသည်။

"တင့်ကားတပ်မဟာတစ်ခုလုံး အင်ဖာကို ရောက်နေမှတော့ ကျွန်တော်တို့ ဘာစိုးရိမ်စရာ ရှိလဲ၊ မဟုတ်ဘူးလား ဗိုလ်ကြီး"

"ဒါပေါ့ကွ"ဟု တရုတ်စစ်ဗိုလ်က ပြောလိုက်သောအခါ ဆန်းဗဟာဒူးမှာ ကားကို တောင်ကုန်းအမှတ် (၇၄၂၁)ဆီ မောင်းတက်သွားသည်။

ရှင်ဘွေယံ၏ အမှတ် (၆) လူနာသယ်လေယာဉ်ကွင်းနား ရောက်သောအခါ ဗဟာဒူးက ကားရှိန်ကို လျှော့လိုက်သည်။

ကားသံကိုကြားသဖြင့် သတိဆွဲထားသော တံခါးစောင့်ကြီးက အလေးပြု၏။ တရုတ်စစ်ဗိုလ်က "ဆက်မောင်း"ဟု ပြောလိုက်သည်။

ဗဟာဒူးသည် ဖောက်လုပ်ပြီးစသာ ရှိသေးသော မဟာလီဒိုလမ်းမကြီးအတိုင်း ကားကို ဆက်မောင်းလာ၏။ ငါးမိနစ်ပင် မကြာ ကားလမ်းဘေးက ဝါယာလက်တင်းဂူတဲကို တွေ့ရသည်။

ကားသံကြားသဖြင့် အသင့်မတ်တတ်ရပ်နေကြသော ဝါယာလက်ရဲဘော် သုံးယောက်က ပြိုင်တူ အလေးပြုကြသည်။ တရုတ်စစ်ဗိုလ်က "ဆက်မောင်း"ဟု ပြောပြန်၏။

တစ်နာရီလောက်အကြာတွင် အမှတ်(၇) လူနာသယ်လေယာဉ်ကွင်းဝကို ရောက်လာကြလေ၏။ တံခါးစောင့်က အလေးပြုပြန်သည်။ ဗဟာဒူးကားကို ဆက်မောင်းလာ၏။ အမှတ်(၇) လူနာသယ်လေယာဉ်ကွင်း၏ ဝါယာလက်တင်းဂူ တဲနားရောက်သောအခါ လူရိပ်လူခြည် မမြင်ရသဖြင့် ကားရပ်သွားသည်။

"ဆဲဗင်းဂျူတီ"

"ဆဲဗင်းဂျူတီ"

တရုတ်စစ်ဗိုလ်သည် ကားပေါ်ထက်ကပင် လှမ်းအော်လိုက်၏။

စစ်သားသုံးယောက်သည် တင်းဂူတဲထဲမှ ကမန်းကတန်း ပြေးထွက်

http://www.cherrythitsar.org



လာကြ၏။ ကားကို မြင်သောအခါ ပြိုင်တူ မတ်တတ်ရပ်ပြီး အလေးပြု လိုက်ကြသည်။

"ခွေးမသားတွေ၊ မင်းတို့ အိပ်နေကြတာ မဟုတ်လား"

တရုတ်စစ်ဗိုလ်က ဆဲသည်။

"မဟုတ်ပါဘူး ဗိုလ်ကြီး"

"ဘာမဟုတ်တာလဲကွ၊ မင်းတို့ ဂျူတီချိန် နားမလည်ဘူးလား"

တရုတ်စစ်ဗိုလ်သည် ရဲဘော်သုံးယောက်ကို မာန်မဲပြီး အမှတ် (၈) လူနာသယ်လေယာဉ်ကွင်းဘက် ဆက်မောင်းခိုင်းလိုက်သည်။

လူနာသယ်လေယာဉ်ကွင်း အမှတ်(၈)မှာ မြင့်မားသီခေါင်သော တောင်နှစ်လုံးကြားရှိ တောင်ကြောထိပ် တစ်ခုကို မြေညှိဖောက်ထားသော လမ်း ဖြစ်သဖြင့် အဆင်းတွင် လမ်းက မတ်စောက်သည်။ ထို့ကြောင့် ဗဟာဒူးသည် ကားကို ဘီးလှိမ့်ရုံ လှိမ့်ပြီး လျှောဆင်းလာ၏။

တစ်မိနစ် အတွင်းမှာပင် အမှတ်(၈) လေယာဉ်ကွင်း၏ အနောက် ဘက် တံခါးကို ရောက်လာသည်။ တံခါးနားတွင် လူရိပ်လူခြည် မမြင်ရ သဖြင့် ဗဟာဒူးက ကားကို ရပ်လိုက်သည်။

"ဂျူတီ"

"ဂျူတီ"

တရုတ်စစ်ဗိုလ်က လှမ်းအော်၏။

မည်သူ တစ်ဦး တစ်ယောက်မျှ ထွက်မလာ။

"ဂျူတီ"

"ဂျူတီ. . . ခွေးမသားတွေ၊ ဘယ်မှာ သွားသေနေလဲ မသိဘူး။ သောက်===သုံးမကျတဲ့ အစောင့်တွေ"

တရုတ်စစ်ဗိုလ်နှင့် စစ်သားလေးယောက် ကားပေါ်က ဆင်းလာ ကြသည်။ ပတ်ဝန်းကျင် ဘယ်ညာကို အကဲခတ်ရင်း "ဂျူတီ ဂျူတီ "ဟု ပြိုင်တူ အော်ခေါ်ကြ၏။ သို့သော် လုံးဝ လူရိပ်လူခြည်ကို မမြင်ရ။

"ခွေးမသားကိုတော့ ကျားဆွဲသွားပြီ ထင်တယ်ကွ"

ဆယ်မိနစ်လောက် အော်ခေါ် လှည့်ရှာ၍ မတွေ့ရသောအခါ တရုတ်စစ်ဗိုလ်သည် တဖျစ်တောက်တောက် ဆဲဆိုကာ ကားပေါ် ပြန်

http://www.cherrythitsar.org



တက်လာသည်။

တရုတ်စစ်ဗိုလ်နှင့် ကားပေါ်က အတူ ဆင်းသွားကြသော ကုလား စစ်သားလေးယောက်ပင် ကားပေါ် ပြန်မတက်ရသေး။ တရုတ်စစ်ဗိုလ်က ဗဟာဒူးကို "မောင်းလေကွာ၊ မင်းအဘလို မင်းလည်း ကျားစာဖြစ်ချင်လို့ လား"ဟု မာန်လိုက်၏။

တရုတ်စစ်ဗိုလ်အသံကြောင့် ကုလားစစ်သားလေးယောက်မှာ ကမန်းကတန်း ကားပေါ် ပြေးတက်လာကြ၏။ ဖြောင့်ဖြူးသော အမှတ်(၈) လူနာသယ်လေယာဉ်ကွင်းထဲ ဗဟာဒူး ကားကို အပြင်းမောင်းဝင်လာ၏။ ကားနောက်တွင် ဖုန်မှုန့်တွေ တလိပ်လိပ် ထ၍ ကျန်ခဲ့သည်။

တရုတ်စစ်ဗိုလ်သည် အိတ်ဆောင်စာအုပ်ငယ် တစ်အုပ်ကို ထုတ်ပြီး စာရွက်တွေကို တဖျပ်ဖျပ် လှန်နေသည်။ အမှတ်(၈) လူနာသယ်လေ ယာဉ်ကွင်း၏ အနောက်ဘက် တံခါးစောင့်နာမည်ကို ရှာကြည့်နေသလား။ သို့မဟုတ် တံခါးစောင့် ထွက်ပြေးသွားပြီ၊ ကျားကိုက်သေပြီဟုများ မှတ် ချက်ရေးနေသလား ဆိုသည်ကိုတော့ ဗဟာဒူးလည်း မသိ။

ဤ ဟူးကောင်းတောင်ကြား တစ်လျှောက်ဆီတွင် ကျားတွေက လည်း အလွန်ပေါလေရာ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်း၏ အနောက်ဘက် တံခါးစောင့်ကို ကျားဆွဲသွားပြီဟု အားလုံးက ထင်လိုက် ကြလေသည်။

မကြာခင်မှာပင် အမှတ်(၈)၏ ဝါယာလက် တင်းဂူတဲနား ကား ရောက်လာသည်။ တိတ်တိတ်ဆိတ်ဆိတ်ပင်။ ကားသံ ကြားသော်လည်း မည်သူမျှ ထွက်မလာ။

တရုတ်စစ်ဗိုလ်မှာ ပိုပြီး ဒေါသထွက်လာသဖြင့် "ဂျူတီ ဂျူတီ"ဟု ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်သည်။ ဘာမှ ထူးခြားမှု မရှိ။

တရုတ်စစ်ဗိုလ် ကားပေါ်မှ ခုန်ဆင်းလိုက်သောအခါ ကုလား စစ်သားလေးယောက်မှာလည်း တရုတ်စစ်ဗိုလ် ဘေးနှစ်ဖက်တွင် တစ်ဖက် နှစ်ယောက်စီ ရံပြီးသား၊ မတ်တတ်ရပ်ပြီးသား ဖြစ်နေကြသည်။

တရုတ်စစ်ဗိုလ်သည် ဝါယာလက် တင်းဂူတဲဝရှေ့ ရောက်သွား၏။

"ဟေ့ကောင်တွေ၊ ခွေးမသားတွေ"ဟု အော်လိုက်ပြီး တဲထဲ

http://www.cherrythitsar.org



ဝင်မည် အလုပ်တွင် ခြေလှမ်းတုံ့သွားသည်။

တဲထဲတွင် ငြိမ်ငြိမ်သက်သက် အိပ်စက်နေကြသော တံခါးစောင့် နှစ်ယောက်၊ ဝါယာလက် ရဲဘော် သုံးယောက်ကို မြင်သောအခါ အံ့ဩသွားလေသည်။

"ဟေ့ကောင်"ဟု အော်ကာ တစ်ယောက်ကို ဖိနပ်နှင့် ဆောင့်ကန်၏။ တုတ်တုတ်မျှ မလှုပ်။

တရုတ်စစ်ဗိုလ်လေး 'အဟုန်'မှာ ရုတ်ခြည်း ထိတ်လန့်သွားသည်။ ဘယ်လို ဖြစ်ပါလိမ့်။

ကားမောင်းသူ ဗဟာဒူးကိုပါ လှမ်းခေါ်ပြီး အိပ်ပျော်ရင်း သေနေကြသော အလောင်းငါးလောင်းကို တရုတ်စစ်ဗိုလ်က 'ဘယ်လိုဖြစ်တာလဲ' ဟု မေး၏။ ဗဟာဒူးလည်း မဖြေတတ်။

လူငါးယောက်မှာ အိပ်လျက် သေနေကြသည်။

အလောင်းငါးလောင်းကို သေသေချာချာ မကြည့်အားကြ။ တောင့်တင်းနေသော အလောင်းငါးလောင်းမှာ ဂျပန် ကွန်မန်ဒိုများ သို့မဟုတ် ဂျပန်ကင်းသမားများ ဝင်သတ်သွားပြီဟုသာ ထင်လိုက်ကြသည်။ ဤသို့ ဒဏ်ရာဒဏ်ချက် မတွေ့ရခြင်း၊ သွေးစသွေးနတွေ စွန်းထင်းပေကျံနေခြင်း မရှိသည်မှာ လည်ပင်းညှစ်သတ်သွားတာ ဖြစ်ရမည်ဟုသာ တရုတ်စစ်ဗိုလ်က မှတ်ချက်ချသည်။

ဤ အနီးနားတစ်ဝိုက်ကို 'ဂျပန်တွေ ရောက်နေကြလေပြီ' ဟူသော စိုးရိမ်ကြောင့်ကြစိတ်နှင့် ကုလားစစ်သားများကို ချက်ချင်း ကားပေါ် ပြန်တက်ခိုင်းသည်။ သေနတ်ကိုလည်း အသင့်ပြင်ခိုင်းလိုက်သည်။ သူကိုယ်တိုင်လည်း စစ်သုံး ခြောက်လုံးပြူးကို ချက်ချင်း ဆွဲထုတ်ကာ အထိတ်တလန့်နှင့် ဟိုယမ်းသည်ယမ်း လုပ်နေသည်။

တရုတ်စစ်ဗိုလ်လေး 'အဟုန်'မှာ သွေးပူတတ်သူပီပီ အမှတ်(၈) လေယာဉ်ကွင်းနှင့် အနီးဆုံးဖြစ်သော ဗိုလ်မှူးလီဝှန် ရှိရာ ယန္တရား အမှတ်(၅)တပ်မကြီးသို့သာ ကားကို အမြန်ဆုံး မောင်းခိုင်းလိုက်လေသည်။

လူနာသယ်လေယာဉ်ကွင်း အမှတ်(၈)မှ အလောင်းငါးလောင်းကိုမူ သည်အတိုင်း ပစ်ထားခဲ့လေသည်။

* * *

http://www.cherrythitsar.org



ဗိုလ်အဟုန်၏ စကားကို ကြားရသောအခါ ဗိုလ်မှူးလီဝှန်မှာ တစ်ကိုယ်လုံး ထူပူသွားလေသည်။ ရုတ်တရက်မူ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွား၏။

ယန္တရားတပ်မ အမှတ်(၅)နှင့် လူနာသယ်လေယာဉ်ကွင်း အမှတ်(၈)မှာ (၁၀)မိုင်ပင် မဝေးသဖြင့် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားလေသည်။

ဘယ်လိုမှ ရောက်မလာနိုင်သေးဟု ထင်ထားသော လီဒိုလမ်းမပေါ်ကို ဂျပန်တွေ ရောက်လာလေပြီ။ အင်ဖာဘက်တွင်လည်း ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက လူသားများ ဖြတ်သန်း ကျော်နင်း၍ ဘယ်လိုမှ မသွားနိုင်ဟု ထင်ထားခဲ့သော ကန္တာရကို ဂျပန်များ ဖြတ်ကျော်ဝင်ရောက်လာပြီ ဖြစ်ကြောင်း လွန်ခဲ့သော အပတ်က သတင်းရသည်။

ဤသတင်းမှာလည်း အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် ကိုဝင်၏ အမှတ် (၁၇)တပ်မ တောင်ဘက် တောင်ပံတွင် ဒုဗိုလ်မှူးကြီးအတ်စ်ဝဲလ် ဦးစီးသော ချင်းလဲဗီးတပ်ကို ချက်ချင်း ချထားရသည်။ တမူးတစ်ဝိုက်တွင် တပ်စွဲထားသော 'ဂရေဆီ' ဦးစီးသည့် တပ်မဟာ တစ်ခုကိုလည်း ကဘော်ချောင်းဘက်သို့ ပြောင်းရွှေ့လိုက်ရသည်။

တောတောင်ကန္တာရ မည်မျှ ကြီးကြီး ဂျပန်များ မရောက်နိုင်၊ ဝင်မလာနိုင်သော ကန္တာရမှာ မရှိသလောက် ဖြစ်သွားလေပြီ။ အင်္ဂလိပ်စစ်ဗိုလ်များသည် ယခုအခါ ဘယ်တော၊ ဘယ်တောင်ကိုမှ စိတ်ချမထားရဲလောက်အောင် ဖြစ်နေကြသည်။

ယခုလည်း ဘယ်လိုမှ ရောက်မလာနိုင်ဟု ထင်ထားခဲ့သော လီဒိုလမ်းမပေါ် ဂျပန်များ ရောက်လာလေပြီဟု ဗိုလ်မှူးလီဝှန်က အတပ်ထင်လိုက်သည်။

ထို့ကြောင့် အနီးဆုံး လုံခြုံရေးတပ်များကို အကြောင်းကြားသည်။ မဟာလီဒို၏ အမှတ်(၁)မှသည် (၁၀)အထိ လုံခြုံရေးတာဝန်ကို ယူထားသော ဗိုလ်မှူးကြီးသောမတ်ကမူ အင်မတန် သွေးအေးသူ ဖြစ်သည်။ ထို့ကြောင့်လည်း "ခင်ဗျားတို့ဟာ ကျားကိုက်လို့ သေတာများလား"ဟုပင် ပြန်မေးသဖြင့် လီဝှန် အကြီးအကျယ် ဒေါသထွက်သွားသည်။ "ဂျပန်တွေ

http://www.cherrythitsar.org



လည်ပင်းညှစ်သတ်သွားတာဗျ၊ ဂျပန်တွေ လည်ပင်းညှစ်သတ်သွားတာ" ဟု အော်လိုက်မှ သောမတ်မှာ 'ဟယ်'ခနဲ ဖြစ်သွားသည်။

သို့သော် သူက ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို မလိုလား။ 'လီဒိုလမ်းမထဲ ဂျပန်တွေ ဝင်လာပြီ'ဟူသော သတင်းကို ကြားရလျှင် ရာပေါင်းများစွာသော စစ်သားများနှင့် ထောင်ပေါင်းများစွာသော အလုပ်သမားများကို ဘယ်လိုမှ ထိန်းရတော့မည် မဟုတ်။ ထို့ကြောင့် စောစောက 'ကျားကိုက်လို့ သေတာလား'ဟု မေးခြင်းမှာ သူ့လက်အောက်ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ ကြားသွားပြီး အလုပ်သမားများဆီ သတင်းပေါက်ကြားသွားမှာ စိုးသဖြင့် ပရိယာယ်နှင့် ပြောလိုက်ခြင်းသာ ဖြစ်သည်။

ဤသည်ကိုပင် အကြောင်းမသိသူ လီဝှန်က အကြီးအကျယ်ပင် ဒေါသထွက်၏။

"ခင်ဗျားက သိပ်သွေးပူတတ်တာပဲကိုး၊ တစ်နေ့မဟုတ် တစ်နေ့ ဂျပန်တွေ ကျုပ်တို့ဆီ ရောက်လာလိမ့်မယ် ဆိုတာ ကျုပ် သိပြီးသားပါ။ ခု အမှတ်(၈)ကွင်းမှာ ဖြစ်တာ ဆိုတော့ ဒီငပုတွေ အဲဒီနားတစ်ဝိုက် မှာ ရောက်နေပြီပေါ့။ ဒါပေမယ့် ကျုပ်တို့ တစ်ခု စဉ်းစားရမယ်။ ခု ကျုပ်တို့ လူတွေကို လည်ပင်းပဲ ညှစ်သတ်သွားကြတာဆိုတော့ ရှေ့ပြေး ကင်းအဖွဲ့လောက်ပဲ ဖြစ်ဦးမယ်။ ဒီငပုတွေ ကျုပ်တို့ကို စိန်ခေါ်တိုက်ရရင် သေနတ်နဲ့ ပစ်သတ်သွားမှာပေါ့၊ မဟုတ်ဘူးလား"

အေးအေးဆေးဆေး လုပ်နေသည်ကို ဒေါသဖြစ်၍ လီဝှန် ဘာမှ ပြန်မပြော။ လီဝှန်၏သဘောမှာ အမှတ်(၈)ကွင်းနားဝန်းကျင်ကို ချက်ချင်း တပ်တောင်တာ ဗိုလ်ထုနဲ့လူစု၍ ရန်သူဂျပန်များကို ပိုက်စိပ်တိုက် လိုက်ရှာချင်သည်။

"ကျုပ် ဗိုလ်ချုပ်ကြီးဆီထိ အစီရင်ခံရမှာပေါ့။ လောလောဆယ် တပ်ခွဲ တစ်ခွဲကို စုစည်းပြီး ပို့လိုက်ပါ့မယ်။ အရေးကြီးတာကတော့၊ အဲလေ . . . ညကပဲ ဖြစ်တဲ့ကိစ္စဆိုတော့ ဒီငပုတွေ အမှတ်(၈)နားမှာ ရှိမှာ မဟုတ်တော့ဘူးဆိုတာ သေချာတယ်။ ဒီငပုတွေဟာ ပြောက်ကျားစနစ်ကို သုံးတတ်တယ်။ အဲ အရေးကြီးတာက အဲဒီ အလောင်းတွေကို အမြန်ဆုံး

http://www.cherrythitsar.org



ဖျောက်ဖျက်ပစ်ရမယ်။ အလုပ်သမား ကူလီတွေ မသိကြဖို့ အဓိကပဲ။ သေတာကို သိတာ အရေးမကြီးဘူးနော် ဗိုလ်မှူး၊ ဂျပန်တွေ သတ်သွားတယ်ဆိုတာ မသိဖို့ဘဲ အရေးကြီးတယ်၊ တကယ်လို့ သိသွားတယ် ဆိုပါတော့ ကျားကိုက်လို့ သေတယ်ပဲ ပြောရမယ်'

လီဝှန်က အဟုန်ကို "မင်းတို့ကောင်နဲ့ ငါနဲ့ မဖြစ်ဘူး၊ကြာရင် ငါ ထထိုးမိလိမ့်မယ်"ဟု ပြောပြီး သူ့ယန္တရားစက်ရုံထဲ ပြန်သွားသည်။

ဗိုလ်မှူးကြီးသောမတ်၏ အစီအစဉ်အတိုင်းပင် လေယာဉ်ကွင်း အမှတ် (၈)မှ အလောင်းငါးလောင်းကို မည်သူကမျှ သေသေချာချာ စစ်ဆေးကြည့်ရှုခြင်း မပြုဘဲ အလျှင်မြန်ဆုံး မြေမြှုပ်ပစ်လိုက်ကြ၏။

သောမတ်၏ အစီအစဉ်နှင့် ဗိုလ်ကြီးအာဆင်း ဦးဆောင်သော တပ်ခွဲ တစ်ခွဲက အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းနား တစ်ဝိုက်ကို လိုက်ရှာကြသည်။ သူတို့ အရိပ်အယောင်မျှ မတွေ့ရတော့။ ထို့ကြောင့် နေမဝင်မီ တပ်စခန်းသို့ ပြန်လာကြသည်။

* * *

လီဒိုလမ်းမကြီး၏ အမှတ် (၈) လူနာသယ်လေယာဉ်ကွင်းစောင့် ငါးယောက်ကို ဂျပန်တွေ ဝင်သတ်သွားသည် ဟူသော သတင်းကြောင့် တာဝန်ရှိသူ ဗိုလ်မှူး၊ ဗိုလ်ချုပ်တွေမှာ လောလောဆယ် ခေါင်းချင်းရိုက်နေကြသည်။

ဂျပန်တွေ ဖြတ်ကျော်လာနိုင်သည်ဟု ထင်ရသော တောများ၊ တောင်များကို ယခုမှ ပိုက်စိပ်တိုက် လိုက်ရှာနေကြသည်။ ဂျပန်များ ခိုအောင်းနေသည်ဟု ထင်ရသော ချိုင့်ဝှမ်းများ၊ လွင်ကြောများကိုလည်း အထပ်ထပ် ပိတ်ဆို့၍ ရှာကြ၏။ သို့သော် ဂျပန်နှင့် တူသူကို မဆိုထားနှင့် အရိပ်အယောင်ကိုပင် မမြင် မတွေ့ကြရ။

ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပျောက်နေကြသော ဂျပန်များကို နှစ်ပတ်ခန့်ထိ ရှာမတွေ့သောအခါ 'ဂျပန်တွေ ဝင်သတ်သွားတာ ဟုတ်မှ ဟုတ်ရဲ့လား'ဟု တာဝန်ရှိသူများက သံသယတစ်ခု ဝင်လာကြပြန်သည်။ နာဂအမျိုးသား ဒေသခံနှစ်ယောက်လည်း ပါဝင်နေလေရာ၊ အချင်းချင်း

http://www.cherrythitsar.org



မကျေနပ်မှု တစ်ခုခုကြောင့် သူတို့ အမျိုးသားချင်း အဆိပ်ဆေး တစ်ခုခုကို သုံးကာ ညှ လာသတ်သွားတာရော မဖြစ်နိုင်ဘူးလား။

ဗိုလ်မှူးကြီးသောမတ်က တရုတ်ဗိုလ်မှူး လီဝှန်ကို ခေါ်မေးသည်။ လီဝှန်က "လည်ပင်းညှစ်သတ်သွားတယ် ပြောတာပဲ"ဟု တုံးတိတိ ဖြေ၏။ လီဝှန်၏ သဘောမှာ အမှုဖြစ်သော နာရီပိုင်းအတွင်းကပင် အမှတ်(၈) လေယာဉ်ကွင်းနားတစ်ဝိုက်ကို ချက်ချင်း ပိုက်စိပ်တိုက်မရှာဘဲ သူခိုးပြေးမှ ထိုးကွင်းထသူများဟု သောမတ်နှင့်တကွ လုံခြုံရေးဗိုလ်မှူး၊ ဗိုလ်ကြီးများကို ဒေါသထွက်နေသည်။

ထို့ကြောင့် သောမတ်က "အကယ်တည့် ဂျပန်တွေက လည်ပင်း ညှစ်သတ်သွားတယ်ဆိုရင် မျက်လုံးကြီးတွေ ပြူးပြီး သေနေရမယ်နော်၊ ခင်ဗျား ကြည့်လိုက်မိသေးလား"ဟု မေးသည်ကို လုံခြုံရေးတာဝန်ရှိသူက ယန္တရားဗိုလ်မှူးကို မေးရမလားဟူသော ဒေါသနှင့် သောမတ်စကားကိုပင် ဆုံးအောင် နားမထောင်ဘဲ "လည်ပင်းညှစ်သတ်မှ မျက်လုံးပြူးပြီး သေတာ မဟုတ်ဘူးဗျ၊ ဝေးစေ့ကို ညှစ်သတ်ရင်လည်း မျက်လုံးပြူးပြီး သေတာ" ဟု လီဝှန်က အော်ပြောလိုက်သည်။

ဤသည်ကို သောမတ်က ပကတိ မျက်နှာနှင့် "ဖြစ်နိုင်တယ်"ဟု ဆို၏။

သည်လိုနှင့် ရှင်ဘွေယံ၏ အမှတ်(၈) ပြဿနာမှာ ဂျပန်တွေ ဝင်သတ်သွားသည်ဟူသော ယုံကြည်ချက်နှင့်သာ အဆုံးသတ်သွားသည်။ ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်းမှာလည်း နောက်ထပ် ကွင်းစောင့်တွေ ရောက်မလာဘဲ အစောင့်မဲ့သွားသည်။

မဟာလီဒို လမ်းမကြီး တစ်လျှောက်ရှိ ဖောက်လုပ်ရေး၊ ထိန်းသိမ်း ပြုပြင်ရေး၊ လုံခြုံရေး စသည်တို့တွင် တာဝန်ရှိကြသော ဗိုလ်မှူး၊ ဗိုလ်ကြီး များကိုမူ ဂျပန်တွေ အချိန်မရွေး ဝင်လာနိုင်သည်ဟု တပ်လှန့်ထား၏။ သို့သော် အလုပ်သမား ကူလီများနှင့် စစ်သားများကိုမူ မသိစေရ။

လုံခြုံရေးတွင် တာဝန်အရှိဆုံးဖြစ်သော ဗိုလ်မှူးကြီးသောမတ် ကလည်း နောက်ထပ် တရုတ်စစ်ဗိုလ် အဟုန်အား လူငါးယောက် တစ် ပြိုင်တည်း သေသည့်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းခြင်း မပြုခဲ့။

http://www.cherrythitsar.org



လီဒိုတွင် တာဝန်အရသာ လမ်းဖောက်လုပ်သည့်ထဲ ပါဝင်နေရသော်လည်း သူ့စိတ်ကား သူသူငယ်ချင်းများ ရှိရာ အင်ဖာ စစ်မြေပြင်ကိုသာ ရောက်နေလေသည်။

အင်ဖာတိုက်ပွဲ မစတင်မီ ရက်သတ္တ သုံးပတ်ခန့် အလိုတွင် ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချီက သူ၏ အမှတ် (၁၅) တပ်မတော်အား တပ်လှန့်ကြေညာချက် မိန့်ခွန်းခြွေသည်။

*ရဲဘော်တို့ . . .*

*ယခုအချိန်၌ ငါတို့၏ တပ်မတော်သည် ရှိန်းဆာယာ ပိုမောက်၍ ကိုယ်ယောင်ဖျောက်နိုင်သည့်အထိ စွမ်းပကား ထက်မြက်၍ လာခဲ့ပေပြီ။*

*အိန္ဒိယပြည်ကြီးပေါ်တွင် ငါတို့၏ တက်နေရောင်အလံတော်ကြီးကို စိုက်ထူဝင့်ကြွားနိုင်ရန်လည်း အချိန် များစွာ မလိုတော့။*

*ငါတို့၏ လင်းယုန်စစ်ဆင်ရေးကြီးကို ကမ္ဘာတစ်ခုလုံးနှင့်တကွ ငါတို့၏ သန်းပေါင်း (၁၀၀)မျှသော ဂျပန်ပြည်သူလူထုကြီးက စောင့်ကြည့်လျက် ရှိနေသည်ကို ရဲဘော်တို့ သတိမူကြလော့။*

*ဤစစ်ဆင်ရေးတွင် ပါဝင်သော အရာရှိမှအစ ရဲဘော်အဆုံး အားလုံးသော ရဲမက်စစ်သည်တို့သည် သေသည်အထိ တိုက်ခိုက်ကြလော့။*

မတ္တာဂူချီ၏ အမိန့်အတိုင်းပင် (၁၉၄၄)၊ မတ်လ (၇)ရက်နေ့တွင် ဂျပန်တို့၏ အမှတ်(၃၃) တပ်မသည် အင်္ဂလိပ်တို့၏ အမှတ်(၁၇)တပ်မအား ချေမှုန်းသုတ်သင်ရန်နှင့် အမှတ် (၂၀) တပ်မအား ဖြိုခွင်းပစ်ရန် တီးတိန်နှင့် တမူးသို့ စစ်ကြောင်း နှစ်ကြောင်း ခွဲ၍ ချီတက်လာလေသည်။

ကဘော်မြစ်ဝှမ်း၊ ရာဇဂြိုဟ်တွင် အခြေစိုက်ထားသော ဗိုလ်မှူးအိုဂဝါနှင့် ဗိုလ်မှူးဆိုက်တို့ ဦးစီးသော တပ်ဖွဲ့နှစ်ခုသည် တောလမ်းတောင်လမ်းအတိုင်း ချီတက်လာကာ မဏိပူရမြစ်ကူးတံတားကို အုပ်မိုးနေသော ကျူတန်တောင်တန်းသို့ ရောက်လာသည်။

တမူးသို့ ချီတက်လာသော အမှတ် (၃၃) တပ်မ စစ်ကြောင်းတွင် (၂၁၃) တပ်ဖွဲ့မှ တပ်ရင်းတစ်ရင်းနှင့် အမှတ်(၁၄) တင့်ကားတပ်ဖွဲ့မှ အလတ်တန်းစား (၂၁)စီး အပါအဝင် အပေါ့စားတင့်ကား အစီး(၄၀) ပါလာသည်။ တပ်မတွင် ရှိသမျှ အမြောက်တပ် အားလုံးလိုလိုလည်း

http://www.cherrythitsar.org



ဤစစ်ကြောင်းနှင့်အတူ ချီတက်လာသည်။ ဤစစ်ကြောင်းကို ဦးစီးသူ 'ယာမာမိုတို'ကမူ တမူးသို့ ရောက်လာချိန်တွင် ချင်းတွင်းကို ဖြတ်ကျော်ပြီးဖြစ်နေသော အမှတ်(၁၅) တပ်မမှ မတ္တာဂူချီနှင့် ဆုံရန် ဖြစ်သည်။

တီးတိန်သို့ ချီတက်လာသော စစ်ကြောင်းသည် မတ်လ (၈)ရက်နေ့တွင် တီးတိန်တောင်ဘက် (၁၅)မိုင် အကွာမှ နေ၍ မဏိပူရမြစ်ကို ဖြတ်ကူးကာ အင်ဖာလမ်းရှိ မိုင်တိုင် အမှတ် (၁၆၀)ကို ချုပ်ကိုင်ထားရမည်။

ဂျပန်တပ်များသည် မတ်စောက်သောတောင်များနှင့် ထူထပ်သောတောများကို ညအချိန်တွင်သာ ဖြတ်ကျော်၍ မြောက်ဘက်ခရီးအတိုင်း ချီတက်လာကြခြင်း ဖြစ်ပေရာ အင်္ဂလိပ်တို့၏ ကင်းထောက်လေယာဉ်များက မည်သို့မျှ ရှာမတွေ့ ဖြစ်ခဲ့ရသည်။

မတ်လ (၁၀)ရက်နေ့တွင် အင်္ဂလိပ်စစ်သားများ ဖောက်ခွဲဖျက်ဆီးထားခဲ့သော 'ကက်တဲ့' ကြိုးတံတားရှိရာသို့ ရောက်လာကြသည်။ 'တူကဲလ်' ကြိုးတံတားမှ နေ၍လည်း မဏိပူရမြစ်စဉ်အတိုင်း ဆင်များဖြင့် စုန်ဆင်းလာကြသည်။

ထို့ကြောင့် ကနေဒီ တောင်ကုန်း၏ တောင်ဘက်မှ အမြောက်နှင့် မော်တာသံများမှာ ပိုမို မြည်ဟည်းလာသည်။

'ကိုဝင်'၏ ဌာနချုပ်ရှိ တပ်သားများနှင့် လေယာဉ်ကွင်း၊ ဆေးရုံ ရိက္ခာဂိုဒေါင်များကို စောင့်နေရသော တပ်ဖွဲ့များသည် ခံကတုတ်ကျင်းများကို အပူတပြင်း စတူးကြရတော့သည်။ ထိုအချိန်တွင် ဂျပန်စစ်တပ်ကြီးသည် မိုင်တိုင် အမှတ် (၁၀၀)သို့ အလုံးအရင်းနှင့် ချီတက်လာနေကြသည်။

ထို့ကြောင့် ထိုနေ့ည ရှစ်နာရီကျော်တွင် အမှတ် (၄) တပ်မကြီး၏ ဗိုလ်ချုပ်ကြီးဖြစ်သူ 'စကွန်း'က အမှတ် (၁၇) တပ်မဦးစီးမှူးဖြစ်သူ 'ကိုဝင်' အား တပ်မကို အင်ဖာသို့ ဆုတ်လာရန် အမိန့်ပေးရတော့သည်။ ယခုနေအခါတွင် အင်ဖာသည် သေရေးရှင်ရေး ဖြစ်လာလေပြီ။

'စကွန်း'မှာ အင်ဖာနှင့် တီးတိန်လမ်းပေါ်ရှိ မိုင်တိုင် (၁၀၉) ရိက္ခာဂိုဒေါင်ကို စောင့်ရှောက်နေရသော တပ်ဖွဲ့ခေါင်းဆောင်ထံမှ 'ရန်သူတပ်

http://www.cherrythitsar.org



များသည် ရိက္ခာစခန်း၏ အနောက်ဘက် မိုင်အနည်းငယ်အကွာသို့ပင် ရောက်လာနေကြပြီ ဖြစ်ကြောင်း၊ စခန်းတွင် အလုပ်သမားပေါင်း (၅၀၀၀) ရှိနေပြီး၊ တိုက်ခိုက်ရေးတပ်ဖွဲ့ ဆိုသည်မှာ ဝန်ထမ်းတပ်ခွဲတစ်ခွဲနှင့် စက်သေနတ်တပ်ခွဲ သုံးခွဲသာ ရှိနေကြောင်း၊ စခန်းမှာ မြေပြန့်တွင် တည်ရှိနေပြီး၊ ဂိုဒေါင်များကိုလည်း နေရာအနှံ့ဖြန့်၍ ထားရသောကြောင့် ခုခံကာကွယ်ရန် များစွာ အခက်အခဲ ရှိနေကြောင်း' သတင်းပို့ချက်အရ 'ကိုဝင်'အား ဆုတ်ခွာရန် အမိန့်ပေးရခြင်း ဖြစ်သည်။

ကိုဝင်သည် 'စကွန်း'ဆီမှ ဆုတ်မိန့်ရပြီး (၂၁)နာရီအတွင်းတွင် တီးတိန်ပတ်ဝန်းကျင် (၁၅)မိုင်ပတ်လည်မှ မော်တော်ယာဉ်များနှင့် မိုင် (၂၀)အတွင်း ရောက်နေသော ရှေ့တန်းမှ စစ်သည်တော်များကို တီးတိန်သို့ ချက်ချင်း ပြန်ဆုတ်ခိုင်းရသည်။ ပြီးမှ ခြေလျင်တပ်သားပေါင်း (၁၆၀၀၀)၊ မော်တော်ယာဉ် (၂၅၀၀)၊ လားတိရစ္ဆာန် (၃၀၀)ကို တီးတိန်မှစ၍ ဆုတ်ခွာရပြန်သည်။

မတ်လ (၁၃)ရက်နေ့ည ရှစ်နာရီခွဲကျော်ကျော်တွင် ဆုတ်မိန့်ရသော 'ကိုဝင်'သည် (၁၅) မိုင်၊ မိုင် (၂၀)ထိ တပ်ဖြန့်၍ ထားရသော တပ်မ တစ်ခုလုံးကို မတ်လ (၁၄)ရက်နေ့ ညနေ ငါးနာရီတိတိ အချိန်မှာ တီးတိန်ကို ကျောခိုင်းစေခဲ့သည်။

သို့သော် ထိုအချိန်တွင်ပင် ဂျပန်တို့၏ အမှတ် (၂၁၄) တပ်ဖွဲ့သည် တီးတိန် အင်ဖာလမ်းပေါ်ရှိ မိုင်တိုင် (၁၀၉)သို့ ချဉ်းကပ်ရောက်လာကြသော 'ကိုဝင်'၏ ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်ကြလေသည်။

မိုင်တိုင် အမှတ် (၁၀၉)တွင် အင်္ဂလိပ်တို့ အခြေအနေမှာ ဆိုးဆိုးရွားရွား ဖြစ်နေသည်။

ပြန့်ပြူးသော မြေနေရာနှင့် သုံးရေသောက်ရေ အလွယ်တကူ ရရှိစေနိုင်ရန် ဤစခန်းမှ ရိက္ခာဂိုဒေါင်များကို ချောင်းကမ်းနံဘေးနားတွင် ဆောက်လုပ်ထားခဲ့သည်။ လက်နက် မကိုင်တတ်သော အလုပ်သမား (၅၀၀၀)ခန့် ဤစခန်းတွင် ရှိနေပြီး၊ သူတို့အား အကာအကွယ် ပေးနိုင်သည့် စစ်သည် အင်အားက နည်းပါးလျက် ရှိရာ ဂျပန်တို့သည် စခန်း

http://www.cherrythitsar.org



အနောက်ဘက်ရှိ တောင်ကုန်းကို သိမ်းယူလိုက်ပြီးနောက် တီးတိန် အင်ဖာ လမ်းကို ဤနေရာမှနေ၍ ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။

မတ်လ (၁၄)ရက်နေ့ တစ်နေ့လုံး ဤစခန်းရှိ အင်္ဂလိပ်စစ်သည် ရဲမက်များက မျက်နှာချင်းဆိုင်ရှိ ဂျပန်များကို မော်တာနှင့် တဝုန်းဝုန်း ထုနေသည်။ မှောင်စပြုလာသည့် အချိန်တွင် ဂျပန်တို့က ပို၍ ရဲရင့်လာကြသည်။ သို့တိုင်အောင် သူနာပြုကားတစ်စီးကတော့ ည (၁၀)နာရီတွင် ဤလမ်းမပေါ် ကပင် ဖြတ်ပြေးသွားနိုင်ခဲ့သည်။

မတ်လ (၁၇)ရက်နေ့ထိ အင်္ဂလိပ်တို့က (၁၀၉)ကို ခုခံနေကြတုန်း။ (၁၆)ရက်ညကပင် အလုပ်သမား (၅၀၀၀)ကိုတော့ အိန္ဒိယအမျိုးသား အရာရှိတစ်ဦးက ဦးဆောင်ကာ တောလမ်းတောင်လမ်းကြားမှ ခေါ်ထုတ်သွားနိုင်ခဲ့လေသည်။ (၁၇)ရက်နေ့ ညနေပိုင်း အရောက်တွင် စခန်းကို စွန့်လွှတ်ရန် အမိန့်ရောက်လာတော့သည်။

အင်ဖာအတွက် အချက်အချာကျသော (၁၀၉)ကို စွန့်လွှတ်ခဲ့ကြရသဖြင့် ဂျပန်တို့က ရိက္ခာ၊ ထရပ်ကားများနှင့် စစ်တန်းလျားများကို အသင့် ရရှိသွားကြသည်။

မတ်လ (၂၄)ရက်နေ့တွင် ဤစခန်းကို ပြန်လည် သိမ်းယူနိုင်ရန် 'ကင်မရွှန်' ဦးစီးသော အမှတ် (၄၈) တပ်မဟာက မိုင်တိုင် (၁၁၀) အရှေ့ဘက် တောင်ကုန်းများမှ နေ၍ ချီတက်တိုက်ခိုက်သည်။

ရှေ့ပြေးချီ အမှတ် (၉)တပ်ရင်းသည် တောင်ကုန်းပေါ်ရှိ စက္ကဝံရွာကို သိမ်းပိုက်နိုင်ရန် ကြိုးစားသည်။ သို့သော် တပ်လန်၍ ပြန်ကျလာ၏။

စက္ကဝံ တောင်ကုန်းသည် မိုင်တိုင် (၁၀၉)စခန်းကို အုပ်မိုးလျက်ရှိရာ ဤတောင်ကုန်းသည် တိုက်ပွဲ၏ အချက်အချာနေရာ ဖြစ်သည်။

ဒုတိယအကြိမ်အဖြစ် 'အယ်ဒလီ' ခေါင်းဆောင်သော ဂေါ်ရခါးတပ်က စက္ကဝံကို အပြင်းအထန် တက်ရောက်တိုက်ခိုက်သည်။ နောက်မှကပ်ပါလာသော အမြောက်တပ်က စက္ကဝံ တောင်ကုန်းကို သစ်ပင်များ ပြုတ်ပြုတ်ပြုန်းသွားအောင် ပစ်ခတ်ပေးနေပြီး မော်တာတပ်ဖွဲ့ကလည်း တောင်ကုန်းတစ်ခုလုံးကို အပ်နှင့်လိုက်၍ စိုက်သလို ပစ်ပေးသည်။

ပထမ တက်သွားသော တပ်ခွဲမှာ ရှေ့သို့ မတိုးနိုင်အောင် ဖြစ်နေ

http://www.cherrythitsar.org



စဉ် ဒုတိယတပ်ခွဲက မောင်းပြန်သေနတ်များကို မိုးသီး မိုးပေါက်ပမာ သွန်ပစ်ပေးသည်။

**"အရိုး . . ရိုး. . . ဂေါ်ရခါဂီ"** ဟူသော ဂေါ်ရခါးစစ်သားများ၏ ကြွေးကြော်သံက ဘဝင်လျှံအောင် ပေါ်ထွက်လာပြီး နောက်ဆုံးတွင် ပျောက်ကွယ် တိတ်ဆိတ်သွားလေသည်။

အင်ဖာနှင့် မိုင် (၂၅၀)အကွာတွင် ရောက်နေသော ဗိုလ်မှူးကြီး သောမတ်သည် သက်ပြင်းရှည်ကြီး တစ်ချက်ကို 'ဟင်း'ခနဲ ချကာ ရွက်ဖျင်တဲထဲမှ ထွက်လာလေသည်။

မဟာလီဒိုလမ်းမမှာ ယခုထိ ဖောက်လုပ်၍ မပြီးသေးသော်လည်း အင်ဖာ၏ အခြေအနေကြောင့် ပို၍ အရေးကြီးလာသည်။ အထူးသဖြင့်မှာ လေယာဉ်ကွင်းများ ဖြစ်၏။ မိုင် (၂၅၀)ဆိုသော ခရီးမှာ စစ်လေယာဉ်များ အတွက် မိနစ်ပိုင်းခရီးသာ မဟုတ်ပါလား။

ထို့ကြောင့် မဟာလီဒိုလမ်းမရှိ ဖောက်လုပ်ပြီးစ လေယာဉ်ကွင်း များကို လေယာဉ်များ အချိန်မရွေး ဆင်းနိုင် တက်နိုင်ရန် အပူတပြင်း ပြုပြင်တည်ဆောက်နေကြရသည်။ ယခင်က ယောင်လို့မှ ရောက်မလာကြ သော စစ်လေယာဉ်များမှာ ယခုအခါ အစမ်းလေ့ကျင့်ရင်း ဥဒဟို ဆင်း တက်နေကြ၏။

ထိုအခါ အစောင့်မဲ့ ဖြစ်နေခဲ့သော ရှင်ဘွေယံ၏ လူနာသယ် လေယာဉ်ကွင်း အမှတ်(၈)မှာလည်း အစောင့်အရှောက်များ ပြန်ရောက် လာကြလေသည်။

သို့သော် ယခင်ကလို မဟုတ်။ လေယာဉ်ကွင်းစောင့် ငါးယောက် အပြင် ဂေါ်ရခါး တပ်စိတ်တစ်စိတ် အပိုပါလာသည်။ တခြား လူနာသယ် လေယာဉ်ကွင်းတွေနှင့်စာလျှင် ဤလေယာဉ်ကွင်းမှာ ထူးခြားနေသည်။ ယခင်က အဖြစ်အပျက်ကို သူတို့ လုံးဝ မသိကြ။ ထူးခြားစွာ ပို၍ အစောင့် တပ်စိတ် တစ်စိတ် ချထားခြင်းမှာ စစ်အတွက် အရေးကြီး၍သာဟု ထင်ခဲ့ ကြ၏။

အမှန်မှာ သူတို့အား ကုန်အမှတ် (၈) လူနာသယ်လေယာဉ်ကွင်း ကိုမှ တမင် ရွေး၍ ချထားခြင်းမှာ ဗိုလ်မှူးကြီး သောမတ်၏ အစီအစဉ်

http://www.cherrythitsar.org



ပင်။ ဤစခန်းအကြောင်းကို နားစွန်နားဖျား ကြားထားသူများကို ချထားလျှင် တစ်စုံတစ်ခု အရေးပေါ် လာသည်နှင့် ကြောက်လန့်တကြား လန့်ဖျပ်ပြီး ထွက်ပြေးကြမှာ စိုးသဖြင့် ဖြစ်သည်။

သို့သော် တပ်ကြပ်ကြီးဖြစ်သူ အာဇံအား ဗိုလ်မှူးကြီး သောမတ်က အကြောင်းထူးလျှင် ချက်ချင်း သူ့ဆီ တိုက်ရိုက်လာ အစီရင်ခံရန် ဂျစ်ကားတစ်စီး ပေးလိုက်သည်။ သူက 'အကြောင်းထူးလျှင်' ဟူသော စကားကို တပ်ကြပ်အာဇံက မျက်လုံး ပုတ်ခတ် ပုတ်ခတ် လုပ်ပြီး သံသယ တစ်စုံတစ်ခုနှင့် ကြောက်လန့်တကြား နားထောင်နေသလားဟု ထင်သဖြင့် ဗိုလ်မှူးကြီးသောမတ်က "ဘာမှ မဟုတ်ပါဘူး ဆာဂျင်ရယ်၊ အရင်က အဲဒီစခန်းက အလုပ်သမားတစ်ယောက်ကို နေ့ခင်းကြောင် တောင်ကြီး ကျားဆွဲခံထားရဖူးလို့ပါကွ၊ မင်း ဂျူတီကင်းတွေတော့ နေ့ရော ညရော မလစ်ဟင်းစေနဲ့။ မင်းကိုယ်တိုင် ကြပ်ကြပ်မတ်မတ် စောင့်နေဒါပဲ"ဟု သွားခါနီး မှာလိုက်လေသည်။

သူတို့သည် ညနေ သုံးနာရီကျော်ကျော်တွင် အမှတ် (၈) လူနာသယ်လေယာဉ်ကွင်းသို့ ရောက်လာကြ၏။ ကွင်းရောက်ခါမှ ဝါယာလက်ရဲဘော် တစ်ယောက်က "ဆာဂျင်ကြီး ဘယ်စခန်းက ပြောင်းလာလဲ"ဟု မေး၏။ "ငါက လုံခြုံရေးက မဟုတ်ဘူးကွ၊ တိုက်ခိုက်ရေးတပ်က ပတ်လွှိုင် (၃၀၆)က ပြောင်းလာတာ"ဟု အမှန်အတိုင်း ပြောသည်။

"မင်းကကော"ဟု မေးကြည့်ရာ "ကျွန်တော်က တာဝါဆက်သွယ်ရေး သင်တန်းဆင်းပါ"ဟု ဆိုသည်။ 'လူသစ်ပဲ' ဟူသော သဘောနှင့် ဆာဂျင်ကြီးက နောက်ထပ် မမေးတော့။

သာမန် လူသားများအတွက် ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်းမှာ ဘာမှ ထူးခြားမှု မရှိ။ ကင်းဂူတဲ ထိုးပြီးချိန်မှာ နေရောင်ခြည်များကို လေယာဉ်ကွင်း၌ မမြင်ရတော့၊ မြင့်မားသော တောင်ထိပ်ပေါ်မှာတော့ ဟိုတစ်ကွက် သည်တစ်ကွက် လင်းနေသေး၏။

ညနေစာကို စားပြီးကြသည်နှင့် ဆာဂျင်အာဇံက ကင်းချသည်။ အလုပ်သမားများ ဖြစ်ကြသော လေယာဉ်ကွင်းစောင့် နှစ်ယောက်တို့မှာ ဝါယာလက်ရဲဘော်များနှင့် လုပ်ငန်းသဘာဝက ဆက်စပ်နေသဖြင့် သူတို့

http://www.cherrythitsar.org



တင်းဂူတဲထဲ ဝင်သွားကြ၏။

တပ်ကြပ်ကြီးအာဇံသည် မိမိ တင်းဂူတဲဝတွင် ဗီလီဆေးလိပ်လေး ကိုဖွာပြီး ထိုင်နေ၏။ တောင်မြင့်များ ထိပ်ပေါ်မှ နေရောင်ခြည်များ ကွယ်ပျောက်သွားသောအခါ ပိုးကောင်မွှားကောင်တွေက တစီစီ အော် မြည်လာကြသည်။ သူတို့၏ တင်းဂူတဲနား ဝန်းကျင်တွင် ညငှက်များ၊ လင်းဆွဲများသည် ပလူပျံလာကြ၏။

နောက်တစ်နေ့ နံနက် ရှစ်နာရီတွင် ကင်းဝင်ရမည့် ရဲဘော်သုံး ယောက်နှင့်ဒရိုင်ဘာက တင်းဂူတဲထဲ ဝင်အိပ်ပြီး မကြာခင်မှာပင် တပ်ကြပ် အာဇံလည်း ညကျလျှင် ကင်းသွားစစ်ရဦးမည် ဖြစ်သဖြင့် စောစောပင် အိပ်ရာဝင်လိုက်လေသည်။

အိပ်ပျော်ခါနီးတွင် တင်းဂူဝဆီမှ တဖျပ်ဖျပ် အသံများကို ကြား လိုက်ရသဖြင့် ထထိုင်ကာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၏။ ညငှက် သုံးလေးကောင်သည် တင်းဂူတဲဝက အမိုးစွန်းတွင် လာနားနေကြသည်ကို မြင်ရသည်။ သေသေချာချာ ကြည့်သောအခါ လင်းဆွဲများ ဖြစ်နေသဖြင့် သူ ပြန်အိပ်သွားလေ၏။

* * *

ထိုအချိန်ကစပြီး တပ်ကြပ်ကြီး အာဇံ ပြန်နိုးမလာတော့။

ဟူးကောင်းတောင်တန်းကြီးများပေါ်မှ ထိုးကျလာသော နေရောင် ခြည်များသည် လီဒိုလမ်းမကြီးပေါ် ပြုတ်ကျနေလေပြီ။ အချိန်မှာလည်း နံနက် ရှစ်နာရီခန့်ပင် ရှိသွားလေပြီ။

အမှတ် (၁) ကင်းမှ ရဲဘော် ရမ္မနား စိတ်တိုလာသည်။ တစ်ညလုံး ကင်းလာမစစ်သဖြင့် သူ့မှာ လာစစ်နိုး လာစစ်နိုးနှင့် စောင့်ရင်း တစ်ညလုံး မှေးပင် မမှေးခဲ့ရ။ ဆာဂျင်အာဇံ၏ ညစ်ချက်မှာ သူ့အဖို့ မသက်သာပေ။ အကယ်၍ ကင်းလာစစ်သွားခဲ့လျှင် နာရီဝက် တစ်နာရီတော့ စိတ်ချ လက်ချ ငိုက်မျဉ်းနိုင်သည် မဟုတ်ပါလား။

ယခုတော့ တစ်ညလုံး မိုးလင်းသည်ထိ ပေါ်မလာ။ ယခုလည်း ကင်းလှည့်ချိန် ရောက်နေပြီ။ အာဇံက ပေါ်မလာသေး။ ဗိုက်ထဲကလည်း

http://www.cherrythitsar.org



တကြုတ်ကြုတ် မြည်လာပြီ၊ ဖြစ်ချင်ရာဖြစ်ဟု ကင်းတဲသို့ ပြန်လာ၏။

ဝါယာလက်ရဲဘော်များ တင်းဂူတဲနားက ဖြတ်လာရသော်လည်း ဒေါသဖြစ်နေသော ရမ္မနားသည် ဝါယာလက်ကင်းတဲ၏ ထူးခြားချက်ကို လုံးဝ သတိမမူခဲ့။ သူတို့၏ ကင်းတဲရှိနေရာသို့သာ စိုက်စိုက်မတ်မတ် လျှောက်လာသည်။

ကင်းတဲရှေ့၌ တစ်စုံတစ်ယောက်ကိုမျှ မတွေ့သောအခါ သူ့စိတ်ထဲ တစ်မျိုး ဖြစ်သွား၏။ တင်းဂူတဲဝမှ ခေါင်းငုံ့ပြီး တဲထဲ ကြည့်လိုက်၏။ ဆာဂျင်အာဇံနှင့် ရဲဘော်လေးယောက်သည် တင်းဂူတဲထဲတွင် ငြိမ်ငြိမ်သက်သက်ပင် အိပ်စက်နေကြသည်။

ရမ္မနား အကြီးအကျယ် ဒေါသထွက်သွား၏။ ဘယ်ကဘယ်လို ဆာဂျင်အာဇံနား ရောက်သွားသည် မသိ။

"ဆာဂျင်. . . ဆာဂျင်"

ဆောင့်ဆွဲကာ အော်ခေါ်လိုက်၏။ အာဇံကား တုတ်တုတ်မျှ မလှုပ်။ ဆာဂျင်အာဇံနှင့်အတူ အိပ်နေကြသော ကားဒရိုင်ဘာနှင့် ရဲဘော်လေးယောက်ကလည်း တစ်ယောက်မျှ နိုးမလာကြ။

"ဆာဂျင်. . . ဆာဂျင်"

ဤတစ်ခါ ရမ္မနားက အာဇံ၏မျက်နှာကို ဆွဲလှည့် အော်လိုက်၏။ ရုတ်တရက် လန့်ပြီး လက်ကို ကမန်းကတန်း ရုပ်လိုက်မိသည်။ သူ ဆွဲလှည့်လိုက်သဖြင့် အာဇံ၏ မျက်နှာက တစ်ဖက်သို့လည်ကာ ငိုက်ကျသွားသည်။ လုံးဝ လှုပ်မလာ။

"အာဇံ သေနေပြီ. . . "

သွေးရူးသွေးတန်းနှင့် ရေရွတ်လိုက်ကာ ရဲဘော်လေးယောက်၏ မျက်နှာတွေကို တစ်လှည့်စီ လှုပ်နှိုးဆွဲဆိတ်ကြည့်၏။ မည်သူမျှ လှုပ်မလာ။ အားလုံးပင် သေကုန်ကြလေပြီ။

ရမ္မနားသည် တုန်တုန်လှုပ်လှုပ်နှင့် အာဇံလည်ပင်းပေါ်မှ ခရာကို ဆွဲဖြုတ်လျက် တစီစီ မှုတ်လိုက်သည်။ "လာကြပါဦး၊ ကယ်ကြပါဦး"ဟု အော်ဟစ်သည်။

သူ၏ ခရာမှုတ်သံကြောင့် ကင်းအဖွဲ့တွေ စခန်းသို့ ပြေးလာကြ

http://www.cherrythitsar.org



သည်။ အာဇံနှင့်တကွ ရဲဘော်သုံးယောက်စလုံး သေနေကြသည်ကို တွေ့ကြရသောအခါ အားလုံး ထိတ်လန့်ကုန်ကြသည်။

ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်းထဲတွင် ဆယ်မိနစ်ပင် ဆက်မနေခဲ့ကြတော့ဘဲ ဗိုလ်မှူးကြီးသောမတ်ရှိရာသို့ ခြေလျင် ပြေးလာခဲ့ကြရသည်။

ဂျစ်ကားမောင်းသူ ကားဒရိုင်ဘာ စစ်သားမှာ ဆာဂျင်အာဇံတို့နှင့် အတူ အမှတ်(၈)တွင် သေကျန်ခဲ့လေပြီ။ သူတို့အထဲ၌ ကားမောင်းတတ်သူ တစ်ယောက်မျှ မပါ။

* * *

အင်မတန် သွေးအေးသော ဗိုလ်မှူးကြီးသောမတ်မှာ ဤတစ်ခါတော့ သွေးမအေးနိုင်တော့။ နီးရာ တပ်ခွဲနှစ်ခွဲကို စုလျက် ရမ္မနားတို့နှင့် အတူ အမှတ်(၈)သို့ ပြေးလိုက်လာရ၏။

ယခင်က အဖြစ်အပျက်နှင့် ယခု အဖြစ်အပျက်ကို ဗိုလ်ချုပ်ကြီးဆီ အစီရင်ခံရန်လည်း တစ်လမ်းလုံး သတိရလာလေသည်။

ရမ္မနားတို့ ပြောတုန်းက တပ်ကြပ်အာဇံနှင့် ရဲဘော်လေးယောက်တို့သာ သေသည်ဟု ထင်ခဲ့၏။ ရှင်ဘွေယံ၏ အမှတ် (၈) လူနာသယ်လေယာဉ်ကွင်းသို့ ရောက်သောအခါ ကွင်းစောင့်နှစ်ယောက်နှင့် ဝါယာလက် ရဲဘော်သုံးယောက်ပါ သူတို့ တင်းဂူထဲအိပ်ရင်း သေနေကြသည်ကို တွေ့ရ၏။

တရုတ်စစ်ဗိုလ်လေး အဟုန်မှ လာပြောစဉ်က ကိုယ်တိုင်ကိုယ်ကျ မမြင်တွေ့လိုက်ရသော သောမတ်မှာ ယခုတစ်ခါတော့ အကြီးအကျယ် တုန်လှုပ်သွားလေသည်။ သူ့အား သတင်းလာပေးသော ရမ္မနားတို့မှာလည်း သူကဲ့သို့ပင် တုန်လှုပ်ချောက်ချားနေသည်။ ထို့ကြောင့် စောစောက ကွင်းစောင့်ကူလီလုပ်သားနှစ်ယောက်နှင့် ဝါယာလက်ရဲဘော်သုံးယောက်ပါ သေနေသည်ကိုပင် သတိမထားနိုင်ခဲ့ ဖြစ်ကြရသည်။

ဗိုလ်မှူးသောမတ်သည် အလောင်းများကို သေသေချာချာ စစ်ဆေးကြည့်၏။ တစ်ယောက်မျှ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မြင်မကောင်း

http://www.cherrythitsar.org



ရှုမကောင်း သေနေသည်ကို မတွေ့ရ။ လူအားလုံး မျက်လုံးမှိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ်သာ အိပ်ရင်း သေနေကြ၏။

လည်ပင်းတွင် ဒဏ်ရာရှိသလားဟု ကြည့်၏။ မတွေ့။ တရုတ်ဗိုလ်မှူးလီဝှန်ကို သတိရသဖြင့် တစ်လောင်းပြီး တစ်လောင်း ဘောင်းဘီတွေကို ချွတ်ကြည့်၏။ ဘာမှ ထူးထူးခြားခြား မတွေ့။ အညိုအမည်း၊ အစွန်းအထင်း၊ အပေအကျံ ဆိုသည်မှာ တစ်လောင်းလောင်း၏ကိုယ်ပေါ်မှာမျှ ရှာမတွေ့ရ။

ဘယ်လိုဖြစ်ပြီး သေသွားကြပါလိမ့်။ သောမတ် တွေးမရ။ အစားများ၍ သေသည်ဟု ဆိုရအောင်ကလည်း ကွင်းစောင့်နှင့် သူ့တပ်စိတ်မှာ တခြားစီ၊ တစ်ဖွဲ့စီ စားသောက်တတ်ကြခြင်းသာ။ ပြီးတော့ ကင်းစောင့်နေသော ရဲဘော်တွေက ဘာမှ မဖြစ်။ ညက အိပ်နေသူ မှန်သမျှ တစ်ဦးမျှ မကျန်၊ သေကုန်ကြပြီ။

ဂျပန်များသည် အိပ်နေသူများကို တိတ်တဆိတ်လာပြီး အဆိပ်ခတ်၍ သတ်သွားလေသလား။ ဤသည်မှာ ဆေးဘက်ဆိုင်ရာ ဆရာဝန်တွေနှင့်သာ သက်ဆိုင်သဖြင့် အလောင်းများကို ချက်ချင်း မမြှုပ်သေးဘဲ အထက်ကို အစီရင်ခံ၏။

ဗိုလ်မှူးချုပ်လင်းဘတ်ဆီက အလောင်း အားလုံးကို လောလောဆယ် မြှုပ်ပစ်လိုက်၊ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်း တစ်ဝိုက်တွင် တပ်မတစ်ခုချထားပြီး ရန်သူကိုမိအောင် ရှာရမည်ဟု အမိန့်လာသည်။

ဗိုလ်မှူးချုပ်ကလည်း သူ ထင်သလိုပင် ဂျပန်များ လီဒိုလမ်းမပေါ် ရောက်နေကြပြီဟု ထင်လိုက်၏။ လောလောဆယ်တွင် အလောင်းများကို ဓာတုဗေဒဆေးမှတ်တမ်းတွေ ယူမနေအား။ ရန်သူကို မြန်မြန် မိရန်သာ အရေးကြီး၏။

ရှင်ဘွေယံ၏ လူနာသယ်လေယာဉ်ကွင်း အမှတ်(၈) ပတ်ဝန်းကျင်ရှိ တောတောင်များကို ပိုက်စိပ်တိုက်ရှာခိုင်းထားသည်။ သူကမူ အမှတ်(၈) လေယာဉ်ကွင်းနားက မခွာ။ အခြေအနေအရပ်ရပ်ကို လေ့လာ အကဲခတ်လျက် စောင့်ကြည့်နေသည်။

တစ်နေ ဝင်သွားပြန်ပြီ။

http://www.cherrythitsar.org



လေယာဉ်ကွင်းနား တစ်ဝိုက်တွင် ဘာမှ ထူးခြားမှု မရှိ။ နေရောင်ခြည် ကွယ်ပျောက်သွားသောအခါ ညငှက်ငယ်များ၊ ပလူကောင်များ၊ လင်းနို့များသည် လေယာဉ်ကွင်းပေါ် ဝဲပျံမြူးထူးနေကြ၏။

သူ့ တင်းဂူတဲရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဗိုလ်မှူးကြီး သောမတ်သည် ဟိုတွေးသည်တွေး တွေးနေသည်။ တင်းဂူတဲထဲ ဝင်အိပ်နေကြသူတွေသာသေပြီး ကင်းစောင့်တွေက ဘာမှ မဖြစ်ကြ။ အိပ်နေသူများသာသေခြင်းမှာ ဘာကြောင့်နည်း။

'ဒီတစ်ညတော့ ဘယ်သူမှ မအိပ်ကြနဲ့'ဟု အမိန့်ပေးထားမှဟု အတွေးရသည်။ ထို့ကြောင့် မိုးချုပ်စတွင် သူ့ရဲဘော်နှစ်ယောက်ကိုခေါ်ကာ တင်းဂူတဲများဆီ သွားသည်။ သူ့တင်းဂူတဲတွင် ကားဒရိုင်ဘာကို အစောင့်ထားခဲ့၏။ သူ ပြန်လာလျှင် သောက်ရန် လက်ဖက်ရည် ဖျော်ထားဖို့လည်း မှာခဲ့၏။

ဗိုလ်မှူးကြီးသောမတ်သည် စခန်းတဲ တစ်ခုပြီးတစ်ခုသို့ သွား၍ သည်ည မည်သူမျှ မအိပ်စက်ကြရန်။ အထူးသဖြင့် ကင်းနားရဲဘော်များ၊ မနက်ဖြန် မနက်ခင်းတွင် ကင်းဝင်ရမည့် ရဲဘော်များပါမကျန် သည်ည မည်သူမျှ မအိပ်ကြရန် အမိန့်ပေးခဲ့သည်။ သူကိုယ်တိုင်လည်း တစ်ညလုံး မအိပ်ဘဲ အခြေအနေကို အကဲခတ်မည်ဟု မှန်းထားသည်။

ရှင်ဘွေယံ၏ အမှတ်(၈) လူနာသယ်လေယာဉ်ကွင်း တောင်ဘက်တောင်စောင်းရှိ စခန်းတဲမှ ဗိုလ်ကြီးရစ်ချတ်စ်အား သည်ည လုံး၀ မအိပ်ကြရန် အမိန့်ပေးပြီးသောအခါ သူ့ရဲဘော်နှစ်ယောက်နှင့်အတူ သူ့တဲစခန်းရှိရာသို့ ပြန်လာသည်။

အချိန်မှာ ည ဆယ်နာရီပင် ကျော်နေလေပြီ။

မှောင်ကြီးမည်းမည်းထဲတွင် သူ့တင်းဂူတဲသည် အသက်ဝိညာဉ် ကင်းမဲ့နေသော တိရစ္ဆာန်ကြီး တစ်ကောင်ပမာ ထီးထီး တည်နေ၏။ ခါတိုင်းလို သူ့တဲစခန်းထဲမှ စစ်သုံးမီးအိမ်၏အလင်းရောင်ကို မမြင်ရသဖြင့် စိတ်ထဲ တစ်မျိုး ဖြစ်သွား၏။

ပြီးမှ သူ့ဒရိုင်ဘာအား စစ်နယ်မြေအဖြစ် မီးမှိတ်ထားရန် စောစောက မှာကြားခဲ့သည်ကို သတိရ၏။ တင်းဂူတဲဝရှေ့သို့ ရောက်သောအခါ သူ့ရဲဘော်နှစ်ယောက်သည် ဝင်ပေါက် ဘေးနှစ်ဖက်မှ တစ်ယောက်စီ သတိအနေအထားနှင့် ရပ်ပေးကြ၏။

http://www.cherrythitsar.org



"ဆာဂျင်. . . ဆာဂျင်"ဟု ခေါ်ကာ ဗိုလ်မှူးကြီးသောမတ်က အထဲဝင်လိုက်၏။ တခြား အရာရှိ အရာခံ အကြပ်တပ်သားတွေကိုသာ ညမအိပ်ရန် လိုက်ပြောပြီး သူ့ဒရိုင်ဘာကိုမူ မအိပ်ဘဲ စောင့်နေရန် ပြောဖို့ သူ မေ့သွားလေသည်။ သူ့ဒရိုင်ဘာမှာ ကိုယ်ခန္ဓာ ကြီးမားဝဖီးသဖြင့် အင်မတန် အအိပ်မက်သူ ဖြစ်၏။

သူ ကင်းစစ်ရာက ပြန်လာတိုင်း စခန်းတဲနား မရောက်ခင်ကပင် ဆာဂျင်၏ ဟောက်သံကို ကြားရတတ်သည်။ ထို့ကြောင့် စိတ်လိုလက်ရ ရှိသောအခါ ဗိုလ်မှူးကြီးသောမတ်က. . .

"မင်း ငါ့ကို အဝေးကြီးကနေ လှမ်းလှမ်း နှုတ်မဆက်စမ်းပါနဲ့ကွာ။ ရန်သူများ ကြားသွားရင် ငါ မာလကီးယား နေပါဦးမယ်"

ဟူ၍ နောက်တတ်၏။

ယနေ့တော့ သူ့ဒရိုင်ဘာ ဟောက်သံကို မကြားရ။ "ဒီကောင် မအိပ်သေးဘူး၊ တော်ပါသေးရဲ့"ဟု တွေးပြီး "ဆာဂျင်"ဟု ခေါ်ကာ စစ်သုံး လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးကြည့်လိုက်၏။

ရုတ်တရက်မူ သောမတ်မှာ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထပြီး တုန်လှုပ်သွားသည်။

ကြီးမားသော သူ့တပ်ကြပ်ကြီး၏ ကိုယ်ခန္ဓာပေါ်တွင် လင်းနို့ အကောင် တစ်ဆယ် နှစ်ဆယ်မှာ အတောင်ပံ တဖျပ်ဖျပ် ခတ်ပြီး သွေး စုပ်နေကြ၏။ သွေးပြန်ကြောနှင့် အဓိကသွေးကြောကြီးများကို လုယက် ကိုက်စုပ်နေကြသော လင်းနို့ကောင်များသည် စစ်သုံးလက်နှိပ်ဓာတ်မီး၏ အလင်းရောင်နှင့် တွေ့လိုက်သောအခါ ကစဉ့်ကလျား ထပျံပြေးကြသည်။

"ဓိဓိဖလိုင်း၊ ဓိဓိဖလိုင်း. . ."

ထွက်ပျံ ပြေးသွားကြသော လင်းနို့များက သူ့ကိုယ်ကို ဝင်တိုက်မိ သောအခါ ဗိုလ်မှူးကြီးသောမတ်မှာ အထိတ်တလန့် အော်လိုက်မိသည်။

အာဖရိကစစ်မြေပြင်၌သာ ကြားဖူးခဲ့သော သွေးစုပ်လင်းနို့ကောင် များကို သူသည် ယခုအခါ ဟူးကောင်းတောင်ကြားရှိ မဟာလီဒိုလမ်းမ ပေါ်က လူနာသယ်လေယာဉ်ကွင်း အမှတ်(၈)တွင် တွေ့မြင်နေရပါပကော။

❀ ❀ ❀

**Vampire Bats - သွေးစုပ်လင်းနို့ကောင်များ**

http://www.cherrythitsar.org



http://www.cherrythitsar.org

# မုန်တိုင်းနှင့်အပြိုင်

ရာသီမှာ မိုးအနှောင်း ဆောင်းအစသို့ ရောက်ချေပြီ။ ပြာလဲ့လဲ့ ကောင်းကင်ပြင်မှာ သာယာလှပနေ၏။

မိုးတွင်းက တစ်မိုးတွင်းလုံး မိုးရေ၊ လေလှိုင်း၊ မုန်တိုင်း၊ ဝဲကတော့ တို့နှင့် အသော့ထိုးနေသော ကပ္ပလီပင်လယ်ပြင်မှာ ယခုအခါ ငြိမ်သက်စ ပြုလာလေပြီ။ နက်ရှိုင်းကျယ်ပြောလှသော သမုဒ္ဒရာထဲမှ တအိအိ လိမ့် လာကြသော လူတစ်ရပ် နှစ်ရပ်ခန့် မြင့်မားသည့် အိမ့်လှိုင်းလုံးကြီးများ မှာလည်း ယခုအခါ ကပ္ပလီပင်လယ်ပြင်ထဲမှာ မမြင်မတွေ့ရတော့ပေ။

ဆောင်းနတ်မယ်လျှသည် မြောက်ဘက်ဆီက လာစပြုပြီမို့ ပင်လယ် ပြင်မှာ နှင်းမှုန်နှင်းငွေ့တို့ဖြင့် ပြာနှမ်းဖျူလွှနေသည်။ သို့သော် ကမ်းရိုးတန်း ရှိ ကျောက်ဆောင်ကျောက်တန်းများကို အဆက်မပြတ် လာ၍ ရိုက်ခတ် တိုက်ပုတ်နေကြသော လှိုင်းခေါင်းဖြူတို့၏ အသံကား ကမ်းခြေတစ်ဝိုက်မှာ သောသောညံတုန်းပင်တည်း။

ဤရာသီ ရောက်ပြီဆိုလျှင် ကမ်းရိုးတန်းရှိ ရွာများမှ တံငါရေလုပ် သားကြီးများသည် လုပ်ငန်းခွင် ဝင်ကြရန် စိုင်းပြင်းကြရပြီ ဖြစ်သည်။ ထို့ကြောင့်လည်း မိုးတွင်းက ပြောင်သလင်းခါနေသော ပင်လယ်ကမ်းခြေရှိ သဲလွင်တီးခေါင်နှင့် ကျောက်ဆောင်ကျောက်တန်း အကြားမှာ ယခုအခါ တံငါတဲငယ်တို့နှင့် အသက်ဝင် လှုပ်ရှားလာကြပြီ ဖြစ်သည်။ အစီအရီ

http://www.cherrythitsar.org



ရပ်တည်နေကြသော တံငါတဲငယ်များရှေ့တွင် လောင်းလှေကလေးများကလည်း အသင့် ရှိနေကြ၏။

ထိုတဲ၊ ထိုလှေငယ်များထဲတွင် ဝေဇာရွာသား အဘိုးဂျလားတို့၏ တဲငယ်နှင့် လှေငယ်သည်လည်း စခန်းတစ်ခု အပါအဝင် ဖြစ်လေသည်။ တဲငယ်အားလုံးနှင့် လှေငယ်အားလုံးတို့မှာ ကပ္ပလီပင်လယ်ပြင်ဘက်ကို မျက်နှာမူကာ ကျယ်ပြောနက်ရှိုင်းလှသော သမုဒ္ဒရာပင်လယ်ထဲကို ငေးမော မျှော်ကြည့်နေကြသယောင် ရှိလေသည်။ အမှန်က တဲငယ် လှေငယ်များသာ ပင်လယ်သမုဒ္ဒရာပြင်ကို ငေးမောမျှော်ကြည့်နေကြသည် မဟုတ်၊ တဲအတွင်းရှိ ရေလုပ်သားကြီးများကလည်း သမုဒ္ဒရာပင်လယ်ပြင်ကို ငေးမော မျှော်ကြည့်နေကြလေ၏။ သူတို့ အားလုံးသည် နံနက် မိုးသောက် အလင်းမရောက်ခင်က အပြောကျယ်လှသော သမုဒ္ဒရာပင်လယ်ပြင်ထဲကို ငါးမျှားတန်းချရန် ထွက်ကြရမည် ဖြစ်သဖြင့် မိုး၊ ရေ၊ လေလှိုင်း၊ မုန်တိုင်း ပင်လယ်ပြင်တို့၏ အခြေအနေကို စောင့်ကြည့်ကာ အကဲခတ် ထားရလေသည်။

'တန်ဆောင်မုန်းလ မိုးဆုံးပ'ဟု ဆိုသော်လည်း လဆန်းပက္ခ၏ ခုံးမျက်စအသွင် လတစ်ခြမ်းပဲ့ ကွေးကွေးကလေးမှာ လင်းရောင်ခြည်များ မှေးနေလေသည်။ ကျယ်ပြောလှသော ပင်လယ်ပြင်ကို လရောင်ခြည်က ပီပီပြင်ပြင် မထွန်းပနိုင်ရှာသေးပေ။ အင်အားနည်းပါးသော လရောင်ကြောင့် ပင်လယ်ပြင်မှာ ပြာနှမ်းနှမ်းသဏ္ဌာန် ပေါ် နေ၏။

သဲလွင်တီးခေါင်နှင့် ကျောက်ဆောင် ကျောက်တန်းများ အကြို အကြားတွင် လေကာ နေကာ ဆောက်လုပ်ထားကြသော တံငါတဲငယ်များ ထဲတွင် တံငါသည်များက ထွက်လိုက်ဝင်လိုက် သွားလာလိုက်နှင့် ရှုပ်ယှက်ခတ်နေကြသည်။ သူတို့သည် ငါးမျှားတန်းချရာတွင် အသုံးပြုရသော မျှားကြိုး၊ မျှားချိတ်၊ မှိန်း၊ ငါးစာ၊ ပန်းရှူးတိုင်၊ ညံဖော့၊ ရေယက်၊ လှေရွက် စသည်တို့ကို တစ်ခုပြီး တစ်ခု ရှင်းလင်း စစ်ဆေး၍ အလုပ်ရှုပ်နေကြ၏။

ထိုသူများနည်းတူ တစ်ခုသော တံငါတဲငယ်ထဲတွင် အဘိုးဂျလား နှင့် ပိုလိုတို့သည် မျှားကြိုး၊ မျှားချိတ်များ ရှင်းလင်းပြုပြင်ရင်း အလုပ်ရှုပ်စ ပြုနေကြလေသည်။ အချိန်မှာ ညဦးကာလပင်တည်း။

http://www.cherrythitsar.org



"အဘတို့တော့ ကျွန်တော့်ကို ကျိန်နေကြပြီ ထင်တယ်"

ဆလုံအမျိုးသား ရဟူက အဘိုးဂျလားတို့၏ တဲသို့ စိုက်စိုက်မတ်မတ် ဝင်လာပြီး ဆို၏။ ရဟူမှာ အဘိုးဂျလားတို့နှင့် ငါးမျှားတန်း အတူ သွားချကြမည်ဖြစ်သော အဘိုးဂျလားတို့၏ အစုဝင် အသင်းသား တစ်ယောက်ပင်။

"မကျိန်ရပါဘူးကွာ ရဟူရာ၊ ငါနဲ့ ပိုလိုကလည်း ခုနလေးတင်ပဲ အလုပ်စကြတာပါ"

အဘိုးဂျလားက ရွာမှ ရောက်လာသော ရဟူကို မျက်ခွံတစ်ချက် ပင့်ကြည့်၍ ကျေကျေနပ်နပ်နှင့် ဆိုလိုက်၏။

"အတွင်းပိုင်းမှာ မိန်းမ သွားရနေတဲ့ အစ်ကိုရမူ အလည်ရောက်နေလို့ ကျွန်တော် နည်းနည်း နောက်ကျသွားတယ် အဘရယ်။ သူတို့ အတွင်းပိုင်းက ကနုကမာကင်တွေလည်း ပါလာတော့ အိမ်မှာ ကောက်ညှင်းပေါင်းစားနေကြတာနဲ့ မိုးချုပ်သွားတာ၊ အဘနဲ့ ပိုလိုတို့ စားဖို့လည်း ကျွန်တော် ကောက်ညှင်းပေါင်းနဲ့ ကနုကမာကင်တွေ ယူလာသေးတယ်၊ စားကြပါ"

ရဟူက ငှက်ပျောဖက်နှင့် ထုပ်ယူလာသော ကနုကမာကင်နှင့် ကောက်ညှင်းပေါင်းအထုပ်ကို အဘိုးဂျလားနှင့် ပိုလိုကြားသို့ ချပေးလိုက်၏။ ပြီး သူက ငါးမျှားချိတ်နှင့် ကြိုးများကို ဝင်၍ ရှင်းသည်။

ကနုကမာကင် ဆိုကတည်းကပင် သွားရည်ကျချင်နေသော ပိုလိုက ရဟူ ချပေးလိုက်သော ကနုကမာကင်နှင့် ကောက်ညှင်းပေါင်းတို့ကို အဘိုးဂျလားရှေ့သို့ ထိုးပေးလိုက်၏။ မျှားချိတ်ကြိုးများ ရှင်းနေသော အဘိုးဂျလားက ကနုကမာကင်ကို ကောက်ကိုင်လိုက်မှ ပိုလိုကလည်း ကောက်စားသည်။

"ကနုကမာတွေက ကျွန်တော်တို့ ပင်လယ်ပိုင်းမှာသာ မပေါတာ၊ သူတို့ အတွင်းပိုင်းမှာတော့ သိပ်ပေါဆိုပဲ အဘရယ်"

အဘယ်ကြောင့် မသိ၊ ရဟူ၏မျက်နှာကို မသိမသာ လှမ်းကြည့်ပြီး အဘိုးဂျလားမှာ ငိုင်သွားသည်။

"ပိုလို စားလေကွာ၊ မင်း ကနုကမာကင် စားဖူးလို့လား"

"ကင်တာတော့ မစားဖူးဘူး။ ချက်တာတော့ စားဖူးပါတယ်။ ကျွန်တော်

http://www.cherrythitsar.org



တို့ သဲတန်းချိုင်ဘက်မှာလည်း ရာသီချိန်မှာ သွားငုပ်ရင် ဟင်းစားရနိုင်ပါတယ်"

ပိုလို ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ပင်လယ်ပိုင်းကျသော သူတို့အရပ်တွင် ကနုကမာတွေက သိပ်မပေါ်များလှသော်လည်း ကျောက်ဆောင်ကျောက်တန်းများ ထူထပ်လွန်းလှသော သဲတန်းချိုင်ဘက်မှာတော့ ရာသီချိန်၌ သွားငုပ်လျှင် ဟင်းစားရတတ်လေသည်။

"မင်း ကနုကမာ ငုပ်ဖူးလို့လား"

"ကျွန်တော် မငုပ်ဖူးပါဘူး။ ဦးလေးတွေ သွားငုပ်လို့ စားဖူးတာပါ"

များသောအားဖြင့် ဆလုံအမျိုးသားများမှာ ကနုကမာငုပ်ခြင်း၊ လိပ်ထိုးခြင်း၊ ငါးမျှားတန်းချခြင်း၊ လိပ်ဥကောက်ခြင်း၊ ငှက်သိုက်ဆေးများ ရှာဖွေခူးဆွတ်ခြင်း၊ ပုလဲမုတ်ကောင်ရှာခြင်း တို့ဖြင့် ဘဝရပ်တည်နေကြသူတွေ ဖြစ်သဖြင့် ထိုအလုပ်များ လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုအပေါ် မူတည်၍ ဂုဏ်ယူတတ်ကြလေ့ ရှိသည်။ အချို့သော ဆလုံအမျိုးသားများဆိုလျှင် ပင်လယ်ပြင်ထဲတွင် လှေအိမ်ဖွဲ့၍ ထိုလှေအိမ်ပေါ်၌ပင် မွေးဖွားကာ ဆားငန်ရည်နှင့်ပင် အချင်းဆေးပြီး ကြီးပြင်းလာသည်ကို ဂုဏ်ယူလေ့ ရှိကြသည်။ ရေ၌ မွေးဖွားလာသည်မှာ ရေပြင်တွင် ကျွမ်းကျင်ကြောင်း အလိုလို ပြောပြီးသား ဖြစ်လေသည်။

သူတို့သည် ငယ်စဉ်ကပင် မြစ်ချောင်းပင်လယ်တို့နှင့် အကျွမ်းတဝင်ရှိကြသူများဖြစ်လေရာ ကလေးဘဝ ကစားကြရာ၌ပင် ရေငုပ်ပြိုင်ခြင်း၊ ရေကူးပြိုင်ခြင်း၊ လှေငယ်တည်ဆောက်ခြင်း၊ ရေပေါ် ရေအောက်တွင် ပက်လက်မှောက်ခုံ နည်းမျိုးစုံဖြင့် ကူးခတ်ငုပ်သွား ပြေးလွှားခြင်းတို့ကိုသာ အပြိုင်အဆိုင် ကစားတတ်ကြသည်။ ထိုသို့ ရေငုပ်ပြိုင်ကစားကြရာတွင် စိတ်ကြီးမာန်ထက်သော ဆလုံကလေးအချို့သည် ရေထဲတွင် ကြာရှည်စွာ ငုပ်နေသဖြင့် ရေပေါ် ပြန်တက်လာသောအခါ ပါးစပ်၊ နား၊ နှာခေါင်းတို့မှ သွေးစိမ်းရှင်များ သွင်သွင် ယိုထွက်လာသည်အထိပင် ရေငုပ်ပြိုင်ကစားလေ့ ရှိကြလေသည်။ ယခု ပိုလိုအား ရဟူက "မင်း ကနုကမာ ငုပ်ဖူးလို့လား" ဟု မေးခြင်းမှာလည်း ရေနှင့် ပတ်သက်သော အတွေ့အကြုံ ရှိ၊ မရှိ သိလို၍ မေးခြင်းသာ ဖြစ်လေသည်။ အကယ်၍ ပိုလိုက ကနုကမာ ငုပ်ဖူးပါသည်ဟု ဆိုလျှင် သူက ပိုလိုဆီ၌ ကနုကမာငုပ်ခြင်းနှင့် ပတ်သက်

http://www.cherrythitsar.org



၍ သိလိုသော အချက်အလက်များကို စုံစမ်းမေးမြန်းချင်နေပုံ ရလေသည်။ သို့သော် ပိုလိုက သူ မငုပ်ဖူးဘူးဟု ဆိုသောအခါ ရဟူမှာ အဘိုးဂျလားကို မေးမြန်းပါ၏။

"အဘကော ကနုကမာ မငုပ်ဖူးဘူးလား အဘ"

"ငုပ်ဖူးသားပဲ၊ ငါ့မိန်းမက ကြိမ်ပိုက်မြစ်ဘက်က ရေအေးရွာသူပဲဟာ၊ ဘာဖြစ်လို့လဲကွ"

"ရမူက ပြောတယ် အဘရယ်၊ ကနုကမာငုပ်တာဟာ ကျွန်တော်တို့ ငါးမျှားတန်းချတာထက် ဝင်ငွေကောင်းတယ်ဆိုပဲ"

"ဟုတ်မှာပေါ့"

အဘိုးဂျလားက ကောက်ညှင်းပေါင်းနှင့် ကနုကမာကင်ကို ပလုတ်ပလောင်း ဝါးရင်းက ဆိုသည်။

"နွေရင့်ရက်ရောက်ရင် ရမူနဲ့ ကနုကမာငုပ် လိုက်ရကောင်းမလားလို့ စဉ်းစားနေတယ် အဘရယ်"

ရဟူက သူ့အစ်ကို ရမူနှင့် အတွင်းပိုင်းကို ကနုကမာငုပ် လိုက်သွားရန် စဉ်းစားထားကြောင်း အဘိုးဂျလားအား ပြောပြသည်။

"ကနုကမာ ငုပ်တယ်ဆိုတာ ငယ်ငယ်ကတည်းက ငုပ်ဖူးလို့ ကျွမ်းကျွမ်းကျင်ကျင်ရှိမှ ကောင်းတာပါကွာ။ မကျွမ်းကျင်ဘဲ သွားငုပ်ရင် အန္တရာယ်ဖြစ်တတ်တယ်"

"ဘယ်လို အန္တရာယ်ဖြစ်တတ်လဲ အဘ"

"ကဲ ဒီမျှားကြိုးတွေကို မင်းတို့ လှေထဲ သွားပို့လိုက်ကြဦး။ ပြန်လာမှ ကြိမ်ပိုက်မြစ်ထဲမှာ ငါ ကနုကမာငုပ်လို့ အန္တရာယ်ဖြစ်ခဲ့ရတဲ့အကြောင်း မင်းတို့ကို ပြောပြမယ်"

ကနုကမာငုပ်ရင်း ကြိမ်ပိုက်မြစ်ထဲမှာ အန္တရာယ်ဖြစ်ခဲ့ရကြောင်း အဘိုးဂျလားက ပြောပြမည်ဆိုသဖြင့် ပိုလိုနှင့် ရဟူတို့က မျှားကြိုးများကို လှေထဲ သွားပို့ရန် တဲအပြင်ဘက် ထွက်သွားကြလေသည်။

* * *

ကပ္ပလီပင်လယ်ပြင်ကြီး၏ ကမ်းခြေဘက်ကျသော ဝေဇာရွာတွင်

http://www.cherrythitsar.org



ကြီးပြင်းလာရသော ကိုဂျလားမှာ အိမ်ထောင်ကျသောအခါ အတွင်းဘက် ဟု ခေါ်သော ကြိမ်ပိုက်မြစ်ဘက် ရေအေးရွာတွင် အိမ်ထောင်ကျလေသည်။

ကြိမ်ပိုက်မြစ် ကမ်းခြေတစ်လျှောက်ရှိ ရွာများမှ ဆလုံအမျိုးသားများမှာလည်း ပင်လယ်ကမ်းခြေပိုင်းရှိ ဆလုံအမျိုးသားများနည်းတူ ရေမုဆိုးတံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်သည်။ သို့သော် ဆလုံအမျိုးသားချင်း၊ ရေမုဆိုး ရေလုပ်သားချင်း တူကြသော်လည်း လုပ်ငန်းအရကား လုံးဝ မတူကြပေ။ အကွာကြီး ကွာခြားကြ၏။

ကပ္ပလီပင်လယ်ပြင်၏ ကမ်းခြေတစ်လျှောက်ရှိ ရွာများမှ ဆလုံအမျိုးသားတိုင်း ဘဝရပ်တည်ရေး အသက်မွေးဝမ်းကျောင်းအလုပ်မှာ ကပ္ပလီပင်လယ်ပြင်ထဲ ထွက်၍ ငါးမျှားတန်းချခြင်း၊ လိပ်ထိုးခြင်း၊ လိပ်ဥကောက်ခြင်း၊ ငှက်သိုက်ဆေးများ ရှာဖွေခူးဆွတ်ခြင်းတို့ ဖြစ်ကြသည်။ ကြိမ်ပိုက်မြစ် ကမ်းခြေတစ်လျှောက်ရှိ ရွာများမှ ဆလုံအမျိုးသားများ၏ အလုပ်မှာကား ကနုကမာငုပ်ခြင်း၊ မိကျောင်းဖမ်းခြင်း၊ လမုတန်းပိုက်ချခြင်း၊ ပုလဲမုတ်ကောင် ရှာဖွေခြင်းတို့သာ ဖြစ်လေသည်။

ကိုဂျလား ရေအေးရွာတွင် မိန်းမလာရ၍ ရက်သတ္တ တစ်ပတ်ခန့်ကြာသောအခါ ဇနီးသည်က ကြိမ်ပိုက်မြစ်ထဲတွင် ကနုကမာများ သွားငုပ်ကြရန် ခေါ်သဖြင့် လှေငယ်တစ်စင်းနှင့် လင်မယားနှစ်ယောက် ကြိမ်ပိုက်မြစ်ထဲသို့ ကနုကမာငုပ်ရန် ခရီးထွက်လာကြသည်။

သို့သော် ကိုဂျလားမှာ ပင်လယ်ကမ်းခြေဘက်၌ ကြီးပြင်းလာရသူဖြစ်သဖြင့် ကနုကမာငုပ်ခြင်းကို ကျွမ်းကျွမ်းကျင်ကျင်တော့ မရှိလှပေ။ ကြိမ်ပိုက်မြစ် ကမ်းခြေတစ်လျှောက်ရှိ ရွာသူရွာသားတွေလို ကနုကမာကို သူက စီးပွားဖြစ်လည်း မငုပ်ဖူးဘူးပေ။ မိမိရွာ၌ နေစဉ်က သဲချောင်းထဲတွင် ဟင်းစားအဖြစ်သာ ငုပ်ဖူး၏။ ကိုဂျလားတို့ ပင်လယ်ကမ်းခြေဘက်တွင် ကနုကမာကို စီးပွားဖြစ် ငုပ်၍လည်း မရနိုင်ပေ။ ကနုကမာကောင်များမှာ အပြောကျယ်လွန်းလှသော သမုဒ္ဒရာပင်လယ်ပြင်ထဲရှိ ကျောက်ဆောင် ကျောက်တန်းများမှာထက် မြစ်ချောင်းကြီးများရှိ ကျောက်ဆောင် ကျောက်တန်းများ၌သာ အတွယ်အကပ် များတတ်ကြလေသည်။

http://www.cherrythitsar.org



ထို့ကြောင့် ကနုကမာငုပ်ရာ၌ ကိုဂျလားမှာ ကြိမ်ပိုက်မြစ်ကမ်းခြေရှိ ရေအေးရွာသူရွာသားတွေလောက် ကျွမ်းကျွမ်းကျင်ကျင် မရှိလှခြင်းဖြစ်လေသည်။ သူ ကျွမ်းကျင်သည်မှာ ကပွလီပင်လယ်ပြင်နက်ထဲ ထွက်၍ ငါးများတန်းချခြင်း၊ လိပ်ထိုးခြင်း၊ လိပ်ဥကောက်ခြင်း၊ ငှက်သိုက်ဆေးများ ရှာဖွေခူးဆွတ်ခြင်းတို့သာ ဖြစ်၏။ သို့သော် ကနုကမာ ရင့်လာချိန်ရာသီဖြစ်သော တပေါင်း တန်ခူးလတွင် မိန်းမ ရမိသော ကိုဂျလားသည်ပင်လယ်ကမ်းခြေသား ဖြစ်သော်လည်း ကနုကမာငုပ်ရာ၌လည်း မည့်လှဆိုသည်ကိုတော့ ဇနီးသည်နှင့် ယောက္ခမ ဆွေမျိုးများအား ငုပ်ပြရဦးမည်ဖြစ်သည်။

မိမိအား ဇနီးသည်က ကနုကမာငုပ် သွားရန် ခေါ်ခြင်းမှာလည်း သူ၏ အရည်အချင်းကို သိမြင်လို၍ တမင် စမ်းခေါ်ခြင်း ဖြစ်လေမည်။ ယောက္ခမ ဆွေမျိုးများကလည်း သူ့အား ကနုကမာငုပ်ရာတွင် မည်မျှအရည်အချင်း ရှိသည်ကို သိလိုကြသဖြင့် သူ့ဇနီးအား တမင် လှုံ့ဆော်ပေးကြပုံရသည်။ သူတို့ တစ်မျိုးလုံးမှာ ကနုကမာငုပ်သော ရေမုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်လေရာ ကနုကမာငုပ်၍ များများစားစား ရတတ်ခြင်းကိုသာ ဂုဏ်ယူဝင့်ကြွားတတ်ကြသူများ ဖြစ်၏။ သူသာ ကနုကမာငုပ်၍ များများစားစား ရတတ်ပါက "ဂျလားဟာ ပင်လယ်ကမ်းခြေသား ဆိုပေမင့် ကနုကမာငုပ်ရာမှာလည်း တော်တယ်ဟေ့"ဟု ချီးမွမ်းဂုဏ်ပြုခြင်းကို ခံရလေမည်။ ဤသည်ကို ကိုဂျလားကလည်း လိုလိုလားလားနှင့် ကြားချင်နေပေသည်။

ညားခါစ ဇနီးမောင်နှံတို့၏ သဘာဝအတိုင်း လှေငယ်ကလေးနှင့် ကြိမ်ပိုက်မြစ်ကို စုန်လာကြရာ၌ လမ်းတွင် ကိုဂျလားတို့ ဇနီးမောင်နှံမှာ တစ်လမ်းလုံး တစ်ယောက်နှင့် တစ်ယောက် ကျီစယ်လာကြသည်။ ဇနီးသည်က ကိုဂျလားအား ဆားငန်ရည်များနှင့် လှမ်းပက်၍ ကျီစယ်သည်ကိုပင် ကိုဂျလားမှာ တပြုံးပြုံးနှင့် သဘောအကျကြီး ကျလာလေသည်။

ကြိမ်ပိုက်မြစ်ပြင်ထဲတွင် သူတို့ ဇနီးမောင်နှံထက်စော၍ ဦးစွာရောက်နှင့်နေကြသော ကနုကမာငုပ်သူ လင်မယား၊ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်း အတွဲတွေမှာ မြစ်ကွေ့တိုင်း၊ ကောက်တိုင်း

http://www.cherrythitsar.org



၌လိုလို ရှိနေကြသည်။

မြစ်အကွေ့ထောင့်စွန်းဘက် မော်တင်တစ်နေရာတွင် ခနိခင်းကြီး တစ်ခုကို တွေ့ရ၏။ ထိုအခါ ကိုဂျလား၏ ဇနီးသည်က ခနိခင်းများသို့ လှေငယ်ကို ကပ်ခိုင်းသည်။ ပြီး ခနိလက် မဖြစ်သေးသော အဖူးတစ်ခု နှစ်ခုကို ခုတ်ဖြတ်၍ လှေပေါ်တင်လာကတည်းကပင် ဤကြိမ်ပိုက်မြစ်ထဲ တွင် ကနုကမာများ ပေါသလို မိကျောင်းလည်း ရဲတတ်ပါကလား ဆိုသည် ကို တစ်ရွာတစ်ကျေးသား ကိုဂျလားက သတိထားမိပြီး ဖြစ်၏။

ကိုဂျလား၏ ဇနီးသည်က ခနိလက်ဖူး တစ်ခု နှစ်ခု ခုတ်ယူလာ ခြင်းမှာ မတော်တဆ မိကျောင်းနှင့် တွေ့လျှင် လှမ်းထိုးရန် ဖြစ်သည်။ ခနိလက်ဖူးမှာ အရွက် မဖြစ်သေးဘဲ လုံးရှည်ရှည် ဖြစ်နေသဖြင့် လှံတံရှည် လို ဖြစ်နေသည်။ အရေထူ၍ တစ်ကိုယ်လုံးတွင် ကျောက်စရစ်လုံးငယ်များ စီခြယ်ထားသလို မာရေကျောရေနိုင်လှသော မိကျောင်း၏ကိုယ်ကို လှံနှင့် ထိုး၍ လည်းကောင်း၊ ဓားနှင့် ခုတ်၍ လည်းကောင်း ရုတ်တရက် မပြတ် မစူးမရှနိုင်သော်လည်း ခနိလက်ဖူးနှင့် လက်လွတ်စပယ် ထိုးလိုက်လျှင် ကား ချက်ချင်း စူးဝင်သွားတတ်သည်ဟု ရေမှုဆိုးကြီးများ ပြောစကားကို ကိုဂျလားက ကြားဖူးထားလေသည်။

ခနိဖူးအချွန်မှာ သံထည်လောက် မမာသော်လည်း မိကျောင်းကို ထိုးရာ၌ ဒက်ခနဲ စူးဝင်သွားနိုင်သည်။ ခနိလက်ဖူးနှင့် မိကျောင်းတို့မှာ ဓာတ်မသင့်သဖြင့် မိကျောင်းကို ထိုးရာ၌ လှံတံ သံထည်တို့ ထက်ပင် အစွမ်းထက်၏။ ဤသည်ကို ရေမှုဆိုးကြီးတို့က (ဗိုင်ခိခတ်)သည်ဟု သုံး တတ်ကြသည်။ ထို့ကြောင့် မိကျောင်းရဲသော၊ မိကျောင်းရန်ရှိသော မြစ် ချောင်းများသို့ သွားရာ၌ ရေမှုဆိုးတို့မှာ လှံဓားများကိုထက် ခနိလက်ဖူး ကိုသာ ကိုင်တွယ်သွားတတ်ကြသည်။

ကိုဂျလားတို့ ကပ္ပလီပင်လယ်တွင် လှိုင်းလေတို့ ထန်လွန်းသဖြင့် မိကျောင်းများမှာ မနေနိုင်ကြပေ။ လှိုင်းဒဏ် လေဒဏ် မခံနိုင်သော မိကျောင်းများသည် ကြိမ်ပိုက်မြစ်ထဲ မြစ်လက်တက်ချောင်းကြီးများ၌သာ ကျက်စားတတ်ကြသည်။

ထူးထူးဆန်းဆန်း သူတို့ ပင်လယ်ပိုင်းတွင် မမြင်ဖူးဘူးသော

http://www.cherrythitsar.org



မိကျောင်းဖမ်း သွားကြသူများကိုလည်း ကြိမ်ပိုက်မြစ်ထဲတွင် ကိုဂျလားက တွေ့ရ၏။ မိကျောင်းဖမ်းသူများသည် မိကျောင်းငယ်များကို နည်းအမျိုးမျိုးနှင့် လိုက်ဖမ်းကာ အကောင်သုံးလေးဆယ် ရသည်အထိ လှောင်ထားကြပြီး ထိုင်းဘက်ကို ခိုးထုတ်၍ သွားရောင်းတတ်ကြသည်။ မိကျောင်းအကောင်ငယ်များ၏ အရေခွံမှာ ထိုင်းဘက်၌ ဈေးကောင်းကောင်းရသည်ဟု ကိုဂျလားအား ဇနီးသည်က ပြောပြသည်။ အမျိုးသမီးများ လက်ကိုင်အိတ်တွင် မိကျောင်းအကောင်ငယ်များ၏ အရေခွံကို ရုပ်လုံးဖော်ကပ်၍ ထိုင်းတွင် ချုပ်ရောင်းကြသည်။ မိကျောင်းအရေခွံ ရုပ်လုံးဖော်ကပ်ထားသော အမျိုးသမီးလက်ကိုင်အိတ် တစ်လုံးလျှင် ထိုင်းဘတ်ငွေနှင့် လေးရာ ငါးရာ အနည်းဆုံး ဈေးရသည်။ ထို့ကြောင့် ကြိမ်ပိုက်မြစ်ကမ်းခြေ တစ်လျှောက်ရှိ ရွာများမှ ဆလုံအမျိုးသား အချို့သည် မိကျောင်းငယ်များ ဖမ်းဆီးသောအလုပ်ကို သက်စွန့်ဆံဖျားလုပ်၍ ကြီးပွားနေကြသူတွေ ရှိလေသည်။

မိကျောင်း အကောင်ငယ်များကို ဖမ်းဆီးရသော အလုပ်မှာ စင်စစ်တော့ လွယ်ကူသောအလုပ် မဟုတ်ပေ။ မိကျောင်းများ ကျက်စားတတ်သော နေရာ၊ ရာသီဥတု၊ သဘာဝအခြေအနေ၊ ရေအတိမ်အနက် စသည်တို့ကို နှောကျေနေဖို့ လိုသည်။ မိကျောင်းဖမ်း ဝါရင့် ရေမုဆိုးကြီးများကတော့ ဤသည်တို့ကို နှောကျေနေကျလေသည်။

မိကျောင်းငယ်များ လတာပြင်ပေါ် တက်နေချိန်တွင် လှေနှင့်လိုက်ပြီး ပိုက်ထောင်ဖမ်းသလို မိကျောင်းရှိသည်ဟု ထင်ရသော ချောင်းမြစ် အကွေ့အကောက် ထောင့်ချောင်းများကို ဝါးပိုက် (လမုံး)နှင့် ဆီးတားကာရံ၍လည်း ဖမ်းသည်။ ရေနက်သော ချောင်းကွေ့ အိုင်ထောင့်ကြီးများတွင် မိကျောင်းငယ်များ ရှိနေသည်ဟု ထင်ရလျှင် (မဟာကာ)၊ (စလေ့)၊ (ကတူး) စသည် သစ်မြစ်ဆေးအဆိပ်ရည် တစ်မျိုးဖြင့်လည်း ဆေးခတ်၍ မိကျောင်းငယ်များကို ဖမ်းယူတတ်ကြသည်။

မိကျောင်းဖမ်းနည်း များစွာတို့တွင် (မဟာကာ)၊ (စလေ့)၊ (ကတူး) စသည် သစ်မြစ်ဆေးရည်ဖြင့် အဆိပ်ခတ် ဖမ်းရသောနည်းမှာ အထူးဆန်းဆုံးဟု ဆိုရပေမည်။ ထို (မဟာကာ)၊ (စလေ့)၊ (ကတူး) စသည်

http://www.cherrythitsar.org



ဆေးမြစ် သုံးမျိုးတို့တွင်လည်း မဟာကာဆေးမြစ်မှာ အစွမ်းအထက်ဆုံး ဖြစ်သဖြင့် ထို မဟာကာဆေးမြစ်၏ အစွမ်းထက်ပုံကို မိကျောင်းဖမ်း သမား ရေမုဆိုးများက စာချိုး၍ပင် ထားကြသည်။ ထိုစာချိုးမှာ '***မဟာကာတစ်ပေါက် ထီးဝန်းလောက်၊ ရေအောက်ခုနစ်တောင်***' ဖြစ်လေသည် ဆိုလိုသည်မှာ မဟာကာဆေးရည်တစ်ပေါက်ကျလျှင် ထီးဝန်းလောက် ရေပြင်တွင် ပြန့်သွားပြီး ရေအောက် အနက်ကိုလည်း အစောက်ခုနစ် တောင်အထိ ဆေးနံ့က ပျံ့နှံ့သွားလေသည်။ ထို့ကြောင့်လည်း မိကျောင်း ဆေးခတ်လျှင် ရေအောက် ခုနစ်တောင်တွင် ရှိသော မိကျောင်းငယ်များ မှာ ချက်ချင်း ရေပြင်ကို ပေါ်တက်လာတတ်ကြသည်။

မိကျောင်းဖမ်းတော့မည် ဆိုလျှင် ဤမြစ်ချောင်းထဲတွင် မိကျောင်း အကောင်ငယ် 'လ'သား၊ 'နှစ်'သားများ ရှိ၊ မရှိ ဆိုသည်ကို မိကျောင်းဖမ်း ဝါရင့်နေသူ ရေမုဆိုးကြီးတို့က ဦးစွာပထမ လေ့လာအကဲခတ်ရသည်။ မိကျောင်းငယ်များကို ရနိုင်သည်၊ ဧကန်ဧကေ ရှိနေသည်ဟု သိရလျှင် လူစုပြီး တောကိုတက်ကာ (မဟာကာ)၊ (စလေ့)၊ (ကတူး) စသည့် ဆေးမြစ် များကို တူးဖော်ရှာဖွေရသည်။ ဆေးမြစ် လုံလုံလောက်လောက် ရပြီဆိုလျှင် ချောင်းအနှံ့ မြစ်အနှံ့ ပျံ့နှံ့နေသော မိကျောင်းကြီးငယ်များကို မြစ်ဖျား ချောင်းဖျားသို့ နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက် မောင်းသွင်းလိုက်ကြသည်။

မိကျောင်းများကို ခြိမ်းခြောက်မောင်းသွင်းရာတွင် နနွင်းမှာလည်း အစွမ်းအထက်ဆုံး ဆေးတစ်လက် ဖြစ်သည်။ နနွင်းကို အရည်ဖျော်၍ ချောင်းထဲ မြစ်ထဲ ဆေးဖျန်းသလို ပက်ဖျန်းလိုက်လျှင် ထို အနီးအနား တစ်ဝိုက်မှ မိကျောင်းများသည် နနွင်းနံ့ မရသော ချောင်းဖျား မြစ်ဖျားသို့ လစ်ပြေးပုန်းဝင်သွားကြလေသည်။

မိကျောင်းမှာ နနွင်းနှင့် (ဇိုင်မိခတ်) ခေါတ်မတည့်သဖြင့် နနွင်းနံ့ကို မိကျောင်းသည် လုံးဝ မခံနိုင်ပေ။ မိကျောင်းသား ဟင်းချက်ရာ၌လည်း နနွင်း မည်မျှ ထည့်ချက်ချက် မိကျောင်းသားမှာ ဝါထိန်မလာဘဲ ဖြူဖတ် ဖြူရော်သာ ဖြစ်နေသည်ဟု ကိုဂျလားအား ဇနီးသည်က တစ်လမ်းလုံး ပြောပြလာသည်။

မြစ်ဖျား ချောင်းဖျား အကွေ့အကောက် ထောင့်ချောင်းတို့တွင်

http://www.cherrythitsar.org



မိကျောင်းများ လှောင်မိထားပြီဆိုလျှင် ရေအောက်တွင် ငုပ်နေသော မိကျောင်းငယ်များ ဆေးမူးပြီး ပေါ်လာအောင် (မဟာကာ)၊ (စလေ့)၊ (ကတူး) စသည့် သစ်မြစ်ဆေးတွေကို ထုခြေ၍ ရေထဲကို နှစ်ဖျော်ရသည်။ ဆေးမြစ်အနံ့ရ၍ ရေထဲမှ မူးဝေကာ ကမ်းစပ်လတာပြင်သို့ တက်လာသော မိကျောင်းငယ်လေးများကို လူအုပ်နှင့် အတင်း လိုက်ဖမ်းကြသည်။ ရေထဲမှ ပေါ်လာပြီး ရေပြင်ပေါ်တွင် ဟိုကူးသည်ကူး ဆောက်တည်ရာမရ ဖြစ်နေကြသော မိကျောင်းငယ်များကို လှေနှင့်လိုက်၍ ဖမ်းရသည်လည်း ရှိ၏။

မိကျောင်းဆေးခတ်ရာတွင် မိကျောင်းငယ်များ မူးဝေရုံသာ ခတ်ပြီး မိကျောင်းကြီးများ ရေအောက်မှ ပေါ်တက်မလာဘဲ နေနိုင်အောင် ဆေးအချိန်အဆကိုလည်း သိဖို့ လိုလေသည်။ တစ်ခါတစ်ခါ ဆေးအခတ်များသွား၍ မိကျောင်းကြီးများ ပေါ်လာသဖြင့် မိကျောင်းဖမ်းသူတွေနှင့် အစွမ်းပြိုင်ကြရသည်။ မိကျောင်းမကြီးများကို အသေဖမ်းမိသလို လူကို မိကျောင်းက အသေဖမ်းကိုက်ပြီး ရေထဲ နှစ်သွားသောအခါလည်း ရှိလေသည်။ ထို့ကြောင့် မိကျောင်းဖမ်းသော အလုပ်ကို ဝါရင့် မိကျောင်းဖမ်းဖူးသူ ရေမုဆိုးကြီး တစ်ဦးတစ်ယောက်မျှ မပါဘဲ မည်သူမျှ သက်စွန့်ဆံဖျား မလုပ်ရဲကြပေ။ မိကျောင်းဖမ်း ဝါရင့်နေသော ရေမုဆိုးကြီးများကတော့ ဆေးမြစ် အချိန်အဆ မည်၍မည်မျှ သည်အိုင် သည်မြစ်ကွေ့ထဲ ထည့်ခတ်လိုက်လျှင် ခြောက်လ တစ်နှစ်သားမှသည် နှစ်နှစ် သုံးနှစ်သား မိကျောင်းငယ်များထိ ရေထဲမှ ပေါ်လာနိုင်သည်။ နောက်ထပ် ဆေးမြစ်ချိန် မည်၍မည်မျှ ထည့်ခတ်လိုက်လျှင် သုံးနှစ်သားမှ လေးနှစ် ငါးနှစ်သားထိ ရေထဲမှ ပေါ်လာနိုင်ပြန်၏ ဆိုသည်တို့ကို အတပ် သိကြလေသည်။ မိကျောင်းဖမ်းရာတွင် ထိုကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင် ရှိကြ၍လည်း သူတို့မှာ မိကျောင်းဖမ်းသော အလုပ်ဖြင့် ဘဝရပ်တည်နိုင်ကြသည် မဟုတ်ပါလား။

ချောင်းဖျား၊ မြစ်ဖျား၊ ထောင့်အကွေ့၊ အကောက်၊ အိုင်၊ ချိုင်၊ ချောင်များကို မိကျောင်းဆေးခတ်ပြီ ဆိုလျှင် မြစ်ကွေ့ ချောင်းဖျားတွင် ရှိရှိသမျှသော သားငါးပုစွန်တို့မှာ ဆေးဆိပ်သင့်၍ အကုန်သေကုန်ကြ

http://www.cherrythitsar.org



သည်။ ထို့ကြောင့် မိကျောင်းဖမ်းသမားများနှင့် သားငါးရှာဖွေ၍ အသက်မွေးဝမ်းကျောင်းပြုသူများမှာ မကြာမကြာ ခိုက်ရန်ဖြစ်ပွားတတ်ကြသည်။ ထို့ကြောင့် မိကျောင်းဖမ်းသူများသည် ဘယ်ချောင်း ဘယ်မြစ်ကွေ့တွင် ဘယ်နှစ်ရက်နေ့ မိကျောင်းဖမ်းကြတော့မည် ဆိုလျှင် နီးစပ်ရာ ရပ်ရွာလူကြီးများဆီတွင် ခွင့်တောင်းရသည်။ အရပ်လူကြီးများက သားငါး ရှာဖွေသူများနှင့် ဒီရေအတက်အကျ၊ ဒီရေကြီးချိန်၊ ဒီရေဆုတ်ချိန် စသည်တို့ကို တိုင်ပင်ပြီး ခွင့်ပြုမှ မိကျောင်းဖမ်းကြရသည်။ မိကျောင်းဆေးခတ်၍ မူးဝေလာသောသားငါးများနှင့် သေသောသားငါးများကို နီးစပ်ရာ ရွာနီးချုပ်စပ်မှ ရွာသူရွာသားတွေက မည်သူမဆို ဖမ်းဆီးယူနိုင်လေသည်။

မိကျောင်းဆေး အဆိပ်သင့်၍ သေသော သားငါးပုစွန်များကို ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နာဖျားနေသူများက လွဲလျှင် ကလေးလူကြီး မိန်းမ ယောကျ်ား အားလုံး စားနိုင်ကြသည်။ ဘာမှ ဥပဒ် မဖြစ်ပေ။ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နာဖျားနေသူများ စားမိလျှင်တော့ တစ်ကိုယ်လုံး ဖောရောင်နေတတ်သည်။ မိကျောင်းဆေးခတ်ငါး စားမိပြီး တစ်ကိုယ်လုံး ဖောရောင်လာလျှင် ဆေးဆိပ်မိ၍ သေသော သားငါးချက်ပြုတ်ရာတွင် အငွေ့ခံ မှိုင်းတိုက်ညှော်ရှူရသည်။ သို့မှသာ အရောင်အဖော ယုတ်လျော့ ပျောက်ပြယ်သွားပေ၏။ မိကျောင်းဆေးခတ်ရသော မိကျောင်းဖမ်းသမားများမှာလည်း ဆေးမြစ်များကို ထုခြေရေဖျော်ရာ၌ ဆေးမြစ်ရေစဉ်သဖြင့် သုံးလေးရက်ထိ ခြေလက်မျက်နှာတို့ ရောင်ကိုင်းနေတတ်ကြသည်။ ထိုအခါ မိကျောင်းဆေးဆိပ်မိ၍ သေသော သားငါးပုစွန်များ စားမိသော ကိုယ်ဝန်ဆောင် နာမကျန်းသူများနည်းတူ ညှော်ရှူမှိုင်းတိုက်ကြရလေသည်။ သို့မှသာ အရောင်အဖော ကျသွားတတ်၏။

လင်မယားနှစ်ယောက် စကားတပြောပြောနှင့် လှေလှော်လာကြရာ လူပါးသော ကြိမ်ပိုက်မြစ်ကွေ့ တစ်ခုသို့ ရောက်သောအခါ ကိုဂျလားက လှေငယ်ကို ရပ်လိုက်သည်။ ဒီရေလည်း ကျစပြုပြီ ဖြစ်သဖြင့် ဤနေရာတွင် ကနုကမာငုပ်ရလျှင် အတော်အသင့် ရနိုင်မည်ဆိုသည်ကို သူက ခန့်မှန်းမိလေပြီ။

လှေငယ်ကို ရပ်ပြီး သူက ပတ်ဝန်းကျင်ကို အကဲခတ်နေစဉ် ဇနီး

http://www.cherrythitsar.org



သည်က ဝါးကျည်တောက်နှင့် အသင့် ထည့်ယူလာသော နန္ဒင်းမှုန့်များကို ရေဖျော်၍ လှေငယ်၏ ပတ်ဝန်းကျင်ကို သွန်ကြပက်ဖျန်းလိုက်သည်။ ပြီး ကိုဂျလား၏ လည်ပင်းမှာလည်း နန္ဒင်းစိမ်း တစ်တောင့်ကို ကြိုးနှင့် ချည်ဆွဲပေးလေသည်။ ရေအောက်တွင် မတော်တဆ မိကျောင်းများ ရှိနေလျှင် ဝေးဝေးသို့ ပြေးသွားအောင် ဆေးဖျန်းလိုက်ခြင်း ဖြစ်သည်။ နန္ဒင်းနံ့ကို လုံးဝ မခံနိုင်ကြသော မိကျောင်းများသည် နန္ဒင်းနံ့ရလျှင် ဝေးဝေးသို့ ပြေးသွားကြလေ့ ရှိလေသည်။

ကိုဂျလားသည် လှေပေါ်တွင် အသင့်ပါလာသော ရှည်မျောမျော ကျောက်တုံးတစ်ခုကို ခါးလယ်က ကြိုးချည်ပြီး ရေထဲသို့ ပစ်ချလိုက်၏။ ကိုဂျလား ကိုင်ပစ်ချလိုက်သော ကျောက်တုံးသည် ရေနက်အောက်ထဲရှိ ကျောက်ဆောင်ကျောက်တန်းပေါ်တွင် သွားကျနေသောအခါ ကျောက်တုံးကြိုးစနှင့် လှေဦးကို ချည်ထားရသည်။ လှေငယ်မှာ ကျောက်ဆူးချပြီးသား ဖြစ်သွားသဖြင့် ကိုဂျလားသည် ကနုကမာငုပ်ရာ၌ အသုံးပြုသော တစ်ဖက်ချွန် တူချွန်နှင့် စူးဆောက်ပုတ်များကို ကြိမ်ခြင်း တစ်လုံးထဲ ထည့်ကာ ကြိုးချည်ပြီး ရေအောက်သို့ ချလိုက်ပြန်သည်။ ပထမဦးဆုံး ကျောက်တုံးပစ်ချထားသောကြိုးနှင့် ဒုတိယ ပစ်ချလိုက်သော ခြင်းကြိုးတို့မှာ လက်မောင်းတစ်ဆုံးလောက်သာ အကွာအဝေး ရှိလေသည်။ ထိုကြိုးနှစ်ပင်ကြားမှ ကိုဂျလားသည် ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး ကနုကမာငုပ်ရန် ရေအောက်သို့ ငုပ်ဆင်းသွားလေ၏။ ဇနီးသည်ကတော့ လှေပေါ်ထက်၌ပင် ကျန်ရစ်သည်။

ရေအောက်သို့ ရောက်သွားသော ကိုဂျလားမှာ ရေအောက်ထဲရှိ ကျောက်ဆောင် ကျောက်တန်းများ ဘေးနံရံတွင် တွယ်ကပ်နေတတ်သော ကနုကမာကောင်များကို လက်နှင့် တရွေ့ရွေ့ စမ်းသပ်ပြီး ရှာဖွေရသည်။ ကနုကမာများမှာ တစ်ကောင်တလေတည်း ခွဲ၍ လုံးတည်း မနေတတ်ပေ။ အနည်းဆုံး ငါးလုံးခြောက်လုံး စသည်ဖြင့် အစုလိုက် အပြုံလိုက် ကျောက်ဆောင်ကျောက်တန်းများဘေးတွင် တွယ်ကပ်ကာ ရှာတည်နေတတ်ကြသည်။ ထို့ကြောင့် ကနုကမာ တစ်လုံးကို တွေ့ပြီဆိုလျှင် ထိုအနီးအနား ကျောက်ဆောင်ကျောက်တန်းများ ပတ်ဝန်းကျင်တွင် အနည်းဆုံး သုံးလေး

http://www.cherrythitsar.org



ငါးလုံးကိုတော့ တွေ့စမြဲတည်း။

ကိုဂျလားသည် လက်တစ်ဖက်က ကျောက်ကြိုးကို ကိုင်ပြီး ကျန်လက်တစ်ဖက်က ကျောက်တန်းကျောက်ဆောင်ဘေးကို ရေအောက်တွင် တရွေ့ရွေ့ တွားသွားပြီး ပွတ်စမ်းရှာဖွေကြည့်နေ၏။ ရေနက်အောက်ရှိ ကျောက်ဆောင်ကျောက်တန်းဘေးတွင် ကနုကမာများ ရှိ မရှိကို လက်နှင့် ပွတ်စမ်း၍ ရှာရသည်မှာ စင်စစ်တော့ လွယ်ကူသော အလုပ် မဟုတ်ပါပေ။ ကျောက်ဆောင်ကျောက်တန်းများ ဘေးနံရံတွင် ကနုကမာများ ရှိနေလျှင် ပန်းကန်ပြား အကြီးအသေးများ စီရရီ မှောက်ကပ်ထားသလို ခုံးမို့မောက်၍ တွေ့ရတတ်၏။ အချို့ ကျောက်တန်း ကျောက်နံရံတွေမှာ အဖုအထစ်များလွန်းသဖြင့် တစ်ခါ တစ်ခါ ရိုးရိုး ကျောက်သားကျောက်ဖု ကျောက်ထစ်များနှင့် ကနုကမာကောင်တို့မှာ ဆင်တူယိုးမှား ဖြစ်သဖြင့် မှားတတ်လေသည်။

ကနုကမာကောင်၏ အခွံမှာ ရိုးရိုး ကျောက်သားကဲ့သို့ပင် ချေးနဖေးတက်၍ မာကျောနေတတ်သဖြင့် ရုတ်တရက် ခွဲမရ ဖြစ်တတ်သည်။ ထိုအခါ မသက်သော ကနုကမာကောင်များ၏ ကျောကုန်းအခွံကို အသင့်ပါလာသောတူနှင့် တဒက်ဒက် ခေါက်စမ်းကြည့်ရသည်။ ပင်ကိုကျောက်သားကျောက်ဖုများ မဟုတ်ဘဲ ကနုကမာကောင်၏ ကျောက်ကုန်းအခွံကို ခေါက်မိလျှင် အော-သော လိုဏ်သံတစ်မျိုး မြည်တတ်သည်။ ပင်ကို ကျောက်သားကို တူနှင့်ခေါက်မိလျှင် လိုဏ်ခေါင်းသံ မမြည်ပေ။ ဤသည်တို့ကိုတော့ ကနုကမာငုပ်သူတိုင်း သိတတ်ကြပေသည်။ ဤသည်တို့ကို မသိဘဲ ကနုကမာ သွားငုပ်လျှင်လည်း ရေမွန်း၍ ပင်ပန်းရုံသာ ရှိလေမည်။ ကနုကမာ ဆို၍ကား ဟင်းစားပင် ရမည် မဟုတ်ပါချေ။

ပင်လယ်ကမ်းခြေသား ကိုဂျလားမှာ ကနုကမာကို စီးပွားဖြစ် မငုပ်ဖူးဘူးသော်လည်း ဟင်းစားအဖြစ်ကား အကြိမ်အခါပေါင်း မရေမတွက်နိုင်လောက်အောင် ငုပ်ဖူးထားသဖြင့် မကြာခင်ပင် ရေအောက် ကျောက်တန်းတစ်ခုတွင် ကနုကမာ ရွှာငယ်တစ်ခုကို သူက စမ်းမိသွားလေသည်။

ကနုကမာ ရွှာငယ်တစ်ခုကို ရှာဖွေစမ်းသပ်မိသဖြင့် ကိုဂျလားမှာ အတော် ဝမ်းသာသွား၏။ ဒီပင်လယ်ကမ်းခြေသားက ကနုကမာငုပ်လို့

http://www.cherrythitsar.org



ရမှ ရတတ်ပါ့မလားဟု သူ့အား စမ်းချင်နေကြသော မိန်းမ၊ ယောက်ျမ၊ ဆွေမျိုးများကို ကနုကမာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည်ဆိုသော သူတို့ အတွင်းပိုင်းက ရေမုဆိုး ရေလုပ်သားကြီးများထက်ပင် တော်ကြောင်း အစွမ်းအစပြရတော့မည်ဟု ကိုဂျလားမှာ အတိုင်းမသိဝမ်းသာသွားခြင်း ဖြစ်လေသည်။ ဤသည်တို့ကြောင့်လည်း ရေအောက်ကျောက်တန်းကျောက်ဆောင်ကြားတွင် ကနုကမာကောင်များကို တစ်လုံးပြီးတစ်လုံး တစ်ကောင်ပြီး တစ်ကောင် ထုခွာနေသော ကိုဂျလား၏လက်မှာ အတိုင်းမသိ မြူးကြွသွက်လက်လျက် ရှိလေ၏။

ကနုကမာ လေးငါးလုံးကို ထုခွာ၍ ကြိမ်ခြင်းထဲ ထည့်ပြီးသော အခါ ကိုဂျလားမှာ ခြင်းကြိုးကို ဆွဲလှုပ်၍ အချက်ပေးလိုက်၏။ လှေပေါ်တွင် ရှိနေသော ဇနီးသည်က ကိုဂျလား ထည့်ပေးထားသော ကနုကမာခြင်းကို ရေထဲက ဆွဲတင်သွားသည်။ ဇနီးသည်က ကိုဂျလား နောက်ထပ်ကနုကမာငုပ်နေချိန်တွင် ရသမျှသော ကနုကမာကောင်များကို ထုခွဲအခွံခွာကာ အသားနုတ်ထားရမည်။ ကြီးမား၍ အရောင်အဆင်း ကောင်းသော အခွံများကို ဖန်လက်ကောက်ကွင်းသလို ကနုကမာလက်ကောက်ကွင်းပြီး ကြယ်သီး၊ လက်ကန့်သီး၊ နားဆွဲ၊ လက်သည်းချေးထွက် အရုပ်ကလေး စသည် ထွေရာ ကမာဆစ်တတ်သော ကျောက်ပုတီးဆစ်သူများဆီတွင် ရောင်းရသည်။ သေးငယ်သော အခွံများကိုမူ ကွမ်းစားထုံးဖုတ်သူများဆီတွင် ရောင်းချသဖြင့် ကနုကမာ တစ်ကောင်လုံးမှာ အခွံကအစ ဘာဆို ဘာကိုမှ လွှင့်ပစ်ရသည့်ပစ္စည်းဟူ၍ မရှိပေ။ ကနုကမာခွံမှာ ထုံးကျောက်ကဲ့သို့ မာကျောပြီး ထုံးကျောက်နှင့် သဘာဝချင်းက ထပ်တူထပ်မျှ ဖြစ်သဖြင့် မဖောက်ထုံးဖုတ်သူတွေက ကနုကမာခွံကို ဝယ်တတ်ကြသည်။

ကျောက်တန်းတစ်ခု၏ နံရံလိုဏ်ထဲတွင် တွယ်ကပ်နေကြသော ကနုကမာရွာငယ်တစ်ခုကို တွေ့ထားပြီး ဖြစ်သဖြင့် ဇနီးသည်ဆီက ကြိမ်ခြင်းပြန်ကျလာသောအခါ ကိုဂျလားမှာ နောက်ထပ် ကနုကမာ သုံးလေးလုံးကိုပင် ရထားနှင့်ပြန်လေပြီ။ သွက်လက်မြူးကြွနေသော သူ၏ တူထုချက်တို့မှာ တစ်ခါတစ်ခါတွင် စူးဆောက်ထိပ်ကို မထုမိဘဲ ကနုကမာ

http://www.cherrythitsar.org



ကောင်၏ ကျောကုန်းကို သွားထုမိသဖြင့် အခွံ ကွဲရှမသွားအောင် မနည်း သတိထားရသည်။ အကယ်၍ ကနုကမာကောင်၏ ကျောကုန်းကို ထုမိ၍ ကနုကမာကောင်၏ အခွံ ကွဲရှသွားလျှင် ကနုကမာငုပ်သူမှာ ရေအောက် ထဲ၌ အန္တရာယ် ဖြစ်နိုင်လေသည်။ ထို့ကြောင့် ကနုကမာငုပ်သူတွေမှာ ကနုကမာကောင်၏ ကျောကုန်းကို မထုမရိုက်မိစေရန် အထူး ဂရုစိုက်ရ သည်။ ခြေချော် လက်ချော် ဖြစ်၍ ကနုကမာကောင်၏ ကျောကုန်းကို ထုရိုက်မိသဖြင့် အခွံကွဲအက်သွားလျှင် ကနုကမာကောင် ပါးစပ်ထဲမှ အရည်ကြည်များ ချက်ချင်း အန်ထွက်လာတတ်သည်။ ညှီလွန်း ဟောက် လွန်းသော အရည်ကြည်များ အန်ထွက်လာပြီဆိုလျှင် ကျောက်ဆောင် လိုဏ်ခေါင်းထဲတွင် အောင်းနေတတ်ကြသော ငါးတောက်တူငါးများနှင့် တခြား သားငါးကြီးများသည် ချက်ချင်း အနံ့ခံလိုက်လာပြီး ကနုကမာငုပ် နေသူကို မျိုဝါးကိုက်သတ်တတ်လေသည်။ ကနုကမာငုပ်ရာတွင် ခြေချော် လက်ချော် ဖြစ်မိ၍ ငါးတောက်တူ အမျိုခံရဖူးသူ၊ ငါးမန်းအကိုက်ခံရဖူးသူ များမှာ ကြိမ်ပိုက်မြစ်တစ်လျှောက်ရှိ ရွာများတွင် အတော်များများ ရှိလေ သည်။ တချို့ သေ၍ တချို့မှာ အလောင်းပင် ရှာမရပေ။ *(ငါးမျိုသွား သဖြင့် အလောင်းရှာမရသူများကို ဆလုံရေလုပ်သားများက နတ်သတ်ပစ် သည်ဟု အယူရှိကြသည်။)*

ကနုကမာနံ့ ရ၍ ပြေးလိုက်လာသော ငါးတောက်တူ ငါးမန်းကြီး များနှင့် ရေထဲတွင် ထွေးလုံးသတ်ပုတ်ကြပြီးခါမှ ခြေပြတ်လက်ပြတ်နှင့် လွတ်မြောက်လာဖူးသူများကလည်း အများအပြားပင်တည်း။ လျှင်သော၊ ပါးသော ဝါရင့်ရေမုဆိုး ရေလုပ်သားကြီးများကတော့ ကနုကမာကောင်၏ ကျောကုန်းကို ခြေချော်လက်ချော် ထုရိုက်မိပြီး ကွဲသွားသည်နှင့် တစ်ပြိုင်နက် ရရှိသမျှသော ကနုကမာကောင်များကို စုစည်းသိမ်းဆည်းကာ ချက်ချင်း လှေပေါ်သို့ တက်ပြေးလာတတ်သည်။ ထိုနေရာ၌ ဆက်လက်၍ ကနု ကမာငုပ်နေလျှင် ငါးကိုက်ခံရမည်မှာ မုချပင် ဖြစ်လေသည်။

ရေပေါ် လှေပေါ် ထက်မှ ဇနီးသည် ပြန်ချပေးလိုက်သော ကြိမ် ခြင်းထဲတွင် နောက်ထပ် ကနုကမာ လေးငါးလုံး ထည့်ပြီးပြန်သောအခါ လူမှာလည်း ရေမွန်းလာပြီဖြစ်သဖြင့် ကိုဂျလားသည် ခြင်းကြီးကို အချက်ပြ

http://www.cherrythitsar.org



ဆွဲလှုပ်လိုက်ပြီး ကျောက်ကြိုးကို တွယ်ချိတ်ကာ ရေပေါ်သို့ ပြန်တက်လာသည်။ ရှူးခနဲ ရေမှုတ်သံကြီးနှင့်အတူ ရေထဲမှ ပေါ်တက်လာသော ကိုဂျလားအား ဇနီးသည်က လှေပေါ်ထက်မှ အပြုံးနှင့် ဆီးကြိုလက်ကမ်းပေးသည်။ ဇနီးသည်၏ နွေးထွေးသောလက်ကို သူ၏ အေးစက်ရှုံ့တွန့်၍နေသောလက်နှင့် ဆွဲကိုင်ကာ ကိုဂျလားသည် လှေပေါ်သို့တက်လာလေ၏။

ခင်ပွန်းသည်၏ ကျောကုန်းထက်မှ ဆားငန်ရည်များကို လက်နှင့် ပွတ်ချပြီး ကွမ်းသီးဖက် ဆေးပေါ့လိပ်ကြီးကို မီးညှိကာ ကိုဂျလားအား ဇနီးသည်က ပြုစုရှာသည်။ ဇနီးသည် မီးညှိပေးသော ကွမ်းသီးဖက် ဆေးပေါ့လိပ်၏ ထိပ်ကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ကိုဂျလားမှာ ရှူးရှူးရှဲရှဲ ဖွာနေသည်။ လက်ဝါးပြင် နှစ်ဖက်စလုံး ပူနွေးလာသောအခါ ဆေးပေါ့လိပ်ကြီးကို ပါးစပ်တွင် ခဲထားပြီး ထိုလက်ပူနှစ်ဖက်နှင့် နားနှစ်ဖက်ကို ပွတ်တိုက်၍ အပူငွေ့ပေးရပြန်၏။ သူက ရေအောက်ထဲကို ကနုကမာ ငုပ်ရန် နောက်ထပ် ဆင်းသွားရဦးမည် ဖြစ်သဖြင့် အေးစက်၍ နားမကိုက်အောင် အပူငွေ့ ရိုက်ပေးခြင်း ဖြစ်၏။

စီးပွားဖြစ် ကနုကမာငုပ်ကြသော အချို့ ရေမှုဆိုးများဆိုလျှင် လှေငယ်ပေါ်ထက်၌ မီးဖိုပင် ပါတတ်ကြသည်။ လှေပေါ်တက်၍ မီးလှုံလိုက် ရေထဲ ပြန်ဆင်းလိုက်နှင့် ဝါရင့်ရေမှုဆိုးများ တစ်နေ့လုံး ကနုကမာ ငုပ်နေတတ်ကြသည်။ ကိုဂျလားတို့ ဇနီးမောင်နှံမှာတော့ ယနေ့၌ မင်္ဂလာဦးပျားရည်ဆမ်း ကနုကမာငုပ်ရန်သာ လာကြခြင်း ဖြစ်သဖြင့် ဟင်းစားရရုံလောက်သာ ငုပ်ကြမည်ဖြစ်လေရာ လှေပေါ်ထက်တွင် မီးဖို ပါမလာပေ။ ကျောကုန်းကို နေပူကင် နေစာလှုံ၍ နားနှစ်ဖက်ကို ဆေးလိပ်မီးပူငွေ့ ရိုက်ပေးပြီးသောအခါ လှေငယ်ကို နောက် မြစ်ကွေ့တစ်ခုသို့ လှော်ခတ်သွားကြပြီး ကိုဂျလားက ရေထဲ ဆင်းသွားပြန်လေသည်။

ဒီရေမှာ အစွမ်းကုန် ကျနေချိန် ဖြစ်သဖြင့် မြစ်လယ် ရေရိုးအောက်တွင် နစ်မြုပ်နေကြသော ကျောက်ဆောင်ကျောက်တန်းများထိ သွားငုပ်နိုင်သော အချိန်ကောင်း ဖြစ်လေသည်။ ဒီရေ တက်ပြည့်နေချိန်၊ ရေအိနေချိန်များ ဆိုလျှင် ရေနက်၍ ရေငုပ် မကျွမ်းကျင်သူတွေက ရေအောက်ထဲတွင် ကြာကြာငုပ်မနေနိုင်ပေ။ မြစ်ရေမှာလည်း ရေနက်လေ

http://www.cherrythitsar.org



အအေးက ပိုလေ စိမ့်လေ ဖြစ်သဖြင့် မကြာခင် နားကိုက်၍ ပြန်တက်လာရပေမည်။ ယခုအခါ ဒီရေအကျမို့ ရေက တိမ်နေသဖြင့် ကိုဂျလားသည် ရေအောက်ရှိ ကျောက်ဆောင်ကျောက်တန်းများဘေးတွင် ကနုကမာကို သူက လက်နှင့် ပွတ်စမ်းကြည့်၍ လည်းကောင်း၊ တူငယ်နှင့် ရိုက်ခေါက်ကြည့်၍ လည်းကောင်း ရှာဖွေလျက် ရှိလေသည်။

ကျောက်ဆောင် ကျောက်တန်း နံရံဘေးဘက်တွင် တရွေ့ရွေ့ စမ်းတွားသွားနေသော သူ၏ လက်တစ်ဖက်ကို တစ်စုံတစ်ခုက လေနှင့် ဆွဲစုပ်ယူလိုက်သလို လျှောခနဲ ရွေ့ပါသွားသဖြင့် ကိုဂျလားက ထိတ်ခနဲ ဖြစ်ကာ သူ့လက်ကို ကမန်းကတန်း ပြန်ရုပ်ထားလိုက်သည်။ "ဘာကောင်ပါလိမ့်"ဟုလည်း စိတ်ထဲက တွေဝေသွားမိ၏။ ကျောက်ဆောင်ကျောက်ကြားထဲတွင် ရေဝဲကတော့ငယ်များနှင့် ရေပေါက် ရေစွယ်များ ရှိနေသလားဟု သူက စဉ်းစားသည်။ သို့သော် ရေပေါက်၊ ရေစွယ်၊ ရေဝဲကတော့ငယ်များသာ ရှိနေလျှင် ကြီးမားသော သူ၏ ကိုယ်ခန္ဓာကိုသာ စုပ်ဆွဲရမည်။ လက်က ရွေ့လျားလျှောပါသွားရန် အကြောင်း မရှိချေ။ နောက်တော့ ကျောက်နံရံဘေးတွင် ရေညှိရေမှော်များသဖြင့် ရုတ်တရက် လက်လျှောပါသွားခြင်းသာဟု ယုံယုံကြည်ကြည် ယူဆကာ ကိုဂျလားသည် ရှေ့သို့သာ ရဲရဲဝံ့ဝံ့ တိုး၍ စမ်းရှာနေ၏။

ကျောက်ဆောင် ကျောက်တန်းများဘေးတွင် ကနုကမာများကို စမ်းတဝါးဝါး ရှာဖွေရင်း စိတ်ထဲက သံသယကြောင့် ရေထဲမှာ မျက်လုံးကို စုံဖွင့်ကာ ပတ်ဝန်းကျင်ကိုလည်း အကဲခတ်ရပြန်၏။ စိမ်းမြကြည်လင်နေသော ဆားငန်ရည်ထဲကို စူးရှတောက်ပြောင်သော နေရောင်ခြည်တန်းများ ထိုးဖောက်နေသဖြင့် လူကို အန္တရာယ်ပြုနိုင်လောက်အောင် ကြီးမားသော ငါးတောက်တူ ငါးမန်းကြီးများ လိုက်လာလျှင် ရေထဲတွင် သဲသဲကွဲကွဲ မဟုတ်သော်လည်း မည်းမည်းလုံးလုံးနှင့် မြင်သာနိုင်သည်။ ယခု ရေထဲတွင် သားကြီး၊ ငါးကြီးများ ဆို၍ အရိပ်အခြည်မျှ မမြင်ရပြန်သောအခါ ကိုဂျလားမှာ သံသယရှင်းစွာ ကနုကမာကို ရှာဖွေလျက် ရှိလေသည်။

သူ့လက်တစ်ဖက်ကို ရိပ်ခနဲ ဆွဲစုပ်သွားခြင်း ခံလိုက်ရသော ဤတစ်ကြိမ်မှာတော့ သူ၏ လက်ကို မည်သို့မျှ တွန့်ဆုတ်ရုပ်သိမ်းရန် အချိန်

မရလိုက်တော့ပေ။ စက္ကန့်ပိုင်း အတွင်းမှာပင် သူ၏ လက်တစ်ဖက်သည် ကျောက်နံရံဘေးတွင် သွားကပ်နေလေပြီ။ ဤ အဖြစ်အပျက်မျိုးနှင့် တစ်ခါမျှ မတွေ့ဖူး မကြုံဖူးဘူးသော ကိုဂျလားမှာ ကြောက်လန့်တကြားနှင့် လက်ကို တအား ပြန်ဆွဲရုပ်သည်။ သို့သော် လက်ဆစ်တွေကသာ ပြုတ်ထွက်လုမတတ် ကိုက်ခဲနာကျင်လာသည်။ ကျောက်နံရံနှင့် လက်မှာကား လုံးဝ ခွာမရတော့ပေ။ ကိုဂျလားသည် ကနုကမာ ခွဲခွာရာတွင် အသုံးပြုသော ကြိမ်ခြင်းထဲ စူးချွန်တစ်ခုကို ကျန်လက်တစ်ဖက်နှင့် မြဲမြဲကိုင်ကာ ကပ်နေသော လက်ဖျားကို စမ်းထိုးကြည့်သည်။ သူ၏ လက်ချောင်းဖျားလေးချောင်းမှာ ကျောက်နံရံကို ဖောက်၍ တည့်တည့်မတ်မတ်ပင် စိုက်ဝင်နေလေသည်။ လွတ်နေသော လက်မကို သူက တဆဆ လှုပ်ကြည့်၏။ လက်မကတော့ လှုပ်ရှား၍ ကွေးကောက် ဆန့်တန်း၍ ရသေးသည်။ လက်မမှာ အကောင်းပကတိပင်၊ ဘာမှ မဖြစ်ပေ။

မာကျောသော ကျောက်နံရံထဲ ထူးထူးဆန်းဆန်း စူးဝင်နေသည့် လက်ချောင်းများ၏ ပတ်ဝန်းကျင်ကို ကိုဂျလားက ကျန်လက်တစ်ဖက်နှင့် သတိထား၍ စမ်းကြည့်ပြန်သည်။ ဒယ်အိုး တစ်လုံး မှောက်ထားသလို ခုံးမို့နေသော ကျောက်ခုံကြီး တစ်ခု၏ အစမှာ သူ့လက်က စူးဝင်နေသည်။ သူသည် စူးကို ကြိမ်ခြင်းထဲ ပြန်ထည့်၍ တူငယ်နှင့် ကျောက်ခုံကြီးကို တဒက်ဒက် ခေါက်ကြည့်သည်။ လိုဏ်သံကြားရသောအခါ ဤကျောက်ခုံကြီးမှာ ကနုကမာကောင်ကြီး တစ်ကောင်ဖြစ်မှန်း သူက သိသွားလေပြီ။

ကနုကမာကောင်များသည် ဒီရေ တက်ချိန် ကျချိန်တွင် ပါးစပ်ကို ဟ၍ ရေတွင် မျောပါလာတတ်သော မှော်ဒိုက်ရေခွက်မျှင်တန်းများကို စုပ်စားတတ်ကြသည်။ ယခု သူ့လက်ကို ကနုကမာကောင်ကြီးက အစာထင်၍ ဆွဲစုပ်ထားခြင်း ဖြစ်လေမည်။ တစ်ခါ တစ်ခါ ကနုကမာကောင်တွေက ကနုကမာ လာငုပ်သူ ရေမုဆိုးတို့၏ ဆံပင်များနှင့် ပုဆိုးစ အင်္ကျီစ အဝတ်စများကိုလည်း ယခုကဲ့သို့ပင် ဆွဲစုပ်ထားတတ်၏ ဆိုသည်ကို ဝါရင့် ရေမုဆိုး ကနုကမာငုပ်သူများဆီက ကိုဂျလား ကြားဖူးနားဝ ရှိခဲ့လေသည်။

ကနုကမာကောင်ကြီးမှန်း အတပ်သိသောအခါ တစ်ကိုယ်လုံး မွှန်ထူနေသော ကိုဂျလား၏ စိတ်မှာ အနည်းငယ် အကြောက်ပြေသွားလေ

http://www.cherrythitsar.org



သည်။ ကနုကမာကောင်ကြီး ဆွဲစုပ်ထားခြင်းကို ခံနေရသော လက်ဖျား ကို သူက စူးတစ်ချောင်းနှင့် ကပ်ထိုး၍ ကနုကမာကောင်ကြီး၏ ပါးစပ်ကို ဆွဲလှန်ရန် ကလော်၍ ကြိုးစားကြည့်သည်။ သို့သော် သူ ထိုးလိုက်သော စူးမှာ ကနုကမာကောင်ကြီး၏ ပါးစပ်ထဲသို့ မဝင်နိုင်သဖြင့် ကိုဂျလားမှာ အကျပ်ရိုက်သွားပြန်သည်။

ကနုကမာကောင်ကြီး ဆွဲစုပ်ခြင်း ခံနေရသော လက်မှာ တဖြည်း ဖြည်းနှင့် လက်မောင်းရင်းထိ ကျဉ်တက် ကိုက်ခဲလာ၏။ ကိုဂျလားမှာ ကြံရာမရ ဖြစ်နေလေပြီ။ ကျောက်နံရံနှင့် ဤ ကနုကမာလုံးကြီး ကွာသွား အောင် ထုခွဲရမည်ဆိုပါက လက်တစ်ဖက်တည်း ဖြစ်နေသဖြင့် အချိန် အနည်းဆုံး ကွမ်းသုံးလေးယာ ညက်ခန့် ကြာလေမည်။ ထို့ကြောင့် ဤကနု ကမာလုံးကြီးကို ဘယ်နည်းနှင့်မှ ရအောင် ခွာမယူနိုင်တော့ ဆိုသည်ကို ကိုဂျလားက ကောင်းစွာ သိလေသည်။ လက်ချောင်းများကို ကနုကမာ ကောင်ကြီး၏ ပါးစပ်ထဲတွင် ဖြတ်ထားခဲ့မည် ဆိုပါကလည်း ဓားက ပါမ လာပြန်။ ကနုကမာငုပ်သူတွေမှာ ဓားထက် စူးဆောက်တို့ကိုသာ အသုံး ပြုသူ များသဖြင့် ဓားကို ကနုကမာငုပ်ရာသို့ ယူမလာကြပေ။ အကယ်၍ ဓားပါလာသည်ပဲ ထားဦး၊ မိမိ၏ လက်ချောင်းလေးချောင်းကို ကနုကမာ ကောင်ကြီး၏ ပါးစပ်ထဲတွင် ဖြတ်ထားခဲ့ရန်ကိုတော့ ကိုဂျလား မရဲမဝံ့ ဖြစ်ရမည်မှာ မုချပင်တည်း။

နောက်ဆုံးတွင် ကြံရာမရသော ကိုဂျလားက ကျောက်ကြိုးနှင့် ကြိမ်ခြင်း ကြိုးနှစ်ပင်ကို ခြေထောက်နှင့် မြဲမြဲ လိမ်ချိတ်ကာ ကနုကမာ ကောင်ကြီး၏ ကျောကုန်းကို တူချွန်ဘက်နှင့် တအား ထုနက်ရိုက်ခဲ့တော့ သည်။ ကနုကမာကောင်ကြီး အခွံကွဲသေမှ သူ့လက်ကို ကနုကမာကောင် ကြီး၏ ပါးစပ်ထဲမှ ဆွဲနုတ်၍ ရတော့မည် မဟုတ်ပါလား။

တူချွန်ဘက်နှင့် ကနုကမာကောင်ကြီး၏ ကျောကုန်းကို တအား ထုနက် ရိုက်ခဲ့နေရင်းမှာပင် ကိုဂျလားသည် ရေမွန်းစပြုလာ၏။ ကနုကမာ ကောင်ကြီး၏ ထူထဲလွန်းလှသော ကျောကုန်း အခွံမှာကား မကွဲသေး။ တူထုရိုက်အားမှာ ဘယ်လက်ဖြစ်နေသဖြင့် မသန်လှသည့်အပြင် လှေပေါ်ရှိ ဇနီးသည်ကလည်း ကြိမ်ခြင်းကြိုး လှုပ်ခါလာသည်ကို ကနုကမာ ရ၍

http://www.cherrythitsar.org



ကိုဂျလား အချက်ပြပြီ အထင်နှင့် ခြင်းကြိုးကို အပေါ်က တအား ဆွဲနေပြန်သည်။ ထိုအခါ ကိုဂျလားမှာ ခြင်းကြိုး လွတ်ထွက်မသွားအောင် ခြေထောက်နှင့် လိမ်ချိတ်၍ အစွမ်းကုန် ထိန်းထားရပြန်၏။ ဤသို့နှင့်ပင် ကိုဂျလားမှာ ရေအောက်ထဲ၌ တစ်ချက် တစ်ချက်တွင် အသက်ရှူပင် ကျပ်စပြုလာသည်။

ရေမွန်းပြီး အသက်ရှူကျပ်လာသဖြင့် တစ်ချက် တစ်ချက်တွင် ကနုကမာကောင်ကြီး၏ ကျောကုန်းကို တူချွန်နှင့် မထုမိဘဲ ကနုကမာကောင်ကြီး ဝါးမျိုထားသော မိမိ၏ လက်ခုံနားကို ထုမိသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်ခါ နာကျင်သွားရသည်မှာလည်း အကြိမ်ကြိမ် အခါခါပင်။ သည်ကြားထဲ ငါး အသေးအမွှားလေးတွေကလည်း ကနုကမာနံ့ ရလာသဖြင့် ကိုဂျလား၏ တစ်ကိုယ်လုံးကို မထိတထိ လာတွတ်ကြပြန်သည်။ သို့သော် ငါး အသေးအမွှားလေးတွေ လာ၍ တွတ်ထိုးနေကြသည်ကိုတော့ ကိုဂျလားမှာ ဂရုမပြုအား။ ကနုကမာကောင်ကြီး၏ ကျောကုန်း ကွဲသွားရန်ကိုသာ သူက အပူတပြင်း အားစိုက်နေရလေသည်။

သူ၏ ကျောကုန်းကို တအုန်းအုန်း အထုခံနေရသော်လည်း အစာငတ်လွန်းသော ကနုကမာကောင်ကြီးက ကိုဂျလား၏လက်ကို အန်ထွေးမထုတ်ပစ်သေး။ ပို၍သာ စေးစေးကပ်ကပ် မျိုလာသဖြင့် ကိုဂျလား၏ လက်မှာ ပြတ်ထွက်လုမတတ် နာကျင်ကိုက်ခဲလာသည်။ အကယ်၍ အစွယ်များသာရှိသော ရေသတ္တဝါ တစ်ကောင်ကောင်၏ ဝါးမျိုခြင်းကို ခံနေရသည် ဆိုလျှင်တော့ ကိုဂျလား၏လက်က ပြတ်ထွက်သွားသည်မှာ ကြာလှပြီ ဖြစ်လေမည်။

ကျောကုန်းကို တအုန်းအုန်း အထုခံနေရသဖြင့် ကနုကမာကောင်ကြီး၏ ပါးစပ်ထဲမှ အရည်ကြည်များ အန်ထွက်လာသောအခါ ငါးကလေးတွေမှာ ကိုဂျလား၏ အနားတွင် ပို၍ ဥဒဟို မြူးလာကြသည်။ ငါးကလေးများ မြူးလာကြသည်ကို မြင်ရ၍ ကိုဂျလားက တအား တက်မိသည်။ ဤ ငါးကလေးများ ဤနေရာတွင် လှည့်ပတ်ပြေးလွှား မြူးနေကြသည်မှာ သားကြီး ငါးကြီးများ ဤအနီးအနား ပတ်ဝန်းကျင်၌ မရှိ ဆိုသည်ကို အချက်ပြနေကြသလို "ကနုကမာ ကောင်ကြီးကတော့ ကွဲခါနီးပြီ ဂျလား

http://www.cherrythitsar.org



ရေ၊ တို့ အနံ့ရတယ်ဟ၊ ကြိတ်ပေး ကြိတ်ပေး”ဟု ငါးကလေးတွေက ကိုဂျလား အနီးသို့ လာ၍ အားပေးအားမြှောက် ပြုနေကြသလိုပင်တည်း။ သို့သော် အလွန် ရေမွန်းလာပြီဖြစ်သော ကိုဂျလားကတော့ အားပေး အားမြှောက် ပြုနေကြသော ငါးကလေးများကိုပင် လှည့်မကြည့်အားတော့ ပေ။ မျက်လုံးကို စုံမှိတ်ကာ ကနုကမာကောင်ကြီး၏ ကျောကုန်းကိုသာ တအုန်းအုန်း ထုရိုက်လျက် ရှိလေသည်။

ကိုဂျလား တအား ထုရိုက်လိုက်သော တူချွန် တစ်ဖက်သည် ကနု ကမာကောင်ကြီး၏ အခွံကို ခွဲကာ အသားထဲ လျှောခနဲ စူးဝင်သွား၏။ ကနုကမာကောင်ကြီး၏ ပါးစပ်က ချက်ချင်း ဟသွားသည်။ ကိုဂျလား သည် ရေမွန်းလွန်း၍ သတိလစ်မတတ် ဖြစ်နေရာမှ သတိကို အမိအရ ဆယ်ကာ ကျောက်ကြိုးကို တအား ဆွဲပြီး ရေထဲမှ အပြေး ကူးတက်လာ သည်။ ရေပေါ်သို့ ရောက်သောအခါ ရှူးခနဲ လေကို မှုတ်ထုတ်လိုက်ပြီး လှေနံကို လက်တစ်ဖက်ဖြင့် ကိုင်ထားရသည်။ ပင်ပန်းလွန်းသဖြင့် ချက် ချင်းပင် လှေပေါ်သို့ မတက်နိုင်သေး။ မျက်လုံးကို မှိတ်၍ ခဏနားနေ၏။ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ လှေပေါ်မှာ ဇနီးသည်ကို မမြင်ရ သဖြင့် ရင်ထဲက ထိတ်သွားရပြန်သည်။

အမှန်က ရေအောက်ထဲတွင် ကိုဂျလား ဤမျှ အချိန်ကြာမြင့်နေ ခြင်းမှာ အန္တရာယ် တစ်ခုခုနှင့် ဧကန် မုချ ရင်ဆိုင်နေရလေပြီ ဆိုသည်ကို အတပ်သိသဖြင့် ဇနီးသည်သည် လှေပေါ်က ခုန်ချကူးပြေးသွားပြီး နီးနီး နားနားမြစ်ကွေ့တွင် ကနုကမာငုပ်နေကြသူများအား အကူအညီသွားခေါ် နေခြင်း ဖြစ်လေသည်။

အကူအညီ လိုက်လာသူများနှင့် ဇနီးသည်တို့ ပြန်ရောက်လာကြ သောအခါ ကိုဂျလားမှာ လှေပေါ်သို့ ပြန်ရောက်နေလေပြီ။ သို့သော် နားနှင့် နှာခေါင်းတို့မှ သွေးစိမ်းတွေ လျှံထွက်ကာ လူမှာလည်း သတိမရ တစ်ချက် ရတစ်ချက် ဖြစ်နေလေသည်။ ဇနီးသည်နှင့် တစ်ရွာတည်းသား ကနုကမာငုပ်သူတွေက ကိုဂျလား၏ တစ်ကိုယ်လုံးကို အပူပေး မီးကင်ကာ အိမ်သို့ ထမ်းခေါ်လာကြသည်။ ကိုဂျလား၏ တစ်ကိုယ်လုံးကို မီးပူကျပ် ထုပ်ထိုး၍ ဆေးမြီးတိုများဖြင့် ကုသကြရာ နောက်တစ်နေ့ မနက်မှာ ကိုဂျ

http://www.cherrythitsar.org



လား သတိရလာသည်။ သို့သော် သူ့နားကား လုံးဝ မကြားတော့ပေ။ စကားကိုလည်း ပီပီသသ မပြောနိုင်တော့ဘဲ လျှာလိပ်နေ၏။

ကိုဂျလား၏ နားသည် သုံးရက်လုံးလုံး ပင်းနေသည်။ ဇနီးသည်နှင့် ဆွေမျိုးယောက္ခမများက စကား အခွန်းပေါင်း ရာထောင်မက ဝိုင်းဝန်းအော်ခေါ်ကြသည်တို့ကို သူက လုံးဝ မကြားရပေ။ သူ့နားမှာ ရေအောက်ထဲ၌ တဒုန်းဒုန်း တအုန်းအုန်းဖြင့် ထုရိုက်နေသော တူထုသံ တစ်ခုကသာ စက္ကန့်မပြတ် မင်းမူနေလေသည်။ သူ့နားထဲတွင် အမြဲ ကြားနေရသော တူထုရိုက်သံများ တဖြည်းဖြည်း ဝေးသွား၍ တိုးတိတ် ပျောက်ပြေသွားသောအခါ ဇနီးသည်၏ ချိုလွင်သော ခေါ်သံကို ဦးစွာပထမ ကြားရသည်။ ကိုဂျလား နားပင်းကြီး တစ်ယောက်အနေနှင့် အိပ်ပျော်နေရာမှ ထလာသော လေးရက်မြောက်၏ နံနက်ခင်း ဝေလီဝေလင်း အချိန်ပင်တည်း။ ထိုအချိန်မှာ ကိုဂျလားအတွက် မင်္ဂလာ နံနက်ခင်းအချိန် ဖြစ်လေသည်။

သူ နားကြားလာ၍ ရေအောက်ထဲတွင် ဖြစ်ကြုံတွေ့ခဲ့ရသော အကြောင်းအရာ အလုံးစုံကို ယောက္ခမ အထီးဖြစ်သူ ဝါရင့် ကနုကမာ ငုပ်သမားကြီးအား ပြောပြသောအခါ ကိုဂျလားက ကနုကမာကောင်ကြီးဟု ထင်၍ ထုခွဲထားခဲ့သော ကျောက်ကပ်ရေသတ္တဝါကြီးမှာ အလွန် ရှားပါးလှသော ပုလဲနက်ကောင်ကြီးမှန်း သိသဖြင့် ယောက္ခမဖြစ်သူက ချက်ချင်း လှေပြင်ကာ ထိုနေရာကို ပြေးလိုက်သည်။ နေရာကို သိရန်အတွက် သူ့သမီးနှင့် ယုံကြည်စိတ်ချရသူ ဆွေမျိုးထဲက ဝါရင့် ရေမုဆိုးအဘိုးအို နှစ်ယောက်ကိုလည်း ခေါ်သွားသည်။

ပင်လယ် ရေနက်အောက်ရှိ ကျောက်ဆောင်ကျောက်တန်းများနှင့် လိုဏ်ခေါင်းဘေးတွင်သာ သံသေဒဇတွယ်ကပ် ဖြစ်ပေါ်လာတတ်သော ပုလဲနက်ကောင်ကြီးအား ယခု သူ့သမက် ဂျလားက တွေ့လာခဲ့သည်မှာ မင်္ဂလာဦး၌ သူ့သမီးအား အဖိုးနဂ္ဂ ထိုက်တန်သော ပုလဲနက် တစ်လုံးကို မြစ်စောင့် မြစ်ပိုင်ကြီးက ပေးခြင်းသာဟု ကိုဂျလားယောက္ခမက အထင်ရောက်သွားလေသည်။ သို့သော် သူတို့ လူစု တစ်မနက်လုံး ရှာခဲ့ကြသော်လည်း ကိုဂျလား ထုခွဲရိုက်ထားခဲ့သော ပုလဲနက်ကောင်ကြီးကိုကား မတွေ့ခဲ့ကြပေ။

http://www.cherrythitsar.org



နေရာကလည်း မသေချာဖြစ်သဖြင့် ကိုဂျလားအား နေရာကိုလိုက်ပြရန် ယောက္ခမကြီးက ခေါ်သောအခါ ကိုဂျလား၏ တစ်ကိုယ်လုံးမှာ ကြက်သီး တဖြန်းဖြန်း ထလာပြီး ပြန်လည်၍ သတိမေ့လျော့ချင်သလို ကြောက်ရွံ့တုန်လှုပ်လာလေသည်။ သူ့ယောက္ခမကြီးက မည်မျှ ချော့မော့၍ အကြိမ်ကြိမ်အခါခါ ခေါ်သော်လည်း ကိုဂျလားက ထိုနေရာကို လိုက်ပြရန် မဆိုထားနှင့် ပြောသံကြားရုံနှင့်ပင် ဖျားချင်သလို သတိမေ့ချင်လာသလို ဖြစ်ကာ တစ်ကိုယ်လုံးမှာလည်း ကြက်သီး တဖြန်းဖြန်း ထလာတတ်သည်။ ကိုဂျလားမှာ ထိုနေရာကို အကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်သွားလေသည်။ သူ့တွင် သွားလိုစိတ် ရှာဖွေလိုက်ပြချင်စိတ်လည်း လုံးဝမရှိတော့ပါချေ။ ဤသည်ကိုပင် သူ့ယောက္ခမ ဝါရင့် ကနုကမာငုပ်သမားကြီးက "မင်္ဂလာဦးမှာ ကျုပ်သမီးကို မြစ်ပိုင်ကြီးက ပုလဲနက်တစ်လုံး ပေးတယ်ဗျ။ ပင်လယ်ကမ်းခြေသား ဂျလားဆိုတဲ့ အကောင် အသုံးမကျလို့ ဆုံးပါးရတာ"ဟု တဗျစ်တောက်တောက် မြည်တွန်နေတတ်လေသည်။

ပင်လယ်ကမ်းခြေဘက်တွင် ကြီးပြင်း၍ ပင်လယ်ကမ်းခြေပျော် ဆလုံအမျိုးသားတိုင်း အသက်မွေးဝမ်းကျောင်း ဘဝရပ်တည်ရေး အလုပ်ဖြစ်သော ငါးမျှားတန်းချခြင်း၊ လိပ်ထိုးခြင်း၊ လိပ်ဥကောက်ခြင်း၊ ငှက်သိုက်ဆေးများ ရှာဖွေ ခူးဆွတ်ခြင်း တို့ကိုသာ တတ်ကျွမ်းနားလည်သော ကိုဂျလားမှာ အတွင်းပိုင်းသား ဆလုံများ၏ ဘဝရပ်တည်ရေးဖြစ်သော ကနုကမာငုပ်ခြင်း အလုပ်ကို တစ်ခါ သွားငုပ်ဖူးရုံနှင့် အထိတ်လန့်ကြီး ထိတ်လန့်သွားလေသည်။ ထို့ကြောင့်လည်း သူသည် ဇနီးသည်ကို အပါခေါ်ကာ ပင်လယ်ကမ်းခြေဘက်ဖြစ်သော မိမိ၏ ဝေဗာရွာသို့ ပြန်လာလေသည်။ ကနုကမာငုပ်၍ ဘဝရပ်တည်နေရသည်နှင့်စာလျှင် မိမိ ပင်လယ်ပိုင်းဘက်မှာ လုပ်ကိုင်ရခြင်းက အသက်အန္တရာယ်နှင့် ဝေးလေသည် မဟုတ်ပါလား။ မှန်ပေသည်။ ထို့ကြောင့်လည်း သူသည် ငယ်ရွယ်နုပျိုသော ကိုဂျလားဘဝမှ သက်ရွယ်ရော်ရင့် အိုမင်းသော ယခု အဘိုးဂျလားဘဝသို့ ရောက်လာသည်ထိ ကပ္ပလီပင်လယ်ပြင်ကို ထွက်၍ ငါးမျှားတန်းချခြင်း၊ လိပ်ထိုးခြင်း၊ လိပ်ဥကောက်ခြင်း၊ ငှက်သိုက်ဆေးများ ရှာဖွေ ခူးဆွတ်ခြင်း အလုပ်နှင့်သာ အသက်မွေးဝမ်းကျောင်း ပြုလာခဲ့လေသည်။ ယခုပင် ရဟူ၊

http://www.cherrythitsar.org



ပိုလို မည်သော သူငယ်နှစ်ယောက်နှင့် သူက ကပ္ပလီပင်လယ်ပြင်ထဲ ထွက်၍ ငါးမျှားတန်း သွားချရန် စိုင်းပြင်းနေလေသည်တကား။

* * *

"အဘ ပြောပြတာနဲ့ပဲ ကျွန်တော်တောင် ကျောထဲက စိမ့်တက်လာပြီ"

အဘိုးဂျလား၏စကားကို အလေးအနက်ထား၍ စိုက်စိုက်မတ်မတ် နားထောင်နေသော ရဟူက အဘိုးဂျလား၏ စကားအဆုံးသတ်မှာ မှတ်ချက်ချသည်။

"ဟုတ်တယ်ဗျာ၊ ကျုပ်ကလည်း အဘ ပြောသလိုသာဆိုရင် လန့်ဖျပ်ပြီး ဖျားမိမှာ အမှန်ပဲ"

လူငယ်ဖြစ်သူ ပိုလိုကလည်း ရဟူ၏ စကားကို ထောက်ခံလိုက်သည်။

"မင်းတို့က ဒီလောက်တောင်ပဲလားကွာ။ ဒါပေမင့် ငါ တစ်ခုတော့ တောင်းပန်ပါရစေ"

အဘိုးဂျလားက တည်တည်နှင့် ပြောလိုက်၏။

"ဘာကို တောင်းပန်မှာလဲ အဘရယ်"

"ဩော် . . . ဒီညတော့ မင်းတို့ မဖျားကြပါနဲ့ဦးလို့၊ မနက်ဖြန်ခါ တို့ မျှားတန်းချ ထွက်ကြရဦးမယ် မဟုတ်လား။ မင်းတို့ ဖျားချင်ရင်လည်း ပြန်လာမှ ဖျားကြပါကွာ"

အဘိုးဂျလား၏ ဟာသ နှောလိုက်သော စကားကြောင့် ပိုလိုနှင့် ရဟူတို့က ကျယ်ကျယ်လောင်လောင် ရယ်မောလိုက်ကြသည်။

"ကဲ ညလည်း အတော်နက်နေပြီ၊ မင်းတို့ ထမင်းဟင်း အဆင်သင့် ချက်ပြုတ်ထားကြကွာ။ မနက်ဖြန်ခါ တို့ စောစောထွက်ကြမယ်"

သူတို့မှာ မိုးမလင်းခင်ကပင် ကပ္ပလီပင်လယ်ပြင်ထဲ ငါးမျှားတန်း ချရန် လှေနှင့် ထွက်ကြရမည့်သူတွေ ဖြစ်သဖြင့် မနက်စာအတွက် ထမင်းဟင်းများကို ညဦးကပင် အဆင်သင့် ချက်ပြုတ်ထားကြရလေသည်။

ရဟူနှင့် ပိုလိုတို့ နက်ဖြန်နံနက်စာ ထမင်းဟင်း ချက်ပြီးကြသော

http://www.cherrythitsar.org



အခါ အချိန်မှာ သက်ငယ်ခေါင်းချအချိန် ရှိနှင့်ပြီဖြစ်သဖြင့် အိပ်ရာဝင်လိုက်ကြရလေသည်။

ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်ကျောက်တန်းများကို တဝုန်းဝုန်းလာ၍ ရိုက်ခတ်နေကြသော လှိုင်းခေါင်းဖြူများ၏ တဝေါဝေါ အော်မြည်နေကြသံနှင့်အတူ မိုးလင်းယံ အရုဏ်ဦးမှာပင် အဘိုးဂျလားနှင့်တကွ ပိုလို၊ ရဟူ သုံးယောက်တို့သည် အိပ်ရာမှ နိုးထလာကြလေသည်။

သူတို့ နိုးထလာကြချိန်မှာ တခြား တံငါတဲမှ အချို့ တံငါသည်များသည် ငါးမျှားတန်းချရန် ပင်လယ်သမုဒ္ဒရာထဲသို့ပင် ထွက်စပြုနှင့်ကြလေပြီ။ မနိုး မထကြသေးဘဲ အိပ်ပျော်နေကြသော တံငါသည်များကို ဦးစွာနိုးထလာသော တံငါသည်များက အော်ခေါ် နှိုးနေကြသော အသံတို့မှာ ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်ကျောက်တန်းများကို တဝုန်းဝုန်း လာ၍ ရိုက်ခတ်နေကြသော လှိုင်းခေါင်းဖြူတို့၏ တဝေါဝေါ အော်မြည်သံနှင့် ပြိုင်နေကြသည်။

ဝေဇာရွာအောက်ရှိ တံငါတဲတန်းရွာ ဆိပ်ကမ်းမှာ ညကြီးမင်းကြီး၌ပင် လှိုင်းသံလူသံတို့ဖြင့် အသက်ဝင် လှုပ်ရှားလျက် ရှိလေသည်။

မိုးလင်းပိုင်း အရုဏ်ဦးဟု ဆိုသော်လည်း ညမှာ ပိန်းပိတ်အောင် မှောင်ကောင်းတုန်းပင်တည်း။ အရှေ့ လောကဓာတ်ဆီမှ ပျို့အန်ဖြာဝေလာသော လင်းရောင်ခြည်များကိုလည်း လုံးဝ မမြင်ရသေးပေ။ ညဦးပိုင်းက မှုန်မှုန်ပျပျ သာနေသော ဆန်းစသော်တာမှာလည်း ယခုအခါ ဘယ်ဆီဘယ်စခန်း ယွင်းသွားလေပြီ မသိ။ မည်းနက် ညိုမှောင်နေသော မိုးကမ္ဘလာထက်ဝယ် တဖျတ်ဖျတ် တလက်လက် တောက်နေသော စိန်ကြယ်ပွင့်ကလေးများကိုသာ မြင်ရ၏။

ဤသို့အချိန်မှာပင် အဘိုးဂျလားနှင့်း ပိုလို၊ ရဟူတို့သည် ငါးမျှားတန်းချရန် အပြောကျယ်လှသော ကပ္ပလီပင်လယ်ပြင်ထဲသို့ ထွက်လာကြလေသည်။

ဝေဇာရွာအောက်ရှိ တံငါတဲတန်းရွာ ဆိပ်ကမ်းမှ သူတို့ စထွက်လာကြချိန်က သူတို့ကဲ့သို့ပင် ငါးမျှားတန်းချရန် ကပ္ပလီပင်လယ်ပြင်ထဲသို့ ထွက်ခွာလာကြသော တံငါလှေ သုံးလေးစင်းကို ရေရိုးနားတွင် လှေရှက်

http://www.cherrythitsar.org



ဖြူဖြူကလေးများ ဖွေးဖွေးလှုပ်၍ လှိုင်းပုတ်တိုင်း ယိမ်းယိုင်လှုပ်ခတ်ကာ မြင်ခဲ့ရသေးသည်။ သို့သော် ထင်ထင်ရှားရှား ပြတ်ပြတ်သားသားတော့ မဟုတ်။ ညမှာ လမိုက်ညဖြစ်သည့်အပြင် ရာသီဥတုသမယမှာလည်း မိုးအနှောင်း ဆောင်းအစမို့ နှင်းငွေ့တွေကြားမှာ မှုန်ရီမှုန်ဝါးသာ ဖြစ်လေသည်။

ထို တံငါလှေငယ်များမှာ ကွမ်းတစ်ယာညက်ခန့် အကြာ၌ပင် အလှမ်းက ဝေးကွာသွားကြပြီး အပြောကျယ်လှသော ကပ္ပလီပင်လယ်ပြင်ထဲမှာ ပျောက်ကွယ်သွားကြ၏။ တံငါလှေငယ်များသည် ရေရိုးနဒီနားမှ ခွာကာ သူ့လမ်း ကိုယ့်လမ်း လမ်းခွဲ ထွက်သွားကြသည်။ မှန်သည်။ သူတို့၏ လှေငယ်ကိုပင် ယခုအခါ ဦးဆောင်လာသူ အဘိုးဂျလားက အနောက်တောင်ဘက် ပင်လယ်ပြင်ထဲသို့ ရွေ့လျားစေလိုက်လေပြီ မဟုတ်ပါလား၊ လေသင့် ရေသင့် ဖြစ်နေသဖြင့် သူတို့၏ လှေငယ်မှာ မိနစ်ပိုင်း အတွင်း၌ပင် ရွာဆိပ်ကမ်းနှင့် နေတစ်ဝင်ခရီး ဝေးကွာခဲ့လေပြီတည်း။

"ကဲ ပိုလို၊ ငါးမျှားချိတ်တွေ ရှင်းထားကွ။ မကြာခင် တို့ မျှားတန်းချကြရအောင်"

"ဟုတ်ကဲ့ အဘ"

အဘိုးဂျလား၏ အမိန့်အတိုင်းပင် ပိုလိုက မျှားတန်းကြိုးခွေများကို ရှုပ်ထွေးမသွားအောင် ရှင်းထားလိုက်သည်။

သူတို့၏ မျှားတန်းကြိုးများမှာ လက်လံ သုံးရာကျော် ရှည်လျားသည်။ တစ်လံခြား တစ်လံခြားတွင် တစ်လောင်ပေါ် မျှားကြီးများကို အခိုင်အမြဲ ချိတ်ဆွဲ ချည်နှောင်ထား၏။ သို့ မျှားကြီးများ ကြားထဲတွင် ညံဖော့နှင့် ပန်းရှူးတိုင်များကိုလည်း ချက်ပိုင်ပိုင် တပ်ဆင်ထားရသေးသည်။

ကြိုးမရှင်းထားပါက ရေပြင်ထဲသို့ မျှားတန်းကြိုး ပစ်ချလိုက်သော အခါ ငါးမျှားချိတ်ချင်း ချိတ်မိ၍ ရှုပ်ထွေးသွားမှာ စိုးရသည်။ ထို့ကြောင့်လည်း အဘိုးဂျလားက ပိုလိုအား ကြိုတင် သတိပေးထားခြင်း ဖြစ်၏။

"ရဟူ. . . မျှားစာတွေကော စုံရဲ့လားကွ၊ သေသေချာချာလည်း ကြည့်ပါဦးဟ၊ မြုပ်နေတာများ ရှိသေးသလား"

ပိုလိုအား သတိပေးပြီးသော ပွဲကိုင် အဘိုးဂျလားက ရဟူအား

http://www.cherrythitsar.org



လှမ်းပြောလိုက်ပြန်သည်။

"ဟုတ်ကဲ့၊ စုံပါတယ် အဘရာ၊ စိတ်ချပါ"

ငါးမျှားစာမှာ ငါးဟောက်ကောင်များကို လက်တစ်ဆစ်လောက်စီ ခုတ်ဖြတ်ပြီး ငါးမျှားချိတ်တွင် တပ်ထားရသည်။ ငါးဟောက်ကောင်မှာ ငါးရှဉ့်ကဲ့သို့ပင်တည်း။

"ကဲ ရဟူ. . . မျှားတန်း စချတော့ကွာ"

လက်လံ သုံးရာကျော် ရှည်လျားသော ငါးမျှားကြိုးခွေ၏ အစကို မတ်တတ်ရပ် ကိုင်ကာ အဘိုးဂျလား၏ အမိန့်သံကို သတိအနေအထား နှင့် စောင့်ဆိုင်းနေသော ရဟူက အဘိုးဂျလား၏ အမိန့်သံ မဆုံးခင်ပင် မျှားတန်းကြိုးအစရှိ ညံဖော့ကြီး တစ်လုံးကို ရေပြင်ပေါ်သို့ ပစ်ချလိုက် သည်။ ပြီးမှ ညံဖော့ကြီးနှင့် တစ်ဆက်တည်းဖြစ်သော လှေဝမ်းထဲမှ မျှား တန်းကြိုးကို အလိုက်သင့် ကောက်ကိုင်ကာ မြစ်ရေထဲသို့ အဆောတလျင် ပစ်ချထားခဲ့ရသည်။

"တက် ကူခတ်ပေးရဦးမလား အဘ"

"မလိုပါဘူးကွယ်၊ လေက သင့်သားပဲ၊ ကြိုးမရှုပ်အောင်သာ ရဟူ ကို ကူပေးပါ"

မျှားတန်းပစ်ချနေချိန်တွင် လှေပြေးနှုန်း နှေးနေသလား ထင်၍ တက်ကူခတ်ပေးရန် ပြောလာသော ပိုလိုအား အဘိုးဂျလားက တက်ကူ ခတ် ပေးရန် မလိုကြောင်း လှမ်းပြောသည်။

ရွက်ထည် လွှင့်တင်ထားသော လှေငယ်မှာ လေသင့်နေသဖြင့် ပင်လယ်ရေပြင်ပေါ်၌ တရိပ်ရိပ် ပြေးလျက်ရှိသည်။ မည်းနက် ပြောင်ချော နေသော ကပ္ပလီပင်လယ်၏ ရေပြင်မှာ အဘိုးဂျလားတို့၏ လှေငယ် ပြေးနှုန်းကြောင့် နောက်၌ ရေပန်းရေမွှားများ ပွင့်ကာ ရေပလုံစီ၍ ကျန်ခဲ့ သည်။

လမိုက်ည ဖြစ်သဖြင့် ရေပြင်တွင် ပေါလောမျော ကျန်ရစ်ခဲ့ကြ သော ညံဖော့ကလေးများထိပ်မှ ပန်းရှူးတိုင်များကိုတော့ လုံးဝ မမြင်ရပေ။ အကယ်၍ ယခုလို လမိုက်ညသာ မဟုတ်ပါက ညံဖော့ကလေးများထိပ်မှ တပ်ဆင်ပေးထားသော ပန်းရှူးတိုင်များကို လရောင်ထဲတွင် အတော်ဝေး

http://www.cherrythitsar.org



ဝေးကပင် ဖွေးဖွေးလှုပ်၍ မြင်ရပေသည်။

အဘိုးဂျလားက တည့်တည့်မတ်မတ် ပဲ့ကိုင်ပေးထားသဖြင့် လှေငယ်သည် ရေပြင်ကျယ်၌ တည့်မတ်စွာပင် တရိပ်ရိပ် ပြေးနေ၏။ ပိုလိုနှင့် ရဟူတို့ကတော့ မျှားတန်းကြိုးများကိုသာ အဆောတလျင် ရေပြင်ထဲသို့ ပစ်ချနေကြသည်။

ပိုလိုနှင့် ရဟူတို့ ပစ်ချထားခဲ့ကြသော မျှားတန်းကြိုးများ တစ်ဝက်ကျော်လောက် ရေထဲ ရောက်သွားသောအခါ အဘိုးဂျလားမှာ ပဲ့ကိုင်ရင်း နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်၏။ ငါးမျှားတန်းပေါ်မှ ညံဖော့ကလေးများသည် သူတို့အနားရှိ ငါးမျှားချိတ်တွင် ငါးမန်းများ လာချိတ်နေကြပြီ ဆိုသည်ကို အဘိုးဂျလားအား ဦးစွာပထမ အချက်ပြကြတော့သည်။ ငါးမန်းများမှာ ကပ္ပလီပင်လယ်ပြင်နက်ထဲတွင် အလွန် ပေါများလှသဖြင့် အဘိုးဂျလားတို့ မျှားတန်ချ၍ ကြိုးစမဆုံးခင်ပင် ဦးစွာပထမ ပစ်ချထားခဲ့သော မျှားချိတ်တွင် ငါးမန်းများ လာချိတ်မိနေကြလေပြီ။ ဤသည်ကို ညံဖော့ကလေးများက ရုတ်ခြည်းပင် အချက်ပြနေကြတော့သည်။

အဘိုးဂျလားတို့ ပစ်ချထားခဲ့သော ညံဖော့လုံးလေးများမှာ သူတို့အနားတွင် မိနေသော ငါးမန်းကြီးများ၏ ဆွဲပြေးရာသို့သာ ဆောက်တည်ရာမရ လွင့်ပါနေကြရသဖြင့် ရေထဲမှာ နစ်လိုက် ပေါ်လာလိုက်၊ ရေပြင်နား ရှပ်တိုက်ပြေးလိုက်နှင့် ရေပန်းရေမွှားများကို ကန်ထုတ်ကာ အဘိုးဂျလားတို့အား အချက်ပြ အော်ပြောနေကြသလိုပင်တည်း။

ငါးမျှားတန်း ငါးမျှားချိတ်တွင် ငါးမန်းများ မိနေပြီ ဆိုသည်ကို သိ၍ အဘိုးဂျလားတို့က ငါးမန်းများကို ဖမ်းဆီးပြီး မျှားတန်းကြိုးကို လှေပေါ်သို့ ပြန်တင်တော့မှ မျှားတန်းကြိုးနှင့် တစ်ဆက်တည်း တွယ်ချိတ်ချည်နှောင် ထားခြင်း ခံနေရသော ညံဖော့ကလေးတို့မှာ ရေနစ်ခံနေရခြင်းမှ လွတ်ကင်းကြမည် ဖြစ်သည်။ သို့သော် သူတို့က မည်မျှပင် အချက်ပြ အော်ခေါ်နေကြသော်လည်း အဘိုးဂျလားတို့ကတော့ မျှားတန်းကြိုးများ မကုန် မချင်းသာ ပစ်ချ၍ ညံဖော့ကလေးများကို လျစ်လျူရှု ထားခဲ့ကြလေသည်။

http://www.cherrythitsar.org



"ကဲ အဘ၊ မျှားတန်းကြိုးတွေတော့ ကုန်သွားပြီဗျ။ လိုက်ကြိုးတွေ ချထားခဲ့ဦးမလား"

"မလိုပါဘူးကွယ်။ အတော်ကြာရင် ဒီတက်တော့မှာပဲ။ လှေရွက်ကြိုးတွေပဲ ဖြုတ်ထားလိုက်ကြပါ"

ပိုလိုက လှေရွက်ကြိုးကို ချက်ချင်း ဆွဲဆောင့်ချလိုက်သည်။

ကပ္ပလီပင်လယ်ပြင်ထက်တွင် တရိပ်ရိပ် ပြေးနေသော လှေငယ်က အရှိန်လျော့သွားသည်။

သူတို့ စီးလာသော လှေငယ်ကို ရေပေါ်တွင် မျှောထားသော အဖိုးဂျလားတို့မှာ ဆေးသောက်ကွမ်းစားနှင့် ခဏနားရင်း ငါးမျှားတန်းတွင် ငါးမန်းအကောင်ရေ မည်ရွေ့မည်မျှ မိနေကြလေပြီ ဆိုသည်ကို အကဲခတ်လျက် ရှိကြသည်။

တံငါတဲတန်း ရွာဆိပ်ကမ်းမှ သူတို့ စထွက်လာသော အချိန်နှင့် ယခု ငါးမျှားတန်းချထားပြီးသည့် အချိန်ထိ စက်နာရီနှင့် တွက်ဆသော် သုံးနာရီကျော်မျှ ကြာခဲ့လေပြီ။ ထို့ကြောင့်လည်း သူတို့က ခဏ နားနေကြခြင်း ဖြစ်၏။

သူတို့သည် အရှေ့ဆီမှ ရောင်နီကို မြင်ရ၍ ကပ္ပလီပင်လယ်ပြင်၏ မြစ်ရေက ပုစွန်ဆီရောင်သန်းလာချိန်မှာတော့ သူတို့က ငါးမျှားတန်းကို စဖော်ကြရမည် ဖြစ်လေသည်။

ပိုလိုနှင့် ရဟူတို့ နောက်ဆုံး ပစ်ချထားခဲ့သော ကြိုးစ ငါးမျှားချိတ်ကို ငါးမန်းတစ်ကောင်က ရုတ်တရက် လာဟပ်သဖြင့် ဗွက်ခနဲ ရေပလုံမြည်သွားသံကို ကြားလိုက်ရသည်။ ငါးမျှားချိတ်မှ အစာကို ငါးမန်းတစ်ကောင်က လာဟပ် ဆွဲပြေးသွားသောအခါ ငါးမျှားချိတ်နှင့် တစ်လံကွာလောက်တွင် ဆက်သွယ် ချည်နှောင်ထားခြင်း ခံရသော ညံဖော့ကလေးတစ်လုံးမှာ ရေထဲတွင် နစ်တုံပေါ်တုံနှင့် ရှပ်တရွတ်တိုက် လွင့်ပါသွားသည်။ သူ့နောက်တွင် ရေပန်းရေမွှားများက လှဲလှဲတောက် ပလုံစီကာ ကျန်ရစ်ခဲ့ကြသည်။ ညံဖော့ထိပ်မှ ပန်းရှူးတိုင်ကလေးကတော့ သူ ရေနစ်တော့မှာ စိုးသဖြင့် တရှဲရှဲ အသံကို အထိတ်တလန့်ပြုကာ အဘိုးဂျလားတို့အား "ကယ်တော် မူကြပါဦး ခင်ဗျား"ဟု အော်ဟစ် ပြောသွားသလား

http://www.cherrythitsar.org



ပင် ထင်လိုက်ရသည်။

အမှန်က အဘိုးဂျလားတို့ လှေငယ်နှင့် ငါးလံကွာမှ နောက်ဆုံး ပစ်ချထားခဲ့သော ညံဖော့ကလေးမှ ပန်းရှူးတိုင်ကလေးကသာ မဟုတ်၊ အပြောကျယ်လှသော အဏ္ဏဝါပင်လယ်ပြင်ထဲတွင် အစီအရီ ပစ်ချထား ခဲ့ကြသော ညံဖော့ကလေးများနှင့် ပန်းရှူးတိုင်ကလေးများကပါ ငါးမန်း များ ဆွဲပြေးရာသို့ ဆောက်တည်ရာ မရ လိုက်ပါ လွင့်ပါနေကြရသဖြင့် အားလုံးက အော်ဟစ်ကာ အကူအညီတောင်းနေကြခြင်းသာ။

ဝေးလှမ်းသော မျှားတန်းကြိုးစများဆီမှ ညံဖော့ကလေးများ ရုန်း ရင်း ပြေးလွှားနေကြသည်တို့မှာ ရေပြင်ထဲ လှေငယ်၏ ပတ်ဝန်းကျင်တွင် ပလူပျံနေကြသည်။ မည်းနက် ပြောင်ချောနေသော ရေပြင်ထက်တွင် လျှပ်ပန်းလျှပ်နွယ်များနှင့် ပိုးစုန်းကြူး အကောင်ငယ်များ တောက်စားနေ သလို တဖျတ်ဖျတ် တလက်လက်နှင့် ညံဖော့ကလေးများက ရေပန်းရေမွှား များကို ကန်ထုတ်ကာ အဘိုးဂျလားတို့အား အချက်ပြနေကြ၏။ ဤသည်ကို အဘိုးဂျလားတို့က ကြည့်ကောင်းကောင်း ရှိသည်နှင့် ကြည်ကြည်နူးနူးပင် လှမ်းကြည့်နေကြသည်။ ဤမျှဆိုလျှင် ငါးမျှားချိတ်တို့တွင် ငါးမန်းများ အကောင် မည်ရွေ့မည်မျှ တွယ်ငြိနေကြလေပြီ ဆိုသည်ကို သူတို့က တွက်ဆထားပြီး ဖြစ်လေသည်။

"ရောင်နီကလည်း လာခဲလိုက်တာဗျာ. . .၊ သည်အတိုင်းဆိုရင် ငါးမျှားကြိုးတွေ သိပ်ရှုပ်ကုန်မှာ စိုးရတယ် အဘ"

ရဟူသည် လှေပေါ်ထက်မှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်ကာ တစ်ချက် ညည်းလိုက်သည်။

မှန်သည်၊ လက်လံ သုံးရာကျော်ရှည်လျား၍ ငါးမျှားချိတ်များ သုံး ဆယ်ကျော်ပါသော မျှားတန်းတွင် ငါးအကောင် နှစ်ဆယ်ကျော်လောက် မိနေကြပြီး ဖြစ်သောအခါ မျှားတန်းကြိုးမှာ ရဟူ ညည်းလိုက်သလို ရှုပ် ယှက်ခတ်လာကြသည်။ အဘယ်ကြောင့်ဆိုသော် ငါးမန်းများက အရှေ့ အနောက် တောင်မြောက် ဝဲယာ ပတ်ချာဝိုင်းလှည့် ဆွဲချင်ရာဆွဲ ပြေးချင် ရာပြေး ဖြစ်နေကြသဖြင့် အစအလယ် အဆုံး အားလုံးကုန်သော မျှားတန်း ကြိုးများမှာ ရှုပ်ယှက်ခတ်လာကြသည်။

http://www.cherrythitsar.org



သူတို့ ဦးစွာပထမ ပစ်ချထားခဲ့သော ညံဖော့လုံးကြီးနှင့် မျှားတန်းကြိုးအစမှာ ပစ်ချထားခဲ့စဉ်က လှေငယ်နှင့် လက်လံ တစ်ရာကျော် ဝေးကျန်ခဲ့သော်လည်း ယခုအခါ လှေငယ်နှင့် လက်လံ ငါးဆယ် အနီးသို့ပင် ရောက်လာပြီဟု ထင်ရသည်။ ဤသည်မှာ ညံဖော့ကြီးဘေးမှ ငါးမျှားချိတ်တွင် လာမိနေသော ငါးမန်းတစ်ကောင်က ဦးတည်ရာ ဆွဲပြေးယူငင်လာသဖြင့် အဝေးမှ အနီးသို့ ရောက်လာခြင်း ဖြစ်၏။ ယခင်က ဝေးဝေးတွင် ပစ်ချထားခဲ့သော ငါးမျှားချိတ်များက နီး၍ နီး၍ လာပြီး နီးနီးနားနားက ငါးမျှားချိတ်တို့မှာ ဝေး၍ ဝေး၍ သွားကြလေသည်။

ပိုလို ညည်းလိုက်သံကြောင့် အဘိုးဂျလားက ကမ်းရိုးတန်းရှိရာ အရှေ့ဘက်သို့ မျက်နှာမူလိုက်၏။

အရှေ့ဆီတွင် ရောင်နီ ဆိုသည်ကို အရိပ်အခြည်မျှပင် မမြင်ရသေး။ ရောင်နီဦးကိုသာ မဟုတ်၊ ခါတိုင်းနေ့များမှာ မြင်နေ တွေ့နေကျဖြစ်သော မိုးယံထက်မှ ငွေကြယ်ပွင့်ကလေးများကိုလည်း ယခုအခါ မမြင်ရတော့ပါချေ။ ခါတိုင်းနေ့များသာဆိုလျှင် မိုးယံထက်တွင် တွယ်ငြိကာ တဖျတ်ဖျတ် တလက်လက်နှင့် မျက်တောင်ကို ပြိုင်တူခတ်ပြီး အဘိုးဂျလားတို့ ငါးမျှားတန်းချနေကြသည်ကို တပျော်တပါး ဝိုင်းဝန်း ကြည့်နေကြသော ငွေကြယ်ပွင့်ကလေးများမှာ အသင်္ချေအနန္တ ရေတွက်၍ပင် မရနိုင်လောက်အောင် များပြားကြသည်။ ထိုငွေကြယ်ပွင့်ကလေးများကို ယခု၌ အလျှင်း မမြင်ရသောအခါ အဘိုးဂျလား၏ စိတ်ထဲမှာ တွေဝေစပြုလာသည်။ သူတို့လှေ စထွက်လာကြစဉ်က အရှေ့ဘက် မိုးကောင်းကင်တွင် တွေ့မြင်ခဲ့ကြသော ငွေကြယ်ပွင့်ကလေးများမှာ ယခုအခါ လုံးဝပျောက် နေကြသည်။

အဘိုးဂျလားနှင့် ပိုလို၊ ရဟူ သုံးယောက်သားမှာ သူတို့ မျှော်ငေးစောင့်စားနေကြသည့် ရောင်နီဦးအစား အရှေ့လောကဓာတ်ဆီမှ မိုးသားတိမ်လိပ်တို့ကသာ တရိပ်ရိပ် တက်လာနေကြသည်ကို လှမ်းမြင်ရသောအခါ သုံးယောက်စလုံးတို့၏ စိတ်မှာ ပို၍ ညစ်ညူးစပြုလာကြသည်။ သည်အတိုင်း ဆိုလျှင် မိုးလင်းရန်အချိန်က နောက်ကျနေမည်မှာ မုချပင် ဖြစ်လေသည်။

http://www.cherrythitsar.org



"အရှေ့ဘက်မှာ မိုးရိပ်တွေက ထူပိန်းနေတာပဲကွ ရဟူရာ၊ အဲဒါကြောင့် ရောင်နီဦးကို မမြင်ရတာ၊ အတော်ကြာရင်တော့ လင်းလာပါလိမ့်မယ်။ ကဲ . . . တို့ စမ်းပြီးတော့ ငါးမျှားတန်းတွေ စဖော်ကြရအောင်လား"

အဘိုးဂျလား၏ စကားအဆုံးမှာပင် လှေငယ်ကို မျှားတန်းကြိုးအစရှိရာသို့ မှန်းဆ၍ လှော်ခတ်လာကြသည်။ ပြီး မျှားချိတ်တွင် မိနေသော ငါးမန်းများကို အမှောင်ထဲ၌ စမ်း၍ စဖော်ကြသည်။ မျှားချိတ်တွင် တွယ်ငြိနေသော ငါးမန်းများမှာ မသေကြသေးသဖြင့် ဟိုဘက် ဆွဲပြေး၊ သည်ဘက် ဆွဲပြေးနှင့် လူသုံးယောက်မှာ အတော်ပင် ကြိုးကြိုးစားစား ဆွဲဖော်နေကြရသည်။ မျှားချိတ်တွင် မိ၍ ပါလာသော ငါးမန်းများကို ပိုလိုက တစ်ကောင်ချင်း လိုက်ဖြုတ်ပြီး ရဟူနှင့် အဘိုးဂျလားတို့က ရေထဲမှ ငါးများကို လှေငယ်ပေါ်သို့ ဆွဲတင်နေကြရသည်။

အဇ္ဈာတစ်ခွင်တစ်ပြင်လုံးမှာ မိုးရိပ်တိမ်တိုက်တို့က မည်းမှောင်သိပ်သည်းအုံ့ဖွဲ့နေကြသော်လည်း ကပ္ပလီပင်လယ်၏ ရေပြင်မှာကား မကြာခင် လင်းထိန်၍ လာတော့၏။ လောကဓာတ်တစ်ခုလုံးအား မိုးမင်းက မည်းမှောင် မှောင်ချထားချင်သော်လည်း နေမင်း၏ လင်းရောင်ခြည်ကိုကား သူက တားဆီး၍ မရနိုင်ပါချေ။

လင်းလင်းထင်းထင်း ဖြစ်လာသောအခါ ငါးမျှားတန်းများ ဖော်ယူနေကြသော အဘိုးဂျလားတို့၏လက်မှာ ပို၍ မြန်လာသွက်လာကြသည်။ မိနစ်ပိုင်းအတွင်းမှာပင် မိနေသော ငါးများကို "ဟော့တစ်ကောင်" "ဟော့တစ်ကောင်" ရေပြင်ထဲမှ လှေငယ်ပေါ်သို့ ဆွဲတင်နိုင်ခဲ့ကြလေသည်။ လက်လံသုံးရာကျော် ရှည်လျားသော ငါးမျှားတန်းကြိုးမှာလည်း လှေပေါ်သို့ လက်လံနှစ်ရာကျော်လောက် ရောက်နှင့်နေလေပြီတည်း။

ထိုအချိန်မှာပင် အဘိုးဂျလားတို့၏ လှေငယ်နှင့် လက်လံ နှစ်ဆယ်အကွာလောက်မှ ဝုန်းခနဲ ရေပွက်သံကြီး တစ်ခုကို သုံးယောက်စလုံး ရုတ်တရက် ကြားလိုက်ကြ၏။ ထိုရေပွက်သံကြီးကြောင့် ကြိုးစကို ခဏ လွှတ်ချကာ ရဟူနှင့် အဘိုးဂျလားတို့က အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ကြ၏။

"အီနွန်း . . ."

http://www.cherrythitsar.org



ငါးများတန်းချခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံ နည်းပါးသေးသော ပိုလိုက နောက်ထပ် ရေပွက်သံကြီး တစ်ချက်ကြောင့် လန့်အော်လိုက်သည်။

*('အီခွန်း' ဆိုသည်မှာ ဆလုံဘာသာဖြင့် အမေတ,လိုက်ခြင်းပင်)*

'ဝုန်း'ခနဲ နောက်ထပ် ရေပွက်သံကြီးအဆုံးမှာ မျှားချိတ်မှ မဖြုတ်ရသေးသော ငါးမန်းနှစ်ကောင်တို့သည် လှေပေါ်မှ ရေထဲသို့ ခုန်ချသွားသည်။ ထို့အပြင် ရဟူ၏ ပုဆိုးစမှာလည်း ငါးမျှားချိတ် တစ်ခုနှင့် တွယ်ချိတ်ငြိမိပြီး စက္ကန့်ပိုင်း အတွင်းမှာပင် စုတ်ပြဲသွားလေသည်။ သူ့ပုဆိုးစပြဲသွားသည်ကို ရဟူက နိမိတ်မကောင်းဟု စိတ်ထင့်လိုက်၏။

အမှန်က ငါးမျှားတန်းတွင် မိနေသော ငါးမန်းငယ် တစ်ကောင်ကို နောက်ထပ် ငါးမန်းကြီးတစ်ကောင်က လာဟပ်ဆွဲပြေးသဖြင့် ယခုလိုမျှားချိတ် မဖြုတ်ရသေးသော လှေပေါ်မှ ငါးနှစ်ကောင်က ရေထဲ ပြန်ကျသွားခြင်း ဖြစ်လေသည်။

"ဟဲ့ ဟဲ့ ရဟူ၊ ကြိုးကို မြန်မြန် ဆွဲထားစမ်း"

အဘိုးဂျလားက ရဟူအား အထိတ်တလန့် အော်ပြောပြီး သူကိုယ်တိုင်ကလည်း မျှားတန်းကြိုးကို အလျင်အမြန် ဆွဲတင်းထားလိုက်၏။

ရဟူနှင့် အဘိုးဂျလားတို့ နှစ်ယောက်က လှေဦးကို ခြေထောက်နှင့်တအား စုံကန်ကာ ပြန်ဆွဲထိန်းထားကြသော်လည်း ရုတ်တရက်မှာ ငါးမန်းကြီး၏ ဆွဲပြေးအားကို ရပ်တန့်သွားရန် မစွမ်းဆောင်နိုင်ကြပေ။ ထိုအခါ သူတို့၏ လှေငယ်မှာ ငါးမန်းကြီး၏ ဆွဲပြေးရာသို့သာ ရေပြင်၌ တရွတ်တိုက်၍ လွင့်ပါနေရလေသည်။

"ငါးမန်းကြီးကြီး တစ်ကောင်တော့ မိပြီကွ။ ဟဲ့ ပိုလို ဒီမျှားတန်းကြိုးကို ဖြုတ်ပြီး လိုက်ကြိုး မြန်မြန် ဆက်ပေးပါကွ"

ငါးမန်းကြီးနှင့် ဟိုဘက်သည်ဘက် အင်အားချင်း ပြိုင်ဆွဲနေကြသော သူတို့နှစ်ဦးအား မျက်ကလဲဆန်ပျာ ငေးကြည့်ကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေသော ပိုလိုအား အဘိုးဂျလားက လိုက်ကြိုး ဆက်ပေးရန် အလျင်အမြန် သတိပေးလိုက်သည်။

အဘိုးဂျလားက ဤမျှ ပြောလိုက်ရုံနှင့် ပိုလိုကလည်း လျင်မြန်စွာ

http://www.cherrythitsar.org



ဖြစ်သည်။ မျှားတန်းချရာတွင် အဘိုးဂျလားတို့လောက် အတွေ့အကြုံ မရင့်ကျက်သေးသော်လည်း ဆလုံအမျိုးသားပီပီ ပိုလိုက အတော်အသင့်တော့ အရည်အချင်း ပြည့်ပြီးသူ ဖြစ်၏။

လှေကုန်းပတ် ဝါးကပ်ပြားတွင် ခိုင်ခိုင်မြဲမြဲ လျှိုတားထားသော ဓားမြှောင်ရှည်ကို ပိုလိုက ဂွမ်းခနဲ ဆွဲနုတ်လိုက်ပြီး အဘိုးဂျလားတို့ ဆွဲကိုင်ထားသော လက်အဆုံးမှ တစ်မိုက်လောက်ခွာကာ မျှားတန်းကြိုးကို ဓားနှင့် လှီးဖြတ်လိုက်သည်။ ပြီးမှ ငါးမျှားချိတ်များ လုံးဝ မပါသော လိုက်ကြိုး တစ်ပင်ကို ပိုလိုက ခိုင်ခိုင်မြဲမြဲ ဆက်ပေးလိုက်၏။

ပိုလိုက လိုက်ကြိုးဆက်ပေးပြီးသောအခါ အဘိုးဂျလားနှင့် ရဟူတို့မှာ မျှားတန်းကြိုးကို ပြိုင်တူ လျှော့ပေးလိုက်ကြပြီး သက်မကိုလည်း ပြိုင်တူ ချလိုက်ကြသည်။ ပိုလိုကတော့ လိုက်ကြိုးကြီး ရဟတ်လုံးကို တစ်ပတ်ချင်းထိန်း၍ လျှော့ဖြေပေးရ၏။

"ငါးမန်းက တော်တော့် ကြီးပုံရတယ်။ တို့တော့ တစ်ချီတည်း ပွတာပဲ"

အဘိုးဂျလား၏ စကားကြောင့် ပိုလိုနှင့် ရဟူတို့မှာ အတိုင်းမသိ အူမြူးသွားကြသည်။

သူတို့မှာ ငယ်စဉ်ကပင် ကပ္ပလီပင်လယ်ပြင်၌ မျှားတန်းချခြင်း၊ လိပ်ထိုးခြင်း၊ လိပ်ဥကောက်ခြင်းတို့နှင့် ကြီးပြင်းလာကြသူတွေ ဖြစ်လေရာ ကြီးမားသော ငါးမန်းကြီးတစ်ကောင် မျှားချိတ်တွင် လာမိနေ၍ သူတို့လှေငယ်ကို ဆောက်တည်ရာ မရလောက်အောင် ဆွဲပြေးနေသည်ကိုပင် သူတို့မှာ ထိတ်ရလန့်ရမှန်း မသိကြပေ။ ငါးမန်းကြီးတစ်ကောင် ရတော့မည် ဟူသော လောဘဇောနှင့် အူမြူး၍ပင် နေလိုက်ကြသေးသည်။

မျှားတန်းလိုက်ကြိုးကို တအား ဆွဲပြေးနေသော ငါးမန်းကြီးက လိုက်ကြိုးကုန်၍ တန့်သွားသောအခါ အဘိုးဂျလားတို့မှာ မျှားကြိုးကို ဖြည်းဖြည်း ချင်း ပြန်ဆွဲယူကြပြန်သည်။ လက်လံ ငါးဆယ်ကျော်လောက် ဆွဲမိပြီးကြ သောအခါ ငါးမန်းကြီးက တစ်ခါ ပြန်ဆွဲပြန်၏။ သည်တစ်ခါ တော့ လိုက်ကြိုး ဆက်ပေးထားပြီး ဖြစ်သဖြင့် လှေငယ်က ငါးမန်းကြီး ဆွဲပြေးရာသို့ လွင့်ပါမသွားတော့ပေ။ မျှားတန်းလိုက်ကြိုးကို လျှော့ဖြေပေး

http://www.cherrythitsar.org



ရုံနှင့် ငါးမန်းကြီးကို ထိန်းထားနိုင်ခဲ့သည်။

ဤသို့နှင့်ပင် ငါးတစ်ပြန် လူတစ်ပြန် ဆွဲလိုက် လျှော့လိုက်နှင့် အပြောကျယ်လှသော ကပ္ပလီပင်လယ်ပြင်တွင် ငါးမန်းရိုင်းကြီး တစ်ကောင်နှင့် ဆလုံအမျိုးသား သုံးဦးတို့မှာ အင်အားချင်း ယှဉ်ပြိုင်လျက် ရှိနေကြသည်။

မှောင်မိုက်သော အကာလ ညအချိန် မဟုတ်တော့သဖြင့် ငါးမန်းကြီး၏ ဆွဲပြေးရာသို့ လွင့်ပါပြေးလိုက်နေကြသော ညံဖော့ကလေးများမှာ သူတို့ ဘယ်နေရာ ရောက်သွားပြီ ဆိုသည်ကို ရေပန်းရေမွှားများနှင့် အဘိုးဂျလားတို့အား ထင်ထင်ရှားရှား အချက်မပြနိုင်ကြတော့ပြီ ဖြစ်သော်လည်း သူတို့၏ ထိပ်မှ ပန်ဆင်ပေးထားသော ပန်းရှူးတိုင်ကလေးများကမူ ရေနစ်နေသော ညံဖော့ကလေးများကိုယ်စား အဘိုးဂျလားတို့အား အချက်ပြလျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင်ကျယ်ကြီးတွင် ပေါလောမျောနေကြသော ညံဖော့လုံးကလေးများထိပ်မှ ပန်းရှူးတိုင်များကို အိမ့်လှိုင်းများပေါ်တွင် အထင်အရှား မြင်နေရ၏။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူတို့လှေငယ်နှင့် ငါးမန်းကြီး ချိတ်မိနေသော မျှားချိတ်၏ နေရာကို အဘိုးဂျလားတို့မှာ ခန့်မှန်းတွက်ဆထားပြီး ဖြစ်သည်။ သူတို့လှေငယ်နှင့် ငါးမန်းကြီး ချိတ်မိနေသောနေရာမှာ လက်လံတစ်ရာသာသာ ဝေးနေသေးသည်။ တစ်ချက်တစ်ချက်တွင် ငါးမန်းကြီးသည် ပန်းရှူးတိုင်များကိုပင် ရေထဲသို့ နစ်မြုပ်ဆွဲပြေးသွား၏။ သို့သော် အချိန်ကြာကြာတော့ မဟုတ်။ မကြာမတင်အချိန်ကလေးမှာပင် ငါးမန်းကြီးက အားကုန်မောပန်းသွားပြီး ရေထဲတွင် နစ်မြုပ်နေသော ပန်းရှူးတိုင်ကလေးများက ရေထဲမှ အလျှို အလျှို ပြန်ပေါ်လာကြသည်။

ငါးမန်းကြီး မောသွားပြီ ဟူသော ပန်းရှူးတိုင်များ၏ အချက်ပြခြင်းကို လှမ်းမြင်ရသည်နှင့် တစ်ပြိုင်နက် အဘိုးဂျလားတို့က မျှားတန်းကြိုးကို မသိမသာ ထိန်း၍ ဆွဲငင်ရ၏။ အဘိုးဂျလားတို့၏ ညင်ညင်သာသာ ဆွဲခေါ်ရာသို့ တဖြည်းဖြည်း လိုက်ပါလာသော ငါးမန်းကြီးမှာ လှေနှင့် နီးလာပြီ ဆိုသည်ကို အတပ်သိသည့်ပမာ တစ်ခါ ပြန်၍ ဆွဲပြေးပြန်သည်။

http://www.cherrythitsar.org



သည်လိုနှင့် ငါးက ဆွဲပြေးလိုက်၊ လူက ပြန်ဆွဲလိုက်နှင့် လူတစ်ပြန် ငါးတစ်ပြန် အားစမ်းနေကြသည်မှာ အချိန် တစ်နာရီခန့် ကြာသွားလေပြီ။ ရေထဲတွင် အဘိုးဂျလားတို့ထက် အဆများစွာ ပို၍ အားသန်နေသော ငါးမန်းကြီးကို အဘိုးဂျလားတို့မှာ ယခုထိ မဖမ်းမိနိုင်ကြသေးပေ။

မိုးသားတိမ်လိပ်တို့က အပြောကျယ်လှသော ကပ္ပလီပင်လယ်ပြင်တစ်ခွင်လုံးကို အပေါ်စီးမှ အုပ်မိုးထားသဖြင့် နေရောင်ခြည်ကိုလည်း လုံးဝ မမြင်ရသေးပေ။ ငါးမန်းကြီးတစ်ကောင်ရတော့မည် ဟူသော လောဘဇောကြောင့် အဘိုးဂျလားတို့မှာ အချိန်ကာလကိုပင် သတိမပြုမိကြ။ ငါးမန်းကြီးကို ဖမ်းဆီးနိုင်ရန်သာ အစွမ်းကုန် ကြိုးပမ်းလျက် ရှိနေကြသည်။

ဖြည်းဖြည်းချင်း ဆွဲငင်လာသော မျှားတန်းကြိုးထဲတွင် ပန်းရျူးတိုင်များကို ကျော်တက်ပါလာနေသော ထိုးထိုးထောင်ထောင် ငါးမန်းယပ်တောင်ကြီး နှစ်ခုကို လှမ်းမြင်ကြရသောအခါ အဘိုးဂျလားနှင့် ပိုလို၊ ရဟူ သုံးယောက်တို့မှာ အတိုင်းမသိ မြူးရွှင်သွားကြသည်။ တစ်မနက်လုံး သူတို့သုံးယောက်နှင့် အားချင်းပြိုင်၍ နပန်းလုံးလာနိုင်ခဲ့သော ငါးမန်းကြီးမှာ ယခုအခါ အားအင်ကုန်ခန်း မောပန်းသွားလေပြီ။ ထို့ကြောင့်လည်း သူတို့ ဆွဲခေါ်ရာသို့ ယခုအခါ ငါးမန်းကြီးမှာ တရွေ့ရွေ့ လိုက်ပါနေရလေပြီ မဟုတ်ပါလား။

ငါးမျှားချိတ်တွင် မိနေသော ငါးမန်းရိုင်းကြီး၏ ကိုယ်လုံးကိုယ်ထည်ကို ထင်ထင်ရှားရှား မမြင်ရသေးသော်လည်း ငါးမန်းကြီး၏ အမြီးဖျားနှင့် ဘေးနှစ်ဖက်မှ ရေယက် ယပ်တောင်အစုံကို လှမ်းမြင်ရရုံနှင့် အနည်းဆုံး ပိဿာတစ်ရာကျော်ခန့် ရှိမည့် ငါးမန်းကြီးဖြစ်မှန်းကိုတော့ အဘိုးဂျလားက စိတ်မှန်းနှင့် တွက်ချက်ထားပြီး ဖြစ်လေသည်။ ထို့ကြောင့်လည်း သူ၏ မျက်နှာ တစ်ပြင်လုံးမှာ ကြည်ကြည်လင်လင်နှင့် အပြုံးရိပ်များပင် ဆင်လျက် ရှိလေသည်။

"သတိနဲ့ ဖြည်းဖြည်းချင်းသာ ဆွဲကြကွာ။ ငါးမန်းကြီးကတော့ နီးလာပြီ"

ယခင်က သူတို့ လှေငယ်နှင့် လက်လံ တစ်ရာကျော် အကွာအ

http://www.cherrythitsar.org



ဝေး ရေထဲမှ ထိန်းမနိုင် သိမ်းမရလောက်အောင်ရုန်းရင်း ကြမ်းတမ်းစွာ ထွက်ပြေး အစွမ်းပြခဲ့သော ငါးမန်းကြီးမှာ ယခုအခါ တစ်ဆယ့်ကိုးလံ အနီးသို့ပင် တဖြည်းဖြည်းနှင့် ရွေ့လျားရောက်လာနေလေပြီ။

"ကဲ ရဟူ၊ မင်း လက်ဖြုတ်လိုက်တော့၊ မှိန်းကိုသာ အသင့် ချိန်ထား"

ငါးမန်းကြီးအား သုံးယောက်သား ဝိုင်းဆွဲနေကြရာမှ အဘိုးဂျလားက 'မင်း လက်ဖြုတ်လိုက်တော့'ဆိုသဖြင့် ရဟူက ဆွဲကိုင်ထားသော ငါးမျှားကြိုးကို အသာလွှတ်လိုက်သည်။ ပြီး လှေဝမ်းထဲမှ မှိန်းရှည် တစ်ချောင်းကို ဆတ်ခနဲ ကောက်ကိုင်ကာ လေထဲမှာ ဝှေ့ယမ်း၍ အနေ အထားကို ချိန်ဆလျက် ရှိလေသည်။

ငါးမန်းကြီးက အဘိုးဂျလားတို့၏ လှေငယ်နှင့် နီးသည်ထက် နီးလာသောအခါ အဘိုးဂျလားမှာလည်း ရဟူကဲ့သို့ပင် မျှားတန်းကြိုးကို အသာ လွှတ်ချလိုက်သည်။ ထိုအခါ မျှားတန်းကြိုးကို တဖြည်းဖြည်း ထိန်းဆွဲနေရသူမှာ ပိုလိုတစ်ယောက်တည်းသာ ကျန်တော့၏။

"လူလေးပိုလို၊ ဖြည်းဖြည်းချင်း သတိနဲ့ ထိန်းဆွဲကွနော်၊ သိပ် အရေးကြီးလာပြီ၊ ဖြည်းဖြည်းချင်းသာဆွဲ"

"ဟုတ်ကဲ့အဘ စိတ်ချပါ"

"ရဟူ၊ ငါးမန်းကြီးရဲ့ ရေယက်ယပ်တောင် နှစ်ခုကို မင်း မြင်တယ် မဟုတ်လား။ ရေယက်ယပ်တောင်နဲ့ သုံးလေးလက်မအကွာ အတွင်းရှေ့ ဘက်ကို ထိုးရမယ်နော်၊ လှိုင်းပုတ်လို့ လှေက သိပ်လှုပ်နေတယ်။ မင်း လက်ထားတာ သိပ် မဟုတ်သေးဘူး။ လေကြောအတိုင်း ချိန်ထားပါကွ"

အဘိုးဂျလားက ငါးမန်းမျှားကြိုး ဆွဲငင်နေရသော ပိုလိုနှင့် မှိန်းကို လေထဲတွင် တဆဆ ချိန်တွယ်နေသော ရဟူတို့အား ကြိုတင် သတိပေး ထားသည်။

အမှန်က အိမ့်လှိုင်းလုံးကြီးများ ပေါ်တွင် နိမ့်ချည် မြင့်ချည် ဖြစ်နေ သော လှေငယ်ထက်မှ ငါးမန်းကြီးကို မှိန်းနှင့် အမိအရ လှမ်းထိုးရန်မှာ စင်စစ်တော့ လွယ်ကူသောအလုပ် မဟုတ်ပေ။ မှိန်းရှည်ကို လေဆန် မဖြစ်စေဘဲနှင့် လေကြောအတိုင်းပင် ခပ်ရွေရွေ လှမ်းထိုးရမည့်အပြင်

http://www.cherrythitsar.org



ကိုယ်ခန္ဓာ အနေအထားကလည်း မတ်မတ် တည်ငြိမ်နေဖို့ လိုလေသည်။ ယခုအခါ လေထန်လှိုင်းထန် လေအဆန် ဖြစ်နေသဖြင့် လှေငယ်မှာ လူးလွန့်လှုပ်ရှားလွန်းလှသည်။ ရဟူကဲ့သို့ သက်နုမှိန်းသမားတစ်ယောက်ကို မဆိုထားနှင့် ပင်လယ်ပြင်ထဲတွင် နှစ်ရှည်လများ ငါးထိုးမျှားတန်း လုပ်လာခဲ့သော အဘိုးဂျလားမှာပင် လှေငယ်၏ လူးလွန့်လှုပ်ရှားမှု အရှိန်ကြောင့် ဒူးမငြိမ် ဖြစ်နေလေသည်။

ပိုလိုက တဖြည်းဖြည်း သိမ်းရင်း ဆွဲငင်နေသော ငါးမန်းကြီးမှာ အဘိုးဂျလားတို့၏ လှေငယ်နှင့် ငါးလံသာသာ အကွာအဝေးသို့ ရောက်လာ၏။ ငါးမန်းကြီးအား မှိန်းရှည်နှင့် လှမ်းထိုးရန်မှာ စက္ကန့်ပိုင်းသာ လိုတော့သဖြင့် လူသုံးယောက်စလုံး၏ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာကြသည်။

ကျွမ်းကျင်လွန်းလှသော လေးသည်တော်နှစ်ဦးဆီမှ ပြိုင်တူ ပစ်လွှတ်လိုက်ကြသော ငွေမြားတံ နှစ်ချောင်းပမာ အဘိုးဂျလားနှင့် ရဟူတို့၏ လက်ထဲမှ မှိန်းရှည်နှစ်ချောင်းမှာ လေကြောကို ဝှီခနဲ ဖြတ်ပြေးပြီး ငါးမန်းကြီး၏ ရေယက်ယပ်တောင် နှစ်ခုကြားကို ဒက်ခနဲ သွားမှန်တော့သည်။ အဘိုးဂျလားနှင့် ရဟူတို့က နောက်ထပ် မှိန်းရှည် နှစ်ချောင်းကို လှမ်းအကောက်တွင်တော့ ငါးမန်းကြီးမှာ ကျွမ်းသုံးလေးပတ်ပြန်ကာ ဝုန်းခနဲ ရေပွက်သံကြီးနှင့်အတူ မျှားကြိုးကို တအား ကုတ်ဆွဲပြေးတော့သည်။

“ဟဲ့ ပိုလို၊ လျှော့မပေးနဲ့၊ ဆွဲထားကွ ဆွဲထား”

အဘိုးဂျလားသည် ပိုလိုအား လှမ်းပြောရင်း သူကိုယ်တိုင်ကလည်း ရုပ်ခြည်း ထိုင်ချကာ မျှားကြိုးကို လှမ်းယူဆွဲထားသည်။ သို့သော် အချိန်မှာ စက္ကန့်ပေါင်းများစွာ နောက်ကျသွားလေပြီတည်း။

သူတို့၏ လှေငယ်ထက်ပင် ရှည်လျားကြီးမားနေသော ငါးမန်းကြီးကို တစ်ခါမျှ မမြင်ဖူးဘူးသော ပိုလိုမှာ မိနေသော ငါးမန်းကြီးကို နီးနီးကပ်ကပ် ရုတ်ခြည်း မြင်လိုက်ရသောအခါ အတိုင်းမသိ တုန်လှုပ်ချောက်ချားသွားလေသည်။ ထို့ကြောင့်လည်း သူက မျှားကြိုးစကို ရုတ်တရက် လျှော့ပေးမိပြီးသား ဖြစ်သွားလေသည်။ သူ လျှော့ပေးလိုက်သော စက္ကန့်ပိုင်း အချိန်ကလေး အတွင်းမှာပင် လှေပေါ်မှ ရှည်လျားသော မျှားတန်းလိုက်

http://www.cherrythitsar.org



ကြိုးကို ငါးမန်းကြီးက သွေးရူးသွေးတန်းနှင့် တအား ကုတ်ဆွဲချပြေးသွား နိုင်သည်။

"မင်းက ဘာလို့ မျှားကြိုးကို လျှော့ပေးလိုက်ရတာလဲကွ"

ပိုလိုအား ရဟူက အပြစ်တင်စကား ဆိုလိုက်သည်။

"မနက်ကလို မျှားကို လျှော့လိုက် တင်းလိုက် လုပ်ပေးရမလား ထင်လို့ လျှော့ပေးလိုက်မိတာပဲဗျ"

ရဟူအား ပိုလိုက လိမ်ပြောလိုက်၏။ အမှန်မှာ သူက ရုတ်တရက် လန့်ဖျပ်သွားပြီး လက်ထဲက ကြိုးစကို လွှတ်ချမိခြင်းသာ။ ကြိုးစကို လွှတ် ချလိုက်မိလျှင် ငါးမန်းကြီးက ဝေးဝေးလံလံသို့ ထွက်ပြေးသွားနိုင်သဖြင့် နောက်ထပ် မိုန်းအကူ မထိုးနိုင် ဖြစ်မည်ဆိုသည်ကို ပိုလိုကလည်း ကြိုတင် သိပြီးသား ဖြစ်၏။ သို့သော် ယခုကား သူက လန့်ဖျပ်ပြီး ကြိုးကို လျှော့ ပေးလိုက်မိသဖြင့် ငါးမန်းကြီးက ဝေးဝေးလံလံသို့ ပြေးသွားလေပြီ။ မည်သို့ မျှ မတတ်နိုင်တော့ပါချေ။

"ဒီတိရစ္ဆာန်ကြီးကိုယ်ပေါ်မှာ မိုန်းရှည်နှစ်ချောင်း ပါသွားတာပဲ၊ ပြေးနိုင်ရင် တစ်အောင့်ပေါ့ကွယ်။ ပြေးပါစေ၊ ပြေးပါစေ"

ပိုလိုအား မကျေမနပ် ဖြစ်နေသော ရဟူကို အဘိုးဂျလားက ချွေး သိပ်စကား ဆိုလိုက်သည်။

သွေးရူးသွေးတန်းနှင့် ငါးမန်းရိုင်းကြီးက တအား ဆွဲပြေးနေသော အခါ သူတို့၏ လှေငယ်မှာ ရေပြင်ပေါ်၌ တရိပ်ရိပ် လွင့်ပါနေသည်။ တစ်ချက် တစ်ချက်တွင် လှေဦးသည်ပင် ရေထဲ နစ်လုမတတ် ဖြစ်သွား သဖြင့် လူသုံးယောက်မှာ မနည်း ကြိုးကြိုးစားစား ထိန်းထားကြရသည်။ အိမ်မှလှိုင်းလုံးကြီးများထဲတွင် လေဆန် ရေဆန် ဆွဲပြေးခြင်း ခံနေရသော အခါ လှေဦးမှ ရေပန်းရေမွှားများ လွင့်စဉ်လာသဖြင့် လူသုံးယောက်စလုံး မှာ ရွှဲရွှဲစိုကုန်ကြသည်။

နက်ရှိုင်းကျယ်ပြောလှသော ပင်လယ်သမုဒ္ဒရာထဲသို့ သူတို့၏ လှေငယ်ကို ကွမ်းနှစ်ယာ သုံးယာညက်ထိ ဆွဲပြေးခြင်း ခံနေရသောအခါ ကြိုးကို တအား ဆွဲတင်းထားကြသော အဘိုးဂျလားနှင့် ပိုလို၊ ရဟူ သုံးယောက်သူတို့၏ လက်တွေမှာ နာကျင်လာကြသည်။ လိုက်ကြိုး ဆက်

http://www.cherrythitsar.org



ပေးရအောင်ကလည်း နောက်ထပ် လိုက်ကြိုးအပို ပါမလာတော့ပေ။ အဘိုးဂျလား၏ တံငါသက်တမ်း တစ်လျှောက်တွင် ဤမျှ ရှည်လျားသော လိုက်ကြိုးကို အကုန်အစင် ဆွဲပြေးသွားနိုင်သော ငါးမန်းကြီးများနှင့် တစ်ခါမျှ မကြုံဖူးဘူးပါချေ။ ထို့ကြောင့် အဘိုးဂျလားက ကြိုးကို လှေဦးဘေးတွင် အခိုင်အမြဲ ချည်နှောင်ပေးလာသည့် အတိုင်းပင် လွှတ်ထားလိုက်ရတော့သည်။ ငါးမန်းကြီးကလည်း သွေးရူးသွေးတန်းနှင့် သူတို့၏ လှေငယ်ကို သမုဒ္ဒရာပြင်ကျယ်ထဲ ဆွဲပြေး၍ ကောင်းတုန်းပင် ရှိသေး၏။

တစ်မနက်လုံး လူတစ်ပြန် ငါးတစ်ပြန် ပြိုင်ဆွဲလာခဲ့ကြသည့် အပြင် သူနှင့်ရဟူတို့ တအားကုန် လှမ်းထိုးလိုက်ကြသော မှိန်းရှည်နှစ်ချောင်းကလည်း ငါးမန်းကြီး၏ကိုယ်ပေါ်တွင် စိုက်ပါပြီး သွားလေရာ နောက်ထပ် သူတို့အား ဒုက္ခပေးနိုင်လှလျှင် ကွမ်းတစ်ယာညက်ခန့်သာဟု သဘောပိုက်မိသဖြင့် ကြိုးစကို လှေဦးမှာ ချည်နှောင်ပြီး လွှတ်ပေးထားသော အဘိုးဂျလားမှာ ကွမ်းသုံးလေးယာညက်ခန့် အချိန်ကြာ၍လည်း ငါးမန်းကြီး၏ ဆွဲပြေးအားက ရပ်မသွားသေးသောအခါ စိုးရိမ်သောက တစ်ခုသည် အဘိုးဂျလား၏ ရင်ဝကို ချက်ချင်း လာ၍ ဆောင့်ကန်စပြုလာတော့သည်။ အမှန်က သူသာ မဟုတ်၊ ပိုလိုနှင့် ရဟူတို့ကလည်း ထိတ်လန့်လျက်ရှိကြ၏။ ထို့ကြောင့် သူတို့နှစ်ဦးက ရေပန်းရေမွှားများကြားထဲမှာ အဘိုးဂျလား၏ မျက်နှာကို တစ်ချက် တစ်ချက် လှမ်းကြည့်စပြုလာကြသည်။

ပိုလိုနှင့် ရဟူတို့၏ လှမ်းအကြည့်က မည်မျှ လေးနက်၍ မည်သို့ အဓိပ္ပာယ်ဆောင်သည်ကို အဘိုးဂျလားက မမေးဘဲနှင့် သိထားပြီး မိမိတို့၏ တံငါတဲတန်း ရွာဆိပ်ကမ်းသို့ ပြန်ရန် ဆိုသည်မှာလည်း အဘိုးဂျလားအတွက် မည်သို့မျှ မဖြစ်နိုင်ပါချေ။ ငါးမန်းကြီးတစ်ကောင်နှင့် တစ်မနက်လုံး နပန်းလုံးပြီးခါမှ မျှားကြိုးကိုဖြတ်၍ ငါးမန်းကြီးကို လက်လွှတ်ထားခဲ့ရမည်ဆိုလျှင် မျှားတန်းကြိုးတွေကပါ ငါးမန်းကြီးနှင့်အတူ ပါသွားမှာမို့ ငွေသုံးလေးဆယ်ကို ပင်လယ်ပြင်ထဲလာ၍ ပစ်ချထားခဲ့သည်နှင့် ဘာမှခြားနားမည် မဟုတ်ပါချေ။

သည်ထက် ပို၍ ဆိုးရွားသည့် အချက်တစ်ချက်ကလည်း အဘိုး

http://www.cherrythitsar.org



ဂျလားအတွက် ရှိသေး၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းကပင် ကပ္ပလီပင်လယ်ပြင်ကို အမှီသဟဲပြုကာ အသက်မွေးဝမ်းကျောင်းပြုလာရသူ ရေလုပ်သား ရေမုဆိုးတစ်ယောက်အနေနှင့် ဘာမဟုတ်သော ငါးတစ်ကောင်ကို လက်မြှောက်အရှုံးပေးကာ ရွာဆိပ်သို့ ပြန်လာရသည်ဆိုသော သတင်းမှာ ရေထဲတွင် ကျွမ်းကျင်လွန်းလှပါသည်ဆိုသော ဆလုံတစ်မျိုးသားလုံးတို့၏ စွမ်းရည်သတ္တိ သိက္ခာကို ကပ္ပလီပင်လယ် ပြင်ထဲမှာ သူက ပစ်ချခဲ့သည်နှင့် မတူပါလား။ ပြီး ထိုသတင်းက ရွာထဲ၌ အုတ်အော်သောင်းတင်း ဖြစ်လျှင် နောင်တွင် ဤမျှ စွမ်းရည်သတ္တိနည်းသောသူနှင့် ငါးမျှားတန်းချရန် မည်သူ တစ်ဦးတစ်ယောက်ကမျှ လိုက်လိုကြတော့မည် မဟုတ်ပေ။ ထို့ကြောင့် မည်သို့ပင်ဖြစ်စေ ဤငါးမန်းကြီးကို လက်မြှောက်အရှုံးပေးပြီးတော့ ရွာဆိပ်သို့ မည်သည့်နည်းနှင့်မျှ သူက မပြန်နိုင်ပေ။ ဤသည်တို့ကို တွေးမိသောအခါ အဘိုးဂျလား၏စိတ်မှာ ညစ်ညူးစပြုလာတော့သည်။ ကြည့်စမ်း၊ ငါးမန်းကြီးကလည်း သူတို့၏ လှေငယ်ကို ယခု အချိန်ထိ ဆွဲပြေးနေတုန်းပင်တည်း။

အဘိုးဂျလားသည် ပင်လယ်ရေပြင်ထက်တွင် သူတို့ကဲ့သို့ ငါးမျှားတန်းချနေကြသော တံငါလှေငယ်များကို အနီးအနား ပတ်ဝန်းကျင်၌ တွေ့လိုတွေ့ငြား ရှာကြည့်နေမိသေးသည်။ အကယ်၍ ဤလို အကျပ်ရိုက်နေချိန်တွင် တံငါလှေငယ် တစ်စင်းတလေကိုသာ ပတ်ဝန်းကျင်၌ မြင်မိပါက ထိုလှေငယ်ကို တက်ထောင် အချက်ပြပြီး အကူအညီခေါ်ယူကာ ငါးမန်းကြီး ပြေးနေရာသို့ လှေကူနှင့် ပြေးလိုက်၍ ငါးမန်းကြီးကို မှိန်းနှင့် ထပ်ထိုးကာ ဖမ်းယူနိုင်မည် မဟုတ်ပါလား။ ရေပြင်ကျယ်၏ ပတ်ဝန်းကျင်ကို လှမ်းကြည့်မိကာမှ အဘိုးဂျလား၏ စိတ်မှာ ပို၍ ရှုပ်ထွေးနောက်ကျိသွား၏။ သူတို့၏ ပတ်ဝန်းကျင် ရေပြင်ထဲတွင် တံငါလှေကို မဆိုထားနှင့်၊ လှေနှင့်တူသော အရာဝတ္ထု တစ်ခုတလေကိုပင် အရိပ်အခြည်မျှ မမြင်ရပေ။ ပင်လယ်ပြင်ကြီး တစ်ခုလုံးမှာ မိုးက သည်းထန်စွာ ရွာသွန်းနေသဖြင့် အရှေ့အနောက်၊ တောင်မြောက် ဝဲယာ လေးဖက်လေးတန်သော အရပ်မျက်နှာတို့မှာ မိုးကုပ်၍ မှိုင်းချုပ်မည်းမှောင်နေတော့သည်။ ဤမှာဘက်သည် ကမ်းရိုးတန်းရှိရာ အရှေ့အရပ်ပါလား ဆိုသည်ကိုပင် ရေကြောကို

http://www.cherrythitsar.org



ကြည့်၍သာ သိရ၏။ ကမ်းကိုကား လုံးဝ မမြင်ရတော့ပေ။

ငါးမန်းကြီးနှင့် နပန်းလုံးနေရသဖြင့် သူတို့က ပတ်ဝန်းကျင်ကို ဂရုမပြုမိ။ သူတို့ကိုယ်ပေါ်သို့ တဖြောက်ဖြောက် စဉ်ကျလာသော ရေပေါက်ရေမွှားများမှာလည်း လှေဦးမှ စဉ်ထွက်လာသော ဆားငန်ရည်များသာဟု သူတို့က ထင်ခဲ့ကြသည်။ အမှန်က သူတို့ ထင်ခဲ့သော ရေပန်းရေမွှားများထဲမှာ မိုးရေမိုးပေါက်တို့ကလည်း ရောပါခဲ့၏။ ပင်လယ်ရေပြင်ကျယ်တွင် နေရောင်ခြည်ကို တစ်မနက်လုံး မမြင်ရသည်မှာလည်း မနက်ကပင် မိုးအုံ့နေသဖြင့်သာဟု ထင်ခဲ့သည်။ မိုးသည်းထန်စွာ ရွာလိမ့်မည်ဟု မည်သို့မျှ မဥပါဒ်ခဲ့။ ယခုတော့ ပင်လယ်ရေပြင်ကျယ်မှာ မိုးသည်းထန်စွာ ရွာသွန်းနေလေပြီ။

နံနက်အရုဏ်မတက်မီက သူတို့နှင့်တကွ တံငါတဲတန်း ရွာဆိပ်ကမ်းမှ ကပ္ပလီပင်လယ်ပြင်သို့ ငါးမျှားတန်းချရန် အတူ ထွက်လာကြသော တံငါလှေငယ်များမှာ ရာသီဥတု အခြေအနေ မကောင်းသဖြင့် စောစောပိုင်းအချိန်ကပင် ရွာဆိပ်သို့ ပြန်လှည့်သွားကြလေပြီ။ သူတို့ကသာ ငါးမန်းကြီးတစ်ကောင် ရတော့မည် ဟူသော လောဘဇော အဆိပ်သင့်၍ အပြောကျယ်လှသော သမုဒ္ဒရာပင်လယ်ပြင်ထဲမှာ မျက်စိသူငယ် နားသူငယ်နှင့် လှေငယ်တစ်စင်းတည်း ကျန်ရစ်ခဲ့လေပြီ။

နေရောင်ခြည်တန်းများနှင့် နေဝန်းနီနီကို လုံးဝ မမြင်တွေ့ရသော်လည်း တစ်နေ့တာ၏ အချိန်မှာ နေမွန်းတိမ်းစလောက်ပင် ရှိလေပြီ ဆိုသည်ကိုတော့ အဘိုးဂျလား ကောင်းစွာ ခန့်မှန်းထားပြီး ဖြစ်လေသည်။

အဘိုးဂျလားက ငါးမျှားကြိုးကို ဖြတ်ထားခဲ့ပြီး ရွာဆိပ်သို့ ပြန်ရန်းနိုး၊ ငါးမန်းကြီးကို ဖမ်း၍ မရမချင်း ဆက်လက်၍ ကြိုးစားရန်းနိုးနှင့် ဝေခွဲမရဖြစ်နေချိန်မှာပင် ပင်လယ်ရေပြင်၌ တရွတ်တိုက် လွင့်ပါနေသော သူတို့၏ လှေငယ်မှာ တဖြည်းဖြည်း အရှိန်လျှော့၍ ရပ်သွားသည်။ အဘိုးဂျလား၏ မျက်နှာက ရုတ်ခြည်းပင် ဝင်းလဲ့လာပြန်၏။ အမှန်က အဘိုးဂျလားသာမဟုတ်၊ လူကြီးလုပ်သူအား ပြန်မပြောရဲသဖြင့်သာ ငြိမ်၍ လိုက်ပါလာကြသော ရဟူနှင့် ပိုလိုတို့၏ မျက်နှာမှာလည်း ချက်ချင်း ဝင်းဝင်းထိန်လာကြလေသည်။ တစ်နေ့လုံး ဒုက္ခပေးလာသော ငါးမန်းကြီးမှာ ယခုအခါ

http://www.cherrythitsar.org



အင်အားအစွမ်း ကုန်ခန်းသွားလေပြီတည်း။

အဘိုးဂျလားက မျှားကြိုးစကို ခပ်တင်းတင်း ဆွဲကြည့်သည်။ ငါးမန်းကြီးက အဘိုးဂျလား ဆွဲငင်ရာသို့ တအိအိ ပါလာနေ၏။ ဤမျှဆိုလျှင် ငါးမန်းကြီး၏ စွမ်းပကားက သူတို့ သုံးယောက်အား အရှုံးပေးသွားလေပြီဆိုသည်ကို အဘိုးဂျလားက ခန့်မှန်းမိပြီးသား ဖြစ်၏။ နောက်ထပ် တစ်ချက် နှစ်ချက်မျှ ရုန်းကန်ပြီးသောအခါ ငါးမန်းကြီးမှာ ဘယ်လိုမှ မလှုပ်နိုင်တော့ဘဲ ငြိမ်သက်စွာ ပါလာတော့သည်။ သို့သော် ရေထဲက ငါးမန်းကြီးကိုကား အကောင်အထည် မမြင်ရပါသေး။ စိတ်မှန်းနှင့်သာ ခန့်မှန်းနေရလေသည်။

အမှန်က ဤကဲ့သို့ မမျှော်လင့်ဘဲ ဒုက္ခဖြစ်ရသည်မှာ မလိမ်မိုး မလိမ္မာသော ပိုလိုကြောင့်ပင် ဖြစ်သည်။ အကယ်၍ ပိုလိုကသာ ငါးမျှားကြိုးတန်းကို ယောင်ယမ်းပြီး လျှော့မပေးလိုက်မိလျှင် နောက်ထပ် မှိန်းအကူ သုံးလေးချောင်းနှင့် လှမ်းထိုး၍ ငါးမန်းကြီးကို စောစောပိုင်းကပင် ဖမ်းမိနိုင်၏။ ပိုလိုက ကြိုးလျှော့ပေးမိသဖြင့် မှိန်းအကူ မထိုးနိုင်သော ခရီးဝေးသို့ ငါးမန်းကြီးက ထွက်ပြေးသွားသောအခါ သူတို့မှာ မည်သို့မျှ မတတ်နိုင်ဘဲ ငါးမန်းကြီးနှင့် တစ်နေ့လုံး နပန်းလုံးခဲ့ကြရ၏။ ထို့ကြောင့်လည်း ပိုလိုအား ရဟူက ယနေ့၌ လုံးဝ မကျေနပ်ခဲ့။ နမော်နမဲ့နှင့် နုံလွန်းအလွန်းသော ပိုလိုကို ရဟူက ကျိန်ဆဲချင်နေသည်။ ဤသည်ကို အဘိုးဂျလားက ကောင်းစွာ ရိပ်မိခဲ့၏။ သို့သော် ကျယ်ပြော နက်ရှိုင်းလှသော ပင်လယ်သမုဒ္ဒရာပြင်ထဲ၌ တစ်ယောက်နှင့်တစ်ယောက် ဗျစ်တောက်ဗျစ်တောက် ဖြစ်ကြမည် စိုးသဖြင့် ရဟူအား သူက ဟန့်တားခဲ့လေသည်။

"ငါးမန်းကြီးကတော့ ဒီတစ်ခါ စိတ်ချရပြီကွ၊ ဒင်း ဘယ်လိုမှ ဒုက္ခမပေးနိုင်တော့ဘူး"

အဘိုးဂျလားက ငါးမန်းကြီး၏ အခြေအနေမှာ စိတ်ချရပြီဟု ဆိုသော်လည်း မိုးက သည်းထန်စွာ ရွာလာပြန်သဖြင့် ပိုလိုနှင့် ရဟူတို့မှာ စိတ်အားငယ်လျက် ရှိသည်။ သို့သော် အဘိုးဂျလားက မိုးသည်းထန်စွာ ရွာသွန်းနေသည့် အကြောင်းကိုတော့ စကားအဖြစ်ပင် ထည့်မပြောပေ။ ဤသည်တို့မှာ ပိုလိုနှင့် ရဟူတို့ စိတ်ပျက်သွားမှာ စိုး၍လား သို့မဟုတ်

http://www.cherrythitsar.org



ပင်လယ်သမုဒ္ဒရာထဲတွင် မကောင်းသော နိမိတ်စကားကို မဆိုရ၊ မညည်းညူရ ဟူသော ရေမုဆိုးတို့၏ အယူအဆ အစွဲအလမ်းများကြောင့်လားဆိုသည်ကိုတော့ ပိုလိုနှင့် ရဟူတို့က ဘယ်လိုမှ မခန့်မှန်းတတ်ကြပေ။

"လှေထဲမှာ ရေ အတော်ဝင်နေပြီ၊ ပက်ထုတ်လိုက်ကြပါကွာ"

"ဟုတ်ကဲ့ အဘ"

လှေဝမ်းထဲက မိုးရေနှင့် စိမ့်ဝင်စဉ် ဝင်နေသော ဆားငန်ရေများကို ပိုလိုက ပက်ခွက်နှင့် ပက်ထုတ်ပစ်လိုက်၏။

"ကဲ တို့နားရင်း ထမင်းစားကြမယ်။ နေလည်း စောင်းသွားပြီတောင် ထင်ပါရဲ့။ ထမင်းစားပြီးမှ ငါးမန်းကြီးကို ဖမ်းကြမယ်"

အဘိုးဂျလားက ထမင်းစားကြမည် ဆိုသဖြင့် ရွက်တိုင်းရင်းတွင် ချိတ်ဆွဲထားသော ထမင်းထုပ်များဆီသို့ ပိုလို၏ မျက်လုံးအစုံက ဦးစွာရောက်သွားသည်။

"ဟာ ထမင်းထုပ်က နှစ်ထုပ်ပဲ ရှိပါတော့လား။ နောက်တစ်ထုပ် ဘယ်ရောက်သွားပါလိမ့်"

ရွာဆိပ်မှ ထွက်လာကြစဉ်က ထမင်း တစ်ယောက် တစ်ထုပ်ကျစီ ယူလာခဲ့ကြသော်လည်း ယခုအခါ ထမင်းတစ်ထုပ် ပျောက်သွားသည်ဟု ပိုလိုက ပြောလိုက်သဖြင့် ရဟူ၏ မျက်နှာမှာ ချက်ချင်း အေးစက်သွားလေသည်။ သူက အယူသီးတတ်သူပီပီ သူ့အတွေးနှင့် သူ ထမင်းထုပ် ပျောက်သွားသည်ကိုပင် နိမိတ်ပြပြီး နတ်တားပြီဟု စွဲမှတ်နေလေသည်။

"နှစ်ထုပ်ပဲ ရှိတော့လည်း ဘာဖြစ်လဲကွ၊ မျှစားကြတာပေါ့"

ထမင်း တစ်ထုပ် ပျောက်သွားသည်ကို အဘိုးဂျလားကတော့ လုံးဝ မဥပါဒ်။ သူတို့၏ လှေငယ်မှာ တစ်မနက်လုံး ငါးမန်းကြီး၏ ဆွဲပြေးရာသို့ ဆောက်တည်ရာမရ လွင့်ပါနေရသဖြင့် ထမင်းထုပ် ပျောက်သွားခြင်းမှာ ချည်ဆွဲထားသော နှီးကြိုးပြတ်ပြီး ပင်လယ်ပြင်ထဲတွင် လွင့်စဉ်ကျကျန်ရစ်ခဲ့ပြီ ဆိုသည်ကို သူက အတပ်သိထားပြီးသား ဖြစ်လေသည်။ ထို့ကြောင့်လည်း အဘိုးဂျလားက ထမင်းတစ်ထုပ် ပျောက်သည့်ကိစ္စကို ဘာမှ ဆက်မပြောဘဲ ထမင်းကိုသာ ကုန်းလွေးနေ၏။

ထမင်း နှစ်ထုပ်မှာ ရေစိုရွှဲနေသဖြင့် ရေဆေးပြီးသား ထမင်းကို

http://www.cherrythitsar.org



စားကြရသလို ဖွာစီစီကြီး ဖြစ်နေလေသည်။ သို့သော် သူတို့မှာ တစ်မနက်လုံး ပင်ပန်းလာခဲ့ကြသဖြင့် ထမင်းရေစာကို ငရုတ်သီးထောင်း ငါးခြောက်ဖုတ်နှင့် စားကြရသည်ကပင် မြိန်ရေရှက်ရေ ရှိနေကြသည်။ ခါတိုင်း နေ့များသာဆိုလျှင် ဤလို နေမွန်းတိမ်းစအချိန်၌ ထမင်းစားပြီးကြသည့် အပြင် မျှားချိတ်တွင် လာမိနေသော ငါးမန်းများကို တစ်ကောင်ပြီးတစ်ကောင် ရေထဲက ဆွဲတင်ကာ ရွာဆိပ်သို့ ပြန်ရန်ပင် စိုင်းပြင်းနေကြပြီး ရှိလေမည်။ ယနေ့၌ကား ငါးမန်းကြီးက တစ်မနက်လုံး ဒုက္ခပေးခဲ့သဖြင့် နံနက်စာ ထမင်းကိုပင် အချိန်လွန်မှ ဆာဆာလောင်လောင်နှင့် စားကြရသည်။

ထမင်းစားပြီးကြပြီ ဖြစ်သော်လည်း မိုးက ကောင်းစွာ မစဲသေး။ သည်ကြားထဲ လေကပါ ထန်လာပြန်၏။ မိုးထဲ လေထဲ ရေထဲတွင် သူတို့ လှေငယ်နှင့် ခန့်မှန်းခြေ လက်လံငါးဆယ်ကျော်လောက်တွင် ရှိနေသည်ဟု ထင်ရသော ငါးမန်းကြီးကို စိတ်စောလျက် အဘိုးဂျလားတို့မှာ မျှားကြိုးကို တဖြည်းဖြည်း ဆွဲဖော်လျက်ရှိကြလေသည်။

ငါးမန်းကြီးအား အကောင်အထည် မမြင်ရသေးခင်ပင် သူတို့၏ လှေငယ်က ပင်လယ်ပြင်နက်ထဲသို့ လွင့်ပါသွားပြန်သည်။ ဤတစ်ခါတော့ ငါးမန်းကြီးက ရုန်းဆွဲပြေး၍ မဟုတ်။ ရုတ်တရက် လေပြင်းမုန်တိုင်းကျလာသဖြင့် လှေငယ်က လွင့်ပါသွားခြင်းသာ ဖြစ်လေသည်။

ယခု သူတို့သုံးယောက် ရောက်နှင့်နေကြသော ပင်လယ်သမုဒ္ဒရာပြင်မှာ ခန့်မှန်းခြေဖြင့် ရွာဆိပ်ကမ်းနှင့် နေနှစ်ခါဝင် ခရီးလောက်ပင် ဝေးလှမ်းနေလေပြီ။ သည်မျှ နက်ရှိုင်းသော ပင်လယ်သမုဒ္ဒရာပြင်ထက် ထွက်၍ မည်မျှ ကျွမ်းကျင်လွန်းလှပါသည် ဆိုသော တံငါသည်ကမျှ မျှားတန်းချရန် မလာရဲကြပေ။ အမှန်ကတော့ အဘိုးဂျလားတို့ကလည်း ရဲရင့်သော လူစွမ်းကောင်းကြီးများ လုပ်၍ ဤမျှ နက်ရှိုင်းသော ပင်လယ်ပြင်ထဲ ထွက်လာကြခြင်း မဟုတ်။ ငါးမန်းကြီးက သူတို့ လှေငယ်အား အတင်း ဆွဲပြေးသွားသဖြင့်သာ ယခုလို ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ထဲသို့ ရောက်လာရခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဤတစ်ခါတော့ လေပြင်းမုန်တိုင်းနှင့် ပင်လယ်နက်ဘက်သို့ လွင့်ပါသွားရလျှင် သူတို့မှာ ပြန်လမ်း မရှိတော့ပြီ ဆိုသည်ကို အဘိုးဂျလားက ချက်ချင်း တွက်ထားမိပြီး ဖြစ်

http://www.cherrythitsar.org



လေသည်။ တစ်နေ့တာ၏ အချိန်မှာလည်း နေမွန်းစောင်းကြီးအချိန် ရှိပြီဟု ခန့်မှန်းရလေ၏။

မုန်တိုင်းထန်သော ပင်လယ်သမုဒ္ဒရာပြင်တွင် ဆောက်တည်ရာမရ လွင့်ပါနေရသော လှေငယ်ထက်၌ ပိုလိုနှင့် ရဟူတို့မှာ သွေးပျက်လျက် ရှိကြသည်။ သူတို့ နှစ်ယောက်မှာ အဘိုးဂျလား၏ မျက်နှာကိုသာ အားကိုးတကြီးနှင့် ငေးကြည့်လျက် ရှိနေကြသည်။

"အဘရယ်၊ ဒီငါးမန်းမျှားကြိုးကို ဖြတ်ထားခဲ့ကြတော့မယ်ဗျ"

ရဟူက အဘိုးဂျလား၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်၍ မဝံ့မရဲ ပြော၏။

"ဘာဖြစ်လို့လဲကွ"

"ဟာ ဒီငါးမန်းကြီးကို ကျွန်တော် သိပ် မသင်္ကာဘူးဗျ။ အဘပဲ စဉ်းစားကြည့်ပါဗျာ။ ဒီငါးမန်းကြီးဟာ သေတော့မလို ရှင်တော့မလိုနဲ့ ကျွန်တော်တို့ လှေကို ပင်လယ်ပြင်ထဲ ဆွဲဆွဲပြေးတာ ဘယ်နှစ်ခါ ရှိပလဲ။ ခုလည်း သေချင်ယောင်ဆောင်ပြီး မုန်တိုင်းနဲ့ တိုက်နေပြန်ပြီ။ ဒီရာသီဟာ မုန်တိုင်းကျတတ်တဲ့ ရာသီလည်း မဟုတ်ဘူးဗျ။ မနက်က လှေစထွက်လာကတည်းက ကျွန်တော့် စိတ်ထဲမှာလေး. . ."

"ဟာ. . . ဒီမအေ. . . က တောပြော တောင်ပြော ပြောရော့မယ်။ ဆောင်းဦးပေါက်ရာသီမှာ မုန်တိုင်း မဆင်တတ်ဘူးလို့ နင့်အမေလင်က ပြောဖူးလို့လား။ မင်းက ရာသီအကြောင်း ဘယ်လောက် နားလည်လို့လဲ"

ဤလို အချိန်မျိုးမှာ ရဟူအား ဖျောင်းဖျ ရှင်းလင်းပြောနေရလျှင် စကားရှည်နေမည်စိုးသဖြင့် အဘိုးဂျလားက ဤတစ်ခါတော့ ရဟူကို ခပ်ကြမ်းကြမ်းပင် ဆဲပစ်လိုက်သည်။ ရဟူက တောပြော တောင်ပြော သူထင်ရာတွေကို လျှောက်ပြောနေလျှင် အတွေ့အကြုံ နုနယ်သေးသော ပိုလိုမှာ ဤလို ဒုက္ခရောက်နေချိန်၌ သွေးပျက် လန့်ဖျပ်သွားမှာ စိုးရသည်။ ယခုသည်ပင် ရဟူ၏ မဟုတ်မဟပ် ယိုးစွပ်စကားကြောင့် ပိုလို၏ မျက်နှာမှာ သွေးဆုတ်နေလေပြီ။

ငါးမျှားချိတ်တွင် လာမိ၍ တစ်မနက်လုံး သူတို့အား ဒုက္ခပေးလာသော ငါးမန်းကြီးကို ရဟူက နတ်ငမန်းကြီးဟု ယိုးစွပ်လာသည်။ သည်

http://www.cherrythitsar.org



နတ်ငါးမန်းကြီးမှာ သူတို့သုံးဦးအား ပင်လယ်ပြင်ထဲ ထုတ်သတ်ချင်သဖြင့် တမင် ဟန်လုပ်ကာ စောစောပိုင်းက တကယ့် ငါးမန်းရိုင်းကြီးတစ်ကောင်လို အမြီးထောင် ရေယက်ယပ်ထောင်လုပ်ပြပြီး မိုန်းနှင့်အထိုးကိုပင် စောင့်ခံ၍ သူတို့အား လှည့်စားခဲ့သည်ဟု ရဟူက တထစ်ချ အထင်ရောက်နေသည်။

ဆလုံအမျိုးသားများမှာ များသောအားဖြင့် စုန်းနတ်တစ္ဆေများကို လည်း အလွန် ယုံကြည်တတ်သူများ ဖြစ်ကြလေရာ အမှန်မှာ ပိုလိုအား အပြစ် မဆိုသာပေ။ အဖြစ်အပျက်တို့မှာလည်း တိုက်ဆိုင်လွန်းလှ၍ မကောင်းသော အနိဋ္ဌာရုံတွေနှင့်ချည်း တစ်မနက်လုံး ကြုံခဲ့ ရင်ဆိုင်ခဲ့ကြ ရသည် မဟုတ်ပါလား။

"ကဲ ရဟူ မင်း ဘာမှ ယိုးစွပ် မနေနဲ့၊ ခု လှေလွင့်ပါနေတာက မုန်တိုင်းကျလာလို့ ဆိုတာ မင်းလည်း အသိပဲ။ ဒီအတိုင်းသာ ပင်လယ် နက်ထဲ လွင့်ပါသွားရင် ဒီနေ့ တို့ အိမ်ပြန်ရောက်ကြမှာ မဟုတ်တော့ဘူး"

"ဟုတ်တယ် အဘ၊ အဲဒါ ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ ဟင်"

ကြောက်ကြောက်ရွံ့ရွံ့နှင့် တစ်ချိန်လုံး ငြိမ်သက်ကာ စိုးရိမ်နေ သော ပိုလိုက အဘိုးဂျလားကို အားကိုးတကြီးနှင့် မေးလိုက်၏။

"ငါပြောမယ်၊ မင်းတို့ ဘာမှ မကြောက်ကြနဲ့၊ ငါက ဒီလို မုန်တိုင်း မျိုးနဲ့ ကြုံဖူးတာ များလှပြီ၊ ငါ့စကားကိုတော့ နားထောင်၊ မင်းတို့ ဘာမှ မဖြစ်စေရဘူး၊ ငါ တာဝန်ယူတယ်"

ဤသို့ မုန်တိုင်းမျိုးနှင့် ကြုံဖူးတာ များလှပြီ ဆိုသဖြင့် ရဟူက အဘိုးဂျလား၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လိုက်သည်။

"မင်းတို့ ဘာမှ ကြောက်မနေကြနဲ့၊ မင်းက ရထားတဲ့ ငါးမန်းတွေ ကို ကြိုးနဲ့သီပြီး လှေဝမ်းထဲမှာ မြဲမြဲတုပ်ထား။ ပိုလိုက လှေရွက်နဲ့ တက်တွေ ကို လှေဘေးမှာ ပူးချည်ထား။ မိုန်းတွေကိုတော့ အရေးကြုံရင် လွယ်လွယ် နဲ့ရအောင် လှေဝမ်းထဲမှာ မြှောင်ထား။ လှေကို ရေထဲမှာ နှစ်ထားရမယ်။ နို့မို့ရင် ပင်လယ်နက်ကြီးထဲ လွင့်ပါသွားပြီး အပြန်ခက်နေမှာ စိုးရတယ်"

အဘိုးဂျလား စကားအဆုံးမှာပင် ပိုလိုနှင့် ရဟူတို့က အဘိုးဂျလား ခိုင်းစေသည့်အတိုင်းပင် မငြင်းမပယ် ပြုလုပ်လိုက်ကြသည်။ အဘိုးဂျလား

http://www.cherrythitsar.org



ကလည်း လှေငယ်ကိုထိန်းရင်း ကူလုပ်ပေး၏။ မည်သို့ပင်ဆိုစေ ဤလို အကျပ်ရိုက်နေချိန်တွင် မုန်တိုင်းထဲက လွတ်မြောက်ရန်မှာ ပိုလိုနှင့် ရဟူ တို့အတွက် အားကိုးအားထားရာ ဆို၍ အတွေ့အကြုံ များပြားလွန်းလှ သော အဘိုးဂျလားသာ ဖြစ်လေသည်။

"ကဲ လှေကို ရေထဲမှာ နှစ်ထားရအောင်၊ မင်းတို့ ရေထဲ ဆင်းကြ တော့"

အဘိုးဂျလားက ရေထဲ ဆင်းကြတော့ဟု ပြောသော်လည်း ပိုလိုနှင့် ရဟူတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ခြေတွန့်နေကြ သည်။ နက်ရှိုင်း၍ မည်းမည်းမှောင်နေသောရေထဲ ဆင်းရမှာကို သူတို့နှစ် ယောက်စလုံးက ကြောက်ရွံ့နေကြသည်။ မျှားချိတ်တွင် မိနေသော ငါးမန်း ကြီးကပင် လာကိုက်လေမလားဟု ပိုလိုက ကြံကြံဖန်ဖန် တွေး၍ ကြက်သီး တဖြန်းဖြန်း ထနေ၏။ ဤသည်ကို ချက်ချင်း ရိပ်စားမိလိုက်သော အဘိုး ဂျလားက ဦးစွာပထမ ရေထဲ ဆင်းပြလိုက်သည်။ အဘိုးဂျလားနှင့် မရှေး မနှောင်းမှာပင် ပိုလိုနှင့် ရဟူတို့ကလည်း ရေထဲ ဆင်းလိုက်ကြ၏။

မုန်တိုင်းတိုက်နေသဖြင့် တိမ်းစောင်း၍ လှုပ်ပါနေသော လှေငယ်ကို ပိုမို တိမ်းစောင်းသွားအောင် အဘိုးဂျလားက လှေနံတစ်ဖက်ကို ဆွဲနှိမ် လိုက်သည်။ အဘိုးဂျလားက လှေနံတစ်ဖက်ကို လှမ်းဆွဲလိုက်သည်နှင့် တစ်ပြိုင်နက် အိမ့်လှိုင်းလုံးကြီး တစ်လုံးသည် ချက်ပိုင်ပိုင်နှင့် လှေဝမ်းထဲ ဖြတ်ဝင်လာ၏။ ထိုအခါ လှေငယ်မှာ ချက်ချင်း ရေပြည့်သွားလေသည်။ ရေအပြည့်နှင့် ပင်လယ်ပြင်ထဲတွင် ပေါလောနစ်မျောနေသော လှေငယ် ၏နံဘေးကို မှေးကိုင်ကာ အဘိုးဂျလားနှင့် ပိုလို၊ ရဟူ သုံးယောက်တို့မှာ ရေထဲ၌ စိမ်နေကြရသည်။ သူတို့၏ ကိုယ်ကို မျှားတန်းကြိုးမှ ညံဖော့က လေးများနှင့် ပြိုင်၍ ရေထဲတွင် ဖော့ထားရသည်။ လှေငယ်ကို ရေထဲ၌ နှစ်ထားသောအခါ လေပြင်းမုန်တိုင်းမှာ လှေငယ် ပင်လယ်နက်ထဲ လွင့် ပါသွားအောင် မတိုက်ခတ်နိုင်တော့ပါချေ။

အဘိုးဂျလားသည် လှေဝမ်းထဲရှိ မျှားကြိုးမှ ပန်းရှူးပန်းတိုင် တစ်ခု ကို ဆွဲဖြုတ်ကာ လှေဦးမှာ ထိုးစိုက် ကိုင်ဆောင်ပေးထားသည်။ ကျန်လက် တစ်ဖက်နှင့် သူက ငါးမန်းမျှားကြိုးကို တဆဆ ဆွဲလှုပ်ကြည့်၏။ သူ၏

http://www.cherrythitsar.org



ခြေထောက်အစုံကိုတော့ ရေထဲမှာ အချိန်အဆနှင့် ဝှေ့ယမ်းယက်ခတ်ထားရသည်။ ငါးမန်းကြီးက အနည်းအကျဉ်းတော့ အဘိုးဂျလားအား အစွမ်းပြနေသေး၏။ သို့သော် ရေပြည့်နေသော လှေငယ်ကို သူက ဆွဲပြေးနိုင်သော အင်အားတော့ မရှိနိုင်တော့ပါချေ။

လှေဦးတွင် အဘိုးဂျလား မေးကိုင်ထောင်ထားသော ပန်းရှူးတိုင်ငယ်ကလေးမှာ လေတိုက်သဖြင့် ခေါင်းမဖော်နိုင်လောက်အောင် ဖြစ်နေသည်။ အဘိုးဂျလားသည် ပန်းရှူးပန်းတိုင်ငယ်၏ ဆံမြိတ်ဖျားကိုသာ စူးစူးစိုက်စိုက် ကြည့်နေ၏။ လူသုံးယောက်မှာ တစ်ယောက်နှင့် တစ်ယောက် စကားပင် မဆိုနိုင်ကြ။

အချိန် နှစ်နာရီလောက် ကြာသွားသောအခါ လှေဦးတွင် မေးကိုင်ထောင်ပေးထားသော ပန်းရှူးတိုင်ကလေးများမှာ တရှဲရှဲ အသံကိုပြုကာ ဦးခေါင်းထောင်စပြုလာသည်။ ပန်းရှူးဆံမျှင်များ ဦးခေါင်းထောင်လာကြသည်မှာ လေငြိမ်တော့မည်ဆိုသော အထိမ်းအမှတ်ပင်။ တစ်ချိန်လုံး ဦးခေါင်း မထောင်နိုင်လောက်အောင် ဖိတိုက်ထားသောလေကို ပန်းရှူးဆံရှည်များက အန်တုစပြုလာကြသည်။ အရှေ့အရပ်သို့ မျှော်ရမ်း၍ တရှဲရှဲ အော်လာကြသော ပန်းရှူးဆံမျှင်ရှည်များကို စိုက်ကြည့်ကာ အဘိုးဂျလား၏ မျက်နှာမှာ အပြုံးရိပ်များ ဆင်လာပြန်တော့သည်။ လေပြင်းမုန်တိုင်းတိုက်ခတ်စက အရှေ့တောင်အရပ်မှလာသော လေပြင်းမှာ ယခုအခါ လေကြောင်းလွှဲ၍ အနောက်အရပ်သို့ လှည့်သွားလေပြီ။ ထို့ကြောင့်လည်း ပန်းရှူးဆံမြိတ်ဖျားက အရှေ့အရပ်သို့ ငေးမျှော်ကာ အဘိုးဂျလားအား မိမိရွာသို့ ပြန်ရန် သတိပေး အော်မြည်လာတော့သည်။

သူတို့သုံးယောက်အား နှစ်နာရီကျော်ကျော်လောက် ဒုက္ခပေးလာသော လေပြင်းကို ယခုအခါ အဘိုးဂျလားတို့က တစ်ဖန် စေခိုင်းရန် အချိန် ရောက်လာပြီ ဆိုသည်ကို အဘိုးဂျလားက ချက်ချင်း သတိထားလိုက်မိသည်။ မုန်တိုင်းစဲသွားလျှင် အဏ္ဏဝါပြင်၌ လေက ငြိမ်သက်ခြင်း မက ငြိမ်သက်လာတော့မည်။ လေငြိမ်နေပြန်လျှင် လှေငယ်ကို ရွာအရောက် လှော်ခတ်သွားရမည့် ခရီးမှာ ဝေးလွန်းလှသဖြင့် နောက်တစ်နေ့ မနက်၌ပင် မိမိ ရွာဆိပ်သို့ ရောက်ရန် မလွယ်ပေ။ ထို့ကြောင့် လေပြင်းကို

http://www.cherrythitsar.org



ပြန်၍ စေခိုင်းကာ ရွာဆိပ်သို့ ယနေ့ညဦး အရောက်ပြန်ရန်ကို အဘိုးဂျလားက မိနစ်ပိုင်းအတွင်းမှာပင် ဆုံးဖြတ်ချက်ချပြီး ဖြစ်လေသည်။

လေကြောင်းကို ပို၍ သေသေချာချာ သိရအောင် အဘိုးဂျလားက ပန်းရှူးဆံမျှင်ရှည် တစ်ခုကို ဆွဲနုတ်ကာ လေထဲသို့ ပစ်တင်လိုက်သည်။ အဘိုးဂျလား ပစ်တင်လိုက်သော ပန်းရှူးဆံမျှင်ရှည်မှာ လေနှင့်အတူ အရှေ့ဘက် မိုးကောင်းကင်သို့ လွင့်ပါသွားလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လေကြောင်းမှာ ကောင်းကောင်းကြီး စိတ်ချရလေပြီ။

"ကဲ ရဟူ၊ မင်းနဲ့ ငါက လှေကို ဦးတစ်ယောက် ပဲ့တစ်ယောက် ထမ်းထားကြမယ်။ ပိုလိုက လှေပေါ်တက်ပြီး ရေပက်တော့။ တို့ရွာဆိပ် ပြန်ကြဖို့ အချိန်ရောက်ပြီ၊ လေကြောင်းကလည်း သင့်နေပြီ"

ပန်းရှူးဆံမျှင်ရှည်နှင့် ရေလှိုင်း တိုင်းတာနေသော အဘိုးဂျလား၏ အပြုအမူကို တစ်ချိန်လုံး ငြိမ်သက်၍ စိုက်ကြည့်နေကြသော ပိုလိုနှင့် ရဟူတို့မှာ အဘိုးဂျလား၏ စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်ကာ အသက်ဝင်လာကြသည်။

အဘိုးဂျလားနှင့် ရဟူက ရေထဲတွင် နှစ်ထားသော လှေငယ်ကို ဦးတစ်ယောက် ပဲ့တစ်ယောက် ရေထဲတွင် ထမ်းပေးထားကြ၏။ သူတို့နှစ်ယောက်၏ ခြေလက်နှစ်ဖက်တို့မှာ ရေထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေကြသည်။ ပိုလိုက လှေပေါ်တက်၍ လှေဝမ်းထဲက ရေတွေကို တဗွမ်းဗွမ်း ပက်ထုတ်ပစ်လိုက်သည်။ မိနစ်ပိုင်းအတွင်းမှာပင် လှေထဲ၌ ရေစင်သွား၏။ လှေငယ်ကလည်း ရေပြင်သို့ ပေါ်လာတော့သည်။

သုံးယောက်စလုံး လှေပေါ်သို့ ပြန်ရောက်ကြသောအခါ လေပြင်းမှာ တိုက်ခတ်နေတုန်းပင် ရှိသေးသော်လည်း မိုးကား စဲသွားခဲ့လေပြီ။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးမှာ မိုးသားတိမ်ရိပ်တို့က ပါးလျားသွားပြီ ဖြစ်သဖြင့် နေရောင်ခြည်ကိုလည်း မှေးမှေးပျပျ မြင်လာရပြီ။ သို့သော် နေဝန်းက မြစ်ရေပြင်ထဲ နစ်ဝင်သွားတော့မည် ဆိုသည်ကိုတော့ အဘိုးဂျလားက ကောင်းစွာ ခန့်မှန်းထားပြီး ဖြစ်လေသည်။ အရှေ့အနောက် တောင်မြောက် ရံကာနေသော မိုးကုပ်စက်ဝိုင်းတို့မှာ တဖြည်းဖြည်း ကျဉ်းကျုတ်၍ မှိုင်းချုပ်စပင် ပြုလာလေပြီတည်း။

http://www.cherrythitsar.org



"ရဟူ လှေရှက်ကို မြန်မြန်ဆင်ကွာ၊ ဒီလောက် ဒုက္ခပေးလှတဲ့လေ၊ ဒီတစ်ခါတော့ ဒင်းကို ကောင်းကောင်းကြီး ခိုင်းပစ်လိုက်မယ်"

လူသုံးယောက်စလုံးတို့မှာ နှုတ်ခမ်းတွေပြာနှမ်းကာ ချမ်းလွန်းသဖြင့် တဆတ်ဆတ် တုန်ယင်နေကြသော်လည်း အလုပ်က မအားနိုင်၊ မနားနိုင်ကြသေးပေ။ ရဟူက လှေရှက်ကို အလျင်စလို ဆင်နေသလို အဘိုးဂျုလားနှင့် ပိုလိုတို့ကလည်း တစ်နေ့လုံး ဒုက္ခပေးလာသော ငါးမန်းကြီးကို ဖမ်းဆီးနိုင်ရန် ကြိုးစားနေကြလေသည်။

ရဟူက လှေရှက်ကို ဆင်ပြီးပြီဖြစ်သော်လည်း ပိုလိုနှင့် အဘိုးဂျုလားတို့မှာ ငါးမန်းကြီးကို အကောင်အထည်ပင် မမြင်ရသေး။ မျှားကြိုးကို တဖြည်းဖြည်း ဆွဲငင်နေကြတုန်းပင် ရှိသေးသည်။

ငါးမန်းကြီးကို အကောင်အထည် မမြင်ကြရသေးသော်လည်း ငါးမန်းကြီးမိနေသောမျှားကြိုးနှင့် တစ်ဆက်တည်းဖြစ်သော မျှားချိတ်တွင် လာမိနေကြသည့် ငါးမန်းငယ်များကိုတော့ တစ်ကောင်ပြီး တစ်ကောင် လှေပေါ် သို့ ဆွဲတင်ကြရသည်။ ရှက်တိုင်ဆင်ပြီးသော ရဟူက လှေငယ်ကို ဝင်ထိန်းထားသည်။

မကြာခင်ပင် ငါးမန်းကြီး၏ ရေယပ်နှင့် အမြီးဖျားကို ထိုးထိုးထောင်ထောင် မြင်လာရသည်။ စောစောပိုင်းက အဘိုးဂျုလားနှင့် ရဟူတို့ ထိုးလွှတ်လိုက်သော မှိန်းနှစ်ချောင်းမှာ မှိန်းသွားက ငါးမန်းကြီးကိုယ်ပေါ် နစ်ဝင်စူးနေပြီး မှိန်းတံဝါးလုံး နှစ်လုံးက ရေထဲ ပေါလောမျောပါလာသည်။ မှိန်းသွားနှင့် မှိန်းတံကို ဆက်ပေးထားသောကြိုးမှာ ခိုင်လွန်းသဖြင့် ငါးမန်းကြီးက တစ်နေ့လုံး ဆွဲပြေးနေသော်လည်း ကြိုးက ပြုတ်မသွားပေ။

ငါးမန်းကြီးက လှေနှင့် နီးလာပြီ ဖြစ်ပြန်သဖြင့် ရဟူနှင့် အဘိုးဂျုလားတို့က ငါးမန်းကြီးကို မှိန်းရှည်နှစ်ချောင်းနှင့် အသင့် ချိန်ရွယ်ထားကြပြန်သည်။ သို့သော် ငါးမန်းကြီးကတော့ မည်သို့မျှ မလှုပ်နိုင်တော့ပေ။ ဤမျှ ကြီးမားသော ငါးမန်းကြီးကို တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးဘူးကြသော အဘိုးဂျုလား၊ ပိုလို၊ ရဟူ သုံးယောက်သားမှာ ငါးမန်းကြီးကို နီးနီးကပ်ကပ် မြင်တွေ့ရသောအခါ ရင်သပ်ရှုမော အံ့ဩမဆုံး ဖြစ်သွားကြလေသည်။ အံ့ဩမှုနှင့်အတူ ဝမ်းသာမှု လှိုင်းဂယက်တို့ကလည်း သူတို့၏ရင်ထဲမှာ

http://www.cherrythitsar.org



ချက်ချင်း ဘောင်ဘင်ခတ်လာကြ၏။

ငါးမန်းကြီးမှာ သုံးလံနှစ်တောင်ရှည်သော သူတို့၏ လှေထက်ပင် ရှည်လျားကြီးမားနေသဖြင့် လှေငယ်ပေါ်သို့ ဘယ်နည်းနှင့်မှ တင်မရပေ။ ဤငါးမန်းကြီးကို လှေပေါ်သို့ တင်လျှင် လှေမှာ နစ်သွားရုံသာ ရှိလေမည်။ ထို့ကြောင့် လှေပဲ့နောက်တွင် ငါးမန်းကြီးကို ဆွဲချိတ်ကာ ရေမျှောထား လိုက်ရသည်။

"ကဲ အဘ လေပြင်းနေတုန်း ရွက်တင်လိုက်တော့မယ်"

"အေး အေး တင်လိုက်တော့"

ဖျတ်ခနဲ လှေရွက်ကို လေလာတိုးသံနှင့်အတူ ရွက်ကြိုးနှစ်ပင်မှာ လည်း ချက်ချင်း တင်းတင်းရင်းရင်း ဖြစ်သွားလေသည်။

အဘိုးဂျလားသည် ပိုလို လက်ထဲမှ ရွက်ကြိုးနှစ်ပင်နှင့် ပဲ့ကိုင် တက်မကို ပြောင်းယူလိုက်သည်။ ဘေးမှန် နပ့်ကြိုးတစ်ပင်နှင့် လှေရွက်ကို အဘိုးဂျလားက ဆောင့်ဆွဲလှည့်လိုက်သောအခါ လှေဦးမှာ စက္ကန့်ပိုင်း အတွင်းမှာပင် ကမ်းရိုးတန်းဘက်သို့ လှည့်လာသည်။

လေသင့် ရေသင့် ဖြစ်နေသော အဘိုးဂျလားတို့၏ တံငါလှေကလေး မှာ ရှေ့က ကာဆီးနေကြသော အိမ့်လှိုင်းလုံးကြီးများကို ဗြန်းခနဲ ဗြန်းခနဲ ခွဲဖြတ်ပြီး ကမ်းရိုးတန်းဘက်ဆီသို့သာ တရိပ်ရိပ် ပြေးလွှားလာနေသည်။ သူတို့၏ လှေဦးမှ ရေပန်းရေမွှားများ လွင့်စဉ် ကျန်ရစ်ခဲ့ကြသည်တို့ကို မြင်နေရသည်မှာ စစ်အောင်ပွဲမှ ပြန်လာသော တိုက်ရေယာဉ်တစ်စင်း၏ မာန်ဟုန်ကို ဆောင်လာသလိုပင်တည်း။

အဘိုးဂျလား၊ ပိုလို၊ ရဟူ သုံးယောက်တို့သည် သက်ငယ်ခေါင်းချ အချိန်မှ ရွာဆိပ်ကမ်းသို့ ရောက်လာကြသည်။ ပင်လယ်သမုဒ္ဒရာထဲတွင် လေပြင်းမုန်တိုင်းမိကာ သေလေပြီဟု ထင်နေကြသော သားမယား မိဘ ညီအစ်ကို မောင်နှမ ဆွေမျိုးများက သူတို့ ပြန်ရောက်လာကြသဖြင့် ဝမ်းသာမဆုံး ရှိနေကြသည်။ ရွာသူရွာသားတွေကတော့ ဧရာမငါးမန်းကြီး တစ်ကောင်ကို မိုးထဲ လေထဲ မုန်တိုင်းထဲက ချည်ပြီး တုပ်ပြီးသား ဖမ်းလာ နိုင်ကြသဖြင့် သူတို့ သုံးယောက်အား သူရဲကောင်းကြီးများပမာ ရင်သပ် ရှုမော အံ့သြမဆုံး ဖြစ်နေကြလေသည်။ သူတို့သုံးယောက်၏ ဇွဲလုံ့လ

http://www.cherrythitsar.org



ဝီရိယ အားမာန်တို့ကိုလည်း ဂုဏ်ပြုချီးကျူးစကား ဆိုကြသည်။ သူတို့၏ အောင်မြင်ခဲ့သော အောင်ပွဲမှာ မိမိတို့ ရွာတွင်သာမက ရွာနီးချုပ်စပ် တစ်ဝိုက်မှာပင် ဂယက်ရိုက်နေမည်မှာ မုချပင် ဖြစ်လေသတည်း။

❀ ❀ ❀

http://www.cherrythitsar.org



http://www.cherrythitsar.org

# ဤတော ဤတောင် ဤအကောင်တွေ

ဝသန္တ၏ ဆေးသားများ ပါးလျားစပြုလာသော မိုးနှောင်းကာလ တစ်ညနေတွင် တောင်ယာမှ ပြန်လာသော ပရမ်ကွမ်း ဆိုသူသည် သူတို့ တစ်ရွာလုံး မကြာခင် ကြုံတွေ့ကြရတော့မည့် ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီး၏ အတိတ်နိမိတ် စကားတစ်ခုကို ရွာလယ်တွင် စတင် ဖောက်ခွဲ ပြောကြား လိုက်လေ၏။

"တို့ တောင်ယာနားက ဝါးရုံတွေ ဒီနှစ်မှ ထူးထူးဆန်းဆန်း အဖူး တွေ ထွက်လာတာ မြင်ခဲ့ရတယ်ဗျို့"

"ဟင် ဟုတ်လား"

ပရမ်ကွမ်း၏ စကားကို ရွာသားကြီး တစ်ယောက်က ထပ်မေး သည်။

"ဟုတ်တယ်ဗျာ့၊ အဖူးတင် မကဘူး၊ တချို့ အပင်တွေဆို အပွင့် တောင် ပွင့်နေကြပြီ"

"ဟာ ဒါဆို၊ အဲဒါ ဝါးသုဉ်းတယ် ခေါ်တယ်ကွယ့်"

"ဟုတ်လား၊ ဝါးသုဉ်းတော့ ဘာဖြစ်လဲ"

ဝါးသုဉ်းသည် ဆိုသော ဝေါဟာရကို မကြားဖူးဘူးသူ တစ်ယောက်က ထပ်မေး၏။

"ဝါးသုဉ်းရင် ရွာပျက်တတ်တယ်တဲ့ဗျ"

http://www.cherrythitsar.org



"ဟင် မဟုတ်က ဟုတ်က၊ မင်းကို ဘယ်သူပြောလဲ"

"နတ်ဆရာကြီး ဇောင်ဂရမ်က ပြောဖူးတယ်။ ဝါးပင်တွေဟာ နှစ်ငါးဆယ် ခြောက်ဆယ်လောက် အကြာမှာ တစ်ခါစီ သုဦးတတ်တယ်တဲ့။ အဲသလို ဝါးတွေလည်း သုဦးရော တို့ကချင်ရွာတွေလည်း ပျက်ရောတဲ့"

"မဟုတ်သေးပါဘူးကွာ၊ ဝါးသုဦးတာနဲ့ ရွာပျက်ရမယ်လို့။ ဘာလို့ ပျက်တယ်ဆိုတာ"

"အဲဒါတော့ ငါလည်း မသိဘူးလေ"

"အလကား နတ်ဆရာတွေစကားပါကွာ"

"ဟေ့ကောင် အလကား မပြောနဲ့၊ ဝါးသုဦးရင် ရွာပျက်တယ်ဆိုတာ ဖြစ်နိုင်တယ်ဟ၊ ငါတော့ ယုံတယ်"

တစ်ယောက်က ဝင်ပြောပြန်၏။

"ဟင် မင်းဟာက ဘယ်လို ဖြစ်နိုင်လို့လဲ ပြောစမ်းပါဦး၊ မင်း ဘယ်လိုကြောင့် ယုံလဲ"

"ဒီလိုလေကွာ၊ ဝါးသုဦးတယ်ဆိုတော့ ဝါးတွေအားလုံး သေကုန်ကြတော့မှာပေါ့။ ငါတို့ ကချင်အိမ်တွေ ဆိုတာက အများဆုံး ဝါးကိုပဲ သုံးကြတယ် မဟုတ်လား။ အဲဒီတော့ ဝါးတွေ သုဦးကုန် ပြုန်းကုန်လို့ မရှိတော့ဘူးဆိုရင် ဒီအရပ်မှာ အိမ်ဆောက်လို့ မရတော့ဘူးပေါ့။ သုဦးသွားတဲ့ ဝါးပင်တွေက ဝါးသီးတွေ အပင် ပြန်ပေါက်လာဖို့ကလဲ အနည်းဆုံး လေးငါးနှစ်တောင် စောင့်ကြရဦးမှာဆိုတော့ ဒီအရပ်မှာ နောက်ထပ် အိမ်ဆောက်စရာ ဝါးမရှိလို့ ရွာဖျက်ပြောင်းကြရတော့မယ်လေ။ အဲဒါပြောတာ နေမှာပေါ့"

"အေး မင်းပြောတာ ဖြစ်နိုင်တယ်"

ပရမ်ကွမ်း၏ စကားကို စတင် ကြားကြတော့မှ ရွာရှိသမျှ လူတွေမှာ မိမိတို့ တောင်ယာနားရှိ ဝါးပင်ဝါးရုံများကို သတိထား ကြည့်မိကြသည်။

မှန်သည်။ ပရမ်ကွမ်းတို့ တောင်ယာနားမှာကဲ့သို့ သူတို့ တောင်ယာနားရှိ ဝါးပင်များမှာလည်း တစ်ရက် နှစ်ရက် အတွင်းမှာပင် အဖူးအပွင့်တွေ ထွက်လာကြလေသည်။

http://www.cherrythitsar.org



နောက်တော့ တောင်ယာနားရှိ ဝါးရုံဝါးချုံများ၌သာ မဟုတ်၊ ရွာနား အိမ်နားရှိ ဝါးရုံ ဝါးချုံများ၌လည်း ဝါးဖူးဝါးပွင့်များကို ဆက်တိုက် မြင်လာကြရလေသည်။

သို့သော် ဤ ဝါးဖူးဝါးပွင့်များနှင့်အတူ သူတို့ရွာကို တစ်နေ့နေ့မှာ အန္တရာယ်ဆိုး ကပ်ဆိုးကြီး တစ်ခု ကျရောက်လာမည် ဆိုသည်ကိုတော့၊ ထိုစဉ်က မည်သူ တစ်ဦးတစ်ယောက်မျှ မတွေးတော မစဉ်းစားမိခဲ့ကြပေ။

မကြာခင်မှာပင် တောင်ယာနား၊ ရွာနားရှိ ဝါးရုံ ဝါးတောများ၌သာ အဖူးအပွင့်တွေ ထွက်လာကြသည် မဟုတ်၊ သူတို့ ရွာနားဝန်းကျင်နှင့် တကွ ဝေးလံသီခေါင်လှသော ဟူဂလီတောင်ကြော၊ တောင်ချိုင့်၊ ချိုင့်ဝှမ်း၊ လျှိုမြောင်ရှိ ဝါးတောကြီးတွေ မှန်သမျှ၌လည်း အဖူးအပွင့်တွေက ရက်ပိုင်းအတွင်း ဖွေးဖွေးလှုပ်လာကြလေသည်။

သည်လိုနှင့် ဝါးဖူးဝါးပွင့်များသည် လပိုင်းအတွင်းမှာပင် လက်ညှိုးလက်မ ဝါးသီးလေးတွေ ဖြစ်လာကြ၏။ ကြုံတောင့်ကြုံခဲ နှစ်ငါးဆယ် ခြောက်ဆယ်ကြာမှ တစ်ခါ မြင်ဖူးကြုံဖူးကြသော လက်ညှိုးလက်မ ဝါးသီးများကို တချို့က စမ်းသပ်ကြည့်သည့် သဘောနှင့် ဖုတ်၊ ပြုတ် စားကြည့်ကြသည်။

သူတို့ စားနေကျ ပိန်းဥ၊ မျောက်ဥများနှင့် စာလျှင် ဝါးသီး၏ အရသာမှာ စေးစေးပိုင်ပိုင်နှင့် အလွန်တရာ စားကောင်းလှကြောင်း တစ်ယောက်ကစ၍ ပြောကြားလိုက်ရာ တစ်ရွာလုံးရှိ လူတွေမှာ ပေါများလှသော ဝါးသီးများကို တစ်ရွာလုံး ပြုတ်၊ ဖုတ်ပြီး စားကြပြန်လေသည်။

အချို့ ယောကျာ်းလေးများကမူ ဝါးသီးများကို ပြုတ်ဖုတ်စားခြင်း အားဖြင့် တစ်ကိုယ်လုံးရှိ အားဟူသမျှ အကုန် တိုးသည်ဟုလည်း ပြောင်ပြောင်နောက်နောက်နှင့် ပြောလာကြပြန်၏။

အမှန်မှာ ဝါးသီးတွင် မည်သို့သော ဟော်မုန်းဓာတ်များ ပါသည်ကို သူတို့ မသိကြသော်လည်း ယောကျာ်းများအတွက် အားဆေးတစ်လက် ဖြစ်သည်ကတော့ အမှန်ပင်ဟု သူတို့ တစ်ရွာလုံး လက်ခံယုံကြည်ကုန်ကြပြန်သည်။ တချို့ကဆိုလျှင် သူတို့ မိရိုးဖလာ သုံးစွဲလာခဲ့ကြသော ခမ်းတောက်မြစ်၊ မချစ်ဥများထက်ပင် ယောကျာ်းတွေ၏ အားကို သန်စွမ်းစေ

http://www.cherrythitsar.org



သည်ဟု ဆိုကြပြန်သည်။ သည်လိုနှင့် တစ်ရွာလုံး ဝါးသီးတွေကို ပြုတ်ဖုတ်စားကြလေသည်။

သူတို့ ရွာရှိ လူတွေ မည်မျှစားစား သူတို့ ရွာနားဝန်းကျင်နှင့် တစ်ကြောတည်း တစ်ဆက်တည်း ရှိနေသော ဟူဂလီ တောင်ကြော၊ ချိုင့်ဝှမ်း၊ လျှိုမြောင်မှ ဝါးသီးများကား သူတို့ တစ်ရွာလုံး ရှိရှိသမျှ လူများ တစ်သက်စား၍ပင် မကုန်နိုင်လောက်အောင် ဝါးတောကြီးတွေမှာလည်း ကြည့်မဆုံး၊ မြင်မဆုံး ကျယ်ပြောလှလေသည်။ ထို့ကြောင့်လည်း တစ်လ နှစ်လ ကြာသောအခါတွင် ဝါးသီးများမှာလည်း ရင့်ရော်လာပြီဖြစ်ရာ ထိုအခါမှ သူတို့မှာလည်း အလိုလို ဝါးသီးစား ရပ်သွားကြလေသည်။

* * *

ဂိမှာန်၏ ပူပြင်းခြောက်သွေ့သော နွေလတစ်ရက် ဖြစ်သည်။

ကူပွန်ရွာပေါ် သို့ အလွန် သေးငယ်မှုန်မွှားသော မီးကျွမ်းပြာများ စတင် ကျလာသည်ကို မည်သူမျှ တိတိကျကျ မသိလိုက်ကြ။ ဤ သေးငယ်မှုန်မွှားသော မီးကျွမ်းပြာများသည် သတိထားစရာ၊ စကားအရာ ထည့်ပြောစရာ ဟူ၍လည်း မည်သူကမျှ မထင်ခဲ့ကြ။ အကယ်၍များ တစ်စုံတစ်ယောက်က သတိထားမိ၍ ကူပွန်ရွာပေါ် သို့ ထိုမီးကျွမ်းပြာစများ ကျသည့်ကိစ္စ ပြောမိလျှင်လည်း ထိုပြောသူကား အများ ရယ်စရာသာ ဖြစ်ပေလိမ့်မည်။

တောတောင်ကန္တာရ တစ်နေရာရာ၌ တောမီးလောင်၍ မီးကျွမ်းပြာများ ရွာပေါ် ကျလာသည်မှာ သူတို့ဆီ၌ ဘာမှ မဆန်းပေ။ နှစ်စဉ်နှစ်တိုင်း အနည်းနှင့်အများ ဆိုသလို တောင်ယာများ မီးရှို့ချိန်၌လည်း မီးကျွမ်းပြာများသည် ယခုကဲ့သို့ ရွာပေါ် ကျစမြဲပင်။

ထို့ကြောင့် မီးကျွမ်းပြာများ ရွာပေါ် ကျလာသည်ကို အစကမူ မည်သူ တစ်ဦးတစ်ယောက်မျှ စကားအရာလုပ်၍ မပြောကြ၊ သတိလည်း မထားမိလိုက်ကြပေ။

သို့သော် ဤတစ်ခါတော့ ဆိုးရွားကြောက်မက်ဖွယ်ရာ ကောင်းလှသော အန္တရာယ်ဆိုးကြီး တစ်ခုသည် ဤမှုလောက်စရာ မရှိသော မီးကျွမ်း

http://www.cherrythitsar.org



ပြာများနှင့်အတူ သူတို့ရွာဆီသို့ ဦးတည်လာနေပြီ ဆိုသည်ကို ထိုအချိန်က မည်သူ တစ်ဦးတစ်ယောက်မျှ မတွေးမိကြသေး။

သည်လိုနှင့် တစ်နေ့ လွန်သွားလေ၏။

* * *

လင်းကြက် တွန်သံများနှင့်အတူ ကူပွန်ရွာလေးသည် နိုးထလာ၏။ လူများသည် မိမိအလုပ်နှင့် မိမိ ဥဒဟို သွားလာစ ပြုကြလေ၏။

ရွာလယ်လမ်း ဟူ၍တော့ သတ်သတ်မှတ်မှတ် မရှိ။ သူ့အိမ်နှင့် ငါ့အိမ်က အလှမ်းဝေးသည်။ တစ်အိမ်နှင့် တစ်အိမ် လှမ်းခေါ်၊ လှမ်းပြောရသည်။ တောင်ပေါ်ရွာတို့၏ ထုံးစံအတိုင်း သစ်ပင် ဝါးပင်များကြားထဲတွင် အိမ်ဆောက်ထားကြသည်။

မနက် မိုးလင်း၍ အိပ်ရာက ထလာကြသူတိုင်း မီးကျွမ်းပြာများကိုသာ စတင် တွေ့ကြမြင်ကြရသည်။ အိမ်ရှေ့က သစ်ရွက်ခြောက်များပေါ်တွင် မီးကျွမ်းထားသော ပြာများ ဖွေးဖွေးဖြူနေလေသည်။ သတိထားမိသူတွေက ဟိုကြည့်သည်ကြည့်နှင့် သတိထားစ ပြုလာကြ၏။

မီးကျွမ်းပြာများသည် သစ်ပင်ကိုင်းခက်၊ သစ်ရွက်ကြွေများပေါ်၌သာ မဟုတ်၊ အိမ်ခေါင်မိုးများပေါ်မှာလည်း ဖွေးဖွေးဖြူ၍ တင်နေကြသည်။

သို့သော် ထိုမီးကျွမ်းပြာများကို အရေး မထားမိကြသေး။ ရေးကြီးခွင်ကျယ် ပြောစရာဟုလည်း မထင်ခဲ့ကြသေး။ သို့နှင့် တစ်နေ ဝင်သွားပြန်၏။

ဝေးလံသီခေါင်သော အရပ်မှ လေနှင့် လွင့်ပါလာသော မီးကျွမ်းပြာများကား ကူပွန်ရွာပေါ်သို့ တစ်ညလုံး တစ်နေ့လုံး ကျနေဆဲတည်း။

* * *

“ဟယ် ပြာတွေကလည်း ဆောင်းတွင်း နှင်းသီးနှင်းပေါက်တွေ ကျသလိုပါပဲကလား”

သူ့အိမ်ခေါင်မိုးပေါ် ကျနေသော မီးကျွမ်းပြာများကို ငေးကြည့်၍

http://www.cherrythitsar.org



နံနက်အိပ်ရာထမှာ အိမ်ရှင် အမျိုးသမီးကြီး တစ်ယောက်က ညည်းတွား ရေရွတ်လိုက်သည်။

"အေးဗျာ အိမ်ခေါင်မိုးပေါ် ရော၊ သစ်ပင်ဝါးပင်တွေပေါ် ရော မီး ကျွမ်းပြာတွေ ဖွေးဖွေးလှုပ်နေတာပဲ"

ဟိုက သည်က သူ့အိမ် ငါ့အိမ်မှ အမျိုးသား အမျိုးသမီးများ ကျွက်စီကျွက်စီ ဖြစ်လာကြ၏။ သူတို့သည် မိုးပေါ် မော့ကြည့်ကြသည်။ မြေပြင်ကို ငုံ့ကြည့်ကြသည်။

မီးကျွမ်းပြာများကို မိုးပေါ် မှာ လွင့်၍ မြင်နေရသလို မြေပြင်မှာ လည်း ဖွေးဖွေးထ၍ မြင်ကြရ၏။ ရွာပြင် ရွာတွင်း မြေပြင်ဟူသမျှ မီးကျွမ်း ပြာတွေနှင့် ထုတက်နေ၏။ ကျနေဆဲ မီးကျွမ်းပြာများကလည်း မိုးပေါ် တစ်ခွင်တစ်ပြင်၌ လွင့်မျောလာနေကြဆဲ၊ ဖွေးဖွေးလှုပ်လာနေကြဆဲ။

မည်သူ တစ်ဦးတစ်ယောက်ကမျှ သတိမထား၍ မရကြတော့။ မြေပြင်တွင် ထုတက်နေသော ပြာမှုန့်တွေကို ခြေနှင့် နင်းကြည့်ကြ၏။ ပြာပေါ် တွင် ခြေရာတွေ တစ်လက်မကျော်ကျော် နစ်ဝင်ပြီး ထင်နေ၏။ လူကြီးတွေက အထူးအဆန်းလို စကားအရာလုပ်၍ ပြောလာကြ၏။

ကလေးများသည် ပြာမှုန့်များကို စုစည်းကြသည်။ ခြေလက်တို့ကို ပြာပုံထဲ ထိုးနှစ်၍ ဆော့ကစားနေကြသည်။ ထူးထူးဆန်းဆန်း ပြာမှုန့်များ ကြောင့် သူတို့ ကစား၍ ပျော်နေကြသည်။

ကလေးများက ကြောက်ရလန့်ရမှန်း မသိကြဘဲ ပျော်နေကြသလို လူကြီးများကလည်း ဤ မီးကျွမ်းပြာများသည် သူတို့ရွာအား အကြီး အကျယ် ဒုက္ခပေးလာတော့မည့် ရှေ့ပြေးအတိတ်နိမိတ် တစ်ခု ဖြစ်သည် ကို မည်သူ တစ်ဦးတစ်ယောက်မျှ ယခုအချိန်ထိ မရိပ်မိကြသေး။

* * *

ရပ်ဓလေ့ ရွာဓလေ့အရ စူးစမ်းလိုသူ လူငယ်လူလတ်အချို့ ဝါရင့် သက်ကြီးပုဂ္ဂိုလ် ရွယ်အိုများကို ရွာထဲ မီးကျွမ်းပြာများ ထူးထူးဆန်း ဆန်း ကျလာခြင်းနှင့် ပတ်သက်၍ မေးမြန်းကြသည်။

"ဟာ မီးကျွမ်းပြာတွေ ကျလာတာ တစ်တောတော တစ်တောင်

http://www.cherrythitsar.org



တောင်မှာ တောင်ယာမီးရှို့နေလို့ပေါ့ကွ၊ ဘာဆန်းတာမှတ်လို့"

လူကြီးအချို့က ခပ်ပေါ့ပေါ့ပင် ပြော၏။

သူတို့ ပြောသည်ကိုလည်း အပြစ်တော့ မဆိုသာ။ ရာသီမှာ တောင်ယာများ မီးရှို့ချိန် တန်ခူးကာလ နွေသမယ ဂိမှာန်၏ အပူပြင်းဆုံး ကာလ။

"တောင်ယာ မီးရှို့ရုံနဲ့တော့ ဒီလောက် မီးကျွမ်းပြာတွေ များပါ့မလား"

တစ်ညလုံး တစ်နေ့လုံး ရွာပေါ် မီးကျွမ်းပြာများ တဖြောက်ဖြောက် ကျနေသည်ကို စိတ်ထဲ မသင်္ကာသော ရွာသားတစ်ယောက်က တောင်ယာ မီးရှို့တာ မဖြစ်နိုင်ဟု ဝေဖန်တီက ပြုလာသည်။

"တောမီးလောင်တာကွ၊ တောမီးလောင်နေတာ"

အလကား မီးကျွမ်းပြာတွေ ကျသည်ကိုပင် ရေးကြီးခွင်ကျယ် ပြောနေသူအား စိတ်မရှည်သူ လူကြီးတစ်ယောက်က အော်ပစ်လိုက်သည်။

"တောမီးကြီး အနီးအနား လောင်ရင် နေ့မမြင်ရတောင် ညည မြင်ရမှာပေါ့ဗျ။ ကျုပ်တို့ လွယ်ခေါ်တောင်တန်းကြီးပေါ် တောမီးလောင် တုန်းက ဟူးကောင်းချိုင့်ဝှမ်းကြီး တစ်ခုလုံး ညဆို ထိန်ထိန်ကို လင်းနေတာ ပဲ။ ကျုပ်တို့ ကူပွန်ရွာဆို အပ်ချထားတာတောင် ကောက်လို့ ရနိုင်တယ်"

"ဩော်. . . အဲဒီတုန်းက မင်း အပ်ချပြီး တကယ်ကော ကောက် ကြည့်ဖူးလို့လား"

အရွဲ့တိုက်ပြောမှန်း သိသဖြင့် အပြောခံရသူက စိတ်တိုသွား သည်။ "ဥပမာ ပြောတာဗျ၊ ဥပမာ ပြောတာ"ဟု ပြန်အော်လိုက်၏။

"အေး ခုလည်း ဥပမာပြောတာကွ၊ ဟိမဝန္တာတောင်ကို မီးလောင် လို့ တို့ရွာကို မီးကျွမ်းပြာတွေ ဒီလောက် အဆက်မပြတ် ကျနေတာ မောင် ရေ၊ မသေမချင်း မှတ်ထား"

"တော် တော်ဗျာ"

"ဟား ဟား ဟား"

ရွာတွင် အပြောင်အပြက် ပြောတတ်ကြသူတွေနှင့် မီးကျွမ်းပြာ ကိစ္စ တဝါးဝါး ပွဲကျသွားကြသည်။

http://www.cherrythitsar.org



ယခုထိ ဤ မီးကျွမ်းပြာများသည် သူတို့ရွာကို မကြုံစဖူးသော အန္တရာယ် တစ်ခုခု ပေးလာတော့မည့် ရှေ့တော်ပြေး အတိတ်နိမိတ်ပါလား ဆိုသည်ကိုလည်း မည်သူကမျှ မတွေးမိကြသေး။ နောက်၍ ပြောင်၍သာ တဝါးဝါး ပွဲကျနေကြလေ၏။

* * *

"ကြာရင်တော့ ကျုပ်တို့ တစ်ရွာလုံးကို ပြာတွေများ ဖုံးသွားမလား မသိဘူးဗျို့။ ခုတောင် အိမ်ခေါင်မိုးပေါ်က ပြာတွေကို တက်ပြီး ကျုံးပစ် ယက်ချဦးမှ၊ ကြာရင် ပြာထုတွေ လေးလာလို့ အင်ဖက်သက်ငယ်တွေ ပေါက်ပြဲပြီး ထုပ်လျောက်၊ ဒိုင်း၊ မြားတွေတောင် ကျိုးကျမှာ စိုးရတယ်ဗျ"

ရွာသားကြီး တစ်ယောက်သည် သူ့အိမ်ခေါင်မိုးပေါ် မော့ကြည့်ရင်း နံနက်ထ၍ အမင်္ဂလာစကားအဖြစ် ညည်းတွား၏။

"အေးဗျာ ဒုက္ခပဲ။ စိမ့်ခူးဝမ်းဘက်မှာ ဆောင်းတွင်း နှင်းခဲ နှင်းဖတ်တွေ ကျနေတာထက်တောင် ထုထည်ကြီးနေပါလား။ ကြာရင် ခေါင်မိုးပေါ်မှာ ပြာကျီးပေါင်း တက်သွားမှာတောင် စိုးရိမ်နေရတယ်။ အပေါ် တက်ပြီး မီးကျွမ်းပြာတွေကို ကျုပ်လည်း ကျုံးယက်ချဦးမှ။ ကျုပ်အိမ်က နှစ်ကြာလို့ ဆွေးနေပြီ၊ သိပ် စိတ်မချရဘူး"

ပထမ ရွာသားကြီး၏ စကားကို ဒုတိယ ရွာသားကြီးကလည်း ထောက်ခံစကား ဆိုလာပြန်သည်။

ဤ နံနက်မှာတော့ ကူပွန် တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြလေပြီ။ မီးကျွမ်းပြာများကို မည်သူမျှ သတိမပြု၍ မရတော့။ သတိမမူဘဲ မနေရဲကြတော့။ မီးကျွမ်းပြာများကြောင့် တစ်ရွာလုံး အလုပ်ရှုပ်ကြတော့သည်။ မီးကျွမ်းပြာများသည် သူတို့၏ တစ်ရွာလုံးကို စတင်၍ ဒုက္ခပေးနေလေပြီ။

ညက တစ်ညလုံး ကျလာပြီး ခေါင်မိုးပေါ် တင်နေသော မီးကျွမ်းပြာများကို တက်၍ ယက်ချ ကျုံးချကြသည်။ အိမ်နိမ့်သူများကမူ အိမ်ခေါင်မိုးပေါ် မတက်ဘဲ အိမ်အောက်ကပင် သစ်သားပြားတွေနှင့် လှမ်းကော် ယက်ဖပ်ချနေကြရသည်။ အချို့ သက်ငယ်မိုး၊ ဖက်မိုး အိမ်တွေမှာ

http://www.cherrythitsar.org



ပေါက်ပြဲကုန်သည်။ ဝါးကပ်မိုးအိမ်တွေမှာ ဝါးကြား အမိုးကြား ပြာမှုန့်တွေ ဝင်ကုန်သဖြင့် တုတ်နှင့် ကလော်ထုတ်ချကြရသည်။

သူတို့အရပ်က အိမ်များသည် မိုးများဒေသ ဖြစ်သဖြင့် ခေါင်မိုး စောက်၏။ အိမ်တွေ အားလုံးမှာ တောင်ခြေကုန်းစောင်းတွင် ဆောက် ထားကြသည်။ တခြားအရပ်က အိမ်များလို စတုဂံပုံစံများ မဟုတ်။ အဝိုင်း ပတ်လည် ဝန်းဝန်း ဖြစ်သည်။ တိုင်မကြီး တစ်လုံးကို ဗဟိုပြု၍ လေးဖက် လေးတန်ကို အခြင်ထုပ်လျှောက်ထိုးချထားခြင်း ဖြစ်လေသည်။

ဤသို့ ဆောက်လုပ်ထားကြခြင်းမှာ ဒေသ၏ ရာသီဥတုနှင့် ကိုက် ညီသည်။ နှင်းခါးအရိုက်လွန်ပြီး မိုးများသော အရပ် ဖြစ်သဖြင့် အိမ်ဝိုင်း အာခေါင်စောက်မှ မိုးလုံ နှင်းလုံ လေလုံသည်။ အကာကိုမူ အုတ်စိမ်းဟု ခေါ်သော ရွှံ့စေးကို မဖောက်ထုံး၊ အင်တွဲ၊ ပွေးညက်၊ သစ်စေး၊ အခေါက် အခွံတို့နှင့် ရောနယ်ကြိတ်ခြေ၍ မြေစေးလက်လုပ်အုတ်ကို ကာကြသည်။ ဥပမာ ပြောရလျှင် မြောက်ဝင်ရိုးစွန်းမှ အက်စကီးမိုး လူမျိုးများ၏ အိမ်ပုံစံ များနှင့်ပင် တူလှသည်။

သူတို့အရပ်ကလည်း မြန်မာနိုင်ငံ၏ မြောက်ဘက်ဖျား အစွန်ဆုံး အရပ်။ တစ်ဖက်နိုင်ငံ အိန္ဒိယနိုင်ငံနှင့် ပိုနီးသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကို ဆက်သွယ်ဖောက်လုပ်ဖူးသော နာမည်ကျော် လီဒိုလမ်းမကြီးနှင့် သာနီးသည်။ တောတောင် အလွန် တရာ ထူထပ်သော ဟူးကောင်းတောင်ကြား ချိုင့်ဝှမ်းဒေသ။

မြန်မာနိုင်ငံမှ တနိုင်း၊ ပူတာအိုတို့နှင့် ဝေး၍ အိန္ဒိယနိုင်ငံမှ အဇာ ပရာချ် အင်ဖာဘက်သို့သာ ပိုနီးသည်။ အိမ်ခြေ ငါးဆယ်ကျော် ရှိသော တစ်ရွာလုံးတွင် ပထန်လူမျိုး တစ်ဝက်နီးပါးခန့် ရှိသည်။ ထို့နောက် တိဗက် မျိုးနွယ်များ၊ ရဝမ်၊ ဒလောင်နှင့် မီဆို လူမျိုးတို့ နေထိုင်ကြသည်။

ရွာနာမည်မှာ 'ကူပွန်'ဟူသော ဒလောင်စကား ဖြစ်သည်။ ခရိုင် မြို့ဖြစ်သော ပူတာအိုနှင့် မိုင်ပေါင်း လေးငါးဆယ်ကျော် ဝေးသည်။ တော တောင် အလွန်တရာ ထူထပ်သည်။ ရွာပတ်ဝန်းကျင်တွင် ဝါးတောကြီး များနှင့် သစ်တောကြီးများက ဟီးထနေသည်။

ကူပွန်ရွာတွင် လူမျိုးစု မျိုးနွယ်များ သုံးလေးမျိုး ရှိကြသော်လည်း

http://www.cherrythitsar.org



စည်းလုံးညီညွတ်ကြသည်။ တစ်မျိုးနှင့် တစ်မျိုး၊ တစ်ဦးနှင့် တစ်ဦး ကူညီ ရိုင်းပင်းမှု ရှိကြသည်။ သူကြီးအုပ်ချုပ်သောရွာ ဖြစ်သည်။

သူတို့သည် လူး၊ ဆတ်၊ ပြောင်းနှင့် တောင်ယာ ဆူးထိုးစပါးစိုက် ခြင်း၊ နွေလတွင် သစ်မွှေး၊ ဂမုန်း၊ ကရဝေး၊ နွယ်ချိုရှာခြင်း၊ သားကောင်များ ပစ်ခတ် ဖမ်းဆီးခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြလေသည်။

* * *

ရွာသားကြီး တစ်ဦး၏ အသံသည် တိတ်ဆိတ်နေသော ညကို လှန့်နှိုးလိုက်သလို ရှိသည်။

ထိုရွာသားကြီးသည် မိမိအိမ်နှင့် အနီးကပ်ဆုံး အိမ်မှ ရွာသားကြီး တစ်ဦးကို ခေါ်နှိုးသည်။ ခေါ်နှိုးခံရသူ ရွာသားကြီး နိုးလာ၏။ အိမ်ရှေ့မှ အထိတ်တလန့် လာခေါ်နေသဖြင့် တစ်အိမ်သားလုံး နိုးကုန်ကြသည်။

ချောက်ချား ထိတ်လန့်ဖွယ်ရာကောင်းသော ညသည် ဤသည်က စလေသည်။

"ဘာလဲဗျ၊ ဘာဖြစ်လို့လဲ"

အခေါ်အနှိုးခံရသူ ရွာသားကြီးက လာနှိုးနေသူ ရွာသားကြီးကို မေးသည်။

"ဒီအသံတွေလေဗျာ၊ ခင်ဗျား သတိမထားမိဘူးလား။ ကျုပ်တော့ ညဦးကပဲ ကြားနေမိတာပဲ။ ဒါပေမဲ့ ညဦးက ဒီလောက် မကျယ်သေးဘူး။ ခု တဖြည်းဖြည်း ပိုကျယ်လာတယ်။ စောစောက ခင်ဗျားကို ကျုပ် နှိုးတုန်းကနဲ့ ခုနဲ့တောင် မတူတော့ဘူး။ တဖြည်းဖြည်း ကျယ်ကျယ်လာ တယ်လေ၊ ခင်ဗျား သတိထား နားထောင်ကြည့်စမ်းပါ"

ရွာသားကြီးသည် ရုတ်ခြည်း နားစွင့်မိ၏။

မှန်သည်။ ထူးဆန်းသော အသံတစ်ခု မြည်လာသံကို ကြားရ သည်။ သူ့တစ်သက်တာ၌ အမှန်ပင် တစ်ခါမျှ မကြားဖူးဘူးသော ထူးထူး ဆန်းဆန်း အသံ။ ဝေးလံသော အရပ်က လာနေသလို ကြားနေရသော တဝေါဝေါ တသောသော မြည်လာသံ။

"အေး ဟုတ်တယ်ဗျ။ ဘာသံပါလိမ့်။ ဟိုတုန်းကလည်း ဒီအသံမျိုး

ပညာရွှေတောင်စာအုပ်တိုက်

http://www.cherrythitsar.org



တစ်ခါမှ မကြားဖူးပါဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ သစ်တောကို အဆက်မပြတ် လေတိုးသံတော့ မဟုတ်နိုင်ပါဘူးဗျာနော်"

"သစ်တောကို လေတိုးသံ မဟုတ်ပါဘူးဗျာ၊ သစ်တောကို လေတိုးသံက ဒီလိုမှ မဟုတ်တာ။ ပြီး လေကလဲ ဒီရာသီမှာ ဒီလောက်ကြာကြာ ဘယ်တိုက်လိမ့်မတုန်း၊ တကယ်လို့ လေပြင်းကျလာသံဆို ခုလောက်ကြာရင် ကျုပ်တို့ရွာ လေကျပြီးရောပေါ့"

သည်လိုနှင့် တစ်ယောက်ပြီး တစ်ယောက် တစ်အိမ်ပြီး တစ်အိမ် ခေါ်နှိုးလိုက်သည်မှာ တစ်ရွာလုံးရှိ ကလေးတွေပါမကျန် အကုန် လန့်နိုးကုန်ကြလေသည်။ တစ်ရွာလုံး တုန်လှုပ်ချောက်ချားကာ စိုးရိမ်ထိတ်လန့်ကုန်ကြသည်။

သူတို့ တစ်သက်တာတွင် တစ်ခါဖူးမျှ မကြားဖူးဘူး မကြုံဖူးဘူးသော ထူးထူးဆန်းဆန်း အော်မြည်လာသံကြောင့် အိမ်ခြေငါးဆယ် ကျော်ရှိသော ရွာတွင် မည်သူ တစ်ဦးတစ်ယောက်မျှ အိပ်မပျော်ကြတော့ပေ။ အားလုံး ကြောက်ရွံ့ထိတ်လန့်စွာ နားစွင့်နေကြရလေပြီ။

လူကြီးများ အားလုံးသည် အိမ်ထဲက လွတ်လာကြ၏။ မိန်းမ၊ ယောကျ်ား ကလေးသူငယ်များပါ မကျန် အားလုံး အိမ်အပြင်ကို ထွက်လာကြသည်။ ကညင်ဆီ မီးတုတ်မီးတိုင်များကို အိမ်ရှေ့တွင် ထွန်းညှိကြသည်။ မီးတိုင်အောက်တွင် သုံးအိမ် တစ်စု လေးအိမ် တစ်စု စုထိုင်ကြသည်။ တဝေါဝေါ အသောသော မြည်လာသော အသံကို အသက်ပင်ရဲရဲ မရှူဝံ့ကြဘဲ သတိကြီးစွာနှင့် နားစွင့်နေကြလေသည်။

အရပ် လူကြီးများသည် ရွာထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၍ တစ်ယောက်နှင့်တစ်ယောက် ပြောဆို ဆွေးနွေး တိုင်ပင်ကြသည်။ သူတို့ကြားနေကြရသော အသံသည် ဘာအသံ ဖြစ်နိုင်မည်နည်း။

ဘယ်လို တိရစ္ဆာန်၊ ဘယ်လို သတ္တဝါကောင်မျိုး၏ အသံ ဖြစ်မည်နည်း။

ဤလို မြည်တတ်သော အကောင်ကို မည်သူ မြင်ဖူး တွေ့ဖူးကြသနည်း။

တစ်ယောက်နှင့် တစ်ယောက် အပြန်ပြန် အလှန်လှန် မေးမြန်းကြ

http://www.cherrythitsar.org



သည်။ တစ်ဦးနှင့်တစ်ဦး တီးတိုးတစ်ဖုံ ကျယ်ကျယ်တစ်ဖုံ တိုင်ပင်ကြသည်။

သို့သော် ယခင် တစ်ရက်နှစ်ရက်လောက်က စ၍ ကုန်ခဲ့သောနေ့ မွန်းလွဲပိုင်းထိ ရွာပေါ်သို့ မီးကျွမ်းပြာများ ကျခဲ့သည့်ကိစ္စကိုမူ ယခုအခါ လုံးဝ မေ့သွားကြလေသည်။ တစ်စုံတစ်ယောက်က သတိရ၍ စကား အဖြစ်ပင် ဟမလာတော့။ ယခုလောလောဆယ်တွင် ထူးထူးဆန်းဆန်း အသံကိုသာ စိတ်လောတကြီး သိချင်စိတ်စောနေကြသည်။ လွန်ခဲ့သော တစ်ပတ်လောက်က စတင်ပြီး သူတို့ရွာပေါ် ကျလာသော မီးကျွမ်းပြာများ နှင့်အတူ ယခု အသံကိုလည်း မည်သူကမျှ ဆက်စပ် မတွေးမိကြပေ။

သည်လိုနှင့် ရွာတွင် အသက်အရွယ် အကြီးရင့်ဆုံးနှင့် အတွေ့ အကြုံအများဆုံး ရှိကြသော အဘိုးကြီးသုံးလေးယောက်သည် လောလောဆယ် ပြဿနာဖြစ်ပေါ်နေသော တဝေါဝေါတသောသော မြည်လာနေသံနှင့် ပတ်သက်ကာ ဘာဖြစ်နိုင်သည်၊ ဘာအကောင် ဖြစ်နိုင်သည်ကို ဆွေးနွေး ကြရပြန်သည်။ သူတစ်ပေါက် ငါတစ်ပေါက် ပြောဆိုကြရပြန်သည်။

အချိန်မှာ ညသန်းခေါင်ကျော်နေလေပြီ။

စောစောကမူ တဝေါဝေါတသောသော မြည်လာသံမှာ သူတို့ရွာ နှင့် အတော်ဝေးသေးသည်ဟု ထင်ခဲ့ကြသော်လည်း ယခုအခါမူ ရွာနှင့် ပိုမို နီးလာပြီဖြစ်ကြောင်း လူတိုင်း သတိမူမိလာကြလေသည်။

အချိန်မှာ မိုးလင်းပိုင်းဘက်သို့ နီးလာ၏။ ကလေးသူငယ်များနှင့် အမျိုးသမီးများမှာ ကျယ်လောင်လာသော အသံကြောင့် ပို၍ ထိတ်လန့် လာကြလေသည်။ သူတို့ရွာကို ဘယ်လို ဥပဒ်ဆိုး၊ ကြမ္မာဆိုးသည် နှိပ်စက် ကလူပြုရန် လာနေပါလိမ့်။

အမှန်က အမျိုးသမီးများနှင့် ကလေးသူငယ်များသာ မဟုတ် ရွာရှိ အားလုံး လူဟူသမျှတို့မှာ ထိတ်လန့်ကုန်ကြသည်။ အသံကြီးမှာလည်း တဖြည်းဖြည်း ပို၍သာ ကျယ်လောင်စူးရှလာလေ၏။

ထို့ကြောင့် အတွေ့အကြုံ အရင့်ဆုံးနှင့် အသက်အရွယ် အကြီး ဆုံး ပုဂ္ဂိုလ်များသည် ဤကဲ့သို့သော အသံနှင့် ပတ်သက်သည့် အတွေ့ အကြုံများကို အလောသုံးဆယ် နှီးနှောဖလှယ်၍ အဖြေထုတ်ရန် ပင်ပန်း တကြီး ကြိုးစားနေကြရလေ၏။

http://www.cherrythitsar.org



ကူပွန်ရွာတွင် အသက်အရွယ် အကြီးဆုံးနှင့် မုဆိုးသက် အရင့်ဆုံး၊ တောတွင်းအတွေ့အကြုံ အရင့်ဆုံးဖြစ်သော အဘိုးကြီးဆလိုင်းကာထန်က ဤကဲ့သို့သော အသံမျိုးကို တောထဲတွင် သူ တစ်ခါ ကြားဖူးသည်ဟု ဆိုလေသည်။

ထိုအခါ လူတွေမှာ ဆလိုင်းကာထန်နား သိလိုစိတ်နှင့် ဝိုင်းအုံရောက်ရှိလာကြလေသည်။ ဆလိုင်းကြီးကလည်း သူ တွေ့ကြုံခဲ့သမျှကို အသေးစိတ် ပြောပြရပြန်သည်။

* * *

ပရဆေး ရှာဖွေ====ရန် တောတက်လာသော ဆလိုင်းကာထန်သည် အင်တိုင်းတောကြီးတစ်ခုကို ဖြတ်လာသည်။ တောင်ကြောတွေကို ကျော် လာသည်။ ကမ်းပါးယံတောင်စောင်းများကိုလည်း ဖြတ်လာသည်။ တွေ့ သော ကြုံသော ဆေးပင် ဆေးမြစ်တွေကို တူးသည်။ မြင်သော ဆေးပင် တွေကို မှတ်သည်။ နွယ်ချိုကရဝေး အပင်အရွက်တို့ကို ခူးဆွတ်ဖြတ်ယူ သည်။

စမ်းပေါက်တစ်ခုနား အရောက်တွင် လှမ်းလာသော ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်မိသည်။ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ စိတ်ထဲတွင် တစ်စုံတစ်ခု အနှောင့်အယှက် ဖြစ်သွားသည်။ သူ့နားထဲတွင် ထူးဆန်းသော အသံတစ်ခုကို ကြားနေရသည်။

သူ မတ်တတ်ရပ်နေသော နေရာ၏ တောင်ကမ်းပါးယံကြောမှ တိရစ္ဆာန် တစ်ကောင်ကောင် သို့မဟုတ် တိရစ္ဆာန်အုပ် တစ်အုပ်အုပ် ပြေးလာနေကြသံကို ကြားရသည်။

ထို့ကြောင့် ဆလိုင်းကာထန်သည် သူ့နားကို ပို၍ စွင့်ထားလိုက်သည်။ တောတောင်ထဲတွင် မုဆိုးတို့၏ ထုံးစံအတိုင်း ရုတ်ခနဲ မုဆိုးထိုင် ထိုင်ချလိုက်၏။ တစ်စုံတစ်ခု အကောင်ဗလောင် တစ်ကောင်ကောင်တော့ ပြေးလာနေသည်မှာ သေချာနေသည်။

ဆလိုင်းကာထန်သည် ကြောက်ကြောက်နှင့် သစ်ပင်ကြီး တစ်ပင်ရင်းသို့ ပြေးကပ်လိုက်သည်။ သူ့ရှေ့ တောင်စောင်းပေါ်မှ ရွက်ကြွေတော

http://www.cherrythitsar.org



ကို တိုးပြေးလာသော တဝေါဝေါ တသောသော မြည်လာသံမှာ ချက်ချင်း သူ့အနား ရောက်လာသည်။ လန့်၍ မအော်လိုက်မိအောင် သူ့ကိုယ်သူ မနည်း ထိန်းထားလိုက်ရသည်။

သူ့တစ်သက်တွင် တစ်ခါမှ မကြုံဖူးဘူး မမြင်ဖူးဘူးသော ဧရာမ ငန်းမြွေကြီးတစ်ကောင်သည် သူနှင့် လေးငါးလံခန့်သာ ဝေးသော တောင် စောင်းပေါ်မှ ဝေါခနဲ စမ်းပေါက်ဘက် ထိုးဆင်းသွားသည်။ ဤ ငန်းမြွေကြီး သည် အဘယ်ကြောင့် ဤမျှ အထိတ်တလန့် ပြေးလာသည်ကို တွေးမရ နိုင်ဖြစ်နေစဉ် မကြာခင်မှာပင် လူကြီးခြေမသာသာခန့်ရှိသော နဂါးရုံ (ပျားပိတုန်းလို အကောင်တစ်မျိုး) တစ်ကောင်သည် မြွေပြေးလမ်း အတိုင်း ပျံဝဲလိုက်လာကာ ငန်းမြွေကြီး ပြေးဆင်းသွားသော စမ်းပေါက် ဘက် ပျံလိုက်သွားသည်။

ထိုအခါမှ ငန်းမြွေကြီးမှာ နဂါးရုံပိုးကောင်က လိုက်ကိုက်သဖြင့် ပြေးလာရမှန်း သိလာသည်။ နဂါးရုံပိုးကောင်မှာ အလွန် အဆိပ်ပြင်း သဖြင့် မြွေများ၏ အကြောက်ဆုံးတိရစ္ဆာန် ဖြစ်သည်။ နဂါးရုံ အထိုး အတုပ် ခံရလျှင် မြွေများမှာ မိနစ်ပိုင်းအတွင်း သေသွားတတ်သည်။

ဆလိုင်းကာထန်မှာ ယခုမှ သက်မချလိုက်ပြီး ပရဆေး ဆက်ရှာ နိုင်တော့သည်။

* * *

နေလုံးနီနီသည် အရှေ့အရပ်မှ ဝံ့ဝံ့စားစား ထွက်ပြူလာ၏။ တော နက် တောင်ချိုင့်ကြားထက်မှ တဝေါဝေါတသောသော မြည်လာသော အသံနက်ကြီးမှာလည်း တဖြည်းဖြည်း ကျယ်လောင်သည်ထက် ကျယ် လောင်လာကာ ကူပွန်ရွာနှင့်လည်း နီးသည်ထက် နီးလာလေ၏။

ရွာသူကြီး ရခွီရသည် အားကောင်းမောင်းသန်နှင့် လက်အဖြောင့် ဆုံး မုဆိုးကျော် ဆယ့်သုံးလေးယောက်ကို လက်ရွေးစင် ပထမ ခံတပ်သား များအဖြစ် အသံအော်မြည်လာရာ ရွာမြောက်ဘက် ကုန်းပေါ်က တန်းစီ ၍ ဒူးလေးကိုယ်စီနှင့် စောင့်ခိုင်းထားသည်။

လက်ဖြောင့်တပ်သား မုဆိုးကျော်ကြီး ဆယ့်သုံးယောက် နေရာယူ

http://www.cherrythitsar.org



ထားကြသော ကုန်းကမူမှာ ရွာအထက်က တောင်ယာဟောင်း ဖြစ်သည်။ မနှစ်က တောင်ယာလုပ်သွားသဖြင့် ချုံနွယ်ပိတ်ပေါင်းတွေ သိပ်မရှိ။ တစ်တောင် တစ်မိုက်ရှည်သော သစ်ငုတ်တိုများနှင့် ကိုင်းပင် တိုနန့်နန့်သာ များလေသည်။

ထို့ကြောင့် ကူပွန်ရွာသူရွာသားများအား တစ်စုံတစ်ခု အန္တရာယ်ပြုနိုင်လောက်သော တိရစ္ဆာန် တစ်ကောင်ကောင်သာ ရွာဘက် လာနေလျှင်တော့ အတော်ဝေးဝေးကပင် မုချ မြင်ရပေမည်။

သို့သော် ရွာသူကြီး ရခ္ခိရက ဤမျှနှင့် သူ့ရွာကို သူ စိတ်မချသေး။ ထိုဒူးလေးတပ်၏ နောက် ရွာအဝင်ဝတွင် ဝါးချွန်၊ လှံ၊ ဓား ထမ်း၍လည်း နောက်ထပ် တပ်တစ်တပ် ချထားသေး၏။ ထိုတပ် နှစ်တပ်ကြားတွင် သက်ကြားအို မုဆိုးကျော်ကြီး လေးငါးဦးက စစ်အကြံပေးအဖြစ် သူကြီးနှင့်အတူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ အခြေအနေကို စောင့်ကြည့်နားစွင့်နေကြလေ၏။

သက်ကြီးရွယ်အို မုဆိုးကြီးများ အကြံပေးချက်အရ ရွာတွင် အရပ်အမြင့်ဆုံးနှင့် မျက်စိအလျင်ဆုံး ရွာသားသုံးဦးအား အမြင့်ဆုံး သစ်ပင်ပေါ်တက်၍ ကြည့်ခိုင်းထား၏။

တောနက်ကန္တာရထဲမှ တဝေါဝေါ အော်မြည်လာသံနှင့် ပတ်သက်၍ အခြေအနေ တစ်ခုခု ထူးထူးခြားခြား မြင်ရုံနှင့် အောက်ကလူတွေကို ချက်ချင်း အော်ဟစ် သတိပေးရန်လည်း မှာကြားထားသည်။

ကူပွန်ရွာ၏ မြောက်အရပ်ရှိ တောနက်ကန္တာရကြီးဘက်မှ တဝေါဝေါ တသောသော မြည်လာသံက ပို၍ ပို၍ မိနစ် စက္ကန့်နှင့်အမျှ ဆူညံကျယ်လောင်လာသောအခါ ရွာသူကြီးရခ္ခိရ ခမျာမှာ အစောင့်တပ် နှစ်တပ်နှင့်လည်း သူ့ဟာသူ စိတ်မချနိုင်သေးဘဲ ရွာရှိ ယောက်ျား မိန်းမ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများပါ မကျန် အန္တရာယ်ကို ကာကွယ်နိုင်သော အသိဉာဏ် ရှိသူမှန်သမျှ ဓား၊ တုတ်၊ မှုတ်ပြောင်း၊ တူးရွင်း၊ ပေါက်ဆိန် မကျန် ရရာလက်နက်ကိုယ်စီ ကိုင်၍ စောင့်ကြပ်နေကြရန် ရွာထဲဝင်လာပြီး တစ်ခါ ထပ်ပြောနေပြန်၏။

ဤသို့ဖြင့် နေလုံးသည် ဝါးတစ်ရိုက်ခန့် မြင့်တက်လာပြီ။ ကန္တာရ

http://www.cherrythitsar.org



တောနက်ဘက်မှ တဝေါဝေါတသောသော မြည်လာသံကလည်း ပို၍သာ ကျယ်လောင် ဆူညံလာနေ၏။

ဤကဲ့သို့ သူတို့ရွာဘက်သို့ ဦးတည်လာနေသော အသံနက်ကြီးမှာ ဘာလိုလိုနှင့် တစ်ညနှင့် တစ်မနက် အချိန်သို့ပင် ရောက်လာလေ၏။ သို့သော် အသံသာ ကြားနေရပြီး၊ အကောင်အထည်ကိုကား မည်သူကမျှ အတပ် မပြောနိုင်ကြသေးပေ။

သူကြီးနှင့်တကွ ရွာသူရွာသား အားလုံးမှာ အသံသာ ကြားရပြီး ဘာမှန်း မသိသေးသော အန္တရာယ်ကောင်ကို ရင်တမမနှင့် စောင့်ကြည့် နေကြရတုန်းပင်။

* * *

"မြောက်ဘက်က တောင်ခြေမှာ ကြက်တွေ ငှက်တွေ အထိတ် တလန့် ပျံတက်နေကြတာကို မြင်နေရတယ်ဗျို့"

နေဝန်း ထန်းတစ်ဖျားကျော်ကျော် အရောက်မှာ သစ်ပင်ပေါ် တက်ကြည့်နေသော ရွာသားတစ်ယောက်က သူ လှမ်းမြင်ရသော အခြေ အနေကို ချက်ချင်း အော်ဟစ်သတင်းပေးလိုက်သည်။ ထိုသူ၏ သတင်းပို့ သံအဆုံးမှာ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

"ဟေး သတိထားကြ၊ သတိထားကြ အန္တရာယ်ကောင် တစ် ကောင်ကောင်တော့ လာနေပြီ။ အဲဒါကြောင့် မြေပေါ်က ကြက်တွေ ငှက် တွေ ထပ်ပျံနေကြတာပဲ၊ သတိထားကြ ဟေး. . . အထူး သတိထားကြဗျို့"

သက်ကြီးရွယ်အို မုဆိုးကြီးတစ်ယောက်က အားလုံးကို ထပ်ဆင့် အော်ဟစ် တပ်လှန့်လိုက်လေ၏။

ပထမ သစ်ပင်ပေါ်ရှိ ကင်းစောင့်တစ်ယောက် သတိပေးလိုက်သံ နှင့် သူကြီးရခိုင်ရတို့ အပြန်ပြန်အလှန်လှန် ပြောကြသံကို ကြားသည်နှင့် တစ်ပြိုင်နက် ရှေ့တန်းရှိ လက်ဖြောင့်တပ်သား ဆယ့်သုံးလေးယောက်မှာ လည်း သူတို့လက်ထဲရှိ ဒူးလေးနှင့် မြားဆိပ်တို့ကို အသံကြားရာဘက်သို့ ချိန်ရွယ်ကာ တဆဆ လုပ်နေကြ၏။

မည်သည့် အန္တရာယ်ကောင် လာလာ လင်းလင်းထင်းထင်း မြင်နိုင်

http://www.cherrythitsar.org



တွေ့နိုင်သော နေ့ခင်းနေ့လယ် ဖြစ်သဖြင့် လေးမြားတွေနှင့် ရွာရှိ သူ အကုန်မှာ တစ်မျိုး အားတက်နေကြသည်။

"ဟေး နွားနောက်တွေလည်း ပြေးလာကြပြန်ပြီဗျို့၊ လာနေပြီ လာနေပြီ"

သစ်ပင်ပေါ်ရှိ ကင်းစောင့်သူတစ်ယောက်က သူ မြင်ရသည်ကို အထိတ်တလန့် လှမ်းအော်ပြောနေပြန်သည်။

မှန်သည်။ သူတို့ဆီက တစ်ဆယ့်နှစ်လပတ်လုံး တောတောင်ထဲ လွှတ်ထားသော နွားနောက်များသည် အမြီးထောင်၍ တဝေါဝေါတသော သော အော်မြည်လာသော အသံလာရာဘက်မှ ရွာဘက်သို့ ပြေးထွက်လာ နေကြသည်။

နွားနောက်တွေမှာ တစ်ကောင် မဟုတ်၊ နှစ်ကောင် မဟုတ်၊ တစ်ဆယ် နှစ်ဆယ်၊ အထီး အမ၊ အကြီး အငယ် အရွယ်စုံ အားလုံး ပြေးလာ နေကြခြင်း ဖြစ်သည်။

ရွာမြောက်ဘက် တောအုပ်ထဲတွင် အမြဲ ကျက်စားလေ့ရှိသော နွားနောက်များသည် အန္တရာယ် တစ်စုံတစ်ခုနှင့် မကြုံဘဲ ဤသို့ ပြေးလာ ရိုး ထုံးစံ မရှိပေ။ ယခု နွားနောက်များသည် အန္တရာယ် တစ်စုံတစ်ခုကို မြင်၍ တွေ့၍သာ ထိတ်ထိတ်လန့်လန့် ပြေးလာကြခြင်း ဖြစ်ပေမည်။

"ဟေး ဟေးကောင် ဘာလာနေတာ မြင်လဲကွ၊ ဘာကောင်လဲ၊ ဘယ်လို အကောင်မျိုးလဲ"

နွားနောက်တွေ ပြေးလာနေကြသည်ကို ဦးဆုံး အော်ဟစ် သတင်း ပေးသော သစ်ပင်ပေါ်က ကင်းစောင့်သမားကို သူကြီးရခိုင်ရက လှမ်းအော် မေး၏။

"ဘာကောင်လဲတော့ သဲသဲကွဲကွဲ မမြင်ရသေးဘူးဗျို့။ ဒါပေမယ့် တောင်ပေါ်က နွားနောက်တွေ ဆင်းပြေးလာတာ ထောက်ရင် လာနေတာ တော့ အမှန်ပဲ၊ အသံတွေကလည်း ပိုကျယ်လာတာပဲ"

"အသံတွေ ကျယ်လာတာတော့ ဟုတ်ပါပြီကွ၊ ငါတို့လည်း ကြား နေရတာပဲ။ မင်း ဘာမြင်လို့လဲ၊ တောတိုးလာတာ သစ်ပင်လှုပ်တာတွေ ကော မြင်လို့လား၊ မြင်ရင် သေသေချာချာ ကြည့်ထား၊ တိရစ္ဆာန် တစ်

http://www.cherrythitsar.org



ကောင်ကောင်ရဲ့ ကျောကုန်းတွေ ဘာတွေများ မြင်နေရလို့လား"

မုဆိုးကြီး တစ်ဦးက စိုးရိမ်သောကသံနှင့် သစ်ပင်ပေါ်က ကင်းစောင့်ကို လှမ်းမေးသည်။

"တောတိုးတာ သစ်ပင်လှုပ်တာတွေတော့ ကွဲကွဲပြားပြား မမြင်ရသေးဘူးဗျို့"

ထိုအဘိုးကြီးသည် သူတို့ရွာတွင် အတွေ့အကြုံ အရင့်ဆုံးဖြစ်သော ဆလိုင်းကာထန်နား လျှောက်လာ၏။ ဆလိုင်းကာထန်အနားတွင် သူကြီးရခ္ခီရကိုလည်း တုမီးသေနတ် တကားကားနှင့် တွေ့ရသည်။

"ကဲ ဆိုစမ်းပါဦး၊ ဟိုတုန်းက ဆလိုင်းကြီး တွေ့ကြုံခဲ့ရတဲ့ ငန်းမြွေကြီး ပြေးလာသံလဲ ဒီလို အသံမျိုးပဲလား"

သူကြီးရခ္ခီရက ဆလိုင်းကာထန်ကို ယခုထိ အမေးအမြန်း မဆုံးနိုင်သေး။ သူ မေးသမျှ ဆလိုင်းကာထန်ကလည်း ခေါင်းချည်း ယမ်းပြနေလေရာ ရခ္ခီရမှာ အားမလို အားမရနှင့် သက်ပြင်း အကြိမ်ကြိမ် ချနေရတာလည်း မောလှပြီ။

သူကြီးရခ္ခီရ၏ အားလျှော့ သက်မချသံသည် ကန္တာရ တောနက်ထဲမှ တဝေါဝေါတသောသော အော်မြည်လာသံကိုပင် ဖုံးလွှမ်းသွားမလား ထင်ရသည်။

ဆလိုင်းကာထန် ပြောသော ဧရာမ ငန်းမြွေကြီးတစ်ကောင် ပြေးလာသံပင် ဤမျှ ကျယ်လောင်ခြင်း မရှိ ဆိုလျှင် ယခု လာနေသော အသံရှင် တိရစ္ဆာန်ကြီးမှာ တောင်တန်းကြီးလောက်ပင် ကြီးမားသော ကမ္ဘာတည်စကပင် အသက်ရှင်ကျန်နေခဲ့သည့် ပုံပြင်ထဲက ကပ်ပြိတ္တာကြီး တစ်ကောင်ကောင်များ ဖြစ်နေရော့လား။ သို့မဟုတ် မကောင်းဆိုးဝါး နာနာဘာဝ၊ ဝိနာဘာဝ တစ်ကောင်ကောင်လေလား။

အကယ်၍ တောင်တန်းကြီးလောက် ရှိသော မကောင်းဆိုးဝါး တစ်ကောင်ကောင်သာ လာနေပါလျှင် မည်သို့ လုပ်ကြရမည်နည်း။ ယခု အထပ်ထပ် စောင့်ကြပ်ချထားသော လူတွေနှင့်ကော နိုင်နိုင်ပါ့မလား။ သူတို့ ရိုးရာစဉ်ဆက် သုံးစွဲလာခဲ့ကြသော 'ထိသေ' သက်စောင့်မြားဆိပ်များကော ထိရောက်နိုင်ပါ့မလား။ တောင်လောက်ကြီးမားသော အကောင်

http://www.cherrythitsar.org



ဆိုလျှင် လေးစူးကောပစ်၍ ပေါက်နိုင်ပါ့မလား။ ထိသေမြားဆိပ်မှာ သွေးပေါက်မှ သေသည်။

“ဟေး. . . ရွာ ရွာထဲမှ ဘာဖြစ်ပြန်ပြီလဲဗျို့။ ခွေးဟောင်သံတွေလည်း ကြားရတယ်။ ရွာထဲက ကြက်ငှက်တွေလည်း လန့်ပျံပြေးနေကြတာ မြင်နေရပါလားဗျို့၊ ရွာထဲကိုလည်း ပြန်ကြည့်ကြပါဦး”

ရွာနှင့် အတော်လှမ်းလှမ်းတွင် ကင်းစောင့်ခိုင်းထားသော သစ်ပင်ပေါ်ရှိ လူတစ်ယောက်က ရွာကို စိတ်မချဘဲ လှမ်းအော်ပြောနေပြန်သဖြင့် သူကြီးမှာ အတွေးပြတ်ပြီး ရုတ်တရက် ထိတ်ထိတ်လန့်လန့် ဖြစ်သွားပြန်သည်။

“ဟေး ရွာထဲ ရွာထဲ ဘာဖြစ်လို့လဲကွ၊ မင်းတို့ သစ်ပင်ပေါ်က ဘာမြင်လို့လဲ”

သူတို့ စောင့်ကြပ်နေကြသော နေရာနှင့် ရွာမှာ ခြေလှမ်း နှစ်ရာခန့် ဝေးသော ယာတောဟောင်း အစဖြစ်သဖြင့် သူကြီးက ရွာကို စိုးရိမ်မိလိုက်ပြန်သည်။

အသံနက်ကြီး မြည်လာရာ ရွာ အရှေ့ဘက်တွင် ယောကျ်ားဟူသမျှကို ကင်းချထားသဖြင့် ရွာထဲတွင် မိန်းမသူများနှင့် ကလေးများသာ ရှိနေလေရာ သူကြီး စိုးရိမ်မည် ဆိုကလည်း စိုးရိမ်စရာပင်။ မကောင်းဆိုးဝါး တစ်ကောင်ကောင်သည် ရွာမြောက်ဘက် တောနက်ကန္တာရထဲမှ အသံအယောင်ပြပြီး တစ်ဖက်လှည့်နှင့် ရွာရှိ မိန်းမသူများနှင့် ကလေးများကိုပင် ဝင်ဆွဲကိုက်သတ်နေလေပြီလားဟု ကြောက်လန့်တွေးတောကာ သူကြီးမှာ စိတ်ပူသွားပြန်၏။

သစ်ပင်ပေါ်က ကင်းသမား၏ အော်ပြောသံနှင့်အတူ ရွာထဲမှ မိန်းမများနှင့် ကလေးများ အော်ဟစ်ကြသံကိုပါ တစ်ပြိုင်တည်း ကြားလိုက်ရပြန်သောအခါ သူကြီးနှင့်တကွ ကင်းစောင့်နေကြသော လူအားလုံးမှာလည်း ရွာဘက်သို့ အထိတ်တလန့်နှင့် ပြိုင်တူ လှည့်ကြည့်ကြရပြန်၏။

အမှန်က သစ်ပင်ပေါ်ထက် တက်၍ ကင်းစောင့်နေသူ၏ သားမယားများမှာလည်း ရွာထဲ၌ ရှိသဖြင့် သားမယားများကို စိတ်မချသူ ကင်းသမားများက အသံလာနေရာဘက်ကို ငေးကြည့်နေရာမှ ရွာဘက်မှ

http://www.cherrythitsar.org



ဆူဆူညံညံ အသံကြားသဖြင့် သစ်ပင်ပေါ်က လှမ်းအော်ပြောလိုက်ခြင်း ဖြစ်သည်။

သူကြီးမှာ ချက်ချင်း ရင်ထိတ်သွားရပြန်သည်။

သစ်ပင်ပေါ်က ကင်းသမား၏ သတိပေး အော်ပြောလိုက်သံ အဆုံးမှာပင် ရွာထဲမှ ကလေးသူငယ်များ၏ အထိတ်တလန့် အော်ဟစ် ငိုယိုကြသံ၊ မိန်းမကြီးများ၏ အော်ဟစ်မောင်းထုတ်သံ၊ ခွေးဟောင်သံ၊ နွားနောက်မြည်သံ၊ ကြက်ငှက်များ အော်မြည်သံတို့မှာ ငရဲပွက်သလို ပို၍ ဆူညံလာလေသည်။

တဝေါဝေါတသောသော အော်မြည်လာသံကြောင့် ပတ်ဝန်းကျင်မှ သက်ရှိသတ္တဝါ တိရစ္ဆာန်များအားလုံး ချောက်ချားထိတ်လန့်ကုန်ကြလေပြီ။ သို့သော် အသံကြီးကား ရပ်မသွားသေး။ ပို၍သာ ကျယ်လောင်လာနေ၏။

"ဟေး ရွာထဲမှာ ဘာဖြစ်တာလဲ ဗျို့"

စောစောက သစ်ပင်ပေါ်ရှိ ကင်းသမား၏ အမေးကို နားစွန်နား ဖျား ကြားလိုက်ကြသော ရှေ့တန်းမှ လေးသည်တော်များကလည်း တစ် ယောက်ကို တစ်ယောက် လှမ်းမေးနေကြပြန်၏။

"ရွာမှာ ဘာမှ မဖြစ်ဘူးဟေး၊ မင်းတို့ ကင်းသာ မင်းတို့ စောင့်နေ ကြပါ"

ကမန်းကတန်း ပြောပြီး သူကြီးသည် ရွာဘက်သို့ ကိုယ်တိုင်ပြေး၍ ကြည့်ရပြန်၏။

အမှန်က ရွာတွင် ထူးထူးခြားခြား ဘာမှ ဖြစ်သည် မဟုတ်။ စော စောက တောထဲမှ ပြေးသွားကြသော နွားနောက်များ ရွာထဲကို မဝင်စဖူး အုပ်လိုက် ဝင်လာကြသည်ကို ရွာထဲရှိ ကလေးများ၊ မိန်းမများနှင့် အိမ်မွေး တိရစ္ဆာန်များ အားလုံး ထိတ်လန့်ကြောက်ရွံ့၍ ကယောင်ချောက်ချား အော်မြည်မိကြခြင်းသာ။

အကြောင်းစုံကို သိရသည်နှင့် တစ်ပြိုင်နက် သူကြီးခမျာမှာ ရွာ မြောက်ဘက်ရှိ ခံတပ်သို့ ကမန်းကတန်း ပြန်ပြေးလာရပြန်၏။

သူကြီးကဲ့သို့ပင် ရွာထဲရှိ ဇနီးသားသမီးများကို စိတ်မချ၍ ပြန်ပြေး လာကြသူများကို သူကြီးက အကျိုးအကြောင်း ပြောပြ၍ ရွာအပြင်ဘက်

http://www.cherrythitsar.org



ရှိ ခံတပ်၌သာ ကြပ်ကြပ်မတ်မတ် သွားစောင့်နေကြရန် အလျင်အမြန် အော်ဟစ်လွှတ်ရပြန်သည်။

တောနက် ကန္တာရထဲမှ တဝေါဝေါတသောသော အော်မြည်လာသော အသံနက်ကြီးမှာလည်း ပို၍သာ ကျယ်သထက် ကျယ်လာနေ၏။ သူကြီး ရွာကို ပြန်ကြည့်ချိန်နှင့် ခံတပ်သို့ ပြန်လာချိန် ခဏအတွင်းမှာပင် မြည်သံက သုံးလေးဆ ပိုကျယ်လာ၏။ ရှိုရှိုသမျှသော တောတောင်ကြီးများ ရုတ်ခြည်း ပြိုဆင်းလာသကဲ့ပင် မြည်ဟည်းကျယ်လောင်လာသည်။ မြေပြင်တစ်ခုလုံး တုန်ဟည်းလာသလား ထင်ရသည်။

"ရွာ ရွာမှာ ဘာဖြစ်ကုန်ပလဲ သူကြီး"

စောစောက ရွာကို စိတ်မချ၍ သစ်ပင်ပေါ်က လှမ်းမေးသူ ကင်းသမားသည် ရွာထဲက ပြန်လာသော သူကြီးကို ပြန်မေးနေပြန်၏။

"ဟေ့ကောင် မင်း အသံလာတဲ့ဘက်ပဲ သေသေချာချာ ကြည့်နေ၊ ရွာဘက်ကို ဘာမှ နောက်လှည့်မနေနဲ့။ အောက်မှာ ငါတို့ ရှိတယ်။ ရွာမှာ ဘာမှ မဖြစ်စေရဘူး"

ရွာကို ပြေးကြည့်ရ၊ ကင်းသမားတွေရှိရာ ပြန်ပြေးလာရ၊ သစ်ပင်ပေါ်က လေးသည်တော်များကို ထိန်းရနှင့် အမောဆိုက် ဟောဟဲလိုက်နေသူ သူကြီးမှာလည်း စိတ်မရှည်တော့သဖြင့် ကင်းသမားများကို အော်ငေါက် ဆဲဆိုတော့သည်။

"မဟုတ်သေးဘူး သူကြီး၊ ရွာမှာ တစ်ခုခုတော့ ဖြစ်နေပြီ ထင်တယ်။ ခုထိ နွားနောက်မြည်သံ၊ ကလေးတွေ အော်ငိုနေကြသံ ကြားနေရတုန်းပဲ"

သူကြီးက သူနဖူးသူ လက်နှင့် ရိုက်သည်။

"ဟဲ့ကောင် ခုမှ ငါရွာထဲက ပြန်လာတာပါကွ၊ နွားနောက်တွေ ရွာထဲဝင်လာလို့ လန့်အော်ကြတာပါဟ၊ ရွာထဲမှာ ဘာဆို ဘာမှ မဖြစ်ဘူး ဆိုနေ"

လူတွေအားလုံးမှာ ဆောက်တည်ရာမရ ဖြစ်နေကြသဖြင့် ထိတ်ခနဲဆို သွေးလန့်နေကြသည်။ သစ်ပင်ပေါ်ရှိ ကင်းသမားမှာ သူကြီးက ဆဲသဖြင့် ခဏတိတ်သွား၏။

http://www.cherrythitsar.org



သို့သော် ကန္တာရတောနက်ထဲက လာနေသံမှာကား လုံးဝ တိတ်မသွားသည့်အပြင် ပို၍ ပို၍ ကျယ်လောင်လာနေ၏။ တဖြည်းဖြည်းနှင့် မြေပြင် တစ်ခုလုံးပါ တုန်ဟည်းလာသလား ထင်ရသည်။

သည်လိုနှင့် တစ်တောင်ကျော်၊ တစ်တောင်ဖြတ်ပြီး တစ်တောကူးလာသော အသံဆိုးကြီးသည် ကူပွန်ရွာနှင့် နီးသထက် နီးလာ၏။ ရွာမြောက်ဘက် တောင်ကုန်းစောင်း ဖုန်းဆိုးတောအစသို့ပင် ရောက်လာနေပြီဟု ထင်ရ၏။

သူကြီးနှင့်တကွ ရွာသူရွာသား အားလုံး ချက်ချင်း ရုတ်ရုတ်သဲသဲ ပိုဖြစ်လာကြသည်။

အဝေးတုန်းက သတ္တဝါကြီး တစ်ကောင်ကောင် ရှက်ကြွေတောထဲ တိုးဝှေ့လာနေသလို တဝေါဝေါတသောသော ကြားရသော သံလုံးကြီးထဲတွင် ကျွိကျွိ ကျွိကျွိ မြည်လာသော ထူးထူးခြားခြား အသံများကို ကွဲကွဲပြားပြား ကြားလာကြပြန်သည်။

ဤတစ်ခါ ပို၍ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသူမှာတော့ ဆလိုင်းကာထန်ပင်။ အမှန်က ဆလိုင်းကာထန်သာ မဟုတ် ကင်းသမားများ၏ အထိတ်တလန့် အော်ဟစ်လိုက်ကြသံတို့မှာလည်း ပတ်ဝန်းကျင်ကို ချက်ချင်း ဘောင်ဘင်ခတ်သွားစေပြန်သည်။

"ဟေး လာနေကြပြီဗျို့၊ လာနေကြပြီ"

"ဟိုက်"

ကင်းသမားများ၏ ရုတ်တရက် လန့်အော်လိုက်ကြသံနှင့်အတူ ဆိပ်လူးမြားကိုယ်စီနှင့် ကင်းစောင့်နေကြသော လေးသည်တော်များကိုလည်း "ဘာမြင်လဲ ဘာကောင်တွေလဲ"ဟု မေးရန် လုံးဝ အချိန်မရလိုက်ကြ။ အသိန်းအသန်းမကသော အန္တရာယ်ကောင်များသည် သူကြီးနှင့်တကွ ရွာသားကြီးများ၏ စောင့်ဆိုင်းနေကြရာ ခံတပ်တွေကို ချက်ချင်း ချိုးဖောက် ဝင်ရောက်လာကြလေသည်။

***မည်သူ တစ်ဦး တစ်ယောက်မျှ ပစ်ခတ်သတ်ဖြတ်ရန် အချိန်မရလိုက်ကြ၊ တစ်ဆယ့်ရှစ်အကျော့ဘိကီ စစ်သည်တော်များ တစ်ပြိုင်နက်တည်း ချီတက်တိုက်ခိုက်လာကြသလို အသိန်းအသန်းမကသော ကြွက်အုပ်ကြီး***

http://www.cherrythitsar.org



*သည် လူပေါင်းများစွာတို့ကို တိုးတိုက်အော်မြည်ကာ ကူပွန်ရွာကို မိနစ်ပိုင်းအတွင်း ကျော်နင်းဖြတ်သွားကြလေသည်။*

ပထမဦးဆုံး လေးသည်တော်များနှင့် ပက်ပင်း မတိုးမိကြချိန်နှင့် ကြွက်အုပ်ကြီး ရွာမှ ထွက်ခွာသွားကြချိန်တို့မှာ ဆယ်မိနစ်ခန့်သာ ကြာလေသည်။

လူတွေမှာ ဘယ်လိုမှ မထင်မှတ်ဘဲ ကျရောက်လာသော ကြွက်အုပ်ကြီးကို ရှောင်ရင်းတိမ်းရင်းက တက်နင်းမိ၍ ကြွက်ကိုက်ခံလိုက်ကြရသည်။ တစ်ကောင်ကို ရှောင်ရင်း နောက်တစ်ကောင်ကို တက်နင်းမိကြသည်။ အသိန်းအသန်း မကသော ကြွက်တပ်မကြီးကို ဘယ်လို ရှောင်၍မှ မရ။ ထွက်ပြေးဖို့ပင် အချိန် မရလိုက်ကြ။

ထို့ကြောင့် အပြင်ရှိ ယောကျ်ားသားများနှင့် အတွင်းရှိ ကလေးငယ်များ၊ မိန်းမများသည် ဘယ်သူ တစ်ဦး တစ်ယောက်မှ ကြွက်တစ်ကောင်ကောင်ကို တက်မနင်းမိလိုက်သူဟု မကျန်ရစ်ခဲ့ကြပေ။

လူတွေ မလွဲမရှောင်သာ တက်နင်းမိ၍ ကြွက်သေများ ကျန်ရစ်ခဲ့ကြသလို နွားနောက်တွေ တက်နင်းထားသော ကြွက်တွေမှာလည်း ဆန့်ဆန့်သေ၍ ကျန်ရစ်ခဲ့ကြလေ၏။

ကြွက်သေတွေကို မြင်ရသောကြောင့်သာ စောစောက သူတို့ကြုံတွေ့လိုက်ကြရသော အကောင်တွေမှာ ကြွက်ပါဟု ပြောနိုင်ကြသည်။ အကယ်၍ သူတို့ရွာကို ကြွက်အုပ်ကြီး ကျရောက်လာချိန်မှာ အကာလ ညအခါလည်း ဖြစ်မည်။ တစ်ကောင်တလေသော ကြွက်သေကလည်း မကျန်ရစ်ခဲ့ ဖြစ်မည်ဆိုက ကူပွန် ရွာသူရွာသားများသည် သူတို့ရွာကို ကြွက်အုပ်ကြီး ကျသွားသည်ဟု မည်သူကမျှ ပြောကြမည် မဟုတ်ပေ။ မကောင်းဆိုးဝါးကောင်များ၊ နာနာဘာဝ၊ ဝိနာဘာဝများသည် သူတို့ရွာကို လာဖျက်သွား ကြသည်ဟုသာ ထင်ကြပေမည်။

ဤမျှ များပြားသော ကြွက်အုပ်ကို သူတို့သည် တစ်ခါမျှ မမြင်ဖူးဘူး၊ မကြုံဖူးဘူးကြ။ ထိုကြွက်အုပ်ကြီး ရွာထဲ ဖြတ်သွားချိန်တွင် ရွာရှိ ကလေးငယ်များနှင့် အမျိုးသမီးများမှာလည်း သူကြီးနှင့်တကွ ရွာမြောက်ဖျားခံတပ်မှ ရွာသားများ ခံလိုက်ကြရသလို ရုတ်တရက် ကြွက်ကိုက်ခံ

http://www.cherrythitsar.org



လိုက်ကြရခြင်း ဖြစ်လေသည်။

ရွာထဲရှိ ကြက်၊ ဝက်၊ ကြောင်၊ ခွေး၊ နွားနောက် စသည့် တိရစ္ဆာန်များသည်လည်း ကြွက်အုပ်ကြီးကို ကြောက်၍ ရွာထဲမှ ထွက်ပြေးသွားကြသည်။ ထို အိမ်မွေးတိရစ္ဆာန်များ မည်မျှ ကြောက်ရွံ့ထိတ်လန့်သွားကြသနည်း ဆိုလျှင် ကြွက်အုပ်ကြီး ဖြတ်ပြေးသွားပြီး လေးငါးရက်ကြာသော်လည်း ရွာကို လုံးဝ ပြန်ပေါ်မလာကြတော့ပေ။

အိမ်မွေးတိရစ္ဆာန်များ ရွာကို ပြန်ဝင်မလာကြတော့သလို လူများသည်လည်း ဘိုးစဉ်ဘောင်ဆက်က နှစ်ပေါင်းများစွာ နေလာခဲ့ကြသော ရွာကို ဝမ်းနည်းကြေကွဲစွာ စွန့်ခွာသွားကြရလေသည်။

အဘယ်ကြောင့်ဆိုသော် ကြွက်ပြေးလမ်းကျ၍ ဆယ်မိနစ်ခန့်သာ ရွာထဲ ဖြတ်သန်းသွားခြင်းခံရသော ကူပွန်ရွာမှာ လူပေါင်း တစ်ရာ နှစ်ရာ စားသုံးရန် သိုလှောင်ထားသော ဝမ်းစာ ဆန်စပါးများ အားလုံး တစ်လုံးတစ်စေ့မျှ ကိုင်ဆုပ်ပြစရာ မကျန်ရစ် ဖြစ်သွားလေသည်။ ပုတ်ထဲ ကျီထဲက ဆန်စပါးများသာ မဟုတ်။ ချက်ထားသည့် အိုးထဲက ထမင်း၊ စိုက်ပျိုးထားသည့် ပိန်းဥ၊ မျောက်ဥ၊ အာတာလွတ်၊ ပလောပီနံ၊ ကန်စွန်း၊ ဖရုံ၊ သခွား၊ ကြံ စသည့် လူစားသော အစားအစာမှန်သမျှ ကိုင်ပြရန် နမူနာ တစ်ဖွဲ့တစ်စပင် မကျန်ရစ်ခဲ့ကြ ဖြစ်သွားသည်။

တိုတောင်းလှသော ဆယ်မိနစ်ကာလ အတွင်းတွင် သူတို့ရွာကို ဒုဗ္ဘိက္ခန္တရကပ်ကြီး ကျရောက်သွားစေလေသည်။ ထို့ကြောင့် ရွာပျက်၍ ရွာပြောင်းသွားကြရလေသည်။

ကြွက်အုပ်ကြီး လာနေသံကို တစ်ညနှင့် တစ်မွန်းတည့်နီးနီး အချိန်ကြာကြာ ကြားခဲ့ကြရသလို သူတို့ရွာမှ ကြွက်အုပ်ကြီး ထွက်ခွာသွားကြသော တဝေါဝေါတသောသော ခြေသံများကိုလည်း တစ်ရက်နီးပါး ကြားခဲ့ကြရလေသည်။

အသိန်းအသန်းမကသော ကြွက်အုပ်ကြီးသည် လွယ်သာတောင်တန်းကြီးဘက်သို့ ထွက်ခွာသွားကြလေသည်။ ကြွက်အုပ်ကြီး ကူပွန်ရွာထဲသို့ ရောက်လာသောအချိန်နှင့် ကူပွန်ရွာပေါ် မီးကျွမ်းပြာများကျချိန်မှာ သုံးလေးရက်ခန့် ကွာ၏။ သူတို့သည် အဖြစ်မှန်ကို နောက်မှ သိကြရလေသည်။

အဖြစ်မှန်မှာ ဒီဖူးမားဘက်ရှိ ဝါးတောကြီးများကို တောမီးကြီး အကြီးအကျယ်လောင်သည်။ ဝါးတောထဲတွင် ပော်မုန်းခေတ် အပြည့်ပါသော ဝါးသီးများကို စားပြီး မြူးထူးချင်တိုင်း မြူးထူး၊ ပေါက်ဖွားချင်တိုင်း ပေါက်ဖွားကာ လေးငါးလ နေလာခဲ့ကြသော ကြွက်အုပ်ကြီးသည် ဝါးတောကြီးကို တောမီးကြီး လောင်သောအခါ ကြောက်ကြောက်ရွံ့ရွံ့နှင့် အစာရေစာပြတ်လပ်ပြီး သုံးလေးရက်ကြာ ပြေးလာခဲ့ကြရခြင်း ဖြစ်လေသည်။

*စာကြွင်း။* *။ (၁၉၇၆)ခုနှစ်က ပူတာအိုခရိုင်၊ ဆွန်ပရာဘုမ်မြို့နယ်ရှိ ထွီနန်-ကတောင်-ဘွန်ဘွာ စသည့် ရွာများ၌ ကြွက်အုပ်ကြီး ကျလာ၍ ရွာပျက်သွားရကြောင်း သတင်းစာထဲ ပါခဲ့သည်။ ထိုသတင်းကို မိမိ ဝတ္ထုရေးခြင်း ဖြစ်သည်။*

*လွန်ခဲ့သောနှစ်က ကလျာမဂ္ဂဇင်းတိုက်သို့ စာမူသွားပို့ရာ ကလျာမဂ္ဂဇင်းတိုက်ပိုင်ရှင် ဦးစိန်ကြီးက ဦးအင်ဒေါင်လ ဆိုသော ကချင်အမျိုးသားကြီးတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ ဦးအင်ဒေါင်လမှာ ဆင်ကိုသတ်ပြီး ဆင်သားရောင်းစားခဲ့ဖူးသူဟု ဦးစိန်ကြီးက ပြော၏။*

*မိမိမှာ ဆင်ဝတ္ထုများ၊ ဆင်စာအုပ်များ ရေးသားခဲ့သူဖြစ်သဖြင့် ဆင်နှင့် ပတ်သက်ပြီး မိတ်ဆက်ပေးသော်လည်း ဆင်အကြောင်းကို များစွာ စိတ်မဝင်စားတော့ပေ၊ ထို့ကြောင့် ပူတာအိုခရိုင်တွင် ကြွက်အုပ်ကြီးတွေကျ၍ ရွာပျက်သွားသော သတင်းစာထဲပါ သတင်း ဟုတ်၊ မဟုတ်ကိုသာ စကားစပ်ပြီး မေးကြည့်မိသည်။*

*တိုက်တိုက်ဆိုင်ဆိုင်ပင် ဦးအင်ဒေါင်လက ထိုသတင်းမှာ သူ ရေးပို့သောသတင်းဟု ပြောသည်။ ထိုစဉ်က သူသည် ပူတာအိုခရိုင်တွင် ပြန်ကြားရေးအရာရှိ လုပ်နေသည်။ ဦးအင်ဒေါင်လ ပြောပြခဲ့သည်မှာ ထိုကြွက်အုပ်ကြီးများသည် ကြွက်ရူးအုပ်ကြီးများ ဖြစ်ကြသည်၊ ထိုကြွက်တစ်ကောင်စီ၏ ကုပ်ပေါ်တွင် ဘောက်ဖတ်လို ပိုးကောင်မျိုး တစ်ကောင်စီပါသည်။ သတင်းရ၍ သူကိုယ်တိုင်*

http://www.cherrythitsar.org



*လိုက်သွားကြည့်ရာ ကြွက်ကျသွားသော လမ်းတစ်လျှောက် တွင်*
*ကြွက်သေကောင်များကို ရာနှင့်ချီ၍ တွေ့ခဲ့ရသည်။*
*ဟော်မုန်းခေတ် လွန်ကဲသော ဝါးသီးများကို စားထား၍*
*ကြွက်ကောင်တွေမှာ ကြောင်တစ်ဝက်ခန့် ကြီးမားထွား*
*ကျိုင်းနေကြသည်ဟု ဆိုလေသည်။*

*မိတ်ဆွေကြီး ဦးအင်ဒေါင်လအား ကျေးဇူးတင်စွာဖြင့်. . .*

❀ ❀ ❀

http://www.cherrythitsar.org



http://www.cherrythitsar.org

# ခြေရာပျောက် လူသတ်သမား

ညကိုးနာရီခန့်တွင် အရပ်လူကြီးအိမ်မှ မောင်းထုသည်။ ရွာဆော်ကြီး၏ ကြိုတင်ဆော်ထား၊ ဖိတ်ထားခြင်း မရှိဘဲ မောင်းထုသံကြောင့် ကျွန်တော်တို့ ဗန့်ဗွေးကုန်း တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သို့သော် အကြီးအကျယ် တုန်လှုပ်ချောက်ချားမှုတော့ မဖြစ်မိကြ။ မောင်းထုသံ၏ 'ဒူဒူ. . ဒူဒူ. . ဒူဒူ' ဟု နှစ်ချက်စီ ဆင့်ဆင့်ထုသံမှာ အရေးပေါ် လူခေါ် လူစုခြင်းသာ ဆိုသည်ကို ရွာသူရွာသား အားလုံး နားလည်ကြ၏။

ကျွန်တော်တို့ဆီ၌ ရွာမောင်း၏ ထုသံ မြည်သံသည် သင်္ကေတ ရှိသည်။ သာရေးနာရေးရှိ၍ လူစုရန် ခေါ်ခြင်း၊ ရွာဆော်ကြီး၏ ကြိုတင် ဆော်ဩထား၍ မောင်းထုခြင်းတို့မှာ 'ဒူ-ဒူ-ဒူ' ဟု တစ်ချက်ချင်း လေးလေး မှန်မှန် ဖြစ်၏။

မြို့တွင် မီးကင်းသံချောင်းမွှေသလို တဒူဒူ အဆက်မပြတ် အချက် ပေါင်းများစွာ အလျှင်အမြန်ထုပြီ ဆိုလျှင်တော့ ချက်ချင်း အရေးတကြီး အရေးပေါ် လူခေါ်ခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ အဆက်မပြတ် မောင်းထုခေါ်ပြီ ဆိုလျှင်တော့ ရွာရှိ ယောကျ်ားတိုင်းသည် ဓား၊ လှံ၊ လေးမြား၊ တူမီးသေနတ် စသည် ရရာ လက်နက်ဆွဲပြီး အရပ်လူကြီးအိမ်သို့ ချက်ချင်း ပြေးလိုက်ကြရလေသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များမှာမူ ထိုသို့ အရေးတကြီး မောင်းထု

http://www.cherrythitsar.org



သံကို ကြားကြားချင်း ရုတ်ခြည်း မိမိတို့ လုံခြုံမှုရှိရာကို မိမိ အသိနှင့်မိမိ အမြန်ဆုံး ရှာဖွေခိုလှုံကြရသည်။

ထိုသို့ အဆက်မပြတ် မောင်းထုခြင်းမှာ ဓားပြ၊ တန္တ၊ သူခိုး သူဝှက်၊ သူပုန်သူကန်၊ ကျား၊ ဝံ၊ မြွေ၊ ဆင် စသည်ဖြင့် လူသားများကို အန္တရာယ်ပြုနိုင်သော တစ်စုံတစ်ခုသည် ရွာထဲ ဝင်လာခြင်း သို့မဟုတ် ရွာနားသို့ ချဉ်းကပ်လာနေပါပြီ ဟူသော အချက်ပေးသင်္ကေတပင် ဖြစ်လေသည်။

ယခု မောင်းထုသံမှာ ချက်ချင်း လက်ငင်း အန္တရာယ်ကျရောက်နေပြီဟူသော သင်္ကေတ မဟုတ်၊ အန္တရာယ်ကျရောက်နိုင်သည် သို့မဟုတ် အန္တရာယ် ကျရောက်သွားပြီ ဟူသော သတိပေး နှိုးဆော်ရန် လူစုခြင်း မောင်းထုခြင်းသာ။

ထို့ကြောင့်လည်း ရွာသူရွာသားများသည် အရပ်လူကြီး အိမ်ရှေ့သို့ ခြေလှမ်း မှန်မှန်နှင့်သာ အေးအေးဆေးဆေး ရောက်လာကြ၏။ ကြိုတင် စီစဉ်ထားခြင်း မရှိသဖြင့် အရပ်လူကြီး အိမ်ရှေ့တွင် လက်ဆွဲ အောက် လင်းဓာတ်မီး ထွန်းညှိမထား၊ ရေနံဆီ မီးအိမ်လေးသာ ထွန်းထား၏။ သို့သော် ကိစ္စ မရှိ။ တပို့တွဲလဆန်း ဆယ့်သုံးရက်လသည် အတော် မြင့်တက်နေပြီဖြစ်ရာ အရပ်လူကြီး အိမ်ရှေ့သို့ လာသူများမှာပင် မီးခွက်၊ မီးတုတ်၊ လက်နှိပ်ဓာတ်မီးများပင် ပါမလာကြ။ သဘာဝ လရောင်အားကိုးနှင့်သာ လူစုကြ၏။

မောင်းထုခေါ်ရတဲ့ ထုံးတမ်းစဉ်လာအရ အစည်းအဝေးကို လူစုံအောင်လည်း မစောင့်၊ ဦးစွာ ရောက်သူကို ဦးစွာ ပြော၏။ ခါတိုင်း သာရေး နာရေး ရပ်ကိစ္စ ရွာကိစ္စများကို ပြောသလို အစီအစဉ်တကျ ဟန်နှင့်ပန်နှင့်လည်း မဆို။ မှင်မောင်းလည်း မထုတ်။ ကြုံရာလူ ဦးစွာ ရောက်လာသူတိုင်းကို တစ်ယောက်ပြီး တစ်ယောက် ပြောနေခြင်းသာ။ သို့သော် ရောက်လာသူများမှာ အဆက်မပြတ်သဖြင့် ခဏချင်း နာရီဝက် အတွင်းမှာပင် **မောင်သာညဏ် တောထဲ၌ ပျောက်နေခြင်း** ဟူသော သတင်းကို တစ်ရွာလုံး သိသွားကြလေသည်။

“တစ်ရွာတစ်ကျေးများ သွားနေတာလား မကြည်”

http://www.cherrythitsar.org



"မဟုတ်ရပါဘူးတော်၊ နေမွန်းစောင်းကြီးမှ ညနေ တို့စားဖို့ ကြိမ်ခါးဖူး သွားခုတ်ဦးမယ်ဆိုပြီး ထွက်သွားတာပါ။ တစ်ရွာတစ်ကျေးကို သွားရင် ကျွန်မကို ပြောသွားနေကျပါ"

ရွာသားကြီးတစ်ယောက်၏ အမေးကို မောင်သာညဏ် အမေက ပြန်ပြော၏။

ခဏတော့ အားလုံး ငိုင်တွေသွားကြသည်။

"ဘယ်တောကို သွားမယ်ပြောလဲ"

"ဘယ်တောကို သွားမယ်ရယ်လို့တော့ တိတိကျကျ မပြောခဲ့ပါဘူး။ ကြိမ်ခါးဖူး သွားခုတ်ဦးမယ်ပဲ ပြောသွားပါတယ်။ ခါတိုင်းလည်း သွားနေကျဆိုတော့ ကျွန်မလည်း မမေးမိဘူးပေါ့တော်၊ ခု. . . ခုတော့ မိုးကြီးသာ ချုပ်သွားတယ် ကျွန်မသားလေး ပြန်မရောက်သေးပါဘူး"

ဒေါ်ကြည်၏ ငိုသံတစ်ဝက်နှင့် အပြောကို အားလုံး ငေးနေကြတုန်း. . .

"ဘယ်တော ဘယ်တောင်ဘက် ထွက်သွားမှန်း မသိတော့လည်း ခက်သားပဲဗျ။ ဘယ်မှာ သွားရှာကြရမှာလဲ"

မှန်၏။ ရွာ၏ အရပ်ရှစ်မျက်နှာတွင် တောချည်း၊ တောင်ချည်း။ မောင်သာညဏ် ထွက်သွားသော တောသည် ဘယ်တော ဘယ်တောင်မှန်း မသိ။ ဘယ်မှာ သွားရှာကြရမည်နည်း။

သို့သော် သစ်ကြီး ဝါးကြီး ခုတ်ရန် မဟုတ်ဘဲ ကြိမ်ခါးဖူး ဟင်းစား ရှာရုံဆိုလျှင် တောင်ကြီး တောနက်ထိတော့ မသွားတန်ရာ။ ဟင်းရွက် ဟင်းညွန့်ရှာ သွားသူများသည် ကုန်းသုံးကုန်း၊ လျှိုသုံးလျှို၊ တောသုံးတောထက် မကျော်လွန်ရဟုလည်း အရပ်စကား အဆိုရှိလေ၏။ ရွာမှ ထွက်သွားသည့် အချိန်မှာလည်း နေမွန်းစောင်းကြီးဆိုတော့ တောနက် မဖြစ်နိုင်။ ပြီးတော့ ဆယ့်ငါးခြောက်နှစ်အရွယ် မောင်သာညဏ်မှာ တောကျွမ်းပြီးသား လူကြီးလည်း မဟုတ်။

"ကြိမ်ခါးဖူး သွားခုတ်ရိုး မှန်ရင်တော့ တောနက်ထဲ မဖြစ်နိုင်ဘူး။ ရွာနီးဝန်းကျင်မှာပဲ ရှိမှာပါ"

"အမှန်ပါတော်၊ ကြိမ်ခါးဖူး သွားခုတ်မယ်လို့ ကျုပ်ကို ပြောသွား

http://www.cherrythitsar.org



တာပါ။ ကျုပ်သား. . . သား. . . ကျုပ်ကို တစ်ခါမှ လိမ်ညာ မပြောဖူးပါဘူး၊ အလိမ္မာလေးပါ”

မှန်သည်။ မောင်သာညဏ်ကား အမိ မဆိုးမကို အလွန် ချစ်သောသားအလိမ္မာလေး ဆိုသည်ကို တစ်ရွာလုံး သိကြလေသည်။

“တောထဲမှာ ဒီကောင် မျက်စိတွေ ဘာတွေ လည်တတ်လား၊ ဒီကောင်နဲ့ မင်းတို့ သစ်ခုတ်ဝါးခုတ် ဘယ်သူ အတူသွားဖူးလဲဟ ပြောကြစမ်းပါဦး၊ ပျားဖွပ် ဆေးရှာကော သွားဖူးတဲ့လူ တစ်ယောက်မှ မရှိဘူးလား”

“ရှိပါတယ် ခင်ဗျား။ ရာသီကာလတိုင်း ကျွန်တော်နဲ့ တောထဲမှာလိုက်နေကျပါ။ ဒီကောင် မှတ်ဉာဏ် သိပ်ကောင်းပါတယ်။ စူးစမ်းလေ့လာတတ်တဲ့ အကျင့်နဲ့ စွန့်စားမှု ရှာဖွေမှုတွေကိုလည်း ဝါသနာပါပါတယ်”

မောင်သာညဏ်နှင့် တောထဲ အတူသွားဖူး လာဖူးသူ ကျွန်တော့်အစ်ကိုကြီးက ထပြော၏။

“သစ်ခုတ်ဝါးခုတ်၊ ပျားဖွပ် ဆေးရှာနဲ့ ဘာဆိုင်လဲဗျ။ ခုဟာကဟင်းစား ကြိမ်ခါးဖူး သွားရှာတာ၊ နေဝင်မိုးချုပ် ဘယ်နေလိမ့်မလဲ”

သူကြီးစကားဆိုလျှင် အမြဲ အတွန့်တက်တတ်သော ဦးဘကျော်ကထပြောပြန်၏။

“အိမ်း. . . ဟုတ်တာပ၊ ခုလို နေဝင်မိုးချုပ် တောထဲ ဝင်နေတာထုံးမရှိပါဘူးတော်”

အသက်ကြီး အမယ်အိုတစ်ယောက်က ဦးဘကျော်၏စကားကိုထောက်ခံ၏။

အရပ်လူကြီးက ဦးဘကျော်နှင့် အဘွားကြီးဘက် တစ်ချက် လှမ်းကြည့်ကာ စကားဆက်သည်။

“မင်းတို့ကွာ ဒီကောင်လေး ဘယ်ဘက်သွားတယ်ဆိုတာ ရွာပြင်မှာဖြစ်ဖြစ်၊ တောစပ်မှာဖြစ်ဖြစ် မြင်လိုက်တဲ့လူကော တစ်ယောက်ယောက်မရှိဘူးလား။ ခြေရာခံ လိုက်ရှာကြည့်ရအောင်လို့ပါ”

အရပ်လူကြီးစကားကို မည်သူမျှ မတုံ့ပြန်၊ အားလုံး နှုတ်ဆိတ်နေကြ၏။

အရပ်လူကြီးသည် ရွာသူရွာသားများ၏ မျက်နှာကို စူးစူးရှရှ တစ်

http://www.cherrythitsar.org



ယောက်ချင်း ကြည့်လိုက်၏။ အမှောင်ထဲတွင် ထူးခြားမှု အကဲ တစ်စုံတစ်ရာ မရသောအခါ သက်မ ချသည်။

"အိမ်း စဉ်းတော့ စဉ်းစားစရာပဲ၊ အချိန်ကလည်း မနည်းတော့ဘူး။ ဒီတော့ လောလောဆယ် ရွာနားဝန်းကျင်မှာပဲ ရှာကြရမယ်။ အရင်က အစု ဖွဲ့စည်းထားတဲ့အတိုင်း ကိုယ့်အုပ်စုနဲ့ကိုယ် ချက်ချင်း ရှာကြပါ"

ရွာတွင် အပိုင်းလိုက်၊ အစုလိုက်၊ ဖွဲ့စည်းစုပြီးသား ရှိသဖြင့် မိမိအစုနှင့် မိမိ မောင်သာညဏ်ကို တောနင်းရှာရန် အလျို အလျို ထွက်သွားကြလေ၏။

"မကြည်. . . ခဏနေပါဦးဟ"

ရွာသားကြီးများ သွားရာနောက် ဆွေမျိုးနီးစပ် အုပ်စုတစ်ခုနှင့် အတူ သူလည်း လိုက်ပါရန် ထသော ဒေါ်ကြည်ကို အရပ်လူကြီးက ခဏတား ထားလိုက်၏။

မောင်သာညဏ်၏အမေ ဒေါ်ကြည်က အရပ်လူကြီးဘက်သို့ ကြောင်တောင်တောင်နှင့် လှမ်းကြည့်နေသည်။

"လာပါဦးဟ"

ဒေါ်ကြည်က အရပ်လူကြီးအနား ကပ်သွား၏။ သူ့တူတော်သူ ကလေး နှစ်ယောက်ပါ ဒေါ်ကြည့်အနားကို ကပ်ပါလာကြသဖြင့် အရပ်လူကြီးက ဟန့်တားသည်။

"ဟဲ့ ဒီကလေးတွေ သွားစမ်း၊ လူကြီးတွေ စိတ်ညစ်ရတဲ့ထဲ နေရာတကာ၊ သွား. . . သွား. . . သွားကြ"

ကလေးနှစ်ယောက်ကို သူ့အမေက လှမ်းခေါ်ထား၏။ ကလေးနှစ်ယောက်မှာ ဆယ်နှစ်ကျော် အရွယ်တွေမို့ သူတို့ အစ်ကိုဝမ်းကွဲ မောင်သာညဏ် ပျောက်သွားခြင်းကိစ္စကို စိတ်ဝင်တစား ရှိကြပုံရသည်။ အရပ်လူကြီးက ဟောက်လိုက်သည်ကိုပင် ကျေနပ်ပုံ မရကြ။ အရပ်လူကြီးနှင့် သူ့အဒေါ်ကြီးတို့ ဘာများ တိုင်ပင်နေကြပါလိမ့်ဟူသော သိလိုစိတ်နှင့် နောက်ပြန်. . . နောက်ပြန်သွားရင်း ငေးကြည့်နေကြသည်။

"နင့်သားက တောင်ဘက်ခြံမှာ ဘမြင့်တို့ ညီအစ်ကိုနဲ့ စကားများ ရန်ဖြစ်ဖူးတယ်ဆို၊ တခြား ရန်ငြိုးရန်စ ရှိသူတွေကော ရှိသေးလား။ ငါ့ကို

http://www.cherrythitsar.org



အမှန်အတိုင်း ပြောစမ်းပါ”

ဒေါ်ကြည်က ဝဲလာသော မျက်ရည်တို့ကို အလျင်သုတ်၏။ ပြီးမှ နှပ်ညှစ်၍ ဆိုသည်။

“ဘယ်သူနဲ့မှ ကျုပ်သားက ခိုက်ရန်ဒေါသ မဖြစ်ရပါလားတော်၊ ဘမြင့်တို့နဲ့ ဖြစ်တယ်ဆိုတာတောင် ခု သူကြီးပြောမှ သိရတာပါ။ ကျုပ်သားမှာ ရန် မရှိပါဘူး”

“တိုးတိုးပြောပါဟာ၊ နင်ကလည်း သူများတွေ ကြားကုန်ပါ့မယ်”

ရှိုက်သံတစ်ဝက်နှင့် ငိုပြီးပြောသော ဒေါ်ကြည်ကို အရပ်လူကြီးက သတိပေးလိုက်၏။

အရပ်လူကြီး၏သဘောမှာ သူနှင့်ဒေါ်ကြည်တို့ ပြောနေကြသည့် စကားကို တခြားလူများ မကြားစေချင်ပေ။ အထူးသဖြင့် မောင်သာဉာဏ်တို့ ဆွေမျိုးမကင်းသူများ၊ သူ ထင်သလို မောင်သာဉာဏ် တစ်စုံတစ်ခုဖြစ်လျှင် ရန်ငြိုးရန်စရှိသူတွေ သတ်ပစ်သည်အထင်နှင့် အတုံ့အလှည့် ကလဲ့စားချေနေကြမှာကို စိုးရိမ်ရ၏။ ထို့ကြောင့်လည်း စောစောက ကလေးများကို မောင်းထုတ်ခြင်း ဖြစ်လေသည်။

“နင်ပါ တောထဲ တောင်ထဲ လိုက်မယ်ဆို၊ ငါတို့ အဖွဲ့နဲ့ပဲ လိုက်ခဲ့၊ ဥစ္စာပျောက်ရင် ငရဲရောက်ဆိုသလို တောထင်တောင်ထင်လည်း မထင်နဲ့နော်”

“ဟုတ် ဟုတ်ကဲ့ပါတော်”ဟု ရှိုက်သံ ဗလုံးဗထွေးနှင့် အာမဘဏ္ဍေ ခံကာ ဒေါ်ကြည်မှာ သားပျောက်ရှာရန် အရပ်လူကြီး ဦးထွန်းသောင်းတို့ အဖွဲ့နှင့် တောထဲ လိုက်သွားလေ၏။

* * *

ဆယ့်သုံးရက်လသည် အနောက်ဘက်တောင်တန်းမြင့်များဆီ ငုပ်လျှိုးသွားပြီ ဖြစ်သည်။ လရောင် ကွယ်သွားသောအခါ တောထဲ တောင်ထဲက မီးတုတ်မီးရှူးများက ပို၍ လင်းလက်လာကြ၏။ မောင်သာဉာဏ်အား တော်စပ်သလို ‘ညီလေး၊ တူလေး၊ သားလေး’ အော်ခေါ်နေကြသော အသံဗလံတွေကလည်း တောလုံး ညံနေလေသည်။

http://www.cherrythitsar.org



မိုးလင်းပိုင်းနီးလာသောအခါ နွေဦး၏ အကြိုတော် ဥဩငှက်၏ လွမ်းလွမ်းဆွေးဆွေး တေးဖွဲ့အော်မြည်နေသံကိုလည်း တောအနှံ့ တောင်အနှံ့က ကြားနေရလေသည်။

အရပ်လူကြီးသည် ပျောက်နေသော မောင်သာညဏ်ကို အော်ဟစ်ခေါ် ရှာနေရင်းက အတွေးလွန်နေမိသည်။

"တစ်နေရာရာတွင် မောင်သာညဏ်လေးအား အသက်ထင်ရှား တွေ့ပါရစေ။ အသက်သေ၍ တွေ့ရလျှင်လည်း မြွေပါးကင်းပါး ဆင်နင်း ဝံကုတ် ကျားကိုက်၍သာ ဖြစ်ပါစေ၊ လူလူချင်း သတ်ဖြတ်ထားတာ မတွေ့ ပါရစေနှင့်၊ သူ ရွာလူကြီး လုပ်သက် ငါးနှစ်အတွင်းတွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးဘူးသေးသော လူသတ်မှု မဖြစ်ပါစေနှင့်"

* * *

အရပ်လူကြီး၏ အမိန့်အတိုင်း မောင်သာညဏ်အား လူစု၍ တောနင်းကာ အထပ်ထပ် ရှာကြသည်။ မောင်သာညဏ်၏ အမည်ကို အသံဝင်မတတ် အော်ခေါ်ကြသည်။ နေ့မအား ညမနား ထမင်းထုပ်ကိုယ်စီ၊ ရေဘူးကိုယ်စီနှင့် ရှာကြသည်။ ညအခါတွင် မီးတုတ် မီးရှူးမီးတိုင် ကိုယ်စီနှင့်လည်း ရှာကြသည်။ ရွာသားတွေသာ မဟုတ် အရွယ်ရောက်သော ရွာသူရွာသားတိုင်း တောအနှံ့ တောင်အနှံ့ ဖြန့်၍ ရှာကြသည်။ ခြေရာချင်းပင် ထပ်နေလေပြီ။ တောနေ သားငှက်တိရစ္ဆာန်တွေပင် လန့်ဖျပ်၍ ပြေးကုန်ကြပြီ။ မောင်သာညဏ်ကိုကား အစအန ခြေရာပင် မတွေ့ကြရသေး။ တောသုံးတော၊ ကုန်းသုံးကုန်း၊ လျှိုသုံးလျှိုတွင်မက တောကြီးမျက်မည်းများပင် ပြုပြစ်စင်လေပြီ။ ဆူးစူးသူ၊ ပျားတုပ်ခံရသူ၊ ခွေးလှေးယားသီးထိသူ၊ မြွေနှင့် တွေ့သူ၊ ကင်းနှင့်တွေ့သူ၊ သမင်ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ဖွတ် ပုတတ်ကစ၍ ကျား၊ ဝက်ဝံနှင့် တွေ့သူများပင် မနည်းတော့။ မောင်သာညဏ် လူပျောက်ကို ရှာရင်း ချေနှစ်ကောင်နှင့် ဆတ်တစ်ကောင်ကိုပင် ရွာသူရွာသားတွေ ဝိုင်းဖမ်းသတ်စားလိုက်ကြပြီ။ မောင်သာညဏ်ကိုကား ယခုထိ ခြေရာ မခံမိကြသေးပေ။ သည်လိုနှင့် နှစ်ရက် နှစ်ည ကြာသွား၏။ လူပျောက်ရှာသော ရွာသူရွာသားတွေမှာလည်း မောနေကြလေပြီ။

http://www.cherrythitsar.org



သို့သော် အရပ်လူကြီး၏ အမိန့်နှင့် ဆက်လက်၍ ရှာနေကြရဆဲ။

ကျားကိုက်၍ သေလျှင် ကျားစားထားသော အလောင်းတစ်ပိုင်း တစ်စကို တွေ့ရမည်။ ဆင်နင်း၍ သေလျှင်လည်း မောင်သာညဏ်၏ အလောင်းကို မြေတွင် ပြားချပ်၍ မြင်ကြရမည်။ ဝံကုတ် ဝံကိုက် မြွေကိုက်၍ သေလျှင်လည်း အလောင်းတော့ တွေ့ကြရပေမည်။ ယခု မောင်သာ ညဏ်ကို ဘယ်လို ယူဆရမည်နည်း။ မည်သူမျှ မတွေးတတ်အောင် ဖြစ် နေကြရသည်။

* * *

မောင်သာညဏ် ပျောက်သွားပြီး သုံးရက်အကြာမှာ သူ့အမေ ဒေါ်ကြည်က နတ်သွားမေး၏။ နတ်ကတော်က နတ်ဝင်ထားသည်ဟု အဟောထွက်၏။ အသက်ရှင်လို့မှ ရှိပါသေးလားဟု မေးကြသောအခါ နတ်ကတော်က အသက်ရှင်နေသည်။ ဘယ်ပညောင်ပင်ကြီးအောက် လိုဏ်ခေါင်းတွင် နေသည်။ ရက္ခစိုး ကြည့်ထားသည်။ နတ်နှင့် ပတ်နှင့် ရှာရမည်ဟု ဆို၏။

ယခင်ကလည်း ကျွန်တော်တို့ဆီ၌ ဤသို့ ထူးထူးဆန်းဆန်း အဖြစ် အပျက်များ ရှိခဲ့ဖူးသည်။ တောထဲသွားရင်း ယောကျ်ား၊ မိန်းမ၊ ကလေး သူငယ်များ ပျောက်ဖူးသည်။ တစ်ညာ၊ နှစ်ညာ၊ တစ်ရက်၊ နှစ်ရက် အကြာ တွင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်ရင်းတွင် အိပ်ပျော်၍ မေ့မြော၍ တွေ့ ရတတ်လေသည်။ အိပ်ပျော်နေသူကို လှုပ်နိုးခေါ် ယူရ၏။ ထိုသူအား မေး ကြည့်သောအခါ ကင်းပုံသီး၊ စောင်ချမ်းသီး၊ တောဆီးသီး၊ မှန်ဒေါင်း ကြပ်သီး စသည် စားနေကျ အသီးတစ်မျိုးမျိုးကို ခူးဆွတ်စားမိ၍ သွားရင်း လာရင်း အိပ်ချင်လာကာ အိပ်ပျော်ပြီး သတိမေ့သွားသည်ဟု ပြန်ပြောပြ တတ်၏။

တချို့ကမူ တောကြီးမျက်မည်းထဲ နေ့ခင်းဆိုလျှင် လျှောက်သွား၊ ညဆိုလျှင် သစ်ပင်ပေါ် တက်အိပ်၊ တွေ့ရာ အသီးအရွက်တွေ စားနှင့် တစ်ညာ၊ နှစ်ညာ၊ တစ်ရက် နှစ်ရက် တောကြီးထဲ မျက်စိလည်ကာ ရွာပြန် မရောက်တတ်ဘဲ ယောင်ပေပေ ဖြစ်နေတတ်သည်လည်း ရှိ၏။ ထိုသူများ

http://www.cherrythitsar.org



ကို ရှာဖွေသူတွေက နာမည်ထုတ်ခေါ်ကြသောအခါ အချို့မှာ ကြားရာ အရပ်က ပြန်ထူးပြီး ရှာဖွေသူတွေနှင့် တွေ့ကာ ရွာသို့ ပြန်လိုက်လာ၏။ အချို့ကမူ ရှာဖွေသူတွေက လူယောင်ဆောင် ခေါ်သည်ထင်၍ ရှာဖွေသူ တွေကိုမြင်မှ ထွက်ပြေးလေရာ ဝိုင်းဝန်းဖမ်းဆီးယူ လိုက်ရသည်လည်း ရှိ၏။

အချို့ကိုမူ တောထဲတွင် အစာငတ် ရေငတ်ဖြစ်ကာ မေ့မြော၍ တွေ့ရ၏။ သူတို့ကို သတိရအောင် ဝိုင်းဝန်းပြုစုကြရသည်။ သူတို့ သတိ ရ၍ မေးကြည့်သောအခါ မည်သည့် တိရစ္ဆာန်ဟု မပြောပြတတ်။ သူတို့ အပြောကမူ မကောင်းဆိုးဝါး တစ်ကောင်ကောင် အနားက ဖြတ်ပြေးသွား သည်။ ထိုအကောင်ဆီမှ အနံ့အသက် ကျန်ရစ်သည်။ ထိုအနံ့ကို ရှူမိ သောအခါ ပထမ မွှေးသည်။ နောက် ကြက်သီးတွေထ၍ မူးလာသည်။ နောက်တော့ သတိလစ်သွားသည် ဆို၏။

အမှန်မှာ အသီးစားမိ၍ အနံ့ရှူမိ၍ ဆိုခြင်းမှာ အဆိပ်သင့်ခြင်း တစ်မျိုးပင်။ အမွှေးလွန်လျှင်လည်း အဆိပ်သင့်၏။ တောတောင်ထဲတွင် ကြောင်နံ့သာလို အကောင်မျိုးနှင့် ကတိုးလို အကောင်မျိုးတွေ ရှိလေရာ အနံ့ရှူမိ၍ အဆိပ်သင့် မေ့မြောသွားသည်မှာ ဖြစ်တတ်သော အကြောင်း အရာပင်။

အသီးကမူ ပိုမို၍ပင် ကြောက်စရာကောင်းသေး၏။ စားနေကျ အသီးပင် ဖြစ်သော်လည်း အခန့်မသင့်လျှင် ချက်ချင်း အဆိပ်သင့်တတ် သည်။ ထူးဆန်းသည်မှာ တစ်ပင်တည်း သီးသော အသီးများမှာ အတူတူ ပင် ဖြစ်သော်လည်း အဆိပ်သင့်သော အလုံးမှ အဆိပ်သင့်သည်။ အလုံး တိုင်း၌ အဆိပ် မရှိပေ။ သစ်သီး တစ်လုံးစီ၏ အလယ်၊ အရင်း၊ အဖျား စသည်တို့၌ပင် နေ့ရက်၊ အချိန်ကာလ၊ ရာသီဥတု၊ နေသွားလမ်းကာလ ဒေသ ပထဝီမြေ၏ အနေအထား၊ လူ၏ မူလဘူတဓာတ်ခံကိုစွဲ၍ ခွန် အားနှင့် အဆိပ်ကို ဖြစ်စေသည်ဟု ဆေးကျမ်းများ၌ ဆိုလေသည်။

ထို့ကြောင့် တောထဲတောင်ထဲတွင် တွေ့ရသော သစ်သီးဝလံများ ကို ဝါရင့် ဟိမဝန္တာမုဆိုးများသည် တွေ့တိုင်း မစားဘဲ အချိန်ကာလ၊ နေကျ နေတက် နေ့ရက်အခါကို ကြည့်၍သာ စားသည်ဟု အဆိုရှိကြ

http://www.cherrythitsar.org



၏။ စားသုံးရာတွင်လည်း တစ်ပင်တည်း အသီးပင် ဖြစ်လင့်ကစား နေရောင်ကျရာ နက္ခတ်လမ်းတွင် အပြစ်အကျိုးနှင့် အရှေ့အနောက် တောင်မြောက် စသည် ခွဲခြား၍သာ စားရ၏။ အချို့ကမူ အနိမ့်၊ အမြင့် အကိုင်းအခက်ပင် ရွေးရသည်ဟု ဆို၏။

တောထဲ တောင်ထဲက သစ်သီးဝလံများကို လက်တွေ့ မျက်တွေ့ မကြုံဖူးဘူးကြ၍ မသိကြသော်လည်း စိုက်ခင်းထဲတွင် တစ်ပင်တည်းမှ သီးသော သခွားသီးများထဲတွင် စုန်းပြူးပမာ အခါး တစ်လုံးတလေ ပါတတ်သည်ကိုတော့ တောင်သူဦးကြီးတိုင်း သိကြပေသည်။ အချို့ကမူ အဆိပ်ရှိသော မြွေတစ်ကောင်ကောင် ကျော်ဖြတ် တက်နင်းသွားလျှင် ခါးသည်ဟု ဆို၏။ အချို့ကမူ မြွေသာ မဟုတ် မည်သည့် အဆိပ်ရှိ တိရစ္ဆာန်ကျော်ကျော် ခါးသည်ဟု ယူဆကြသည်။ မည်သို့ဆိုစေ တစ်ပင်တည်းမှ သီးသော သခွားသီးများထဲတွင် လုံးဝ စားမရလောက်အောင် ခါးသော သခွားသီးများ ပါတတ်သလို တောတောင်ထဲတွင် တွေ့ရတတ်သော လူစားကောင်းသည့် အသီးအနှံများထဲတွင်လည်း အဆိပ်သင့်နေသော သစ်သီးတစ်လုံးတလေ ရှိနေသည်မှာ အမှန်ပင် ဖြစ်လေသည်။ အသီးသာ မဟုတ်၊ လူစားသော သစ်ရွက်၊ သစ်ညွန့်၊ အဖူး၊ အခက်များသည်လည်း တစ်ခါတစ်ခါ ထိုနည်းလည်းကောင်း အဆိပ်ဖြစ်နေတတ်လေသည်။

ထိုသို့ အဆိပ်သင့် မူးမေ့ အိပ်ပျော်နေသူများကို ပြန်တွေ့ရသလို ဆင်နင်း၍၊ ဝံကုတ်၊ ကျားကိုက်စားထား၍ သေနေသော အလောင်းများကိုလည်း ပြန်တွေ့ရတတ်၏။ လုံးဝ အလောင်းရှာမတွေ့သူများလည်း ရှိလေသည်။ ထိုသူများကို ကျွန်တော်တို့အရပ်က နတ်သတ်ပစ်သည်။ နတ်ခေါ်သွားသည်ဟု အယူရှိကြလေသည်။ သူတို့ ပြောသောနတ်မှာ မိစ္ဆာနတ်၊ သရဲတစ္ဆေပင်။

ယခု ကြိမ်ခါးဖူးခုတ်ရန် သွားရင်း ပျောက်သွားသော မောင်သာ ညာဏ်ကိုလည်း နတ်ဝှက်ထားသည်။ နတ်ကွယ်ထားသည် အထင်နှင့် သုံးရက် သုံးည ရှာကြ၏။ ဘယ်တောင်မှာမှ၊ ဘယ်တောမှာမှ ရှာမတွေ့။ နတ်မေး၊ ဗေဒင်မေး၊ ဟူးရားကြည့်ကြသည်မှာလည်း အကြိမ်ကြိမ် အခါခါ ရှိလေပြီ။ နတ်သတ်ပစ်ပြီ၊ နတ်ခေါ်သွားပြီဟု ဗေဒင်ဆရာ နတ်ဆရာ

http://www.cherrythitsar.org



၏။ စားသုံးရာတွင်လည်း တစ်ပင်တည်း အသီးပင် ဖြစ်လင့်ကစား နေရောင်ကျရာ နက္ခတ်လမ်းတွင် အပြစ်အကျိုးနှင့် အရှေ့အနောက် တောင်မြောက် စသည် ခွဲခြား၍သာ စားရ၏။ အချို့ကမူ အနိမ့်၊ အမြင့် အကိုင်းအခက်ပင် ရွေးရသည်ဟု ဆို၏။

တောထဲ တောင်ထဲက သစ်သီးဝလံများကို လက်တွေ့ မျက်တွေ့ မကြုံဖူးဘူးကြ၍ မသိကြသော်လည်း စိုက်ခင်းထဲတွင် တစ်ပင်တည်းမှ သီးသော သခွားသီးများထဲတွင် စုန်းပြူးပမာ အခါး တစ်လုံးတလေ ပါတတ်သည်ကိုတော့ တောင်သူဦးကြီးတိုင်း သိကြပေသည်။ အချို့ကမူ အဆိပ်ရှိသော မြွေတစ်ကောင်ကောင် ကျော်ဖြတ် တက်နင်းသွားလျှင် ခါးသည်ဟု ဆို၏။ အချို့ကမူ မြွေသာ မဟုတ် မည်သည့် အဆိပ်ရှိ တိရစ္ဆာန်ကျော်ကျော် ခါးသည်ဟု ယူဆကြသည်။ မည်သို့ဆိုစေ တစ်ပင်တည်းမှ သီးသော သခွားသီးများထဲတွင် လုံးဝ စားမရလောက်အောင် ခါးသော သခွားသီးများ ပါတတ်သလို တောတောင်ထဲတွင် တွေ့ရတတ်သော လူစားကောင်းသည့် အသီးအနှံများထဲတွင်လည်း အဆိပ်သင့်နေသော သစ်သီးတစ်လုံးတလေ ရှိနေသည်မှာ အမှန်ပင် ဖြစ်လေသည်။ အသီးသာ မဟုတ်၊ လူစားသော သစ်ရွက်၊ သစ်ညွန့်၊ အဖူး၊ အခက်များသည်လည်း တစ်ခါတစ်ခါ ထိုနည်းလည်းကောင်း အဆိပ်ဖြစ်နေတတ်လေသည်။

ထိုသို့ အဆိပ်သင့် မူးမေ့ အိပ်ပျော်နေသူများကို ပြန်တွေ့ရသလို ဆင်နင်း၍၊ ဝံကုတ်၊ ကျားကိုက်စားထား၍ သေနေသော အလောင်းများကိုလည်း ပြန်တွေ့ရတတ်၏။ လုံးဝ အလောင်းရှာမတွေ့သူများလည်း ရှိလေသည်။ ထိုသူများကို ကျွန်တော်တို့အရပ်က နတ်သတ်ပစ်သည်။ နတ်ခေါ်သွားသည်ဟု အယူရှိကြလေသည်။ သူတို့ ပြောသောနတ်မှာ မိစ္ဆာနတ်၊ သရဲတစ္ဆေပင်။

ယခု ကြိမ်ခါးဖူးခုတ်ရန် သွားရင်း ပျောက်သွားသော မောင်သာညာဏ်ကိုလည်း နတ်ဖမ်းထားသည်။ နတ်ကွယ်ထားသည် အထင်နှင့် သုံးရက် သုံးည ရှာကြ၏။ ဘယ်တောင်မှာမှ၊ ဘယ်တောမှာမှ ရှာမတွေ့။ နတ်မေး၊ ဗေဒင်မေး၊ ဟူးရားကြည့်ကြသည်မှာလည်း အကြိမ်ကြိမ် အခါခါ ရှိလေပြီ။ နတ်သတ်ပစ်ပြီ၊ နတ်ခေါ်သွားပြီဟု ဗေဒင်ဆရာ နတ်ဆရာ

http://www.cherrythitsar.org



တို့က အဟောထွက်ကြပြန်၏။

သည်လိုနှင့် မောင်သာညဏ်ကို ရွာနှင့် အနီးဆုံး တောတွေ တောင်တွေမှာ တောနင်းရှာကြသည်။ လေးငါးရက်သာ ကြာသွား၏။ မောင်သာညဏ် အလောင်းကိုကား မတွေ့။ နတ်ကတော် အဟောထွက်သော သစ်ပင်ကြီးကြီး ရှိသည့် တောတွေ တောင်တွေကိုလည်း ရောက်ကြပြီ။ သစ်ပင်ကြီးကြီး ရှိရာ ဟူသမျှလည်း နှံ့ကြပြီ။ မောင်သာညဏ်ကိုကား လုံးဝ ရှာမတွေ့ကြသေး။ နတ်ကတော်လည်း လက်မှိုင်ချသွား၏။ အစက မသေသေး။ ပြန်တွေ့ရမည်၊ နတ်ဝှက်ထားသည်။ နတ်မြှောင်ထားသည်။ ထို့နောက် ရှာမတွေ့တော့။ သေပြီး အလောင်း တွေ့ရမည်။ ဘယ်အပင်မှာ ဘယ်တောဘယ်တောင်မှာဟု ပြောသော နတ်ကတော်ကို ယခု အလောင်းရှာဖွေမတွေ့သဖြင့် ဆွေမျိုးများက ဆဲဆိုရိုက်မောင်းမတတ် မေးကြသောအခါ နတ်ကတော်ကလည်း ကြောက်ကြောက်နှင့် သူ ယခုမှ သေသေချာချာ သူ့မယ်တော်ကြီးကို မေးမိပါသည်။ မောင်သာညဏ်ကို ခြေရာပျောက် အရှင်လတ်လတ် ခေါ်သွားသည်။ အလောင်းပင် ထားမပစ်ခဲ့ဟု ဆိုပြန်၏။ မောင်သာညဏ်ကို လေးငါးခြောက်ရက် လိုက်ရှာရ၍ အလုပ်ပျက် အကိုင်ပျက် ဖြစ်နေကြသော ရွာသူရွာသားတွေမှာ နတ်ကတော်ကို စိတ်ဆိုး ကြသည်။ "တော်တော့. . . အစကပင် ခင်ဗျား ဘာလို့ မပြောလဲ"ဟု မာန်ကြ မဲကြ၏။

နတ်ကတော်၏ စကားကိုလည်း အယုံအကြည် မရှိကြသောအခါ တွေးခေါ်တတ်သူ လူကြီးတွေနှင့် ဆွေမျိုးသားချင်းတွေမှာ တစ်မျိုးတစ်မည် တွေးကြပြန်သည်။ မောင်သာညဏ်နှင့် ရည်းစားလုဘက်များ သို့မဟုတ် ရန်ခိုက်ဒေါသ ဖြစ်ဖူးသူများ သို့မဟုတ် မောင်သာညဏ်ကိုယ်ပေါ်တွင် ရွှေဆွဲကြိုးတစ်ကုံးနှင့် သူ့ဘကြီးဘုန်းကြီး ပေးထားသော စမ္ပာနဝအင်းပါ ငွေကြုတ်ကြီးတစ်ခုလည်း ပါသွားရာ ထိုပစ္စည်းကို လိုချင်နေကြသော မသမာသူတွေကများ လုပ်ကြံသတ်ဖြတ်ပြီး အလောင်းဖျောက်လိုက်ကြတာလားဟု တွေးထင်ကြသည်။

သို့နှင့် လေးငါးရက် ရှာပြီးကြသောအခါ မောင်သာညဏ်ကို သေသူစာရင်း သွင်းလိုက်ကြ၏။ ထုံးစံအတိုင်း သေသောသူ ကြာလျှင်

http://www.cherrythitsar.org



မေ့သွားကြလေသည်။

သို့သော် အယူသည်းကြသူများကမူ ယခင်က အသေခေါ်တတ်သော နတ်မိစ္ဆာသည် ယခု အရှင်ခေါ်လေပြီ။ နောက် မည်သူ့ကိုများ အရှင် ခေါ်သွားပြန်မည် မသိဟု ရင်တထိတ်ထိတ် ဖြစ်နေကြလေသည်။

* * *

"မင်းတို့ဟာ ဘယ်လိုဖြစ်တာလဲကွ၊ ငါ့မှာဖြင့် မင်းတို့ လာမယ်ထင်ပြီး တမျှော်မျှော်နဲ့"

ဘကြီးသည် တောင်ညိုရွာက ရောက်လာလာချင်း ကျွန်တော်တို့ အိမ်သားတွေကို ပြစ်တင်စကား ဆိုလေသည်။

ဘကြီး နေထိုင်ရာ ရိုးမတောင်ခြေရွာနှင့် ကျွန်တော်တို့ ဗန့်ဗွေးကုန်းရွာမှာ ခြေကျင် နေ့ဝက်ခရီး ရှိသည်။ ဘကြီးသည် ရိုးမထဲက ရသော ပျားဖယောင်း၊ ရှုနာဂမုန်းဥ၊ နွယ်ချို၊ နနွင်းခါး၊ သစ်ကြံပိုး၊ ကံ့ကော်ဝတ်ဆံ စသည့် ပရဆေးများကို တောင်ခြေတစ်လျှောက်ရှိ ရွာများကို လှည့်လည်၍ စုစည်း ကောက်ဝယ်ထားသည်။ နိုင်ငံခြားက ပရဆေးများ မတင်သွင်းတော့သဖြင့် ပရဆေးများ ဈေးကောင်းရချိန်ဖြစ်ရာ ဘကြီး စုဆောင်းကောက်ထားပေးသော ဆေးများကို အဖေကတစ်ဆင့် မြင်းနှင့် သယ်ယူ၍ မြို့ပွဲရုံသို့ ပို့ရသည်။ ဈေးကောင်းရသဖြင့် အဖေက ထိုလုပ်ငန်းကို အလွန် စိတ်ဝင်စားနေ၏။ ကိုယ်တိုင်ကလည်း တောဆေးကိုင်သူ ဆေးဆရာဖြစ်လေရာ အဖေ လာရောင်းသော ပရဆေးများဆိုလျှင် မြို့ပွဲရုံတွေကလည်း ယုံယုံကြည်ကြည် ဝယ်ယူကြ၏။ သို့သော် မနေ့က ဆေးလာယူမည်ဟု လူကြုံနှင့် စကားမှာ ချိန်းထားခဲ့သော်လည်း တစ်ရက် နှစ်ရက်ကြာသွားသည်။ ဘကြီးဆီ အဖေက ဆေးသွားမယူဖြစ်။ အကြောင်းမှာ ဆေးဘူးတောင်း တစ်ဖက်တစ်လုံးစီ သယ်ပိုးပေးရမည့် အိမ်က မြင်းညိုကြီး တိမ်ပျံ့မှာ ခြေထောက်တစ်ဖက် ဒဏ်ရာရနေ၍ ဖြစ်လေ၏။

လွန်ခဲ့သော နှစ်ရက်ခန့်က မြင်းညိုကြီးတိမ်ပျံ့သည် အစာသွားစားရာ အထက်တောစားကျက်က ကဆုန်ပေါက် မြည်ဟည်းပြေးလာ၏။ အထိတ်တလန့် အော်ပြီး ပြေးလာသောတိမ်ပျံ့ကို ဖမ်းချည်ပြီး ကြည့်ကြ

http://www.cherrythitsar.org



သောအခါ လက်ဝဲဘက် လက်တစ်ချောင်းမှာ ခွာသီးနားမှ တံကောက်ကွေးနားအထိ အသား လုံးဝ မရှိတော့ဘဲ အရိုးငေါငေါ ထွက်နေ၏။ စုတ်ပြတ် ဖွာဆန်ကြဲနေသော အရေပြားအစတွေမှာ သွေးစသွေးနတွေနှင့် အသားနီလန်နေ၏။ ဘာကောင် ကိုက်လွှတ်လိုက်သည် မသိ။ တိမ်ပျံ၏ ခြေထောက်မှာ ထော့နင်းထော့နင်း ဖြစ်နေ၏။ တိမ်ပျံခြေထောက် အနာရနေသဖြင့် ဆေးသွား မယူဖြစ်တော့ပေ။ ချိန်းထားလျက်နှင့် မလာသဖြင့် ယခု ဘကြီး လိုက်လာ၍ အပြစ်တင်စကား ဆိုခြင်း ဖြစ်လေသည်။

ဤသည်ကို ဘကြီးအား ပြောပြသောအခါ ဘကြီးက ငါလိုက်ကြည့်ပါရစေဟု ဆိုပြီး တိမ်ပျံချည်ထားသော မြင်းဇောင်းသို့ လိုက်ကြည့်၏။

“ဘာကောင် ကိုက်လွှတ်လိုက်မှန်းလဲ မသိပါဘူး အစ်ကိုကြီးရာ။ အသားဆိုလို့ နည်းနည်းမှ မကျန်လိုက်ဘူးဗျ။ မြင်တဲ့အတိုင်းပဲ”

“ဘယ်မှာ ဖြစ်တာလဲကွ”

“ဘယ်နေရာက ဖြစ်လာမှန်းလဲ တိတိကျကျတော့ မသိဘူးဗျ။ ဒီကောင်ကြီး စားကျက်ကတော့ ရွာမြောက်ဘက် အထက်တောမှာ များတယ်”

ဘကြီးက တိမ်ပျံ၏ ခြေထောက်အနာကို စူးစူးစိုက်စိုက် ငေးကြည့်နေ၏။

“အိမ်း ငါ ထင်တာတော့ တစ်ခုရှိတယ်ကွ”

“ဘာလဲဟင် အစ်ကိုကြီး၊ တိမ်ပျံကို ဘာအကောင် ကိုက်လွှတ်လိုက်တယ် ထင်လဲ”

“အေး ကြည့်ဦးမလေကွာ။ အတပ်တော့ ဘယ်ပြောနိုင်မလဲ၊ ငါ ရွာမပြန်သေးဘူး။ အထက်တောဘက် ငါ လိုက်ကြည့်စမ်းမယ်။ မင်းတို့ ရွာမှာ အမဲသားအစိမ်းများ ရနိုင်ပါ့မလား”

“ဟာ ဒီနေ့တော့ ဘယ်ရနိုင်တော့မလဲ အစ်ကိုကြီးရာ၊ မနက်ဖြန် ဈေးထွက်တဲ့ ကားနဲ့ မြို့ကို မှာလိုက်ရင်တော့ ရပါတယ်”

“အေး ရရင် မှာကွာ။ အမဲသား များများ မလိုပါဘူး။ ငါးကျပ်သား လောက်ဆို ဖြစ်ပါတယ်”

http://www.cherrythitsar.org



"ဘာလဲ အစ်ကိုကြီး၊ အစိမ်းတောစာပစ်ပြီး တိမ်ပျံကိုက်. . . "

"မဟုတ်ပါဘူးကွာ၊ ဒါတွေ ငါ အယူမရှိဘူးဆိုတာ မင်း သိသားနဲ့၊ တိမ်ပျံခြေထောက်က အသားတွေ စားလိုက်တဲ့ အကောင်တွေဟာ ငါ ထင်တဲ့ အကောင်တွေများ ဖြစ်နေမလားလို့"

"ဘာကောင်လဲဟင် အစ်ကိုကြီး၊ တိမ်ပျံကို ကိုက်လွှတ်လိုက်တာ ဘာကောင်ထင်လဲ"

အဖေက သူ့မြင်းညိုကြီးကို ကိုက်လွှတ်လိုက်သော အကောင်အား သိလိုဇောနှင့် အလောတကြီး မေး၏။

"ဟာ မင်းကလည်း အတိအကျ မသိရသေးပါဘူးဆို၊ ငါ ကြည့်မယ်ကွာ၊ အမဲသားသာ ဈေးကြုံနဲ့ မှာလိုက်ပါ"

ဘကြီးပြောသည့်အတိုင်း ဈေးကြုံနှင့် နောက်တစ်နေ့မှာ အဖေက အမဲသားတစ်ပိဿာ မှာလိုက်၏။ မွန်းတိမ်းစတွင် မြို့က ဈေးကား ပြန်ရောက်လာ၏။ ဈေးကားနှင့် ပါလာသော အမဲသားထုပ်ကို အဖေက ဘကြီးကို ပေးသည်။

ဘကြီးသည် အမဲသားထုပ်ထဲက သွေးသံရဲရဲနှင့် လက်မလောက်ရှိသော အမဲသားတုံး တစ်ခုကို ယူသည်။ ကျန်သော အမဲသားကို ပြန်ပေး၍ "ငါတို့ ညနေစားဖို့ ချက်ထားလိုက်ကွာ၊ လာ မောင်ထွန်းတို့ မောင်မြင့်တို့ ဘကြီးနဲ့ လိုက်ခဲ့ကြ၊ မင်းတို့ မြင်းညိုကြီး ကိုက်လွှတ်လိုက်တဲ့ကောင် ဘာကောင်လဲ ဆိုတာ အထက်တောဘက်သွားပြီး ဘကြီးနဲ့ ထောက်လှမ်းကြရအောင်"ဟု ဆိုလေသည်။

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်သည်လည်း ဘကြီးနှင့်အတူ အထက်တောဘက်သို့ လိုက်လာကြလေ၏။

* * *

ဘကြီးသည် သွားရင်းလာရင်း လမ်းတွင်တွေ့ရသော ဝါးရုံတစ်ခုမှ ဝါးပပ်ပြားတစ်ပြားကို ကောက်ယူလာသည်။ ထို့နောက် လမ်းဘေးတွင် တွေ့ရသော ငှက်ပျောတစ်ပင်မှ ငှက်ပျောလျှော် လေးငါးပင် ငင်ပြန်သည်။ ကျွန်တော်တို့ ညီအစ်ကိုမှာ ဘကြီးလုပ်သည်ကို လုံးဝ မရိပ်မိကြ။

http://www.cherrythitsar.org



တောထဲတောင်ထဲ မမေးကောင်း၍သာ ငြိမ်ငြိမ်လေး လိုက်ပါနေကြရ၏။

မကြာခင်ပင် အထက်တောနား ရောက်လာကြလေသည်။

လျှိုစမ်းနားတစ်ခု ရောက်သောအခါ ဘကြီးသည် စမ်းရေအိုင်ကို သေသေချာချာ စိုက်ကြည့်နေသည်။ ကျွန်တော်တို့က ဘကြီး ဘာကို ကြည့်မှန်း မသိ။ သို့သော် တောထဲတောင်ထဲဖြစ်သဖြင့် မမေးရဲကြ။ နဂိုကပင် ကြောက်ရ၍ ဘကြီးလုပ်သမျှသာ အကဲခတ် ကြည့်နေကြရ၏။

ဘကြီးသည် နောက်ထပ် စမ်းရေအိုင်နား တစ်ခုတွင် ရပ်ပြန်၏။ ဘကြီး ခြေလှမ်းရပ်သောအခါ ကျွန်တော်တို့မှာလည်း တိုင်ပင်ထားသလို လိုက်ရပ်ကြ၏။ ဘကြီးသည် စမ်းရေထဲ ကြည့်လိုက်၊ မိုးပေါ် မော့ကြည့်လိုက် လုပ်နေ၏။ စိတ်တိုင်းမကျသေးသလို နောက်တစ်နေရာ ရွှေ့ပြန်သည်။ ထိုနေရာမှာ ဘကြီး စောစောက ကြည့်ခဲ့သော စမ်းရေအိုင်ထက် ကြီးသောအိုင် ဖြစ်လေသည်။

"အေး ဟုတ်ပြီကွ"ဟု ဘကြီးက ဆိုသော်လည်း ကျွန်တော်တို့မှာ ဘာဟုတ်မှန်း မသိ။ ဤတစ်ခါတော့ အစ်ကိုကြီးက မနေနိုင်တော့. . .

"ဘာ ဟုတ်တာလဲ ဘကြီး"ဟု မေးတော့၏။

"ဘာဟုတ်ရမှာလဲ၊ မင်းတို့မြင်း တိမ်ပျံ ခြေထောက်က အသား တွေကို စားထားလိုက်ကြတဲ့ အကောင်တွေပေါ့ကွ၊ ဒီမှာကြည့်၊ ငါ ပြမယ်။ ဟိုမှာတွေ့လား၊ ဟိုသစ်ကိုင်းမှာ နားပြီး ရေဆင်းသောက်နေတဲ့ အကောင် ကို ကြည့်စမ်း"

ဘကြီးက လက်ညှိုးထိုးပြသဖြင့် ကျွန်တော်တို့ ညီအစ်ကိုက ဘကြီး ညွှန်ပြရာကို စူးစူးစိုက်စိုက် လိုက်ကြည့်ကြသည်။ လက်သန်းနီးပါး ရှိသော မွဲပြာရောင် အစက်အပြောက်နှင့် ပိုးကောင်တစ်ကောင်ဟု မြင်ကြရ၏။ ထိုပိုးကောင်သည် ဘကြီးပြသော သစ်ကိုင်းတွင် ခဏနားပြီး ရေစပ်ထဲ ဆင်းသွားကာ အမြီးတလှုပ်လှုပ်နှင့် ရေသောက်နေ၏။

ထိုအကောင်ကို ငေးနေကြစဉ် ဘယ်က ဘယ်လို ရောက်လာ သည် မသိ။ နောက်တစ်ကောင်ကလည်း သစ်ကိုင်းပေါ် လာနားပြန်၏။ သတိထားကြည့်မိမှ သူတို့အနားတွင် နောက်ထပ် တစ်ကောင် ရှိနေပြန် သည်။ ပထမအကောင် ရေသောက်ပြီး ထပျံသွား၏။ ဘကြီးက ထို

http://www.cherrythitsar.org



အကောင်ကို ခေါင်းမော့လိုက်ကြည့်သည်။ ဘကြီးနည်းတူ ကျွန်တော်တို့လည်း လိုက်မော့ကြည့်ကြ၏။ သို့သော် သစ်ပင်ဖျား ရွက်အုပ်ထဲ ပျောက်သွား၏။

ထိုအချိန်၌ပင် ဘကြီးသည် သူယူလာသော အမဲသားတုံးထဲမှ မီးခြစ်ဆံခေါင်းလောက်ရှိသော အသားတစ်စကို ငှက်ပျောလျှော်ပင်ငယ် တစ်ဖက်အစတွင် ချည်လိုက်၏။ နောက်တစ်ဖက် လျှော်စတွင် လက်မ ပြားလောက်ရှိသော ဝါးပပ်ပြားလေးကို ချည်သည်။ ဤသို့ တစ်ဖက်တွင် အမဲသားတစ်နှင့် တစ်ဖက်တွင် ဝါးပပ်ပြားချည်ထားသော လျှော်ငှက်ပျောချည် လေးငါးပင်ကို ဘကြီးက ဆက်တိုက်ပြုလုပ်သည်။ ဘကြီး ဘာတွေလုပ်နေပါလိမ့်ဟု ကျွန်တော်တို့မှာ တွေးမရကြသေး။

ဘကြီးသည် အမဲသားတစ်နှင့် ဝါးပပ်ပြား သုံးလေးခု တွဲချည်ပြီးသောအခါ ပတ်ဝန်းကျင် ဘယ်ညာကို အကဲခတ်ကြည့်သည်။ ဘကြီး၏ မျက်လုံးစူးစိုက်ကျရောက်ရာမှာ ရေအိုင်နားရှိ သစ်ပင်ကြီး တစ်ပင် ဖြစ်၏။ ဘကြီး မော့ကြည့်နေသလို ကျွန်တော်တို့လည်း လိုက်မော့ကြည့်ကြ၏။ ဘကြီးက 'ဘာမြင်လဲကွ'ဟု မေး၏။ ရုတ်တရက် မဖြေမိကြသေး။ တစ်ယောက်မျက်နှာ တစ်ယောက် ဘာမြင်လဲဟူ၍ ပြန်ကြည့်နေမိကြ၏။ ကျွန်တော်တို့က သစ်ပင်ပေါ်တွင် ဘာမှ ထူးထူးခြားခြား မမြင်မိ။

ဘကြီးက ထပ်မေးပြန်၏။

"ဟင် မင်းတို့ ဘာမြင်လဲ"

"ဟင့်အင်း၊ ကျွန်တော်တို့ ဘာမှ ထူးထူးခြားခြား မမြင်ပါဘူး ဘကြီး"

"သေသေချာချာ ကြည့်ကြစမ်းပါကွ၊ မင်းတို့ လူငယ်တွေက ဘကြီးထက် မျက်စိ ပိုလျင်ကြမှာပါ"

ဘကြီးက ပြုံး၍ ပြော၏။ ကျွန်တော်တို့မှာ အမှန်ပင် ထူးထူးခြားခြား မမြင်ကြ။

"ဘာမှ မမြင်ပါလား ဘကြီး၊ ဘကြီးကော ဘာမြင်လို့လဲ"

"ဟ. . . လူငယ်တွေဖြစ်ပြီး မင်းတို့မျက်စိတွေက ကန်းလှချည်လား၊ သစ်ပင်ပေါ်မှာ သစ်ကိုင်းတွေ မမြင်ဘူးလား"

http://www.cherrythitsar.org



"ဟာ. . . ဘကြီးကလည်း သစ်ပင်ပေါ် သစ်ကိုင်းတွေတော့ မြင်တာပေါ့ဗျ၊ ဒါဆန်းလား"

"ဟဲ. . . ဟဲ အဲဒီသစ်ကိုင်းတွေပေါ့ကွ ငါ ကြည့်နေတာ"

"ဗျာ"

အစ်ကိုကြီးက ဘကြီးကို စိတ်မှကောင်းသေးရဲ့လား ဟူသော သဘောဖြင့် ဗျာလိုက်၏။

"လူတက်လို့ ရမရ ကြည့်တာလေကွာ"

"ရပါတယ် ဘကြီးရယ်"

အစ်ကိုကြီးက ဘာမှ မပြောဘဲ ဘကြီးမျက်နှာကို ငေးကြည့်နေသဖြင့် ကျွန်တော်က ဝင်ပြောလိုက်၏။

"မင်းတို့ အပင်ဖျားထိ တက်နိုင်ကြပါ့မလား"

"တက်နိုင်ပါတယ်ဗျ၊ ဒီအပင်က ဘာမြင့်တာမှတ်လို့၊ ဒီထက် မြင့်တဲ့ အပင်တွေတောင် ကျွန်တော်တို့ တက်နေကျပါ"

"ကဲ တက်နိုင်ရင် မင်းတို့နှစ်ယောက် အရင်တက်ကြ၊ ဘကြီးနောက်တော့ တက်လာကြည့်မယ်။ ခြေမြဲလက်မြဲ တက်ကြနော်၊ ဘကြီးပြမယ် ဒီမှာကြည့်၊ ဒါတွေကို ဒီရေစပ်နား ဘကြီး ချထားခဲ့မယ်။ ဒီအမဲသားတစ်လေးတွေကို ဟိုအကောင်တွေ ကိုက်ချီပြီး ပျံတက်လာတာ မြင်ရလိမ့်မယ်။ မိုးပေါ်က အမြင့်ဝေးဝေး ရောက်သွားတော့ ငှက်ပျောလျှော်နဲ့ ဟိုအကောင်တွေကို မင်းတို့ ငါတို့ မြင်ရတော့မှာ မဟုတ်ဘူး။ မင်းတို့ ငါတို့ မြင်ရမှာက ဒီဘက် လျှော်ချည်မျှင်အဆုံးမှာ ချည်ထားတဲ့ ဒီဝါးပပ်ပြားလေးပဲ၊ အဲဒီ ဝါးပပ်ပြားလေး ဘယ်နေရာ ကျသွားလဲဆိုတာ သေသေချာချာ မှတ်မိအောင် ကြည့်ထားကြရမယ်၊ ကဲ သစ်ပင်ပေါ် သွားတက်ကြည့်နေကြ၊ ဘကြီး ဒီလျှော်ကြိုးနဲ့ အမဲသားတစ်တွေ ထားခဲ့ပြီး တက်လိုက်လာမယ်"

ဘကြီး၏ အမိန့်အတိုင်းပင် ကျွန်တော်တို့ ညီအစ်ကိုက အင်ပင်ကြီးပေါ် အလျင်တက်လာကြ၏။ ဘကြီး ပြောသလို အမဲသားတစ်တွေကို ကိုက်ချီပျံတက်လာမည့် အကောင်တွေနှင့် ဝါးပပ်ဖျူပြားလေးတွေကို သတိထားကြည့်နေကြသည်။

http://www.cherrythitsar.org



ကျွန်တော်တို့ အင်ပင်ကြီး အဖျားပေါ် ရောက်သွားကြ၍ မကြာခင်ပင် ဘကြီးလည်း တက်လိုက်လာ၏။ ဘကြီးနှင့် မရှေးမနှောင်းမှာပင် ဘကြီးပြောသော အကောင်များသည် အမဲသားတစ်လေးတွေကို ချီပြီး အပေါ် ပျံတက်လာကြ၏။ သူတို့ အမဲသားတစ်ကို ကိုက်ချီဆွဲပျံလာသဖြင့် တစ်ဖက် လျှော်စတွင် ချည်ထားသော ဝါးပပ်ပြားဖြူဖြူလေးမှာလည်း တွဲလောင်းဆွဲ ပါလာလေ၏။ အပေါ် ရောက်၍ ဝါးပပ်ပြားကို လေတိုက်သောအခါ လေထဲတွင် တလည်လည်နှင့် တွဲလောင်းဆွဲပါနေလေသည်။

"တွေ့လား၊ မင်းတို့ သေသေချာချာ ကြည့်ထားကြနော်၊ ဒီကောင်တွေ မိုးပေါ် ရောက်ရင် သစ်တောလွတ်ရုံလေး သစ်ဆိုင်းပေါ် က သူတို့ ကျင်းရှိရာဘက် ပျံကြလိမ့်မယ်။ သူတို့ ကျင်းပေါ် ရောက်ရင် မိုးပေါ် ကို အမြင့်ကြီး ထိုးတက် ပျံသွားကြလိမ့်မယ်၊ ပြီးတော့မှ ပျံဆင်းလာပြီး သူတို့ ကျင်းရှိရာ ကျကြလိမ့်မယ်၊ ဘယ်သစ်ပင်ကြီးနား ဘယ်တော့နား ကျသွားလဲဆိုတာ မှတ်မိအောင် ကြည့်ထားကြ၊ ဟိုမှာ. . . ဟိုမှာ တွေ့လား မိုးပေါ် ထောင်တက်သွားပြီ၊ မြင်ကြတယ် မဟုတ်လား"

"ဝါးပပ်ပြားလေးပဲ မြင်တယ် ဘကြီး၊ ပိုးကောင်တွေကိုတော့ မမြင်ရတော့ဘူး"

"အေးပေါ့ကွ၊ ဒီလောက် အဝေးကြီးမှာ ပိုးကောင်နဲ့ ငှက်ပျောလျှော်မျှင်တော့ ဘယ်မြင်ရတော့မလဲ၊ ဒီကောင်တွေ ဘယ်ကို သွားတယ်ဆိုတာ သိချင်လို့လဲ တို့ဝါးပပ်ပြားလေးတွေ ချည်ပေးလိုက်တာပဲဟာ၊ တွေ့လား ဟိုမှာ ဝါးပပ်ပြားလေးတွေ ပြန်ကျလာပြီ၊ အဲဒါ သူတို့နေတဲ့ နေရာကို လူတွေ သိမှာစိုးလို့ ခြေရာဖျောက်တဲ့သဘောပဲ၊ သူတို့ အမြင့်ကြီးပေါ် ပျံတက်သွားတာ မြင်ရင် အဲဒီအောက်မှာ သူတို့ကျင်း မရှိဘူးလို့ လူတွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တာလေ၊ ဘယ်လောက်ပါးတဲ့ အကောင်တွေလဲလို့၊ အိမ်း. . . တို့ကိုတော့ ဘယ်ရလိမ့်မလဲကွာ၊ သေချာပြီပေါ့"

ဘကြီး ပြောသကဲ့သို့ပင် ပထမတွင် သစ်ပင်ဖျား တောအုပ်ပေါ် က ရှပ်ပျံနေသော ပိုးကောင်တွေမှာ အတော်ဝေးသွားသည်နှင့် မမြင်ရတော့ပေ။ လက်မပြားသာသာရှိသော ဝါးပပ်ပြားလေး လွင့်ပါနေသည်

http://www.cherrythitsar.org



ကို ကြည့်၍သာ ဘယ်နေရာရောက်သွားပြီဟု သိကြရ၏။ မိုးပေါ် ထောင်တက်သွားသောအခါမှာလည်း ထိုနည်းလည်းကောင်း၊ အောက်သို့ စိုက်စိုက်မတ်မတ် ထိုးဆင်းလာကြသောအခါမှာလည်း ထိုနည်းလည်းကောင်း။ ဘကြီး အမဲသားတစ် ငှက်ပျောလျှော်နှင့် ချည်ပေးလိုက်သော ဝါးပပ်ပြားလေးသည် သူတို့ သွားရာကို နောက်က အမြဲပါပြီး ကျွန်တော်တို့ကို လမ်းပြနေလေသည်။

"သေချာပြီကွ၊ ဒီကောင်တွေ ဆင်းသွားတာ ဟိုအင်ပင်ကြီးနားနော်၊ အဲဒီနားမှာ နောက် ဘာအပင်ကြီးတွေ ရှိသေးလဲ၊ မင်းတို့က လူငယ်မျက်စိနဲ့ သေသေချာချာ ကြည့်ထားကြ၊ ဟိုဘက်က အပင်ကြီးဟာ ဘာအပင်လဲ သိလား"

"စင်ပြွမ်းပင်ကြီးလေ ဘကြီး"

"အေး အဲဒီအပင်ကြီး နှစ်ပင်ကြားထဲ ဆင်းသွားရင် အဲဒီနားမှာပဲ သူတို့ကျင်း ရှိရမယ်။ ဟော့ဟိုမှာ တစ်ကောင် လာပြန်ပြီ မြင်ကြတယ်မဟုတ်လား"

တစ်ကောင်ပြီး တစ်ကောင် ပျံတက်၊ ပျံဆင်း လာကြသည်ကို မြင်သဖြင့် ကျွန်တော်တို့က ခေါင်းညိတ်ပြကြသည်။

"ဟုတ်ပြီကွ၊ ဘကြီးပြောမယ် မင်းတို့ ဒီက ဆင်းပြီး အဲဒီသစ်ပင်ကြီးနှစ်ပင်နားသွားရင် ရှောရှောရှူရှူ ရောက်တတ်ကြပါ့မလား"

"ရောက်တတ်ပါတယ် ဘကြီး၊ မှန်းသွားရမှာပေါ့"

"ကောင်းပြီ၊ ဒီနေ့တော့ အချိန် မရှိတော့ဘူး မနက်ဖြန်ခါကျရင် ဘကြီးနဲ့ မင်းတို့ အဲဒီကို သွားကြမယ်"

"ဘာသွားလုပ်မှာလဲ ဘကြီး"

"ဟ. . . မင်းတို့မြင်းတိမ်ပျံ ခြေထောက်ကို ကိုက်လွှတ်လိုက်တဲ့ အကောင်တွေကို သွားသတ်ကြမှာပေါ့ကွ"

"အဲဒါ ဘာကောင်တွေလဲ ဘကြီး"

အစ်ကိုက မေး၏။

"ခုနက အမဲသားတစ်တွေ ကိုက်ချီပြီး ပျံသွားကြတဲ့ အကောင်တွေလေကွာ"

http://www.cherrythitsar.org



"ဟာ အဲဒီအကောင်ကို ဘာကောင်လဲလို့ ကျွန်တော်တို့ မေးနေတာ ဘကြီးရာ"

ပြင်းပြသော သိလိုဇောနှင့် ကျွန်တော်ကလည်း ထပ်မေးမိ၏။

"ခု မပြောကောင်းသေးဘူး၊ မနက်ဖြန်ကျတော့ သိရမှာပေါ့ကွာ၊ ကဲ ဆင်း . . . ဆင်း၊ ဆင်းကြ၊ ဘကြီးထင်တာ သေချာပါပြီ၊ သစ်ပင်ပေါ်က ဆင်းကြတော့"

ကျွန်တော်တို့ ညီအစ်ကိုမှာ ချက်ချင်း မပြောရကောင်းလားဟု ဘကြီးအား မကျေမနပ်နှင့် သစ်ပင်ပေါ်က ဆင်းလာကြရ၏။

* * *

"ရွှေထွန်း ငါထင်တာတော့ ဟုတ်နေပြီကွ၊ မင်းရဲ့မြင်းခြေထောက်ကိုက်လွှတ်လိုက်တဲ့ အကောင်တွေ ငါတို့ တွေ့ထားခဲ့ကြပြီ"

တိမ်ပျံကို အစာရေစာ သွားကျွေး၍ မြင်းဇောင်းမှ ပြန်လာသော အဖေ့ကို ဘကြီး လှမ်းပြောလိုက်သံ ကြားရ၏။ အဖေကလည်း ကျွန်တော်တို့ကဲ့သို့ပင် သိချင်နေပုံရသည်။

"ဘာကောင်လဲဟင် အစ်ကိုကြီး" ဟု ချက်ချင်း ပြန်မေး၏။

"ပျားတူ မြေအောင်းကောင်တွေလေကွာ"

"ဗျာ ပျားတူ မြေအောင်းကောင်တွေ"

"ဟုတ်တယ် ရွှေထွန်း၊ တို့ရိုးမဘက် တောင်ခြေရွာတွေမှာဆိုရင် ချေလိုက် ဝက်လိုက်သွားတဲ့ မုဆိုးတွေတောင် အထူး သတိထားရတဲ့ သားစားပျားတူကောင်တွေလေကွာ၊ ဒီ ပျားတူဆိုတဲ့ အကောင်တွေဟာ တခြားပျားတွေလို ပန်းဝတ်ရည်စုပ်ပြီး သစ်ပင်သစ်ခေါင်းတွေမှာ အုံဖွဲ့မနေတတ်ဘူး၊ သူတို့က မြေကျင်းတူးပြီး မြေအောင်းနေတတ်ကြတယ်၊ သူတို့ ကျင်းတွေကို အပေါ်ကကြည့်ရင် တောင်ပို့လို့ ထင်ရတယ်၊ အပေါ်က အမိုးမြေသားကို ခြတောင်ပို့လို ပါးပါးလွှာလွှာ လုပ်ထားတာပေါ့ကွာ၊ မတော်တဆ သူတို့ကျင်းထဲ တိရစ္ဆာန် တစ်ကောင်ကောင် ခြေချော်လက်ချော် ကျမိပြီဆိုရင်တော့ သေဖို့သာ ပြင်ပေတော့၊ တကယ်လို့ ခြေနုတ်လက်နုတ် မြန်လို့ ကျသွားတဲ့ ခြေလက်တွေကို ချက်ချင်း ပြန်နုတ်နိုင်တာတောင် အဲဒီခြေ

http://www.cherrythitsar.org



ထောက်မှာ အသားဆိုလို့ကတော့ လုံးဝ ပါမလာဘူးသာမှတ်၊ အုံကြီးတဲ့ ကျင်းသာဆို လူနဲ့ ကျွဲ၊ နွား တိရစ္ဆာန်လို အကောင်သေးသေးတွေကို မဆို ထားနဲ့ ဆင်ပြောင်ကြီးတွေကိုတောင် သူတို့က စားပစ်လိုက်ကြမှာပဲ၊ ခု မင်းတို့ မြင်းတိမ်ပျံက အစနား ခြေတစ်ဖက်သာ ကျွံကျမိလို့ တော်သေး တာပေါ့၊ မြင်းဆိုတဲ့ အကောင်တွေကလည်း ခြေနှုတ်လက်ရုပ် အင်မတန် မြန်တယ် မဟုတ်လား၊ တခြားတိရစ္ဆာန် တစ်ကောင်ကောင်သာဆို ပျားတူ ကိုက်လို့ သေမှာ မုချပဲကွ၊ ခုလို အိမ်အရောက်တောင် ပြေးလာနိုင်မှာ မဟုတ်ဘူး၊ အဲဒါ မြေအောင်း ပျားတူကျင်းကို မနက်ဖြန်ခါ တို့တစ်တွေ သွားဖြိုကြမယ်၊ တခြားပျားတွေလို ပျားရည်ပျားသလက် မရပေမယ့် ပျားတူ မြေအောင်းကောင် နုနုနယ်နယ်လေးတော့ မင်း အဝစားရပြီသာ မှတ်ထား လိုက်"

"ဟာ ဒီလောက် ကြောက်စရာကောင်းတဲ့ ပျားတူလေးတွေအသား မစားချင်ပါဘူး အစ်ကိုကြီးရာ"

"ဟ မြေအောင်းပျားတူသား မစားချင်ပေမယ့် ဒီလို အန္တရာယ်ကြီး မားတဲ့ မြေအောင်းပျားတူကျင်းတွေကို ရွာနား ရပ်နား မထားကောင်း ဘူးကွ၊ အုံသေးတုန်း ဖြိုပစ်လိုက်ရတယ်၊ မဟုတ်ရင် ကျွဲ၊ နွား တိရစ္ဆာန် တွေကို အမြဲ ဒုက္ခပေးတော့မှာပေါ့၊ ခုပဲကြည့်လေ၊ မင်းရဲ့မြင်း တိမ်ပျံကို ကိုက်လွှတ်လိုက်ပြီ မဟုတ်လား၊ တကယ်လို့ ဒီအတိုင်းထားရင် မင်းတို့ရွာ က နောက် ကျွဲ၊ နွား၊ မြင်းတွေကို ကိုက်ဦးမယ်၊ ဒီကောင်တွေ မြေကျင်း ဆိုတာ တစ်နှစ်တစ်နှစ်မှာ တစ်လံနှစ်လံ ကြီးလာတတ်တယ်၊ ခုကတည်း က ဖြိုမပစ်ရင် နောက်တော့ ပျားတူတောင်ပို့ဟာ တောင်ကြီးလို ဖြစ်လာ နိုင်တယ်။ အဲဒါကြောင့် တို့ရိုးမတောင်ခြေဘက်မှာဆိုရင် ပျားတူကျင်းကို တွေ့ရင် ချက်ချင်း ဖြိုပစ်ရတာပဲ"

ဘကြီးက အကျိုးသင့် အကြောင်းသင့် ရှင်းပြသောအခါ အဖေမှာ လည်း ဘာမှ စောဒက မတက်နိုင်တော့ပေ။

"အဲဒါ မနက်ဖြန်ခါ ငါတို့ မြေအောင်းပျားတူကျင်း သွားထောက် လှမ်းရမယ်၊ တွေ့ရင် ညတွင်းချင်း ဖြိုပစ်မယ်၊ နေ့ခင်းတော့ ဒီကောင်တွေ ကို ဖြိုဖို့ မလွယ်ဘူးကွ၊ လူထက်တောင် ပါးနပ်ပြီး သိပ်အဆိပ်ပြင်းတဲ့

http://www.cherrythitsar.org



အကောင်တွေ”

ဘကြီးစကားကို အဖေက နောက်ထပ် ဘာမှ ပြန်မပြောသော အခါ ဘကြီးစကားမှာ အတည် ဖြစ်သွားလေသည်။

* * *

မနေ့တုန်းက အမဲသားတစ်တွေကို ကိုက်ချီ ပျံဆင်းသွားကြသည့် အင်တိုင်းတောကြီးနားရှိ အမှတ်အသားထားသော အင်ပင်ကြီးနှင့် စင်ပြွမ်းပင်ကြီးနား ရောက်လာကြ၏။ ထိုအခါ ဘကြီးက. . .

“ပျားတူကျင်းနားရောက်ရင် မင်းတို့ ငါတို့ သတိ အထူးထားကြရမယ်။ သူတို့ကလည်း လူတွေလိုပဲ၊ သူတို့ အသိုက်အအုံကို ဖျက်ဆီးပစ်ဖို့ လာတဲ့အန္တရာယ်တွေကို ကြိုတင်ကာကွယ်ဖို့ အစောင့်ကင်း ချထားတတ်ကြတယ်။ အဲဒါကြောင့် တို့ကို ပျားတူကင်းစောင့်တွေ အနံ့ခံလို့မရအောင် လေညာက သွားရှာရမယ်၊ မင်းတို့ ငါ့နောက်က အရိပ်အခြည်ကြည့်ပြီး လိုက်ခဲ့ကြ”

မနေ့က ပျားတူကောင်တွေ ဆင်းသွားသော အင်ပင်ကြီးနှင့် စင်ပြွမ်းပင်ကြီးကြားကို တမင် မှန်း၍ ဘကြီးနှင့် ကျွန်တော်တို့ ညီအစ်ကိုမှာ လေအောက်က လျှောက်လာကြရလေသည်။ ဘကြီးသည် ခြေသံလုံလုံနှင့် လျှောက်လိုက် ရပ်လိုက် နားစွင့်လိုက် ပတ်ဝန်းကျင် ဘယ်ညာကို အကဲခတ်ကြည့်လိုက်နှင့် အင်တိုင်းတောထဲ တစ်လှမ်းချင်း ရွေ့ရွေ့လျှောက်နေ၏။ ကျွန်တော်တို့မှာ ဘကြီး ခြေအလှမ်းကိုကြည့်၍ နောက်က လိုက်ကြရ၏။

ကြိမ်ပိုက်တောတစ်အုပ်နား အရောက်မှာ ဘကြီးက မတ်တတ်ရပ်၏။ ပြီး ဒူးထောက် ထိုင်ချလိုက်သည်။ ပတ်ဝန်းကျင် ဘယ်ညာကိုလည်း အသက်အောင့်၍ ဘကြီးက အကဲခတ်ကြည့်နေ၏။ ဘကြီး စူးစူးစိုက်စိုက် ကြည့်နေရာသို့ ကျွန်တော်တို့လည်း လိုက်ကြည့်ကြသည်။ ဘကြီး စူးစူးစိုက်စိုက်ကြည့်နေရာမှာ ကြိမ်ပိုက်တော အစပ်နားက တောင်ပို့ကြီး တစ်ခုသာ ဖြစ်သည်။ ထိုတောင်ပို့ကြီးနှင့် ကျွန်တော်တို့ အကွာအဝေးမှာ ဆယ့်ကိုးလံခန့် ရှိလေသည်။တောင်ပို့နားတစ်ဝိုက်တွင် ကြိမ်ပင်ကျိုးတိုးကျဲတဲနှင့် အင်ပင်သုံးလေးပင် ရှိသဖြင့် တောင်ပို့ တစ်ခုလုံးကိုပင် ခြုံ၍ မမြင်ရပေ။

http://www.cherrythitsar.org



ဘကြီးသည် ဒူးထောက်ထိုင်နေရာက ခေါင်းကိုငုံ့၍ မြေပြင်တွင် လက်ထောက်လိုက်၏။ လက်ဟန်ခြေဟန်နှင့်လည်း ကျွန်တော်တို့ကို စကား လုံးဝ မပြောရန် ပြ၏။ ပြီးမှ သူ နားထောင်နေသလို မြေပြင်ကို နားကပ်၍ နားထောင်ကြရန် ပြပြန်၏။

ဘကြီးပြသလို ကျွန်တော်တို့ လိုက်လုပ်ပြီး နားထောင်ကြ၏။ မြေပြင်ထဲက တုန်းဟည်းပြီး ပိတုန်းကောင်များ အော်မြည်နေသံကဲ့သို့ တစီစီ ကြားနေရသည်။ အသံတွေမှာ မြေပြင်မှ ပွဲတင်ဟည်း၍ နားထဲ ဝင်မြည်နေလေသည်။

ဘကြီးက မတ်တတ်ပြန်ထ၍ နောက်ဆုတ်လှည့်သွားသောအခါ ဘကြီးနည်းတူ ကျွန်တော်တို့လည်း မတ်တတ်ထ၍ ဘကြီးနား ကပ်သွားကြ၏။ ခြေလှမ်း ဆယ်လှမ်းကျော်လောက် လှမ်းဆုတ်လာကြပြီးမှ ဘကြီးက စကား စပြောလေသည်။

"မင်းတို့ ကြားတယ် မဟုတ်လား။ ငါတို့ ရှေ့က တောင်ပို့ကြီးဟာ မြေအောင်းပျားတူကျင်းကြီးပဲကွ၊ မြေပြင်ကို နားကပ်ထောင်ကြည့်ရင် ပျားတူကောင်တွေ အော်မြည်နေကြသံကို ကြားနေရတယ်၊ ပျားတူကျင်းတော့ ကျိန်းသေ တွေ့ကြပြန်ပြီပေါ့ကွာ။ ဒါပေမယ့် ခုလို နေ့ခင်းနေ့လယ်မှာ ပျားတူကျင်းနား သွားကပ်လို့ မရဘူး။ ကင်းချထားတဲ့ သစ်ပင်ပေါ်က အကောင်တွေတို့ကို အရင်မြင်ပြီး ဆင်းတုပ်မှာ၊ မြေအောင်းပျားတူကောင်တွေ အတုပ်ခံရရင် မသက်သာဘူး။ နွားမတမ်းတွေတောင် သေးဖြန်းဖြန်း ပါတယ်လို့ အဆိုရှိတယ်။ ဒီကောင်တွေက တခြားမှာ တွေ့ရင် လုံးဝ ရန်မမူပေမယ့် သူတို့ကျင်းနား လာကပ်ရင်တော့ အသေအကျေ တိုက်ခိုက်တတ်ကြတယ်။ ကင်းစောင့်အကောင်တွေက အရင် ဆင်းတုပ်ကြပြီဆိုရင် နောက်ကျင်းထဲက အကောင်တွေလည်း ချက်ချင်း ပြေးထွက်လာပြီး ဝိုင်းကိုက် ဝိုင်းတုပ်ကြမှာပဲ၊ အဲဒါကြောင့် ကယ်ပေါက်နဲ့ သူတို့ ဝင်ပေါက် ထွက်ပေါက်တွေကို ရှာဖွေကြည့်ဖို့ မလွယ်သေးဘူး။ ညကျလို့ သူတို့ ကင်းသိမ်းတော့မှ ကယ်ပေါက်နဲ့ သူတို့ ဝင်ပေါက် ထွက်ပေါက်တွေကို လက်နှိပ်ဓာတ်မီးနဲ့ ရှာရမယ်။ ကယ်ပေါက်နဲ့ ဝင်ပေါက်ထွက်ပေါက် တွေကို ပိတ်မိပြီးမှ ကျင်းကို ဖြိုရမယ်၊ ငါတော့ ဒီလောက်ကြီးမားတဲ့

http://www.cherrythitsar.org



ပျားတူကျင်းကြီးကို တို့ရိုးမဘက်မှာတောင် တစ်ခါမှ မတွေ့ဖူးဘူး၊ အမှတ်တမဲ့သာဆိုရင် တောင်ပို့ကြီးလား၊ ခြတောင်ကြီးလားတောင် ထင်မိကြမှာပဲ၊ အဲဒါကြောင့်လည်း မင်းတို့မြင်းတိမ်ပျံ ပျားတူကျင်းနား နင်းမိလို့ အကိုက်ခံလာရတာ ဖြစ်မှာပဲ၊ ညကျရင် မင်းအဖေပါ ခေါ်လာမှ ဖြစ်မယ်၊ တို့ချည်းနဲ့တော့ ဒီလောက်ကြီးတဲ့ ပျားတူအုံကို ဖြိုနိုင်ဖို့ မလွယ်ဘူး။ ကဲ. . . တို့ပြန်ကြမယ်၊ ညနေ ထမင်းစားပြီးမှ ဒီပျားတူအုံကြီးကို လာဖြိုကြတာပေါ့”

ဘကြီးက အပြန်လမ်းတွင် ပျားတူအုံ ဖြိုဖျက်ရေး အစီအစဉ်ကို တစ်လမ်းလုံး ပြောပြလာ၏။

“တို့ အိမ်ပြန်ရောက်ရောက်ချင်း ဆေးရိုးနဲ့ မီးပြောင်းတွေ လုပ်ကြရမယ်။ မြေအောင်းပျားတူလိုဏ်ခေါင်းထဲ ဆေးရိုးမီးပြောင်းတွေနဲ့ လေးဖက်လေးတန် အပေါက်တွေက ဝိုင်းမှုတ်ကြရင် ဒီကောင်တွေ မီးခိုးမွှန်ပြီး သေတဲ့အကောင်ကသေ၊ မေ့မြောတဲ့အကောင်က မေ့မြောနေတုန်းမှာ ပျားတူတောင်ပို့ကို ပေါက်တူးနဲ့ ဖြိုပေါက်ရမယ်၊ ကျင်းထဲက ဖြူဖြူဖွေးဖွေး အကောင်ငယ် ပေါက်စနအိမ်တွေကို ယူရမယ်။ ဆီကြော်စားလို့ကတော့ အင်မတန် အရသာရှိတဲ့ အကောင်တွေပေါ့ကွာ၊ ဒီပိုး၊ သင်ပေါင်းပိုး၊ ပလုတ်ကောင်တို့ ကောင်းတယ်ဆိုတာ မြေအောင်းပျားတူချေးတောင် မမီဘူးမှတ်၊ မင်းတို့ အရင်က မြေအောင်းပျားတူကောင်တွေ စားဖူးကြလား”

“ဟင့်အင်း၊ ကျွန်တော်တို့ ပျားကြီးနဲ့ သစ်ခေါင်းပျား အကောင်ငယ်တွေပဲ စားဖူးကြပါတယ် ဘကြီး”

“အေး ခုညနေမှာတော့ မင်းတို့ မြေအောင်းပျားတူကောင်လေးတွေ စားကြရပြီသာမှတ်၊ သစ်ခေါင်းပျား၊ ပျားကြီးတွေထက် ဆယ်ပြန်ကောင်းတယ်၊ ငါတောင် ခုပြောရင်း သွားရည်တွေ ကျလာပြီ. . . ဖွီ”

ငုံထားသော ဆေးရွက်ကြီးဖတ်တွေ ထွေးထုတ်ပစ်လိုက်သော ဘကြီးကို ကြည့်ကာ ကျွန်တော်တို့ ညီအစ်ကိုမှာ ပြိုင်တူ ပြုံးမိလိုက်ကြလေသည်။

* * *

မိုးမချုပ်ခင်ကပင် ကျွန်တော်တို့ သားအဖ သုံးယောက်နှင့် ဘကြီး

ထွန်းသောင်တို့သည် လှည်းတစ်စီးနှင့် အထက်တောဘက် ထွက်လာကြလေ၏။

လှည်းပေါ်တွင် ဆေးရိုးဝါးပြောင်း သုံးလေးခု၊ ပေါက်တူးက နှစ်လက်၊ ဓားက နှစ်စင်း၊ ခြင်းတောင်းကြီးက သုံးလုံး၊ ကညင်ဆီနှင့် ပျားဖယောင်း မီးတုတ် မီးတိုင်တွေက လေးငါးခု၊ ငါးတောင့်ထိုးနှင့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးက တစ်လက်စီ၊ ပြီး ရေစိုနေအောင် ဆွတ်ထားသော ဖျင်ကြမ်းစောင်က သုံးလေးထည်တို့ကို ယူလာကြလေသည်။

မမှောင်ခင်ပင် အထက်တောနား ရောက်လာကြသည်။ မြေပျားတူ တောင်ပို့ကြီးရှိရာနှင့် နီးနိုင်သမျှ နီးအောင် နွားလှည်းကို အင်တိုင်းတောထဲ လှည့်ပတ် မောင်းလာကြ၏။ ကြိမ်ပိုက်တောစ မြေအောင်းပျားတူတောင်ပို့ကြီး ရှိရာနှင့် လက်လံ နှစ်ဆယ်ကျော်လောက်အရောက်မှာ နွားလှည်းကို ရပ်လိုက်ရ၏။ အင်ပင်နှင့် မျောက်ချောပင်တွေ ထူထပ်စွာ ပေါက်ရောက် နေသဖြင့် နွားလှည်းကို ရှေ့ဆက် မောင်းမရတော့။

ပထမဦးဆုံး နွားနှစ်ကောင်ကို လှည်းမဖြုတ်ဘဲ အင်ပင် တစ်ပင်တွင် ချည်ထားကြသည်။ နွားလှည်းနားတွင် မီးတစ်ဖို ဖိုကြ၏။ လှည်းနားတွင် မီးဖိုထားခြင်းမှာ မြွေပါး ကင်းပါးနှင့် တောတိရစ္ဆာန်များ၊ လှည်းနားကို မကပ်ရဲအောင် ဖြစ်သည်။ ပြီး မီးပြောင်း မီးတုတ် တွေနှင့် ရေဆွတ်ထားသော ဖျင်ကြမ်းစောင်၊ ပေါက်တူး၊ ဓားတို့ကို ယူကာ လက်နှိပ်ဓာတ်မီး တစ်ယောက်တစ်လက်ကိုင်၍ အဖေနှင့်ဘကြီးတို့က ရှေ့ကသွားကြသည်။

မြေအောင်းပျားတူတောင်ပို့နား ရောက်သောအခါ မြေအောင်းပျားတူကျင်းထဲ ခြေထောက် မကျွံမိအောင် သတိနှင့် ချဉ်းကပ်ကြရ၏။ ပထမဦးဆုံး ရေဆွတ်ထားသော စောင်ကြမ်းတွေကို ဘကြီးက ကယ်ပေါက်ရှိမည်ဟု ထင်ရသော ပျားတူတောင်ပို့ပေါ် ကွန်ပစ်သလို ဖြန့်၍ အုပ်လိုက်၏။ထိုသို့ အုပ်မထားလျှင် အရေးပေါ် တိုက်ခိုက်ရန် မြေသားကို ပါးပါးလွှာလွှာ လုပ်ထားသောနေရာမှ မြေပျားတူကောင်တွေ ကိုက်ဖောက်ထွက်လာပြီး လူတွေကို လိုက်တုပ်မှာ စိုးရသည်။ ရေစိုစောင်ကြမ်း သုံးလေးထည် အုပ်ထားပြီးသောအခါ တောင်ပို့ရင်းတွင် ပျားတူကောင်များ အဝင်အထွက်လုပ်သောအပေါက်တွေကို လက်နှိပ်ဓာတ်မီးထိုး၍ ရှာဖွေကြ၏။



http://www.cherrythitsar.org

http://www.cherrythitsar.org



အပေါက်ဝတွင် ပြူတစ်ပြူတစ် လုပ်နေကြသော မြေအောင်းပျားတူကောင်တွေကို မြင်ရသောအခါ ထိုအပေါက်မှ ပြောင်းကို စွပ်ထည့်ပြီး တအားမှုတ်ထည့်ကြသည်။ ကျင်းထဲ ဆေးမီးပြောင်း အခိုးအငွေ့တွေ ဝင်သွားသောအခါ တွင်းထဲမှ မြေအောင်းပျားတူကောင်တွေ တစီစီ အော်မြည်လာကြသည်။ ဝင်ပေါက် ထွက်ပေါက်တွေကို ပိတ်ပြီး မီးခိုးမွှန်ခံရသဖြင့် တွင်းထဲ လှောင်ပိတ်ခံနေရသော မြေအောင်းပျားတူကောင်တွေမှာ ပို၍ ဆူညံ အော်မြည်လာကြ၏။

နာရီဝက်နီးပါး မီးပြောင်းမီးခိုး မှုတ်သွင်းပြီးကြသောအခါ ကညင်ဆီမီးတုတ်တွေကို တောင်ပို့ပတ်ပတ်လည်၌ ထွန်းညှိကြသည်။ မီးရောင်ထဲတွင် ဘကြီးနှင့် အဖေတို့က မြေအောင်းပျားတူကျင်းအဝကို ပေါက်တူးနှင့် စဖြိုကြ၏။ ထိုအချိန်တွင် ကျွန်တော်နှင့် အစ်ကိုတို့က ပျားသူငယ်အိမ်တွေထည့်ရန် ယူလာသော ခြင်းတောင်းတွေကို လှည်းပေါ်မှ သွားယူကြရသည်။

ဘကြီးနှင့် အဖေတို့ ပေါက်ဆွလိုက်တိုင်း မြေအောင်းပျားတူကောင်ကြီးတွေနှင့် ပျားသူငယ်အိမ်တွေမှာ ဖွေးဖွေးလှုပ် ပေါ်လာကြသည်။ ဆေးရိုးမီးခိုးမွှန်၍ မေ့မြောနေကြသော ပျားတူကောင်တွေမှာ မြေပြင်တွင် တုံးလုံးပက်လက်လဲပြီး တစီစီ တအီအီ အော်ညည်းနေကြသည်။ မြေစာခဲများ၊ ပျားချေးကျစ်စာတွေနှင့် ရောနေသော ပျားသူငယ်အိမ်တွေကို ကျွန်တော်နှင့် အစ်ကိုက ခြင်းထဲ ကောက်ထည့်ကြသည်။

ပေါက်တူးတစ်ချက် လှမ်းအပေါက်မှာ ပေါက်တူးနှင့် တစ်စုံတစ်ခု ထိသံကြောင့် အဖေက ဟာခနဲ အသံထွက်သွား၏။ နောက်တစ်ချက် ယက်ထုတ်လိုက်သောအခါ ဦးချိုကြီးတစ်စုံနှင့် ခေါင်းခွံကြီး ပျားတူးကျင်းထဲမှ ထွက်ပေါ်လာ၏။ ကျွန်တော်တို့မှာ ဟာခနဲ ဖြစ်သွားကြသည်။ ဘကြီးကလည်း အံ့သြသွားသလို ပေါက်တူးအပေါက် ရပ်သွား၏။ အဖေက ခေါင်းခွံတစ်ခုနှင့် တိရစ္ဆာန်ဦးချိုတို့ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

“တွေ့လား ရွှေထွန်း၊ ကျင်းထဲ ကျွံကျတဲ့ တိရစ္ဆာန် တစ်ကောင်ကောင်ကို မြေအောင်းပျားတူတွေ ကိုက်စားတဲ့ ချိုပဲကွ”

“ဟုတ်တယ်အစ်ကို ချိုကတော့ ဆတ်ချိုပဲဗျ၊ ခေါင်းခွံကတော့

http://www.cherrythitsar.org



လူခေါင်းခွံနဲ့တောင် ခပ်ဆင်ဆင်ပဲ၊ တော်သေးတာပေါ့ ကျွန်တော်တို့မြင်း တိမ်ပျံကြီးသာ ပျားတူကျင်းထဲ တည့်တည့်ကျွံမိရင် ခုလောက်ဆို အရိုးပဲ ကျန်တော့မှာ”

ပြောရင်းဆိုရင်းနှင့်ပင် အဖေက နောက်တစ်ချက် ပေါက်တူး အပေါက်တွင် အရိုးစုတစ်ခုနှင့် အဖြူရောင်လက်လက် တောက်နေသော အရာဝတ္ထုတစ်ခု ပေါက်တူးမြေစာခဲထဲ ရောပါလာပြန်၏။

“ဟာ. . . ငွေခြေချင်းကြီးဗျ”

အစ်ကိုကြီးသည် ပျားသူငယ်အိမ်တွေ လှမ်းကောက်နေရာက ငွေ ခြေချင်းကို ပြေးကောက်၍ အော်လိုက်၏။

“ဟေး”

ဘကြီးနှင့် အဖေတို့မှာလည်း အံ့အားသင့်သွားကြသည်။

“ဒါ. . . ဒါ ထင်းခွေ ဟင်းခူးလာတဲ့ မိန်းကလေးတစ်ယောက် ယောက် ပျားတူကျင်းထဲ ကျွံကျလို့သေတဲ့ ခြေချင်း ဖြစ်ရမယ်ကွ၊ ရွှေထွန်း”

“အစစ်ပေါ့ အစ်ကိုကြီးရာ”

ဘကြီးနှင့်အဖေတို့သည် ပျားတူကျင်းကို ပေါက်တူးနှင့် တစ်ချက်ပြီး တစ်ချက် ဆက်ပေါက် ဖို့တူးနေကြ၏။ မြေစာခဲ၊ ပျားတူချေး၊ ကျစ်စာ အိမ်နှင့် ပျားသူငယ်အိမ်တွေကို ကျွန်တော်တို့ ညီအစ်ကိုနှစ်ား လှမ်းပစ်ပေး ကြသည်။

ဘကြီး လှမ်းပစ်လိုက်သော ပျားတူချေးအိမ်တစ်ခု ကျွန်တော်တို့ နှစ်ယောက်ကြား လာကျသောအခါ ကျွန်တော်နှင့် အစ်ကိုတို့မှာ ဟာခနဲ ဖြစ်သွားကြပြန်သည်။

မြေအောင်းပျားတူချေးအိမ်နှင့် ကပ်လျက်ပါလာသော ကျစ်စာခဲ တစ်ခုထဲတွင် ပြောင်လက်နေသော ရွှေဆွဲကြိုးတစ်ကုံး။ အစ်ကိုသည် ထိတ်ထိတ်ပျာပျာနှင့် လှမ်းကောက်၍ မြေအောင်းပျားတူချေးအိမ်တွေကို ခါယမ်းပစ်လိုက်၏။ ပျားချေး ကျစ်စာခဲတွေ အားလုံး ကွာကျသွားသည်။ ရွှေကြိုးနှင့် တစ်ဆက်တည်း ဖြစ်နေသော ငွေကြုတ်တစ်ခုကို ကညင်ဆီ မီးတုတ်နား တိုးကပ်၍ အစ်ကိုက ကြည့်လိုက်၏။

“ဟင် ဒါ-ဒါ သာ-သာဘဏ်ဆွဲကြိုးပဲ အဖေ၊ ဒီ-ဒီမှာ ကြည့်ပါဦး

http://www.cherrythitsar.org



ဗျ၊ သူ့ဘကြီးဘုန်းကြီး ပေးထားတဲ့ငွေကြုတ် စမ္ဗာနဝအင်းနဲ့ဗျ”

ကညင်ဆီ မီးတုတ်နား တိုးကပ်ကြည့်ပြီး အထိတ်တလန့် အော်လိုက်သော အစ်ကိုကြီး၏ အသံကြောင့် ကျွန်တော်သာမဟုတ် ဘကြီးနှင့် အဖေတို့၏ မျက်နှာမှာလည်း ရုတ်ခြည်း သွေးဆုတ်သွားကြလေ၏။

**ဖိုးကျော့**

❀ ❀ ❀

http://www.cherrythitsar.org



This document was created with Win2PDF available at http://www.daneprairie.com.
The unregistered version of Win2PDF is for evaluation or non-commercial use only.